…ကို ပြဆိုအပ်သော
… ဝင် အဝင်အပါ

# ဒီပဝင်ဝတ္ထု

နှင့်

# ဆကေသဓာတုဝင်ဝတ္ထု

(၂-စောင်တွဲ)


ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယက၊ မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်
ဒု-ပါမောက္ခချုပ်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ

အများသူငါ ဗဟုသုတဖြစ်စိမ့်သောငှါ
ပြန်လည်ကူးယူ ဓမ္မဒါနပြု လှူဒါန်းပါသည်

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## တရားအလှူသည် အမြတ်ဆုံးဖြစ်၏

______________________________

______________________________

______________________________

______________________________ သို့

ဓမ္မဒါနပြုပါသည်။

2009. Graphic Design : Shwemyay-Nanda

ကျွန်းငယ်ငါးရာတွင်ပါဝင်သည့်သီဟိုဠ်ကျွန်း၏
ဖြစ်စဉ်ဖြစ်ရပ်အဋ္ဌုပ္ပတ်ကိုပြဆိုသော
ဝင်၉-ဝင်အဝင်အပါ

# ဒီပဝင်ဝတ္ထု

နှင့်

# ဆကေသဓာတုဝင်ဝတ္ထု

[၂-စောင်တွဲ]

---

ဦးခင်စိုးနှင့် ကိုတင်နွယ်, ကိုသန်းညွန့်တို့
ကြပ်မ,ကြည့်ရှုပြင်ဆင်သည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၈

# နိဒါန်း

**ဝံသကျမ်း များ**

“ဝနောတိ ပတ္တရတီတိ ဝံသော-သန္တာနော” ဟူသော ဏွာဒိမောဂ္ဂလာန် ဝိဂြိုဟ်,“ဝံသော တန္တိ ပဝေဏီ” ဟူသော မဟာဝံသဋီကာနှင့်အညီ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော ကျမ်းများသည် “**ဝံသကျမ်း**”မည်၏၊ ထိုဝံသကျမ်းသည် (၁) ဗုဒ္ဓဝင်, (၂) အနာဂတဝင်,(၃) ဒီပဝင်, (၄) မဟာဝင်, (၅) ဗောဓိဝင်, (၆) ဒါဌာဓာတုဝင်,(၇)နလာဋဓာတုဝင်,(၈)ထူပဝင်,(၉)ရွှေပြည်ဝင်နှင့်တကွ ဆကေသဓာတုဝင်, သာသနာဝင်, ဂန္ထဝင်, ရာဇဝင် စသောအားဖြင့် များစွာရှိလေသည်။

**၁။ ဗုဒ္ဓဝင် ကျမ်း**

ပွင့်တော်မူပြီးကုန်သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ ဗုဒ္ဓဝင်ပါဠိတော်,အရှင်မဟာ ဗုဒ္ဓဒတ္တထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်အဋ္ဌကထာ, အရှင်သောဘိတထေရ် စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ဋီကာ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော်မူအပ်သော ဗုဒ္ဓဝင်ပါဠိတော်နိဿယ, ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယ, **ဗုဒ္ဓဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

**၂။ အနာဂတဝင်ကျမ်း**

ပွင့်တော်မူလတ္တံ့သော ဘုရားသခင်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **အနာဂတဝင် ပါဠိတော်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ် စီရင်အပ်သော အနာဂတဝင် အဋ္ဌကထာ, အပည်မသိဆရာ စီရင်အပ်သော ဒသဗုဒ္ဓ အနာဂတဝင်ပါဠိ-များနှင့်တကွ ရှေးဆရာတို့ စီရင်တော် မူအပ်သော အနာဂတဝင်ပါဠိတော် နိဿယ, အနာဂတဝင်အဋ္ဌကထာ နိဿယ, **အနာဂတဝင်ဝတ္ထု**၊ ဟူ၍ ရှိလေသည်။

**၃။ ဒီပဝင် ကျမ်း**

သီဟိုဠ်ကျွန်း၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ ဒီပဝင်**, မာဂဓဘာသာဒီပဝင်ပါဠိ, မန္တလေးမြို့ ဒက္ခိဏာရာမ

ပဋ္ဌာန ဘုရားကြီးဆရာတော် စီရင်အပ်သော ဒီပဝင်ဋီကာ များနှင့်တကွ ရွှေးဆရာတို့ စီရင်တော်မူအပ်သော ဒီပဝင် နိဿယ, ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သော **ဒီပဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

**၄။ မဟာဝင်ကျမ်း**

မြတ်စွာဘုရားသခင်နှင့်တကွ သာသနာပြု သံဃာတော်များ, သာသနာပြု ဘုရင်မင်းများ၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာ မဟာဝင်**, သာသနာ ရှစ်ရာကျော်တွင် သီဟိုဠ်ကျွန်း အရှင်မဟာနာမထေရ် စီရင်အပ်သည့် **မာဂဓဘာသာ** မဟာဝင်ပါဠိ, နောက်ဆရာတို့ စီရင်အပ်သော မဟာဝင်နောက်ဆက်တွဲခေါ် စူဠဝင်ပါဠိများနှင့်တကွ ရွှေးဆရာတို့ စီရင်တော်မူအပ်သော မဟာဝင်နိဿယ, ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်အပ်သော**မဟာဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

**၅။ ဗောဓိဝင်ကျမ်း**

မဟာဗောဓိနှင့် အာနန္ဒာဗောဓိ ဒက္ခိဏသာခါ ဗောဓိတို့၏ ဖြစ်စဉ်ဖြစ်ရပ်အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ **သီဟဠဘာသာဗောဓိဝင်**, သီဟိုဠ်ကျွန်း အရှင်မဟာဥပတိဿထေရ်စီရင်အပ်သည့် မဟာဗောဓိဝင်ပါဠိ, ပုဂံပြည်ပေါင်လောင်အရှင်မဟာကဿပ စီရင်အပ်သောမဟာဗောဓိဝင် ဋီကာနှင့်တကွ ဒုတိယငခုံဆရာတော်စီရင်အပ်သောမဟာဗောဓိဝင်နိဿယ, အမည်မသိဆရာ စီရင်အပ်သော မဟာဗောဓိဝင် ဋီကာနိဿယ, **ဗောဓိဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

**၆။ ဒါဌာဓာတုဝင်ကျမ်း**

စွယ်တော်မြတ်၏ ဖြစ်စဉ် ဖြစ်ရပ် အကြောင်း အဋ္ဌုပ္ပတ်ကို ပြဆိုသော မူလ**သီဟဠဘာသာဒါဌာဓာတုဝင်**, သီဟိုဠ်ကျွန်း အရှင် သဒ္ဓမ္မကိတ္တိထေရ် စီရင်အပ်သော မာဂဓဘာသာ ဒါဌာဓာတုဝင်ပါဠိ, အမည်မသိ ဆရာ စီရင်အပ်သော ဒါဌာဓာတုဝင် ဋီကာ, ဒါဌာဓာတုဝင်နိဿယ, **ဒါဌာဓာတုဝင်ဝတ္ထု**ဟူ၍ ရှိလေသည်။

၇။ နလာဋဓာတုဝင်ကျမ်း — နဖူးသင်းကျစ်တော်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌုပ္ပတ်ကိုပြဆိုသော အမည်မသိ ဆရာများစီရင်သည့် မူလ နလာဋဓာတုဝင်ဝါဠ်, နလာဋဓာတုဝင်ငိကာ,နလာဋဓာတုဝင်နိဿယ, ဟသ်ာတမြို့ ကြာခံဆရာတော်စီရင်အပ်သော နလာဋဓာတုဝင်ဝတ္ထုဟူ၍ ရှိလေသည်။

၈။ ထူပဝင်ကျမ်း — ဟေမမာလီမည်သော သီဟိုဠ်ကျွန်း မဟာစေတီတော်မြတ်၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်း အဌုပ္ပတ်ကို ပြဆိုသော သီဟိုဠ်ကျွန်း အရှင်ဝါစိဿရထေရ်စီရင်အပ်သည့် မူလ ထူပဝင်ပါဠ်,နှင့်အမည်မသိ ဆရာများ စီရင်အပ်သည့် မဟာထူပဝင်ပါဠ်,စူဠထူပဝင်ပါဠ်,ထူပဝင်နိဿယ, ဟသ်ာတမြို့ ကြာခံဆရာတော် စီရင်အပ်သောထူပဝင်ဝတ္ထု ဟူ၍ ရှိလေသည်။

၉။ ဧွှေပြည်ဝင်ကျမ်းစသည် — မြတ်စွာဘုရားသခင်နှင့် အဂ္ဂသာဝက အရှင်မြတ် ၂-ပါးတို့၏ ပရိနိဗ္ဗာန်ပြုတော်မူပုံအကြောင်းအရာကို ပြဆိုသော အမည်မသိဆရာ စီရင်သည့် ဧွှေပြည်ဝင်ဝတ္ထု, ခြောက်ဆူသော ဆံတော်မြတ်တို့၏ ဖြစ်စဉ်ဖြစ်ရပ် အကြောင်းအဌုပ္ပတ်ကို ပြဆိုသော အမည်မသိ ဆရာစီရင် အပ်သည့် ဆကေသဓာတုဝင်ပါဠ်, သာသနာပြု ဆရာအစဉ်အဆက်ကို ပြဆိုသော မောင်းထောင် ဆရာတော် စီရင်သည့် သာသနဝံသပဒီပိကာပါဠ်-နှင့် သာသနာလင်္ကာရ စာတမ်း, မည်သည့်ကျမ်းဂန်ကို မည်သည့်ဆရာပြုသည်ဟု ကျမ်းဂန်များနှင့် ကျမ်းပြုဆရာများကို ပြဆိုသော အမည်မသိ ဆရာစီရင်သည့် မူလ ဂန္ထဝင်ပါဠ်,ကျီးသဲလေးထပ်ကျောင်းဆရာတော် စီရင်သည့် ၊နဂ္ဂဏ္ဍဝင်ပါဠ်, မင်းစဉ်မင်းဆက်ကို ပြဆိုသော ရာဇဝင်ကျမ်းဟူ၍ ရှိလေသည်။

ဟံသာဝတီ၏ အာသီသ — ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၏ အာသီသ တောင့်တရင်း နှလုံးသွင်းမှာ— ပါဠိတော်များ, အဌကထာများ, ဋီကာများ,ယောဇနာများ, ... [illegible] ...သော ပိဋကတ်တော်လာ စာပေများ, ဝင် ၉-ဝင် နှင့်တကွသော ဝံသ

ကျမ်းများ မတိမ်ကော မပပျောက်စေရန်ငှါ, မသူတော်တရား ကွယ်ပ၍ သူတော်တရားထွန်းကားလာစေရန်ငှါ,ဗုဒ္ဓသာသနာတော် ကြီး စည်ပင်ပြန့်ပွါး၍ အခွန့်ရှည်စွာ တည်စေရန်ငှါ ရည်သန်ပြီး လျှင် အဆက်မပြတ် ပိဋကတ်တော် ကျမ်းစာများကို ရိုက်နှိပ်အပ် သည်ဖြစ်၍ ယခုအခါ ဝင် ၉–ဝင်အကျုံးဝင်သည့် ဟံသာတမြို့ ကြာခံ ကျောင်းဆရာတော် အရှင်ကေလာသထေရ် **စီရင်အပ်သော ဤ ဒီပဝင် ဝဏ္ဏနှင့် ဆကေသဓာတုဝင်ဝဏ္ဏနှစ်စောင်တွဲကို** ရှင်းလင်းသေသပ်သော အထားအသို, အပိုအလို မရှိသော ပုဒ်ပါဌ်,အဖြတ်အရပ် ကျ-န-သေ ချာ၍ အက္ခရာပုဒ်ဗျည်းမလိပ်လည်း စေရအောင် ပါဠိဆရာကြီး ဦးခင်စိုး [သာသနဓဇ သိရိပဝရ ဓမ္မာစရိယ] နှင့် ဆရာ ကိုတင်နွယ်, ဆရာ ကိုသန်းညွှန့်တို့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေကာ စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# တောင်းပန်ခြင်း

စတ္တာရောမေ ဘိက္ခဝေ ထူပါရဟာ၊ ကတမေ စတ္တာရော တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော, ပစ္စေကဗုဒ္ဓေါ ထူပါရဟော, တထာဂတဿ သာဝကော ထူပါရဟော, ရာဇာစက္ကဝတ္တိ ထူပါရဟောတိ–

ဟူသည်နှင့် အညီ သမ္မာသမ္ဗုဒ္ဓထူပ, ပစ္စေကဗုဒ္ဓထူပ, သာဝက ထူပ, စက္ကဝတ္တိထူပ ဤ ၄-မျိုးသော ထူပတို့တွင် ဒီပင်္ကရာ မြတ်စွာဘုရားသခင်၏ ထူပတော်မှစ၍ ဂေါတမဘုရားသခင်၏ ထူပတော်တိုင်အောင် နှစ်ကျိပ်လေးဆူကုန်သော ထူပတို့၏ အစဉ်အဆက် အဖြစ်အပျက် အကြောင်းအရာ အဋ္ဌုပ္ပတ္တိကို ပြဆိုသော အထူးသဖြင့် သီဟိုဠ်ကျွန်း၌ တည်ထားကိုးကွယ်တော်မူအပ်သော ဟေမမာလီခေါ် မဟာထူပစေတီတော်ကြီး၏ အဋ္ဌုပ္ပတ္တိကိုပြဆိုသော မဟာထူပဝင်, စူဠထူပဝင်ကျမ်းမြတ်နှင့် သီဟိုဠ်ကျွန်း၏ အကြောင်းအရာ အဋ္ဌုပ္ပတ်ကိုပြဆိုသော ဒီပဝင်ကျမ်းမြတ်သုံးဆူသည် မဂဓဘာသာ ပါဠိဝေါဟာရဖြင့်သာ တည်ရှိလေသောကြောင့် မဂဓဘာသာပါဠိဝေါဟာရကို နားမလည် မသိရှိကြကုန်သောမြန်မာပြည်သူပြည်သား ရှင်လူအများတို့ ကြည့်ရှုမှတ်သား သဒ္ဓါတရားတိုးပွားခြင်းမရှိ ဖြစ်ကြရလေသည်။

ထိုသို့မဂဓဘာသာ ပါဠိဝေါဟာရဖြင့်တည်ရှိနေသော ဤထူပဝင်ကျမ်းမြတ်နှစ်ဆူနှင့် ဒီပဝင်ကျမ်းမြတ်တဆူ ဤသုံးဆူသောကျမ်းမြတ်ကို မဂဓပါဠိဘာသာ, သီဟိုဠ်ဘာသာ, မြန်မာဘာသာသုံးကျမ်းစောင်မှုသည့် နလာဋဓာတုဝင်ကျမ်းပြု ဟင်္သာတမြို့ ကြာခံဆရာတော်ဘုရားအား မြန်မာဘာသာပြန်ဆိုတော်မူပါရန် လျှောက်ထားတောင်းပန်ရပါမူကား ကောင်းလေစွဟု အကြံပြုကာ ဆရာတော်အား "မဟာထူပဝင်ပျို့, စူဠထူပဝင်ဝတ္ထု, ဒီပဝင်ဝတ္ထုများကို ရေးသား၍ ပေးသနားတော်မူပါ"ဟု လျှောက်ထားတောင်းပန်သောအခါ ဆရာတော်သည် မလေးမဖင့် အသင့်စိတ်ကူးထားဘိသကဲ့သို့ လွယ်ကူစွာဖြင့်ဝန်ခံကတိပြုတော်မူပြီးနောက် သုံးလအတွင်းပြီးစီးအောင်ရေးသား

၍ ပေးသနားတော်မူသည့်အပြင် ကေသဓာတုဝင်ကျမ်းတဆူကိုလည်း သဒ္ဒါတရားထက်သဖြင့် အပိုစွက်ကာရေးသားချီးမြှင့်တော်မူလေသည်၊ ရှေးအခါက မြန်မာပြည်သူ ပြည်သား ရှင်လူအများသည် ဝင် ၉-ဝင် ရှိသည်အနက် ၇-ဝင်သာ ကြည့်ရှုပူဇော်ခွင့်ရရှိခဲ့ပေသည်၊ ယခုမူ ဆရာတော်၏ကျေးဇူးကြောင့် ဝင် ၉-ဝင် အပြည့်အစုံကြည့်ရှုပူဇော်ခွင့် ရရှိသဖြင့် ပြည်သူပြည်သား အမျိုးသားတို့ လေးစားဂရု ကြည့်ရှုမှတ်သားတော်မူနိုင်ကြပါစေကုန်သတည်း။

ခင်စိုး

ဟံသာဝတီ။

# ကျမ်းပြုနိဒါန်း

ကေပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ကတမော ဧကပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

ဟူသောပါဠိတော်မြတ် မိန့်အပ်သည်နှင့်အညီ ဘုရားရှင် ပွင့်ထွန်းပေါ်လာခြင်းသည် နတ်လူတို့၏ အစီးအပွါးအကျိုးငှါ ပွင့်ထွန်းပေါ်လာသည်နှင့်အညီ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော အခါ၌လည်း နတ်လူတို့၏အကျိုးစီးပွါးကိုများစွာဖြစ်စေ၏၊ ပရိနိဗ္ဗာန်ပြုတော်မူသော အခါ၌လည်း တပည့်ဖြစ်ကုန်သော သာဝကတို့သည် မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း ကျင့်တော်မူခြင်း,ဟောကြားတော်မူခြင်းတို့ဖြင့် နတ်လူတို့၏အကျိုးစီးပွါးကို အားထုတ်တော်မူကြသဖြင့် များစွာကုန်သော နတ်လူတို့သည် အလွန်ကြီးကျယ်လှစွာသော အကျိုးကိုရရှိကြကုန်၏၊ ထိုကျင့်ခြင်း,ဟောကြားတော်မူခြင်းဖြင့် အားထုတ်တော်မူသော သာဝကတို့တွင် ကာကိယသင်္ဂါယနာတင်ကုန်သော သာဝကတို့နှင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွတော်မူကုန်သော သာဝကထေရ်အရှင်တို့သည်လည်း အပါအဝင်ဖြစ်၏၊ထိုသာသနာပြုရာ ကိုးတိုင်းကိုးဌာနတို့တွင်လက်ာဒီပမည်သောသီဟိုဠ်ကျွန်းသည်ပါဝင်၏၊ ထိုသီဟိုဠ်ကျွန်း၌လည်း ရှေးဘုရားရှင်တို့၏ သာသနာတော်ထွန်းပပြီးလျှင် သာသနာတော် ကွယ်တော်မူသောအခါ ဘီလူးစသည်တို့သည် အုပ်စိုးခြင်းကြောင့် လူနေပျက်စီးပြီးလျှင် တောကြီးဖြစ်၍ နေ၏၊ ထိုကဲ့သို့ သဘောရှိသော သီဟိုဠ်ကျွန်း၌ လူနေဖြစ်ပေါ် လာခြင်း, သာသနာတော်တည်တော်မူခြင်းကို ဤဒီပဝံသကျမ်း၌ ပြဆို၏။

ထို ဒီပဝံသကျမ်းသည်လည်း အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာဆရာ,ဋီကာဆရာကြီးတို့ ကိုးကားသမှု သာဓကပြုရသော ဂါထာဗန္ဓတို့ဖြင့် စီရင်တော်မူအပ်သည့် ရှေးကျမ်းကြီးတဆူဖြစ်၏၊ ထိုကျမ်းကြီးကို ပါဠိဘာသာမတတ်မြောက်ကုန်သော ပုဂ္ဂိုလ်တို့သည်

မကြည့်ရှုနိုင်သောကြောင့် အားလုံးသောပုဂ္ဂိုလ်တို့ ကြည့်ရှုစေနိုင်ခြင်းငှါ မေတ္တာတရားရှေ့ထားပါသော [သာသနဓဇသိရိပဝရဓမ္မာစရိယ] ဘွဲ့ကိုရရှိသည့် ပါဠိဆရာကြီး ဦးခင်စိုးသည် ကောင်းပန်အပ်သောကြောင့် မြန်မာဘာသာသို့ပြန်ဆိုလျက် ရေးသားစီရင်လိုက်၏၊ ဤဒီပဝံသကျမ်း၌လည်း ဂါထာဝန္တတို့ဖြင့် စီရင်တော်မူသောကြောင့် အနုသန္ဓေစကား မဆက်စပ်သောနေရာတို့၌ ပါရာဇိကကဏ် အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာ,မဟာဝင်တို့မှ ထုတ်နုတ်ပြီးလျှင် စကားကိုဆက်စပ်၍၎င်း, ကျဉ်းသောနေရာတို့၌ ကြည့်ရှုသူတို့ သိကြစေခြင်းအကျိုးငှါ ၎င်းကျမ်းတို့မှထုတ်နုတ်လျက် အကျယ်ချဲ့၍၎င်း ဘော်ပြလိုက်၏၊ဤသို့ပြုဆိုအပ်သော မြန်မာဘာသာ ဒီပဝံသကျမ်းစာကို စာရိတ္တနှင့်ဗဟုသုတတို့ကို ရှာမှီးကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် ကောင်းမြတ်သောစိတ်ဖြင့် ကြည့်ရှုမှတ်သား နိုင်ကြစေကုန်သတည်း။

ကြာခံဆရာတော်။

---

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ဒီပဝင်ဝတ္ထု


ဥပေါဒ္ဃာတ် .... ၁

**ပဌမပိုင်း**

၁။ လက်ာဒီပကျွန်းသို့ ရှေးဦးစွာကြွတော်မူခြင်း .... ၂

**ဒုတိယပိုင်း**

၂။ ဒုတိယအကြိမ်ကြွတော်မူခြင်း .... ၉

၃။ တတိယအကြိမ်ကလျာဏီအရပ်သို့ကြွတော်မူခြင်း .... ၁၃

**တတိယပိုင်း**

၄။ မဟာရာဇဝင် .... ၁၄

၅။ ကပိလဝတ္ထုရာဇဝင် .... ၂၁

**စတုတ္ထပိုင်း**

၆။ ပဌမသင်္ဂါယနာတင်တော်မူခြင်း .... ၂၂

**ပဥ္စမပိုင်း**

၇။ ဒုတိယသင်္ဂါယနာတင်တော်မူခြင်း .... ၂၆

၈။ အာစရိယဝါဒများကိုပြဆိုခြင်း .... ၃၁

၉။ အရှင်ဥပါလိ၏တပည့်စဉ်ဆက်ကိုပြဆိုခြင်း .... ၃၃

**ဆဋ္ဌမပိုင်း**

၁၀။ အသောကမင်းသာသနာကြည်ညိုခြင်း .... ၄၀

**သတ္တမပိုင်း**

၁၁။ တတိယသင်္ဂါယနာတင်တော်မူခြင်း .... ၅၀

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **အဋ္ဌမပိုင်း** | | |
| ၁၂။ | သာသနာပြုစေလွှတ်တော်မူခြင်း | .... | ၅၇ |
| | **နဝမပိုင်း** | | |
| ၁၃။ | လက်ဘဒီပကျွန်း၌ ဝိဇယမင်း မင်းပြုတော်မူခြင်း | .... | ၅၉ |
| | **ဒသမပိုင်း** | | |
| ၁၄။ | ပဏ္ဍုဝါသုဒေဝမင်း မင်းပြုတော်မူခြင်း | .... | ၆၂ |
| | **ဧကာဒသမပိုင်း** | | |
| ၁၅။ | ဒေဝါနံပိယတိဿမင်း အဘိသိက်ခံခြင်း | .... | ၆၄ |
| | **ဒွါဒသမပိုင်း** | | |
| ၁၆။ | အရှင်မဟိန္ဒလက်ဘဒီပကျွန်းသို့ကြွတော်မူခြင်း | .... | ၆၀ |
| | **တေရသမပိုင်း** | | |
| ၁၇။ | မဟာမေဃဝန်ဥယျာဉ်ကိုအလှူခံတော်မူခြင်း | .... | ၇၆ |
| | **စုဒ္ဒသမပိုင်း** | | |
| ၁၈။ | မဟာဝိဟာရကျောင်းကိုအလှူခံတော်မူခြင်း | .... | ၈၁ |
| ၁၉။ | စေတိယတောင်ကိုအလှူခံတော်မူခြင်း | .... | ၈၅ |
| | **ပန္နရသမပိုင်း** | | |
| ၂၀။ | ထူပါရုံစေတီတော်တည်ခြင်း | .... | ၈၇ |
| ၂၁။ | ဘုရားလေးဆူတို့၏ စေတီတော်အကြောင်း | .... | ၉၀ |
| ၂၂။ | သံဃမိတ္တာထေရီမကို ပင့်ဆောင်ခြင်း | .... | ၉၄ |
| | **သောဠသမပိုင်း** | | |
| ၂၃။ | မဟာဗောဓိပင်ကိုပင့်ဆောင်ခြင်း | .... | ၉၇ |
| | **သတ္တရသမပိုင်း** | | |
| ၂၄။ | သီဟိုဠ်ကျွန်းအကြောင်း | .... | ၁၀၂ |
| ၂၅။ | အရှင်မဟိန္ဒ ပရိနိဗ္ဗာန်စံတော်မူခြင်း | .... | ၁၁၀ |

ဦးရေ အကြောင်းအရာ စာမျက်နှာ

**အဋ္ဌာရသမပိုင်း**

၂၆။ ဘိက္ခုနီသံဃာတော်များအကြောင်း .... ၁၁၁

**ဧကူနဝီသတိမပိုင်း**

၂၇။ ဒုဋ္ဌဂါမဏိစသော မင်းစဉ်မင်းဆက် .... ၁၁၅

**ဝီသတိမပိုင်း**

၂၈။ အဘယမင်းစသည် မင်းစဉ်မင်းဆက် .... ၁၂၀

**ဧကဝီသတိမပိုင်း**

၂၉။ ဝသဘမင်းစသည် မင်းစဉ်မင်းဆက် .... ၁၂၄

ကျမ်းပြီးနိဂုံး .... ၁၃၀

---

# ကေသဓာတုဝင်ဝတ္ထု

မဏာဓမ,ပဋိညာဉ် .... ၁၃၃

ဆံတော်ပေးသနားရန်တောင်းပန်ခြင်း .... ၁၃၃

၁။ သက္ကထူပဝင် .... ၁၃၆

၂။ ပဇ္ဇုန္နထူပဝင် .... ၁၃၈

၃။ မဏိမေခလာထူပဝင် .... ၁၄၀

၄။ အဒ္ဓိနာဝိကထူပဝင် .... ၁၄၂

၅။ နာဂထူပဝင် .... ၁၄၄

၆။ သတ္တနာဝိကထူပဝင် .... ၁၄၆

၂။ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သောဂုဏ်, ကြည်လင်မွေ့လျော်ဘွယ်ရှိသော ဂုဏ်ဟုဆိုအပ်သော များစွာသော အခြင်းအရာတို့နှင့် ပြည့်စုံသော ဤဒီပဝင်ကျမ်းကို ဟောပြသောငါ၏ ထံ၌ ရိုသေစွာနာကြားစေကုန်သတည်း။

---

# ပဌမပိုင်း

## ၁။ လင်္ကာဒီပကျွန်းသို့ ရှေးဦးစွာ ကြွတော်မူခြင်း

ဘုရား၏အဖြစ်သို့မရောက်မီ အလောင်းတော်သည်ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူပြီးလျှင် တုန်လှုပ်ခြင်းမရှိ၊ မြဲမြံခိုင်ခံ့သော မဟာဗောဓိပင်ရင်း၌တည်ရှိသော မြတ်သောနေရာဖြစ်သော ပလ္လင်တော်၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော သမ္မာဝီရိယတော်၌ တည်တော်မူလျက် ကြောက်ရွံ့ခြင်းကင်းသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ နေတော်မူသောအခါ နေမဝင်မီ ကြောက်ရွံ့ထိတ်လန့်ဘွယ်ကိုပြုလျက် စစ်သည်နှင့်တကွလာသော မာရ်နတ်မင်းကို အောင်တော်မူလေ၏၊ ထိုအခါ ဝမ်းမြောက်သောစိတ်ရှိတော်မူသော အလောင်းတော်သည် များစွာသောအခြင်းအရာ၌မှီသော ဝိပဿနာကမ္မဋ္ဌာန်းကို၎င်း, များသောအပြားရှိသော များစွာသောတရားတော်ကို၎င်း အသင့်အတင့်အားဖြင့်နှလုံးသွင်းလျက် သုံးသပ်တော်မူသောအခါ ညဉ့်၏ ပဌမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ကိုရတော်မူ၏၊ မဇ္ဈိမယာမ်၌ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူ၏။

ထိုဉာဏ်တော်နှစ်ပါးကို ရတော်မူပြီးသည်၏နောက် ပစ္ဆိမ ယာမ်၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံပဋိလုံအားဖြင့် နှလုံးသွင်းတော်မူ၏၊ထိုအခါပစ္ဆိမယာမ်၏အဆုံးနေအရုဏ်တက်သည်နှင့်တပြိုင်နက် အာသဝက္ခယ ဉာဏ်တော်, သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၏၊ ထိုအခါ ဘုရားအဖြစ်သို့ ရောက်တော်မူသောကြောင့်“ဗုဒ္ဓေါ,ဗုဒ္ဓေါ” ဟူသော အမည်တော်သည်လောကသုံးပါး၌ထင်ရှားဖြစ်ပေါ်လာတော်မူလေ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ အလုံးစုံသောတရားတို့ကို သိမြင်တော်မူလေလျှင် ဥဒါန်းကျူးတော်မူ၍ ထိုပလ္လင်တော်၌သာလျှင်

ခုနစ်ရက်သီတင်းသုံးတော်မူ၏၊ထိုပလ္လင်တော်၌သီတင်းသုံးတော်မူစဉ်ပြု အပ်ပြီးသောကိစ္စ,ကုန်ပြီးသောအာသဝေါရှိတော်မူသောမြတ်စွာဘုရား သည်ဝမ်းမြောက်သောစိတ်တော်ဖြင့်မကြာမကြာသာလျှင် ငါးပါးကုန် သောဉာဏ်တော်မျက်စိတို့ကိုဖွင့်တော်မူပြီးလျှင် လောကသုံးပါး၌ရှိကုန် သော များစွာကုန်သောသတ္တဝါတို့ကို ကြည့်ရှုတော်မူ၏၊ထိုဉာဏ် မျက် စိတော်တို့တွင် သဗ္ဗညုတ ဉာဏ်တော်ဖြစ်သော အနာဝရဏ ဉာဏ် မျက်စိတော်ဖြင့် ပဋိရူပဒေသဟုဆိုအပ်သော သုဒေသဂုဏ်,ဥတုညီညွတ် သောဥတုသမ္ပန္နဂုဏ်, အာဟာရပြည့်စုံသော သုဘိက္ခဂုဏ်, ရတနာတို့ ပေါများသော ရတနာကရဂုဏ်, ရှေးဘုရား အရိယာအပေါင်းတို့၏ သီတင်းသုံးတော်မူရာဖြစ်သော အရိယဂဏသေဝိတဂုဏ်တို့နှင့် ပြည့်စုံ သော မြတ်သောလက်ာဒီပကျွန်းကို မြင်တော်မူသောအခါ ထိုလက်ာ ဒီပကျွန်းကို ချီးမြှောက်တော်မူခြင်း၌ သင့်လျော်သောကာလ, မသင့် လျော်သောကာလကို ကြည့်ရှုတော်မူလေလျှင်ဤသို့သိမြင်တော်မူလေ၏။

၁။ ယခုအခါ လက်ာဒီပကျွန်း၌ ဘုရားကိုမကြည်ညိုကုန်သော များ စွာကုန်သော ဘီလူးရက္ခိုုသ်တို့သည် ရှိကြကုန်၏၊ ထိုဘီလူး ရက္ခိုုသ်တို့သည် ရှိနေသ၍ကာလပတ်လုံး သာသနာတော်၏ အန္တရာယ် ဖြစ်လတ္တံ့ဖြစ်သောကြောင့် ထိုဘီလူးရက္ခိုုသ်တို့ကို နှင်ထုတ်ပြီးလျှင် ထိုကျွန်း၌ ဘေးမရှိသည်ကိုပြု၍ လူတို့ကိုနေစေ အံ့။

၂။ များစွာကုန်သောသတ္တဝါတို့ကို ရတနာသုံးပါး၌ ကြည်ညိုစေ လျက် အရိယာတို့၏ သွားရာလမ်းဖြစ်သော နိဗ္ဗာန်,မဂ်,ဖိုလ် တရားတော်ကို ငါဘုရားသည်ဟောကြားပြီးလျှင် ထွက်သော နေသည် ဝင်ဘိသကဲ့သို့ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိ နိဗ္ဗာန်ပြုအံ့။

၃။ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသော် လေးလမြောက်သော အခါ ပဌမသင်္ဂါယနာတင်လတ္တံ့။

၄။ ပဌမသင်္ဂါယနာတင်ပြီးသော် အနှစ်တရာလွန်သောအခါ ဒုတိ ယ သင်္ဂါယနာတင်လတ္တံ့။

၅။ ဒုတိယသင်္ဂါယနာတင်ပြီးသော် နှစ်ရာ့တဆယ့်ရှစ်နှစ်တို့ကိုလွန်သောအခါ သာသနာတော်သန့်ရှင်း စင်ကြယ်စေခြင်းအကျိုးငှါ တတိယသင်္ဂါယနာတင် လတ္တံ့။

၆။ ဤဇမ္ဗူဒီပါကျွန်း၌ ဘုန်းတန်ခိုးကြီးသော ဓမ္မာသောကဟု ထင်ရှားသော မင်းကြီးသည် ကေရာဇ်မင်းဖြစ်လတ္တံ့။

၇။ ထိုအသောကမင်း၏ သားတော်ဖြစ်သော ဗဟုဿုတပညာနှင့် ပြည့်စုံသော မဟိန္ဒထေရ်သည် လင်္ကာဒီပကျွန်းကို ကြည်ညိုစေလတ္တံ့။

ဟုသိမြင်တော်မူလေ၏၊ ဤအကြောင်းကို သိမြင်တော်မူပြီးသောအခါ မြတ်စွာဘုရားသည် မကြာမကြာသောလျှင် ဤလင်္ကာဒီပကျွန်းကို များစွာအကျိုးရှိသော အစောင့်အရှောက်ကိုပြုတော်မူလေ၏ ပလ္လင်္ကသတ္တာဟ, အနိမိသသတ္တာဟ,စင်္ကမ သတ္တာဟ,ရတနာဃရ သတ္တာဟ, အဇပါလသတ္တာဟ,မုစလိန္ဒသတ္တာဟ,ခီရပါလမည်သောရာဇာယတနသတ္တာဟ၊ ဤခုနစ်သတ္တာဟတို့ ကာလပတ်လုံး မြတ်စွာဘုရားသည် ပြုဘွယ်ကိစ္စကိုပြုတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ဓမ္မစကြာတရားကို ဟောတော်မူခြင်းငှာ ကြွတော်မူ၏။

ဗာရာဏသီပြည်သို့ ရောက်တော်မူလေသော် မြတ်သောသူတော်ကောင်းတို့၏ တရားတော်ဖြစ်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူသောအခါ တဆယ့်ရှစ်ကုဋေကုန်သော နတ်ဗြဟ္မာတို့သည် တရားထူးကိုရကြကုန်၏၊ ရှင်ကောဏ္ဍည,ရှင်ဘဒ္ဒိယ,ရှင်ဝပ္ပ,ရှင်မဟာနာမ,ရှင်အဿဇိ၊ ဤမထေရ်ငါးပါးတို့သည် အနတ္တလက္ခဏာတရားတော်ကို နာရသောအခါ အလုံးစုံသောကိလေသာတို့မှ လွတ်တော်မူကုန်၏၊ ထို့နောက်ယသသူဌေးသားနှင့် အဘော်သဟာယ ဖြစ်ကုန်သော သူဌေးသားလေးယောက်တို့ကိုဎင်း, တဖန်ငါးကျိပ်ကုန်သောသူငယ်တို့ကိုဎင်း မြတ်စွာဘုရားသည် သံသရာဝဋ်ဒုက္ခမှကယ်တင်တော်မူ၏၊ ဗာရာဏသီပြည်၌ ဝါကပ်တော်မူပြီး၍ ဝါကျွတ်တော်မူသောအခါ ကပ္ပါသိကတောအုပ်၌သုံးကျိပ်သော ဘဒ္ဒဝဂ္ဂိယအဘော်သဟာယတို့ကို သံသရာမှ ကယ်တင်တော်မူ၏။

အစဉ်အားဖြင့် ဒေသစာရီလှည့်လည်တော်မူလေသော် ဥရုဝေလတောသို့ ရောက်တော်မူလေလျှင် ဥရုဝေလကဿပရသေ့ကို ဉာဏ်တော်မျက်စိဖြင့် မြင်တော်မူလေ၏၊ ထိုဥရုဝေလကဿပ၏ မီးတင်းကုပ်၌နေသော နဂါးကိုဆုံးမတော်မူလေလျှင် ထိုအံ့ဘွယ်ကို မြင်ကြသောအခါ အလုံးစုံသောရသေ့တို့သည် "ရှင်ဂေါတမ....ငါတို့၏ ဤသင်္ခမ်းကျောင်း၌ ဆောင်းဥတုလေးလတို့ပတ်လုံး နေတော်မူပါ၊ငါတို့သည် ရှင်ဂေါတမကို ဆွမ်းဖြင့်အမြဲလုပ်ကျွေးပါအံ့"ဟု မြတ်စွာဘုရားကို ပင့်လျှောက်ကြကုန်၏၊ ထိုအခါ ဥရုဝေလတော၌ ဆောင်းဥတုပတ်လုံး သီတင်းသုံးတော်မူလျက် ပရိသတ်နှင့်တကွရသေ့တို့ကို ဆုံးမတော်မူလေ၏၊ ထိုအခါ အင်္ဂတိုင်း,မဂဓတိုင်း၌ နေကြသောသူတို့သည် များစွာသောပူဇော်ပွဲကြီးကို စီရင်ကြကုန်၏၊ ဥရုဝေလကဿပရသေ့သည် ထိုပူဇော်ပွဲကြီး၌ လာဘ်လာဘများစွာရသည်ကို သိမြင်သောကြောင့် မသင့်သောအားဖြင့် ဤသို့ကြံစည်လေ၏။

"ရဟန်းကြီး ဂေါတမသည် တန်ခိုးအာနုဘော်ကြီး၏၊ များစွာသောလူအပေါင်း၌ တန်ခိုးပြခဲ့သော်၎င်း,တရားဟောခဲ့သော်၎င်း ငါ့အား လာဘ်လာဘဆုတ်ယုတ်လတ္တံ့၊ဂေါတမအားလာဘ်များလတ္တံ့၊ ရဟန်းကြီးသည် အစည်းအဝေးဖြစ်သော ပူဇော်ပွဲကြီးသို့ မလာမူကား ကောင်းလေစွ"ဟုကြံစည်လေ၏၊ စရိုက်,အဓိမုတ္တိ,အာသယ,အနုသယတို့ကို၎င်း၊ စိတ်၏တဆယ့်ခြောက်ပါးကုန်သော အခြင်းအရာတို့ကို၎င်း သိတော်မူသောမြတ်စွာဘုရားသည် ရသေ့၏စိတ်အကြံကို သိတော်မူသောကြောင့် တန်ခိုးတော်ဖြင့် မြောက်ကျွန်းသို့ဆွမ်းခံကြွတော်မူပြီးလျှင် အနောတတ္တအိုင်၌ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ ထိုအိုင်၌ များစွာသော ဈာနသမာပတ်ကို ဝင်စားတော်မူ၍ ထိုဈာနသမာပတ်မှထတော်မူသောအခါ ဗုဒ္ဓစက္ခုဖြင့် လောကကိုကြည့်တော်မူလေသော် မြတ်သောလင်္ကာဒီပကျွန်းကို ဤသို့မြင်တော်မူလေ၏။

"လင်္ကာဒီပ ကျွန်းသည် ကြောက်မက်ဘွယ်သော တောကြီးရှိ၏၊ ကြမ်းတမ်းကုန်သောအသွေးအသားလျှင် အစာအာဟာရရှိကုန်သော အထူးထူးသော ဘီလူးမြေဘုတ်တို့သည် ရှိကုန်၏၊ အထူးထူးသော

နှလုံးသွင်းခြင်းရှိကုန်သော အလုံးစုံကုန်သော မြေဘုတ်ဘီလူးတို့သည် စည်းဝေးရန် လာကြကုန်၏၊ ထိုကျွန်းသို့ ကြွတော်ပြီးလျှင် ဘီလူး ရက္ခိုုသ်,မြေဘုတ်တို့ကို နှင်ထုတ်ခဲ့သည်ရှိသော် လူတို့သည် အစိုးရ ကုန်လတ္တံ့”ဟု မြင်တော်မူ၏၊ များစွာအကျိုးရှိသော ဤအကြောင်းကို မြင်တော်မူသောအခါ ဂေါင်းကင်သို့ ကြွတော်မူပြီးလျှင် ဇမ္ဗူဒီပါ ကျွန်းမှ ဤလင်္ကာဒီပကျွန်းသို့ ကြွလာတော်မူပြီး၍ အစည်းအဝေးပြုကြ သော ဘီလူးတို့၏အလယ်ဖြစ်သော ဦးခေါင်းထက်၌ နိသီဒိုင်အခင်း တော်ကိုယူတော်မူပြီးလျှင် ကောင်းကင်၌ ထင်ရှားစွာ ရပ်တော်မူ၏၊ ထိုအခါ စည်းဝေးကြကုန်သော ဘီလူးစစ်သည်တို့သည် ရပ်တော် မူသောဘုရားကို မြင်ကြကုန်သော်လည်း ဘုရားဟူ၍ မသိကြကုန်၊ တပါးသောဘီလူးဟူ၍သာ အောက်မေ့ကြကုန်၏။

ဂင်္ဂါမြစ်ကမ်း၌ရှိသော မဟိယင်္ဂဏစေတီ၏တည်ရာ ကောင်းသော မြေအပြင်၌ မြတ်စွာဘုရားသည် ရပ်တော်မူလျက် ဈာနသမာဓိကို ဝင်စားတော်မူပြီးလျှင် ဓိပ္ပနိသန္တိဖြစ်တော်မူသောကြောင့် ထိုဈာန သမာဓိမှ လျှင်စွာထတော်မူလျက် ကောင်းကင်၌ရပ်တော်မူပြီးလျှင် အေးသောလေတို့ဖြင့် နှိပ်စက်သော တခဲနက်သော မိုယ်းကြီးကို တခဏခြင်းရွာစေ၏၊ ထိုအခါဘီလူးတို့သည် အေးမြခြင်းဖြင့်နှိပ်စက် လေသော် “သင်တို့အား ငါသည်ပူလောင်သည်ကို ပြုအံ့၊ ငါ့အား နေရာကိုပေးကြကုန်၊ အေးမြခြင်းကို ပယ်ဖျောက်နိုင်သော တန်ခိုး သည် ငါ့အားရှိ၏”ဟု မိန့်တော်တော်မူလေလျှင် “ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်ခဲ့သော် အလိုရှိတိုင်းနေတော်မူပါ၊ အလုံးစုံသော ငါတို့သည် ခွင့်ပြု၏၊တန်ခိုးအားကို ပြုတော်မူပါ”ဟုတောင်းပန်ကြကုန်၏၊ထိုအခါ မြတ်စွာဘုရားသည် သင်တို့သည် ငါ့ကိုအပူကိုတောင်းကြကုန်၏၊သင်တို့ အလိုရှိသော လွန်ကဲသောအပူကို လျှင်စွာငါပြုအံ့”ဟု မိန့်တော်မူ၏။

နွေလတို့၏မွန်းတည့်အခါ၌ နေသည်ကိုယ်၌ပူလောင်ခြင်းကိုဖြစ်စေ သကဲ့သို့ ထို့အတူ ဘီလူးတို့၏ကိုယ်၌ အလွန်ပူလောင်ခြင်းသည် ဖြစ်ပေါ်လာ၏၊ ကမ္ဘာပျက်သောအခါ ထွက်ပေါ်လာသော နေ လေးစင်းတို့၏ အပူကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ နိသီဒိုင်နေရာ တော်မှ ထွက်သောအပူသည် ထိုနေလေးစင်းတို့၏ အပူထက်လွန်ကဲ

စွာပူ၏၊ ကောင်းကင်၌ထွက်သောနေကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူ ကောင်းကင်၌ နိသီဒိုင်သားရေ အခင်းတော်ကို တားမြစ်နိုင်သူမရှိချေ၊နေပူသည် ထက်ဝန်းကျင်၌ပျံ့နှံ့သကဲ့သို့ထို့အတူ နိသီဒိုင်သားရေအခင်းတော်မှ ထွက်သောအပူသည် ထက်ဝန်းကျင်၌ ပျံ့နှံ့လေ၏၊သံဖြင့်ပြီးသော ပူလောင်သောဇတောင်သို့ရောက်ဘိသကဲ့သို့ ထို့အတူ အရှေ့, အနောက်, တောင်, မြောက်, အထက်, အောက် ဖြစ်သော အရပ်ဆယ်မျက်နှာတို့ကို သည်းမခံနိုင်သော အပူကို လက်ာဒီပကျွန်း၌ ဖြစ်စေ၏။

ထိုအခါ ဘီလူးတို့သည် ဤသို့ကြံစည်ကြကုန်၏၊ "ဤဘီလူးကြီးသည် တန်ခိုးအာနုဘော်ကြီး၏၊ အကယ်၍ မီးတောက်မီးလျှံကို လွှတ်သည်ဖြစ်အံ့၊ အလုံးစုံသော ဘီလူးတို့သည် လေတိုက်ခတ်သော ဖွဲဆုပ်, မြေမှုန့်ဆုပ်ကဲ့သို့ ဖရိုဖရဲကြေကွဲကုန်လတ္တံ့၊ ငါတို့သည် အဘယ်အခါ အဘယ်သို့လျှင် ချမ်းသာစွာလွတ်ရပါအံ့နည်း"ဟု ကြံစည်ကြကုန်၏၊ ထိုအခါမြတ်စွာဘုရားသည်ဆင်းရဲခြင်းသို့ရောက်ကုန်သော ဘီလူးတို့ကို မြင်တော်မူသောအခါ ဤသို့ကြံစည်တော်မူ၏၊ "လက်ာဒီပကျွန်းမှ တပါးသော ဂိရိဒီပမည်သော ကျွန်းသည်ရှိ၏၊ ထိုကျွန်း၌ ကြည်းကုန်းညီညွတ်သော မြေအပြင်, မြစ်တောင် အညစ်အကြေး ကင်းသော ရေရှိသော တဘက်ဆည် ကန်တို့သည် လက်ာဒီပကျွန်းကဲ့သို့ရှိကုန်၏၊ ဘေးရန်မရှိ သမုဒ္ဒရာအဆုံးဖြင့် တင့်တယ်၏၊ များသော အစာအာဟာရ, များစွာ ထွက်သော စပါးရှိ၏၊ မွေ့လျော်ဘွယ်သော အာရာမ်နှင့်တော,တောင်ရှိ၏၊ ထိုအာရာမ်,တော,တောင်တို့၌ ပွင့်ကုန်သီးကုန်သော သစ်ပင်တို့သည် ရှိကုန်၏၊ အစိုးရသူ တစုံတယောက်မျှ မရှိ၊ အလွန်နက်သော သမုဒ္ဒရာရေလယ်၌ လှိုင်းတို့သည် ရှိကုန်၏၊ သွားလာခြင်းငှါ ခဲယဉ်းသော တောင်နှင့် ရေရှိ၏၊ ဤဘီလူးတို့သည်ကား သူတပါးတို့အား နှိပ်စက်ဖျက်ဆီးတတ်ကုန်၏၊ သနားခြင်းမရှိ၊ ကြမ်းတမ်းကုန်၏၊မာန်မာနကြီးကုန်၏၊ ထိုဘီလူးရက္ခိုသ်တို့အား ထိုဂိရိဒီပမည်သော ကျွန်းကိုပေးအံ့၊ ဤလက်ာဒီပ ကျွန်းသည်ကား ရှေးကမ္ဘာဦးကစ၍လူတို့၏နေထိုင်ရာကျွန်းဖြစ်၏၊လက်ာဒီပကျွန်းအပြင်၌ များစွာသောလူတို့သည် နေကြစေကုန်၊ရှေးဘုရားတို့သည် ပွင့်တော်

မှုသောအခါ ဩဇဒီပ,ဝရဒီပ,မဏ္ဍဒီပကျွန်းတို့နှင့်တူညီကုန်လတ္တံ့၊ဤသို့သော ဂုဏ်,တပါးသော ဂုဏ်တို့နှင့် လင်္ကာဒီပကျွန်းသည်ပြည့်စုံ၏၊ ဤလင်္ကာဒီပကျွန်း၌လပြည့် ဥပုသ်နေ့၌ ကောင်းကင်၌ တက်သောလကဲ့သို့နောက်အခါ သာသနာတော်ထွန်းပလတ္တံ့၊ နွားအစုံသည် ချမ်းသာစွာလှည့်လည်သွားလာသကဲ့သို့ လူတို့နှင့် ဘီလူးရက္ခိုသ်နှစ်ဦးတို့သည် ချမ်းသာသုခ တူမျှစွာရှိကြစေကုန်လတ္တံ့”ဟု ကြံစည်တော်မူ၏၊

ဤသို့ကြံစည်တော်မူပြီးလျှင် နွားအစုံလှေအစုံကိုခိုင်မာလှစွာသောကြိုးဖြင့် ဆွဲငင်ယူဘိသကဲ့သို့ လင်္ကာဒီပ, ဂိရိဒီပ ကျွန်းနှစ်ခုတို့ကိုတန်ခိုးတော်ဖြင့် ယူတော်မူပြီးလျှင် အလုံးစုံကုန်သော ဘီလူးရက္ခိုသ်တို့ကို တပါးသောအရပ်သို့မသွားစေမူ၍ စိတ်တော်ဖြင့် ပိုင်းခြားမှတ်သားအပ်သော ဂိရိဒီပကျွန်း၌ နေစေ၏၊ နွေဥတု၌ ရေငတ်မွတ်ကုန်သော သူတို့သည် ဂင်္ဂါမြစ်သို့ ပြေးသွားကုန်သကဲ့သို့ ထို့အတူချမ်းသာလိုကုန်သော ဘီလူးရက္ခိုသ်တို့သည် ဂိရိဒီပကျွန်းသို့ပြေးသွားကြကုန်၏၊ ထိုသို့ပြေးသွားကုန်ပြီးသောအခါ မြတ်စွာဘုရားသည်ကျွန်းကိုတည်ရှိမြဲတိုင်းသောနေရာ၌ တည်ရှိစေ၏၊ အလုံးစုံကုန်သောဘီလူးရက္ခိုသ်တို့သည် စိတ်အလိုရှိသော ကောင်းသောကျွန်းကို ရကြကုန်သည်ဖြစ်၍ ရွှင်လန်းဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ကြောက်ရွံ့ခြင်းမှကင်းကြကုန်လျက် နက္ခတ်ပွဲသဘင်တို့ကို ပြုလုပ်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဘီလူးရက္ခိုသ်တို့ကို ချမ်းသာရသည်ကိုသိတော်မူသောအခါ မေတ္တသုတ် ပရိတ်တော်ကို ရွတ်တော်မူပြီးလျှင် လင်္ကာဒီပကျွန်းကို သုံးကြိမ်လက်ျာရစ်လှည့်တော်မူ၍ ဘီလူးရက္ခိုသ်အပေါင်းတို့အား ပယ်ဖျောက်နိုင်သော အစောင့်အရှောက်ကိုရင်း, ဘီလူးရက္ခိုသ်မြေဘုတ်တို့အား ချမ်းသာကိုပြုတတ်သော အစောင့်အရှောက်ကိုရင်း ပြုတော်မူပြီးလျှင် ဥရုဝေလတောသို့ တဖန်ကြွလာတော်မူ၏။

လင်္ကာဒီပကျွန်းသို့ရှေးဦးစွာကြွတော်မူခြင်းပြီး၏။
ပဌမပိုင်းပြီး၏။

# ဒုတိယပိုင်း

## ၂။ ဒုတိယအကြိမ်ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ကောသလတိုင်း သာဝတ္ထိပြည်၌ သုဒတ္တသူဌေး၏ အာရာမ်ဖြစ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ အလုံးစုံသောလောကကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်တော်မူလေသော် တမ္ဗပဏ္ဏိကျွန်းကိုမြင်တော်မူ၍ ငါးဝါရရှိတော်မူသောအခါ တမ္ဗပဏ္ဏိကျွန်းသို့ကြွတော်မူ၏။

ကြွတော်မူခြင်း၏ အကြောင်းကား "ငါဘုရားသည် ရှေးဦးစွာ တမ္ဗပဏ္ဏိကျွန်းသို့ ကြွတော်မူပြီးလျှင် အဝရုဒ္ဓကဘီလူးတို့ကို ပယ်ဖျောက်တော်မူပြီးလျှင် ထိုကျွန်း၌ ဘီလူးမရှိသည်ကို ပြုတော်မူခဲ့ပြီ၊ ယခုတောင်၌နေကုန်သော နှစ်ဦးကုန်သောနဂါးတို့သည် ကြမ်းတန်းစွာစစ်ထိုးရန် စီရင်ကြကုန်၏၊ အလုံးစုံသောနဂါးတို့သည် တန်ခိုးကြီးခြင်း, ကြမ်းတန်းသောအဆိပ်ရှိခြင်း, မာန်မာနကြီးခြင်းရှိကုန်၏၊ ကဲ့ရဲ့တတ်သောစိတ်, အမျက်ထွက်လွယ်သောစိတ်, ပရိသတ်နည်းခြင်းကိုနှစ်သက်သောစိတ်ရှိကုန်၏၊ မဟောဒရနဂါးသည် တန်ခိုးကြီး၏၊ စူဠောဒရနဂါးသည်ကား တန်းခိုးနှင့်ပြည့်စုံ၏၊ နဂါးနှစ်ဦးတို့သည် အားနှင့်ပြည့်စုံကုန်၏၊ လွန်ကဲသောအဆင်းရှိကုန်၏၊ တစုံတယောက်သော မိမိနှင့်တူသောသူ,သာလွန်သောသူကိုမမြင်၊ မဟောဒရနဂါးသည် မာန်မာနကြောင့်ဖြစ်သောတန်ခိုးဖြင့် တောတောင်နှင့်တကွဖြစ်သော တမ္ဗပဏ္ဏိကျွန်းကို ဖျက်ဆီးနိုင်၏၊ အလုံးစုံသောရန်သူနဂါးတို့ကို သတ်နိုင်၏၊ စူဠောဒရနဂါးသည် မာနကြီး၏၊ စစ်ပွဲသို့လာရောက်ကုန်သော အလုံးစုံကုန်သော နဂါးကုဋေအထောင်တို့ကို သတ်နိုင်၏၊ သည်းမခံနိုင်သောအဆိပ်၏အဟုန်ဖြင့် ဖျက်ဆီးနိုင်၏၊ နဂါးတို့သည် ထွန်းတောက်ပနိုင်ကုန်၏၊ ချုတ်ချယ်ခြင်း,နဂါးတို့ကိုအစိုးရခြင်းရှိကုန်၏" ဟု ဉာဏ်တော်ဖြင့် မြင်တော်မူသောကြောင့် လောက၏အကျိုးကို ကျင့်တော်မူသော မြတ်စွာဘုရားသည် နတ်နှင့်တကွသောလောက၌ မြတ်သောချမ်းသာကို ဤသို့ကြံစည်တော်မူ၏။

H 408—2 [ဟံသာဝတီ]

"ငါဘုရားသည် ထိုကျွန်းသို့မကြွသွားခဲ့သော် နဂါးတို့သည် ချမ်းသာခြင်းကိုမရကုန်လတ္တံ့၊ ပျက်စီးသောကျွန်းသည် အနာဂတ်ကာလ၌ ကောင်းမွန်ခြင်းမဖြစ်လတ္တံ့၊ နဂါးတို့ကိုစောင့်ရှောက်သည်ဖြစ်၍ နဂါးတို့၏ချမ်းသာကို အလိုရှိသည်ဖြစ်၍ တမ္ဗပဏ္ဏိကျွန်း၏ ကြီးပွားခြင်းကို ကြည့်ရှုတော်မူခြင်းငှာ ငါဘုရားသည် ကြွတော်မူအံ့"ဟု လက်ာဒီပကျွန်းသို့ကြွတော်မူခြင်း၏အကျိုးကိုမြင်တော်မူ၍ "ရှေး၌လည်း ဘီလူးတို့ကိုပယ်ဖျောက်ခဲ့ပြီ၊ ငါဘုရား၏ ကောင်းစွာပြုအပ်သောကျွန်းကို နဂါးတို့သည် မဖျက်ဆီးစေကုန်လင့်"ဟု မိန့်တော်မူပြီးလျှင် နေရာမှ ထတော်မူ၍ ဂန္ဓကုဋိကျောင်းတော်မှ ထွက်တော်မူလျက် တံခါး၌ ရပ်တော်မူ၏၊ ထိုအခါ ဇေတဝန်ကျောင်းတော်အာရာမ်တွင်း၌ နေကြကုန်သော အလုံးစုံကုန်သော တောစောင့်နတ်တို့သည် ဘုရားရှင်နှင့် အတူသွားကြကုန်အံ့ဟု ထကြကုန်၏၊ မြတ်စွာဘုရားသည် အလုံးစုံကုန်သော နတ်တို့ကို မလိုက်စေမူ၍ သမိဒ္ဓိသုမန နတ်သားတယောက်ကိုသာလျှင် လင်းလွန်းပင်ကိုထီးပြုလုပ်ဆောင်း၍ နောက်တော်မှလိုက်ရန် အမိန့်ရှိတော်မူ၏၊ သမိဒ္ဓိသုမနနတ်မင်းသည် ထိုစကားကို ကြားသောအခါ လင်းလွန်းပင်ကို အမြစ်နှင့်အကွ နုတ်ယူပြီးလျှင် အရိပ်ပြုလုပ်လျက် နောက်တော်မှဘုရားနှင့်အတူလိုက်လေ၏။

မြတ်စွာဘုရားသည် ကောင်းကင်ဖြင့် ကြွတော်မူပြီးလျှင် နဂါးနှစ်ဦးတို့၏ စစ်မြေပြင်၏ အလယ်ဖြစ်သော နဂါးတို့၏ အထက်ကောင်းကင်၌ ရပ်တော်မူလျက် အလွန် ကြောက်မက်ဘွယ်သော အမိုက်မှောင်ကြီးကို ပြုတော်မူ၏၊ တန်ခိုးတော်ကြောင့် အမိုက်မှောင်ကြီးဖြစ်လေသော် နဂါးတို့သည် အချင်းချင်းမမြင်ကြရသောကြောင့် ကြောက်ရွံ့ ထိတ်လန့် ကုန်သည်ဖြစ်၍ မိမိတို့၏ အသက်ရှည်ရန် အကြောင်းကို မမြင်ကြကုန်၊ စစ်ထိုးခြင်းကိုပြုလုပ်ရန်ကား ဆိုဘွယ်မရှိဖြစ်၏၊ အလုံးစုံသော နဂါးတို့သည် စစ်ထိုးခြင်းအမှုကို ပယ်ဖျက်ပြီးလျှင် လက်နက်တို့ကိုစွန့်ပစ်ကြပြီးလျှင် မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးကုန်လျက် ရပ်တည်နေကြကုန်၏၊ မြတ်စွာဘုရားသည် နဂါးတို့၏ကြောက်လန့်သည်တို့ကို မြင်တော်မူသောအခါ မေတ္တာစိတ်ဖြင့် ဖြန့်တော်မူ၍ ဉဏ္ဏာလုံမွေးတော်မှ ဖြစ်သော ရောင်ခြည်တော်ကို

လွှတ်တော်မူ၏၊ ရောင်ခြည်တော်ကြောင့် အလင်းရောင်ကြီး ဖြစ်ပေါ်လာသောအခါ မဖြစ်ဘူးသော ကြက်သီးမွေးညှင်းထခြင်း ဖြစ်ကုန်လျက် အလုံးစုံကုန်သော နဂါးတို့သည် ကောင်းကင်၌အညစ်အကြေးမှ ကင်းသော လ-ကိုမြင်ရကြကုန်သကဲ့သို့မြတ်စွာဘုရားကိုမြင်ကြကုန်၏။

ထိုအခါ ကောင်းကင်၌ ခြောက်ပါးကုန်သော ရောင်ခြည်တော်ဖြင့် အရပ်ဆယ်မျက်နှာတို့ကို တင့်တယ်စေ၍ ရပ်တော်မူလျက် နဂါးတို့ကို ဤသို့မိန့်တော်မူ၏၊ "နဂါးမင်း·· အဘယ်အကြောင်းကြောင့် နဂါးတို့အား ငြင်းခုံခိုက်ရန်ဖြစ်ကြဘိသနည်း၊သင်နဂါးတို့ကို စောင့်ရှောက်ခြင်းငှာ ငါဘုရားသည်လျင်စွာကြွလာသည်"ဟု မေးတော်မူလေသော် "ဤစူဠောဒရ, မဟောဒရအမည်ရှိကုန်သော တူ,ဦးရီးနဂါးတို့သည် ဥစ္စာကိုအလိုရှိသောကြောင့် ငြင်းခုံခြင်းဖြစ်ပါသည်"ဟု လျှောက်လေလျှင် နဂါးတို့အား သနားကရုဏာရှိတော်မူသော မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏၊"အနည်းငယ်သောဥစ္စာကြောင့် မိုက်သောသူအား များစွာသော အမျက်ဒေါသသည်ဖြစ်၏၊ ငါဘုရားကို တွေ့မြင်ကြရကုန်လျက် များစွာသော နဂါးတို့သည် များစွာသောဒုက္ခသို့ အဘယ်ကြောင့် ရောက်ကြကုန်အံ့နည်း၊ ဤအနည်းငယ်သော ပလ္လင်ကြောင့် သင်တို့သည် မပျက်စီးကြကုန်လင့်၊ အချင်းချင်း မဖျက်ဆီးကြကုန်လင့်၊ အသက်ကုန်ဆုံးခြင်းကိုမပြုအပ်"စသည်ဖြင့် နဂါးတို့ကို နိရယဒုက္ခဖြင့် ထိတ်လန့်စေ၏၊ လူ၏အဖြစ်, နတ်၏အဖြစ်, နိဗ္ဗာန်ကိုလည်း ဟောကြားတော်မူ၏။

တရားဟောတော်မူသော မြတ်စွာဘုရားကို အလုံးစုံ ကုန်သော နဂါးတို့သည် တုပ်ဝပ်ကုန်လျက် ကန်တော့ကြကုန်၏၊ ကုဋေရှစ်ဆယ်ရှိကုန်သော အလုံးစုံကုန်သော နဂါးတို့သည် ညီညွတ်စွာ သရဏဂုံကို ဆောက်တည်ကြကုန်၏၊ "ဤပလ္လင်ကြောင့် နဂါးတို့သည် ပျက်စီးကြကုန်၏"ဟု ပလ္လင်ကိုယူကြပြီးလျှင် နဂါးနှစ်ဦးတို့သည် ညီညွတ်စွာ "သနားသဖြင့်အလှူခံတော်မူပါ"ဟု မြတ်စွာဘုရားအား လှူကြကုန်၏၊ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူ၏၊ သည်းခံတော်မူသည်ကို သိသောအခါ ကြောင်မျက်ရွဲပတ္တမြားဖြင့် ပြီးသော

ပြိုးပြိုးပြက်ထွက်သောအရောင်ရှိသော နဂါးတို့သည် အလွန်နှစ်သက် အပ်သော ပလ္လင်တော်၌ သီတင်းသုံးတော်မူပါ''ဟု အနီး၌ထားကြ ကုန်၏၊ မြတ်စွာဘုရားသည် ပလ္လင်ပေါ်၌ ကုဋေရှစ်ဆယ်သော နဂါး တို့ကို ကြည်ညိုစေလျက် သီတင်းသုံးတော်မူ၏၊ ထိုအခါ နဂါးတို့သည် ဆွမ်း,အဖျော်, ဘောဇဉ်တို့ဖြင့် လုပ်ကျွေးကြကုန်၏၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးသောအခါကုဋေရှစ်ဆယ်သောနဂါးတို့သည် ဘုရား ထံတော်၌ ခြံရံလျက် နေကြကုန်၏။

ကလျာဏီဂင်္ဂါမြစ်ဝ၌ မဏိအက္ခိကနဂါးမင်းသည် သားမယား နှင့်တကွနေ၏၊ ထိုနဂါးမင်းသည်ကား များသောအခြံအရံရှိ၏၊ သဒ္ဓါ, သရဏဂုံ,သီလနှင့်ပြည့်စုံ၏၊ သမ္မာဒိဋ္ဌိအယူရှိ၏၊ နဂါးတို့၏အစည်း အဝေးသို့လာသောအခါ မြတ်စွာဘုရားကိုဖူးမြင်ရ၍ အလွန်ကြည်ညို သောကြောင့် ရှိခိုးပြီးလျှင် မြတ်စွာဘုရားကို ဤသို့လျှောက်၏၊ "ဤ လင်္ကာဒီပကျွန်းသို့ ဘီလူးတို့ကို ပယ်ဖျောက်လျက် ကျွန်းကိုစောင့် ရှောက်တော်မူခြင်းငှာ ပဌမအကြိမ် ကြွလာတော်မူ၏၊ နဂါးတို့ကို ချီးမြှောက်ခြင်း, ကျွန်းကိုစောင့်ရှောက်ခြင်းငှါ ဤယခုကြွလာတော် မူခြင်းကား ဒုတိယအကြိမ်ကြွလာတော်မူခြင်းဖြစ်ပါ၏၊ ကျွန်ုပ်တို့ကို သနားတော်မူသဖြင့် မြတ်စွာဘုရားသည် တဖန် နောက်တကြိမ်လည်း ကြွတော်မူပါ၊ ကျွန်ုပ်သည် ဝေယျာဝစ္စကို လုပ်ကျွေးပါမည်''ဟု တောင်းပန်လျှောက်လေသော် လင်္ကာဒီပကျွန်း၏အကျိုးငှါ မြတ်စွာ ဘုရားသည် သည်းခံတော်မူလေ၏။

ပလ္လင်ပေါ်၌ သီတင်းသုံးတော်မူပြီးလျှင် ထိုပလ္လင်တော်မှ ထတော် မူ၍ လင်္ကာဒီပကျွန်း၌ နေ့သန့်ခြင်း (နေ့အခါနေခြင်း) ကိုပြုတော် မူလျက် သမာပတ်ကိုဝင်စားတော်မူ၏၊ ညနေချမ်းအချိန်၌ နဂါးတို့ကို ခေါ်တော်မူပြီးလျှင်"ဤနေရာ၌သာလျှင် ပလ္လင်တော်နှင့်လင်းလွန်းပင် ကို ထားကြကုန်လျက် ရှိခိုးပူဇော်ခြင်းကို ပြုကြကုန်''ဟု ပရိဘောဂ စေတီတော်ကို ပေးတော်မူပြီးလျှင် နဂါးတို့ကို ဆုံးမပြီးသောအခါ တဖန် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

ဒုတိယအကြိမ်ကြွတော်မူခြင်းပြီး၏။

## ၃။ တတိယအကြိမ်ကလျာဏီအရပ်သို့ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်မှ ရှစ်ဝါ မြောက်၌ မဏိအက္ခိကနဂါးမင်းသည် ပင့်အပ်သောကြောင့် တန်ခိုးအာနုဘော်ကြီးကုန်သော ရဟန်းငါးရာတို့ဖြင့် ခြံရံတော်မူလျက် ဇေတဝန်ကျောင်းတော်မှ ကောင်းကင်ခရီးဖြင့် လက်ာဒီပကျွန်း ကလျာဏီဂင်္ဂါမြစ်ဝသို့ ကြွတော်မူ၏၊ ထိုအခါ အလုံးစုံကုန်သောနဂါးတို့သည် ကျယ်ဝန်းသောမြေအပြင်၌ အထူးထူးသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ရတနာမဏ္ဍပ်ကို ပြုလုပ်ကြပြီးသော် အထူးထူးသော ဆေးတို့ဖြင့် ခြယ်အပ်ကုန်သော နတ်၌ဖြစ်ကုန်သော အဝတ်တန်ဆာတို့ဖြင့် မိုးကြကုန်၏၊အထူးထူးသောရတနာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော အထူးထူးသောပန်းတို့ဖြင့် ဆန်းကြယ်ကုန်သော အထူးထူးသော ဆေးတို့ဖြင့်ခြယ်အပ်ကုန်သောများစွာသော တံခွန်တို့ကိုပြုကြကုန်၏၊အလုံးစုံသော အခင်းကိုဖြန့်လျက် နေရာကိုခင်းစေပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်ကို ထိုနေရာသို့ပင့်၍ သီတင်းသုံးစေကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်တကွ သီတင်းသုံးတော်မူ၍ မဟာစေတီတည်လတ္တံ့ဖြစ်သော နေရာ၌ ရဟန်းတော်တို့နှင့်တကွ ခုနစ်ကြိမ်ဈာနသမာပတ်ကို ဝင်စားခြင်း, အလုံးစုံသော အရပ်သို့ မေတ္တာတော် ဖြန့်ခြင်းကို ပြုတော်မူ၏။

မဏိအက္ခိကနဂါးမင်းသည်သည်း များစွာသောအလှူတော်ကြီးကို လှူလေ၏၊ မြတ်စွာဘုရားသည် ထိုအလှူကြီးကို အလှူခံတော်မူပြီးလျှင် ဘုဉ်းပေးသုံးဆောင်တော်မူခြင်းကိစ္စ, အနုမောဒနာပြုတော်မူခြင်းကိစ္စ ပြီးဆုံးသော် ရဟန်းသံဃာတော်နှင့်တကွ ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ ဒီဃဝါပိစေတီနေရာ၌ ဈာနသမာပတ်ကို ဝင်စားတော်မူလျက် ထိုဈာနသမာပတ်မှ ထတော်မူပြီးသောအခါ ဒီဃဝါပိစေတီတည်ရာမှ အကြင်အရပ်၌ ရှေးဘုရားသုံးဆူတို့၏ မဟာဗောဓိပင်သည် ရှိခဲ့ဘူး၏၊ ငါဘုရား၏ မဟာဗောဓိပင်သည်လည်း ဤအရပ်၌သာလျှင် နောင်အခါ တည်လတ္တံ့."ဟု ဉာဏ်တော်ဖြင့် သိတော်မူ၏၊ မဟာမေဃဝန်ဥယျာဉ်၌ရှိသော ထိုမဟာဗောဓိပင်နေရာသို့ ရဟန်းသံဃာတော်နှင့်တကွ

ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးလျှင် မဟာဗောဓိပင် နေရာ၌ ရဟန်းသံဃာတော်နှင့်တကွ ဈာနသမာပတ်ကိုဝင်စားတော်မူ၍ ထိုသမာပတ်မှထတော်မူသောအခါ ဤသို့ဗျာဒိတ်ကြားတော်မူ၏။

လူသုံးပါးတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော ကကုသန်မြတ်စွာဘုရားသည် ဤပလ္လင်နေရာ၌သီတင်းသုံးတော်မူ၍ ပူဇော်အထူးကို ရှေးဦးစွာခံတော်မူ၏၊ လူတို့၏အကြီးအမှူး ဖြစ်တော်မူသော ကောဏာဂုံမြတ်စွာဘုရားသည် ဤပလ္လင်နေရာ၌ သီတင်းသုံးတော်မူ၍ ဒုတိယအကြိမ် ပူဇော်အထူးကို ခံတော်မူ၏၊ လူနတ်ဗြဟ္မာတို့ကို နိဗ္ဗာန်သို့ပို့ဆောင်တော်မူတတ်သော ကဿပမြတ်စွာဘုရားသည် ဤပလ္လင်နေရာ၌ သီတင်းသုံးတော်မူ၍ တတိယအကြိမ် ပူဇော်အထူးကို ခံတော်မူ၏၊ သာကီဝင်မင်းသားဖြစ်တော်မူသော ငါဂေါတမဘုရားသည်လည်း ဤပလ္လင်နေရာ၌ သီတင်းသုံးတော်မူ၍ ဈာနသမာပတ်ကို ဝင်စားတော်မူ၏" ဟု ဗျာဒိတ်ကြားတော်မူ၏။

တတိယအကြိမ်ကလျာဏီအရပ်သို့ကြွတော်မူခြင်းပြီး၏။
ဒုတိယပိုင်းပြီး၏။

---

# တတိယပိုင်း

## ၄။ မဟာဝံသဇာဝင်

အတီတကပ္ပေ ရာဇာနော၊ ဌပေတွာန ဘဝါဘဝေ။
ဣမမှိ ကပ္ပေ ရာဇာနော၊ ပကာသိဿာမိ သဗ္ဗသော။ ။

ရှေးလွန်လေပြီးသော အတိတ်ကမ္ဘာ၌ မင်းပြုကုန်သော ဘုန်းတန်ခိုး ကြီးကုန်,ငယ်ကုန်သော မင်းတို့ကိုထား၍ ဤကမ္ဘာ၌မင်းပြုကုန်သော ဘုန်းတန်ခိုးကြီးကုန်,ငယ်ကုန်သောမင်းတို့ကို ပြည့်စုံစွာပြဆိုပေအံ့၊ ထိုမင်းတို့၏အမျိုးဟုဆိုအပ်သော ဇာတိ,အမည်ဟုဆိုအပ်သော နာမ,အဆက်အနွယ်ဟုဆိုအပ်သော ဂေါတ္တ,အသက်အပိုင်းအခြားဟု ဆိုအပ်သော အာယု,မင်းပြုတော်မူခြင်းဟုဆိုအပ်သော အနုပါလန-ထိုအလုံးစုံကို ပြဆိုပေအံ့၊ ဟုတ်မှန်စွာပြဆိုအပ်သော ထိုအလုံးစုံသော မဟာရာဇဝင်ကို နာကြစေကုန်သတည်း။

၁။ ဤကပ်ဦးအစ၌ ပဌမအဘိသိက်သွန်းလောင်းအပ်သော မဟာသမ္မတမည်သောမင်းသည် မင်းပြုတော်မူ၏၊ ထိုမဟာသမ္မတမင်း၏သားကား ရောဇမင်းမင်းမည်၏၊ ထိုရောဇမင်း၏ သားကား ဝရရောဇမင်းမည်၏၊ ထိုဝရရောဇမင်း၏သားကား ကလျာဏမင်းမည်၏၊ ၎င်း၏သားဝရကလျာဏမင်း၊ ၎င်း၏သားဥပေါသထမင်း၊ ၎င်း၏သားခုနစ်ဆက်မြောက်သော မန္ဓာတ်မင်း၊ထိုမင်းတို့သည် ဇမ္ဗူဒိပ်ကျွန်းကိုအစိုးရကုန်၏၊ ထိုမန္ဓာတ်မင်း၏သား ဝရမင်း၊ ထိုဝရမင်း၏သား ဥပဝရမင်း၊ ၎င်း၏သား စေတိယမင်း၊ ၎င်း၏သား မုစလမင်း၊ ၎င်း၏သား မဟာမုစလမင်း၊ ၎င်း၏သား မုစလိန္ဒမင်း၊ ၎င်း၏သား သာဂရမင်း၊ ၎င်း၏သား သာဂရဒေဝမင်း၊ ၎င်း၏သား ဘရတမင်း၊ ၎င်း၏သား အင်္ဂီသမင်း၊ ၎င်း၏သား ရုစိမင်း၊ ၎င်း၏သား မဟာရုစိမင်း၊ ၎င်း၏သား ပတာပမင်း၊ ၎င်း၏သား မဟာပတာပမင်း၊ ၎င်း၏သား ပနာဒမင်း၊ ၎င်း၏သား မဟာပနာဒမင်း၊ ၎င်း၏သား သုဒဿနမင်း၊ ၎င်း၏သား မဟာသုဒဿနမင်း၊ ၎င်း၏သား နေရုမင်း၊ ၎င်း၏သား မဟာနေရုမင်း၊၎င်း၏သား အစ္စိမမင်း၊ ဤနှစ်ကျိပ်ရှစ်ယောက်သောမင်းတို့သည် အသက်အသင်္ချေ ရှည်ကြကုန်၏၊ ထိုနှစ်ကျိပ် ရှစ်ယောက်သော မင်းတို့တွင် အချို့သောမင်းကား ကုသာဝတီပြည်၌မင်းပြုကြကုန်၏၊အချို့မင်းကား ရာဇဂြိုဟ်ပြည်၌ မင်းပြုကြကုန်၏၊ အချို့မင်းကား မိထိလာပြည်၌မင်းပြုကြကုန်၏။

ဆယ်ခုတို့၏တဆယ်သည်တရာ (သတံ)မည်၏၊ တရာတဆယ်သည် တထောင် (သဟဿ) မည်၏၊ တထောင် တဆယ်သည် တသောင်း (နဟုတ)မည်၏၊ တသောင်းတဆယ်သည်တသိန်း(သတသဟဿ)မည်၏၊ တသိန်းတဆယ်သည် ကုဋေ(ကောဋိ)မည်၏။

[ ဤကျမ်း၌လာသော ကုဋေ(ကောဋိ)အရေအတွက်သချာသည် ဒသသဟဿ ဒသဂုဏိတံ ကတွာ သတသဟဿံ ဟောတိ၊သတသဟဿဿ ဒသဂုဏိတံ ကတွာ ဒသသတသဟဿံ ဟောတိ၊ ဒသသတသဟဿဿ ဒသဂုဏိတံ ကတွာ ကောဋိ ဟောတိ-ဟူသော ကစ္စည်းသဒ္ဒါကျမ်း၌ လာသောအရေအတွက်သချာနှင့်မတူညီချေ၊ တသောင်းတဆယ်သည်တသိန်း (သတသဟဿ)၊ တသိန်းတဆယ်သည် တသန်း(ဒသသတသဟဿ)၊ တသန်းတဆယ်သည် တကုဋေ(ကောဋိ)ဖြစ်၏။ ]

ကုဋေတဆယ်သည် ပကောဋိမည်၏၊ ပကောဋိတဆယ်သည်ကောဋိပကောဋိမည်၏၊ ထို့အတူ ဆယ်ခုတို့ဖြင့်မြှောက်ခြင်းကိုပြု၍ နဟုတ, နိန္နဟုတ,အက္ခောဘိဏီ,ဗိန္ဒု,အဗ္ဗုဒ, နိရဗ္ဗုဒ,အဟဟံ, အဗဗံ,အဋဋံ, သောဂန္ဓိကံ,ဥပ္ပလံ,ကုမုဒံ, ပုဏ္ဍရိကံ,ပဒုမံ,ကထာနံ, မဟာကထာနံ, အသင်္ချေယျံဟုဆိုအပ်၏။

[ ကစ္စည်းသဒ္ဒါကြီး၌ကား ကောဋိသတသဟဿဿ သတဂုဏိတံ ကတွာ ပကောဋိ ဟောတိ ဇေသေသာပိ ယောဇေတဗ္ဗာ ဟုမိန့်၏။

ကုဋေတသိန်းကို တရာဖြင့်မြှောက်သော် ကုဋေပေါင်းတကုဋေသည် ပကောဋိမည်၏၊ ပကောဋိတသိန်းကို တရာဖြင့်မြှောက်၍ ပကောဋိပေါင်းတကုဋေသည် ကောဋိပကောဋိတခုမည်၏၊ ဤနည်းအတူ အသင်္ချေယျထိ အောင်ယူလေဟုမိန့်၏၊အရေအတွက်သင်္ချာအစဉ်ကိုလည်း ဤဒီပဝင်ကျမ်း၌ ကုမုဒံ,ပုဏ္ဍရိကံ,ပဒုမံဟူ၍ ပုံနှိပ်မူ၌ရှိ၏၊ ပေစာမူ၌ အဟဟံ ကုမုဒ ဒြိစ၊ သောဂန္ဓိကံ ဥပ္ပလကံ ပုဏ္ဍရိကံ ပဒုမကံဟု ရှိ၏၊ ထိုသို့ဗင်မှုကွဲသော်လည်း ဒီပဝင်ကျမ်း၌ ပုဏ္ဍရိကံ,ပဒုမံဟု အစဉ်ကိုမိန့်၏၊ ကစ္စည်းသဒ္ဒါကြီး၌ ပဒုမံ, ပုဏ္ဍရိကံဟု အစဉ်ကိုမိန့်၏။ ]

၂။ အစ္စိမမင်း၏ သားမြေးဖြစ်ကုန်သော တရာ့တယောက်ကုန်သောမင်းစဉ်ဆက်တို့သည် ကပိလဝတ်ပြည်၌ မင်းပြုကုန်၏။

၃။ ထိုမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းကား အရိန္ဒမမင်းမည်၏၊ ထိုအရိန္ဒမမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သောငါးဆယ့်ခြောက်ယောက်ကုန်သော မင်းတို့သည် အယုဇ္ဈမြို့၌မင်းပြုကုန်၏။

၄။ ထိုငါးဆယ့်ခြောက်ဆက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းကား ဒုပ္ပသဟမင်းမည်၏၊ ထိုဒုပ္ပသဟမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော ခြောက်ဆယ်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကုန်၏။

၅။ ထိုခြောက်ဆယ်သောမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား အဘိတတ္တမင်းဟူ၍၎င်း, အဇိတဇိနမင်းဟူ၍၎င်း ထင်ရှားသောမင်းမည်၏၊ ထိုမင်း၏သားမြေးဖြစ်ကုန်သော ရှစ်

သောင်းလေးထောင်သော မင်းတို့သည် ကပိလဝတ်ပြည်၌ မင်းပြုကုန်၏။

၆။ ထိုမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား ဗြဟ္မဒတ်မင်းမည်၏၊ ထိုဗြဟ္မဒတ်မင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော သုံးဆယ့်ခြောက်ယောက်ကုန်သောမင်းတို့သည် ဟတ္ထိပုရမြို့၌ မင်းပြုကုန်၏။

၇။ ထိုသုံးဆယ့်ခြောက်ဆက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းကား ကမ္ဗလဝသနမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော သုံးဆယ့်နှစ်ယောက်ကုန်သော မင်းတို့သည် ဧကစက္ခုပြည်၌ မင်းပြုကုန်၏။

၈။ ထိုသုံးဆယ့်နှစ်ဆက်သောမင်းတို့တွင်နောက်ဆုံးဖြစ်သောမင်းသည်ကား ပုရိန္ဒမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော နှစ်ဆယ့်ရှစ်ယောက်ကုန်သော မင်းတို့သည် ဝဇိရာပြည်၌ မင်းပြုကုန်၏။

၉။ ထိုနှစ်ဆယ့်ရှစ်ဆက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား သာဓိနမင်းမည်၏၊ ထိုသာဓိနမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော နှစ်ဆယ့်နှစ်ယောက်ကုန်သော မင်းတို့သည် မဓုရပြည်၌ မင်းပြုကုန်၏။

၁၀။ ထိုနှစ်ဆယ့်နှစ်ယောက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား ဓမ္မဂုတ္တမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော တဆယ့်ရှစ်ယောက်ကုန်သော မင်းတို့သည် အရိဋ္ဌပုရပြည်၌ မင်းပြုကုန်၏။

၁၁။ ထိုတဆယ့်ရှစ်ယောက်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား နရိန္ဒမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော တဆယ့်ခုနစ်ယောက်ကုန်သော မင်းတို့သည် ဣန္ဒပတ္ထနဂိုရ်ပြည်၌ မင်းပြုကုန်၏။

၁၂။ ထိုတဆယ့်ခုနစ်ယောက်ကုန်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား ဗြဟ္မဒေဝမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော တဆယ့်ငါးယောက်ကုန်သော မင်းတို့သည် ကေစဏ္ဍုပြည်၌ မင်းပြုကုန်၏။

၁၃။ ထိုတဆယ့်ငါးယောက်ကုန်သော မင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား ဗလဒတ္တမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော တဆယ့်လေးယောက်ကုန်သောမင်းတို့သည် ကောသမ္ဗီပြည်၌ မင်းပြုကုန်၏။

၁၄။ ထိုတဆယ့်လေးဆက်သောမင်းတို့တွင် နောက်ဆုံးဖြစ်သောမင်းသည်ကား *ဘဒ္ဒဒေဝမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော ကိုးယောက်သောမင်းတို့သည် †ကဏ္ဍကောဋ္ဌပြည်၌ မင်းပြုကုန်၏။

၁၅။ ထိုမင်းကိုးဆက်တို့တွင် နောက်ဆုံးဖြစ်သော မင်းသည်ကား နရဒေဝမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော ခုနစ်ယောက်သောမင်းတို့သည် ‡ရောဇနပြည်၌ မင်းပြုကုန်၏။

၁၆။ ထိုခုနစ်ဆက်သောမင်းတို့တွင် နောက်ဆုံး မင်းသည်ကား မဟိန္ဒမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက်ဖြစ်ကုန်သော တဆယ့် နှစ်ယောက်သော မင်းတို့သည် စမ္ပာပြည်၌ မင်းပြုကုန်၏။

၁၇။ ထိုတဆယ့်နှစ်ဆက်သော မင်းတို့တွင် နောက်ဆုံး မင်းကား နာဂဒေဝမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက် ဖြစ်ကုန်သော နှစ်ဆယ့်ငါးယောက်ကုန်သောမင်းတို့သည် မိထိလာပြည်၌ မင်းပြုကုန်၏။

၁၈။ ထိုနှစ်ဆယ့်ငါးယောက်ကုန်သော မင်းတို့တွင် နောက်ဆုံးမင်းကား§ဗုဒ္ဓဒတ္တမင်းမည်၏၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော နှစ်ဆယ့်ငါးယောက်ကုန်သောမင်းတို့သည် ရာဇဂြိုဟ်ပြည်၌ မင်းပြုကုန်၏။

---

[* ဟိတ္ထိဒေဝမင်း၊ † ကဏ္ဍဂေါတ္တမြို့၊ ‡ ရောဇပြည်၊ § သမုဒ္ဒဒတ္တမင်း၊ မဟာဝင်။]

၁၉။ ထိုနှစ်ဆယ့်ငါးယောက်သောမင်းတို့တွင် နောက်ဆုံးမင်းကား *ဒိပင်္ကရမင်းမည်၏၊ ထိုမင်း၏ သားမြေးစဉ်ဆက် ဖြစ်ကုန်သော တဆယ့်နှစ်ယောက်သောမင်းတို့သည် တက္ကသိုလ်ပြည်၌ မင်းပြုကုန်၏။

၂၀။ နောက်ဆုံးဖြစ်သော တာလိဿရမင်း၏ တဆယ့်နှစ်ဆက်သောခမင်းတို့သည် ကုသိနာရုံပြည်၌ မင်းပြုကုန်၏။

၂၁။ နောက်ဆုံးဖြစ်သော †ပုရိန္ဒမင်း၏ကိုးဆက်သောမင်းတို့သည် တာမလိတ္တိပြည်၌ မင်းပြုကုန်၏။

၂၂။ နောက်ဆုံး ဖြစ်သော သာဂရဒေဝမင်း,ထိုမင်း၏ သားတော်ဖြစ်သော မဃဒေဝမင်း, ထိုမင်း၏သားမြေးစဉ်ဆက် ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သော မင်းတို့သည် မိထိလာပြည်၌ မင်းပြုကုန်၏။

၂၃။ ထိုမင်းတို့တွင် နောက်ဆုံး မင်းကား နတ်တို့သည် ပူဇော်အပ်သောနေမိမင်းကြီးတည်း၊ သမုဒ္ဒရာအဆုံးရှိသော လေးကျွန်းလုံးကို အစိုးရသော စက္ကဝတ္တိမင်းကြီး ဖြစ်တော်မူ၏၊ ထိုနေမိမင်းကြီး၏သားသည် ကဠာရဇနကမင်းမည်၏၊ ၎င်း၏သား သမင်္ကရမင်း၊၎င်း၏သား အသောက (အသောစ)မင်း၊ ထိုအသောက မင်း၏ သားမြေးစဉ်ဆက် ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သော မင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကုန်၏။

၂၄။ ထိုမင်းတို့တွင် နောက်ဆုံးမင်းကား ဝိဇယမင်းမည်၏၊ ၎င်း၏ သားကား ဝိဇိတသေနမင်းမည်၏။

[မဟာဝင်၏အလိုတော်ကား ရှစ်သောင်းလေးထောင် သုံးယောက်ဖြစ်၏၊ ထိုမင်းတို့တွင်အဆုံးဖြစ်သောမင်းကား ဝိဟာသဝမင်းတည်း၊ ထိုမင်း၏သားကား ဝိဇိတသေနမင်းဟုဆို၏။]

ဝိဇိတသေနမင်း၏သား ဓမ္မသေနမင်း၊ ၎င်း၏သား နာဂသေနမင်း၊၎င်း၏သား သမထမင်း၊ ၎င်း၏သား ဒိသမ္ပတိမင်း၊ ၎င်း၏သား ရေဏုမင်း၊ ၎င်း၏သား ကုသမင်း၊ ၎င်း၏သား

[*ဒိဝင်္ကရမင်း၊ †သုဒိန္နမင်း၊ မဟာဝ င်။]

မဟာကုသမင်း၊ ၎င်း၏သား နဝရထမင်း၊၎င်း၏သားဒသရထမင်း၊ ၎င်း၏သား ရာမမင်း၊ ၎င်း၏သား ဗိဠာရထမင်း၊၎င်း၏သား *စိတ္တဒဿီမင်း၊ ၎င်း၏သား †အတ္ထဒဿီမင်း၊ ၎င်း၏သား သုဇာတမင်း၊ ၎င်း၏သား ဩက္ကာကမင်း၊ ၎င်း၏သား ဩက္ကာကမုခမင်း၊၎င်း၏သားနိပုရမင်း၊၎င်း၏သားစန္ဒိမာမင်း၊ ၎င်း၏သား စန္ဒမုခမင်း၊၎င်း၏သားသိဝိမင်း၊၎င်း၏သား သဉ္စယမင်း၊၎င်း၏သား ဝေဿန္တရာမင်း၊ ၎င်း၏သားဇာလီမင်း၊၎င်း၏သားသီဟဝါဟနမင်း၊၎င်း၏သား ရှေးစဉ်ဆက်ကို စောင့်တော်မူတတ်သော သီဟဿရမင်း၊ ထိုမင်း၏သားမြေးစဉ်ဆက်ဖြစ်ကုန်သော ရှစ်သောင်းနှစ်ထောင်သော မင်းတို့သည် ကပိလဝတ်ပြည်၌ မင်းပြုကုန်၏။

၂၅။ ထိုမင်းတို့တွင် နောက်ဆုံးမင်းကား ဇယသေနမင်း မည်၏၊ ထိုဇသေနမင်း၏သားကား သီဟဟနုမင်းမည်၏၊ ထိုသီဟဟနုမင်း၏သားတို့သည်ကား သုဒ္ဓေါဒနမင်း, ဓောတောဒနမင်း,သက္ကောဒနမင်း, သုက္ကောဒနမင်း, အမိတောဒနမင်းဟုဩဒနအမည်ရှိကုန်သော ငါးယောက်သောညီအစ်ကိုဖြစ်ကုန်သော သားတော်တို့တည်း။

၂၆။ ထိုမင်းတို့တွင် သုဒ္ဓေါဒနမင်း၏သားကား လူနတ်ပြဟ္မာတို့ကိုချမ်းသာသို့ပို့တော်မူသော သိဒ္ဓတ္ထမင်းဖြစ်၏၊ သိဒ္ဓတ္ထမင်းသည်သားတော်ရာဟုလာ ဘွားမြင်တော်မူသောအခါ ဘုရားဖြစ်တော်မူခြင်းအကျိုးငှါ တောထွက်တော်မူ၏။

ထိုအလုံးစုံသော မင်းတို့သည်ကား တသိန်းလေးသောင်း သုံးရာရှိကုန်၏၊ တန်ခိုးလည်းကြီးကြကုန်၏၊ ဘုရားလောင်း၏အမျိုး၌ဖြစ်ကုန်သောမင်းတို့သည် ဤမျှအတိုင်းအရှည် ရှိကြကုန်၏။

သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ ဖြစ်ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်လျှင်ချုပ်တတ်ကုန်၏၊ ထိုသင်္ခါရတို့မဖြစ်ရာ နိဗ္ဗာန်သည်သာချမ်းသာ၏ ဟု ဉာဏ်ဖြင့်သိအပ်၏။

မဟာရာဇဝင်ပြီး၏။

---

[*စိတ္တရံသီမင်း †အမ္ဗရံသီမင်း၊မဟာဝင်။]

၂၁
အမှတ် .... .... ....

## ၅။ ကပိလဝတ္ထုရာဇဝင်

သီဟဟနုမင်းကြီး၏ သားတော်ဖြစ်တော်မူသော သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည်၌ မင်းပြုတော်မူ၏၊ *ဗောဓိသမင်းကြီးသည် တောင်ငါးလုံးတို့၏အလယ်၌ရှိသော ရာဇဂြိုဟ်ပြည်၌ မင်းပြုတော်မူ၏၊ ထိုသုဒ္ဓေါဒနမင်းနှင့် ဗောဓိသမင်းနှစ်ပါးတို့သည် အချင်းချင်း အဆွေခင်ပွန်းဖြစ်ကြကုန်၏၊ ဤဝိဝဋ္ဋဌာယီကပ်၌ အစဉ်အဆက်ကို စောင့်ရှောက်ကြသော မင်းတို့ဖြစ်ကုန်၏၊ ဗောဓိသမင်း၏ သားတော် ဗိမ္ဗိသာရမင်းအားဖွားတော်မူသည်မှ ရှစ်နှစ်ရှိသောအခါ ဆုငါးပါးတို့ကိုတောင်းကုန်၏၊ ထိုဆုငါးပါးကား—

၁။ ခမည်းတော်မင်းကြီးသည် ငါ့အားအဘိသိက်သွန်း၍ မင်း၏အဖြစ်ကိုပေးပါစေ။

၂။ ငါ၏တိုင်းပြည်၌ မြတ်စွာဘုရားသည် ကြွလာတော်မူသည် ဖြစ်ပါစေ။

၃။ ထိုကြွလာတော်မူသော မြတ်စွာဘုရားအား ငါသည် ရှေးဦးစွာဆည်းကပ်၍ လုပ်ကျွေးရသည် ဖြစ်ပါစေ။

၄။ မြတ်စွာဘုရားသည် ငါ့အားတရားတော်ကိုဟောတော်မူပါစေ။

၅။ မြတ်သော ဟောတော်မူအပ်သော တရားတော်ကို သိပါစေ။

ဤဆုငါးပါးတို့ကိုတောင်းတော်မူ၏၊ ဘွားမြင်သည်မှ တဆယ့်ငါးနှစ်ရှိသောအခါ ခမည်းတော်နတ်ရွာစံတော်မူလေသော် အဘိသိက်သွန်းလောင်း၍ မင်းမြှောက်ကြကုန်၏၊ ထိုဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတော်ဖြစ်သော ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားကြွတော်မူ၍ သီတင်းသုံးတော်မူ၏၊ ထိုကြွလာတော်မူသော မြတ်စွာဘုရားအား ရှေးဦးစွာဖူးမြင်လျက် ဆည်းကပ်တော်မူ၏၊ မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏၊ ထိုဟောတော်မူသော တရားတော်ကို သိမြင်ခြင်းသို့ ရောက်တော်မူ၏၊ ဤသို့လျှင်ဆုငါးပါးသည် ပြည့်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် သက်တော်သုံးဆယ့်ငါးနှစ်ရှိတော်မူ၏၊ ဗိမ္ဗိသာရမင်းကြီးကား သက်တော်သုံးဆယ်ရှိတော်မူ၏၊ ဂေါတမမြတ်စွာဘုရား

[*ဘာဂီနိယမင်းကြီး၊မဟာဝင်။]

သည် ဗိမ္ဗိသာရမင်းကြီးထက် သက်တော်ငါးနှစ် ကြီးတော်မူ၏၊ ဗိမ္ဗိသာရမင်းကြီးသည် သက်တော်ငါးဆယ့်နှစ်နှစ်သို့ ရောက်သည်တိုင် အောင် မင်းပြုတော်မူပြီးလျှင် သားတော်အဇာတသတ္တုမင်း လုပ်ကြံခြင်းကြောင့် နတ်ရွာစံတော်မူ၏၊ ထိုသက်တော်ငါးဆယ့်နှစ်နှစ်တို့တွင် တဆယ့်ငါးနှစ်သာ ဘုရားနှင့်ကင်းတော်မူ၍ သုံးဆယ့်ခုနစ်နှစ်တို့ပတ်လုံး မြတ်စွာဘုရားနှင့်တကွ တရားရတနာ, သံဃာရတနာကို ဆည်းကပ်ခြင်းကိုပြုတော်မူ၏။

အဇာတသတ္တုမင်းသည် သုံးဆယ့်နှစ်နှစ် မင်းပြုတော်မူ၏၊ အဘိသိက်သွန်းလောင်း၍ ရှစ်နှစ်ရှိသောအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၏၊ မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူပြီးသော် နှစ်ဆယ့်လေးနှစ်တို့ပတ်လုံး မင်းပြုတော်မူ၏။

[အဇာတသတ္တုမင်းသည် သက်တော်လေးဆယ့်ရှစ်နှစ်ရှိသော အခါ သားတော်ဥဒယဘဒ္ဒလုပ်ကြံ၍ ကံကုန်လေ၏ဟု မဟာဝင်၌ဆိုသည်။]

ကပိလဝတ္ထုရာဇဝင်ပြီး၏။

တတိယပိုင်းပြီး၏။

---

# စတုတ္ထပိုင်း

## ၆။ ပဌမသင်္ဂါယနာတင်တော်မူခြင်း

မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူသောအခါ ခုနစ်သိန်းကုန်သောရဟန်းတို့သည် ကြွလာတော်မူကုန်၏၊ ထိုရဟန်းတို့၏အစည်းအဝေး၌ဘုရားနှင့်တူတော်မူသော ရဟန္တာကြီးဖြစ်တော်မူသော မြေအပြင်၌တုသူမရှိသော အရှင်မဟာကဿပ မဟာထေရ်သည် မြင့်မြတ်သည်ထက် အထူးသဖြင့် မြင့်မြတ်တော်မူသော ရဟန္တာဖြစ်ကုန်သော ရဟန်းငါးရာတို့ကို ရွေးချယ်တော်မူပြီးလျှင် သတ္တဝါတို့ကို သနားကရုဏာရှိတော်မူသဖြင့် သာသနာတော်ကာလကြာမြင့်စွာ တည်နိုင်စေရန် ပဌမသင်္ဂါယနာကို မဂဓတိုင်း ရာဇဂြိုဟ်

ပြည့် သတ္တပဏ္ဏိဂူတံခါး၌ သုံးလလွန်မြောက် လေးလသို့ရောက်သော ဒုတိယဝါကပ်သော ဝါခေါင်လ၌ တင်တော်မူ၏။

[သီဟိုဠ်မူနှင့်ညှိ၍ ဘော်ပြသည်၊ မဟာဝင်၌ ဝါခေါင်လဆန်း တဆယ့်လေးရက်နေ့ကစ၍ သင်္ဂါယနာတင်သည်ဟုဆို၏။]

ဓုတင်ဆောင်တော်မူသောအရာ၌ ဧတဒဂ်ရတော်မူသော အရှင်မဟာကဿပသည်၎င်း,ဗဟုဿုတအရာ၌ဧတဒဂ်ရတော်မူသောအရှင်အာနန္ဒာသည်၎င်း,ဝိနယအရာ၌ ဧတဒဂ်ရတော်မူသော အရှင်ဥပါလိသည်၎င်း,ဒိဗ္ဗစက္ခုအရာ၌ဧတဒဂ်ရတော်မူသော အရှင်အနုရုဒ္ဓါသည်၎င်း,ပဋိဘာနဝန္တအရာ၌ ဧတဒဂ်ရတော်မူသော အရှင်ဝင်္ဂီသသည်၎င်း, ဓမ္မကထိကအရာ၌ ဧတဒဂ်ရတော်မူသော အရှင်ပုဏ္ဏသည်၎င်း, ဝိစိတြကထိကအရာ၌ဧတဒဂ်ရတော်မူသောအရှင်မဟာ ကုမာရကဿပသည်၎င်း, အကျဉ်းအားဖြင့်ဟောတော်မူအပ်သော တရားတော်ကို အကျယ်အားဖြင့် အနက်ကိုဝေဘန်သော ဝိဘဇ္ဇန္တအရာ၌ ဧတဒဂ်ရတော်မူသော အရှင်ကစ္စာနသည်၎င်း, ပဋိသမ္ဘိဒါပတ္တအရာ၌ ဧတဒဂ်ရတော်မူသော အရှင်မဟာကောဋ္ဌိကသည်၎င်း, ထိုမထေရ်တို့မှတပါးကုန်သော မြတ်စွာဘုရားသည် ဧတဒဂ်အရာ၌ ထားအပ်ကုန်သော များစွာကုန်သောမဟာထေရ်တို့သည်၎င်း, ဧတဒဂ်မရကုန်သော ပြုအပ်ပြီးသောမဂ်ကိစ္စရှိကုန်သော ရဟန္တာမဟာထေရ်တို့သည်၎င်း၊ ဤသို့လျှင်ငါးရာအရေအတွက်ရှိကုန်သော မဟာထေရ်တို့သည် ပဥ္စမတင်တော်မူအပ်သော ဓမ္မ,ဝိနယသင်္ဂဟကို ထေရဝါဒဟုဆိုအပ်၏။

အရှင်ဥပါလိကိုဝိနယပိဋကကိုမေးတော်မူ၍အရှင်အာနန္ဒာကိုသုတ္တန္တပိဋကနှင့် အဘိဓမ္မာပိဋကကိုမေးတော်မူ၍ ရဟန္တာဖြစ်တော်မူကုန်သော ရဟန်းတို့သည် ဝိနယပိဋကနှင့် သုတ္တန္တပိဋက,အဘိဓမ္မာပိဋကဟုဆိုအပ်သော ပိဋကသုံးပုံကို သင်္ဂါယနာတင်ကြကုန်၏၊ မြတ်သောဂိုဏ်းရှိတော်မူသောအရှင်မဟာကဿပထေရ်,အရှင်အနုရုဒ္ဓါထေရ်,အရှင်ဥပါလိမထေရ်, သတိမန္တ-ဗဟုဿုတဖြစ်တော်မူသော အရှင်အာနန္ဒာထေရ်တို့သည်၎င်း၊ ထိုမထေရ်တို့မှတပါးကုန်သော မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်သော သတ္တုဝဏ္ဏိတဂုဏ်, ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါးကိုရတော်မူသော မဟိဒ္ဓိကဂုဏ်,သမာဓိဈာန်၌

လွှလာတော်မူသော စိဏ္ဍဝသီဘာဝဂုဏ်,သူတော်ကောင်းတို့၏တရား၌ အထွင့်အတိပ်သို့ရောက်သော သဒ္ဓမ္မပါရမိဂုဏ်တဂုဏ်နှင့် ပြည့်စုံကုန်သော မထေရ်တို့သည်၎င်း၊ ဤအလုံးစုံကုန်သော ငါးရာကုန်သော မထေရ်တို့သည် အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို မြတ်စွာဘုရား၏ထံတော်မှ သင်ယူ၍ ဆောင်ကြကုန်၏။

အလုံးစုံသော မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဓမ္မ, ဝိနယတရားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်၌ နာယူတော်မူကုန်၏၊ သုတ်, အဘိဓမ္မာဖြစ်သော ဓမ္မကို၎င်း, ဝိနယကို၎င်း ဆောင်ကြကုန်၏၊ အလုံးစုံကုန်သော မထေရ်တို့သည် နှုတ်တက်ရရှိသောအာဂုံရှိကုန်၏၊ တွန့်တိုခြင်း, မေ့လျော့ပျောက်ပျက်ခြင်းမရှိကုန်၊ ဘုရားနှင့်တူကုန်၏၊ အခါခပ်သိမ်း အလေးအမြတ်ပြုအပ်ကုန်၏၊ မြတ်သောဘုရားထံ၌ သင်ယူ၍ မြတ်သောတရားတို့သည် တိုသင်ယူသည် အတိုင်းဖြစ်ကုန်၏၊ မြတ်သောအားဖြင့် ထားအပ်ကုန်သော မထေရ်တို့သည် မြတ်သောသင်္ဂါယနာကို တင်ကြကုန်၏၊ အလုံးစုံသော ထိုသင်္ဂါယနာတင်အပ်သော တရားတော်ကို ထေရဝါဒဟူ၍၎င်း, အဂ္ဂဝါဒဟူ၍၎င်း ဆိုအပ်၏။

မွှေလျော်ဘွယ်ရှိသော သတ္တပဏ္ဏိဂူ၌ ငါးရာကုန်သော မထေရ်တို့သည် သီဟာင်းသုံးကုန်လျက် သုတ္တအင်္ဂါ, ဂေယျအင်္ဂါ, ဝေယျာကရဏအင်္ဂါ, ဂါထာအင်္ဂါ, ဥဒါနအင်္ဂါ, ဣတိဝုတ္တကအင်္ဂါ, ဇာတကအင်္ဂါ အဗ္ဘုတအင်္ဂါ, ဝေဒလ္လအင်္ဂါ-ဤအင်္ဂါကိုးပါးရှိသော သူတော်ကောင်းတို့၏တရားတော်ဖြစ်သော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို မပျက်စီးရလေအောင် ဝေဘန်တော်မူကုန်၏၊ ဝဂ္ဂဟူသောအမည်, ပဏ္ဏာသကဟူသောအမည်, သံယုတ္တဟူသောအမည်, နိပါတကဟူသောအမည်, အာဂမဟူသောအမည်, ပိဋကဟူသောအမည်, သုတ္တဟူသောအမည်ကိုပြုတော်မူကြကုန်၏၊ အကြင်မျှလောက် သဒ္ဓမ္မမည်သော ပရိယတ္တိသာသနာတော်သည် တည်၏၊ သင်္ဂါယနာတင်အပ်သော ပိဋကတော်သည် မပျက်စီး၊ ထိုမျှလောက်သော ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်သည် ကာလကြာမြင့်စွာ တည်၏။

အကြားအမြင်များသော ဗဟုဿုတဂုဏ်, သားမြီးဖျားကို ထိမှန်အောင် ပစ်နိုင်သော လေးသမားနှင့်တူသော သူတပါးတို့၏ အယူ၌ လိမ်မာသောဂုဏ်နှင့် ပြည့်စုံသော တစုံတယောက်သော ရဟန်းပုဏ္ဏားသည် ပျက်စီးအောင်တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ မြင့်မိုရ်တောင်ကဲ့သို့ မြဲမြံစွာတည်၏၊ မြေအပြင်၌ တည်ကုန်သော အလုံးစုံကုန်သော နတ်,မာရ်နတ်, ဗြဟ္မာတို့သည် မြတ်စွာဘုရားသည် မကောင်းသဖြင့် ဟောကြားအပ်သော အဏုမြူမျှသော တစုံတခုသော ပုဒ်ကို မမြင်ကြကုန်၊ ဤသို့လျှင် မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို သိတော်မူသည်၏အဖြစ်ကြောင့် သင်္ဂါယနာတင်အပ်သော ဓမ္မ, ဝိနယတရားတော်သည် အလုံးစုံသော အင်္ဂါတို့နှင့်ပြည့်စုံ၏၊ ကောင်းစွာဝေဘန်အပ်, ကောင်းစွာဖုံးလွှမ်းသောဂုဏ်ရှိ၏၊ အရှင်မဟာကဿပ အကြီးအမှူးရှိကုန်သော မထေရ်ငါးရာတို့သည် ပျက်စီးခြင်းမရှိသော သုတ်, အဘိဓမ္မာ,ဝိနည်းကို သင်္ဂါယနာတင်ခြင်းကို ပြုတော်မူကုန်၏၊ဘုရားနှင့်တူသော ဓမ္မကာယကိုဖြစ်စေတတ်သော တရားတော်ကို လူအပေါင်း၏ယုံမှားခြင်းကို သိတော်မူ၍ တရားတော်ကိုသင်္ဂါယနာ တင်ခြင်းကို ပြုကြကုန်၏၊ ထေရဝါဒသည် ဝါဒတပါးမရှိ၊ မြတ်သောအနက်နှင့်ပြည့်စုံ၏၊ သူတော်ကောင်းတို့၏တရားကို စောင့်ရှောက်၏၊ သာသနာတော်ကို အခွန့်ရှည်စွာတည်စေ၏၊ အကြောင်းနှင့်တကွဖြစ်၏၊ အကြင်မျှလောက်သာသနာတော်၌ မြတ်စွာဘုရား၏သာဝကဖြစ်ကုန်သော အရိယာတို့သည် ရှိကုန်၏၊ ထိုမျှလောက်ကုန်သော အလုံးစုံကုန်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း ပဉ္စမသင်္ဂါယနာတင်ခြင်းကို နှစ်သက်ကြကုန်၏၊အစပဉ္စမဖြစ်ခြင်းကြောင့်သာလျှင် ထိုထေရဝါဒကို အဂ္ဂဝါဒဟုဆိုအပ်၏။

ပဉ္စမသင်္ဂါယနာတင်တော်မူခြင်းပြီး၏။

စတုတ္ထပိုင်း ပြီး၏။

# ပဥ္စမပိုင်း

## ၇။ ဒုတိယသင်္ဂါယနာတင်တော်မူခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ တဆယ့်ခြောက်နှစ်ရှိသောအခါ အဇာတသတ်မင်းသည် မင်းစည်းစိမ်နှစ်ဆယ့်လေးနှစ်ရှိ၏၊ လက်ာဒီပကျွန်း၌ ဝိဇယမင်းသည် မင်းစည်းစိမ် တဆယ့်ခြောက်နှစ်ဖြစ်၏၊ ထိုအခါအရှင်ဥပါလိထေရ်သည် သိက္ခာတော်ခြောက်ဆယ်ရှိတော်မူ၏၊ အရှင်ဒါသကထေရ်သည် အရှင်ဥပါလိထေရ်၏ထံ၌ ရဟန်းဖြစ်တော်မူ၏၊အကြင်မျှလောက်ထိုမြတ်စွာဘုရား၏ တရားတော်သည်ရှိ၏၊ အင်္ဂါကိုးပါးရှိသော အလုံးစုံသော ထိုမြတ်စွာဘုရား၏တရားတော်ကို အရှင်ဥပါလိသည်အရှင်ဒါသကထေရ်အား ချပို့တော်မူ၏၊အရှင်ဥပါလိသည် မြတ်စွာဘုရား၏ထံတော်၌ အင်္ဂါကိုးပါးရှိသော အလုံးစုံသောတရားတော်ကို အပြည့်အစုံသင်ယူပြီးလျှင် ပို့ချတော်မူ၏၊ မြတ်စွာဘုရားသည် သံဃာ၏အလယ်၌ "ငါဘုရား၏သာသနာတော်၌ ဥပါလိသည် ဝိနည်းအရာ၌အမြတ်ဆုံးဖြစ်သည်"ဟု အရှင်ဥပါလိကိုဗျာဒိတ်ကြားတော်မူ၏။

ဤသို့လျှင် သံဃာ၏အလယ်၌ ဗျာဒိတ်ကြားတော်မူအပ်သော မြတ်သောဂုဏ်းနှင့်ပြည့်စုံတော်မူသော အရှင်ဥပါလိထေရ်သည် အရှင် ဒါသကထေရ်အမှူးရှိသော တထောင်သောသံဃာတော်ကို ပိဋကတ်သုံးပုံတို့ကို ပို့ချတော်မူ၏၊အရှင်ဥပါလိသည် အရှင်ဒါသကထေရ်ကို ရဟန္တာငါးရာတို့အား ချပို့စေ၏၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ အရှင်ဥပါလိသည် နှစ်ပေါင်းသုံးဆယ်တို့ပတ်လုံး ဝိနည်းပိဋကတော်ကို ချပို့တော်မူ၏၊ သဒ္ဓိဝိဟာရိက တပည့်ဖြစ်တော်မူသော အရှင်ဒါသကထေရ်အား ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်, အင်္ဂါကိုးတန်ရှိသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို သင်ယူစေပြီးသောအခါ အလုံးစုံသော ဝိနည်းပိဋကကို အရှင်ဒါသကထေရ်၌ ထားတော်မူ၍ ဥဒယဘဒ္ဒမင်းနန်းစံသောနှစ် တဆယ့်ခြောက်နှစ်တွင် ခြောက်နှစ်ရှိသောအခါ ပရိနိဗ္ဗာန်စံတော်မူ၏။

[အရှင်ဒါသက ထေရုပ္ပတ္တိကား-ဝေသာလီပြည်၌ ဒါသကမည်သော ပုဏ္ဏားသည် ဗေဒင်သုံးပုံကို တဆယ့်နှစ် နှစ်အရွယ်ရှိသောအခါ တတ်

မြောက်၍ တပည့်သုံးရာတို့၏ အကြီးအမှူးဖြစ်၏၊ တနေ့သ၌ တပည့်အပေါင်းတို့ဖြင့်ခြံရံလျက် ပဌမသင်္ဂါယနာ တင်ပြီးသောအခါ ဝါလိကာရုံကျောင်းတော်၌ သီတင်းသုံးတော်မူသော အရှင်ဥပါလိထံသို့ သွား၍ ပုစ္ဆာကိုမေးခြင်း,ဖြေခြင်းပြုကြရာ မဖြေဆိုနိုင်သောကြောင့် သင်ကြားရန် မိဘတို့ကို ခွင့်ပြုစေ၍ သုံးရာကုန်သောတပည့်တို့နှင့်တကွ ရှင်သာမဏေပြုလျက် အသက်နှစ်ဆယ်ပြည့်သောအခါ ပဥ္စင်း၏အဖြစ်ကိုရ၍ ရဟန္တာဖြစ်ခဲတော်မူ၏။ သာရတ္ထဒီပနီဋီကာ။]

ကာသိတိုင်းမှလာသော သောဏက မည်သော ကုန်သည်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သုံးဆယ်ခုနစ်နှစ် သီတင်းသုံးတော်မူသော ဂဏပါမောက္ခ ဖြစ်တော်မူသော အရှင်ဒါသကထေရ်၏ထံ၌ ရှင်ရဟန်းဖြစ်တော်မူ၏၊ ထိုအခါ အရှင်ဒါသကထေရ်သည် သိက္ခာတော်လေးဆယ့်ငါးနှစ် ရှိတော်မူ၏၊ ရာဇဂြိုဟ်ပြည်၌ နာဂဒါသမင်းနန်းစံနှစ်ဆယ်နှစ်,လက်ာဒီပကျွန်း၌ပဏ္ဍုဝါသုဒေဝမင်း နန်းစံနှစ်နှစ်ဆယ်ရှိ၏၊ အရှင်ဒါသကထေရ်သည် အရှင်သောဏက ထေရ်အား အင်္ဂါကိုးပါးနှင့်ပြည့်စုံသောပရိယတ္တိတရားတော်ကို သင်ယူစေ၍ ဝိနယပါမောက္ခဖြစ်တော်မူသောအခါ သိက္ခာတော်ခြောက်ဆယ် လေးနှစ်၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ ထိုအခါ အရှင်သောဏကထေရ် သည် သိက္ခာတော်လေးဆယ်ရှိတော်မူ၏။

[အရှင်သောဏကထေရုပ္ပတ္တိကား အရှင်သောဏက ထေရ်သည် ကာသိကတိုင်း၌ ကုန်သည်တဦး၏သားဖြစ်၏၊ တဆယ့်ငါးနှစ်အရွယ်သို့ ရောက်သောအခါ မိဘတို့နှင့်အတူတကွ ကုန်ရောင်းဝယ်ခြင်းငှါ ရာဇဂြိုဟ်ပြည်သို့သွား၏၊ ရောက်သောအခါ ငါးဆယ့်ငါးယောက်သောသူငယ်တို့နှင့် အတူ ဝေဠုဝန် ကျောင်းတော်သို့သွား၍ အရှင်ဒါသကထေရ်ကို ပရိသတ်တို့နှင့်တကွ ဖူးမြင်ရသောအခါ အလွန်ကြည်ညိုသောကြောင့် ရှင်သာမဏေ၏အဖြစ်ကို လျှောက်ကြားလေသော် မိဘတို့ကိုခွင့်ပြုစေ၍ ရှင်သာမဏေပြုလေလော့ဟု မိန့်တော်မူလေလျှင် မိဘတို့၏ ခွင့်ပြုခြင်းကို ပရမသောကြောင့် အာဟာရကိုမသုံးဆောင်ဘဲနေခြင်းဖြင့် မိဘတို့၏ခွင့်ပြုခြင်းကိုရခဲသောအခါ ငါးဆယ့် ငါးယောက်သော သူငယ်တို့နှင့်အတူ ဒါသကထေရ်၏ထံ၌ ရှင်သာမဏေပြုပြီးလျှင် ရဟန်း၏အဖြစ်သို့ရောက်သောအခါ အရဟတ္တဖိုလ်သို့ရောက်တော်မူ၏။ သာရတ္ထဒီပနီဋီကာ။]

နှစ်ဆယ့်ရှစ်နှစ်မင်းပြုသော ကာလာသောကမင်း၏ နန်းစံနှစ်ဆယ်နှစ်နှင့်ခြောက်လကို လွန်သောအခါ၌ဒုင်း၊ သိက္ခာတော် လေးဆယ်ရှိတော်မူသော အရှင်သောဏကထေရ်၏ နှစ်ဆယ့်ရှစ်နှစ်ခြောက်လကိုလွန်၍ ဆယ်နှစ်ခြောက်လကြွင်းသောအခါ၌ဒုင်း ဂိုဏ်း၏အကြီးအမှူးဖြစ်တော်မူသော အရှင်သောဏက ထေရ်သည် အရှင်သိဂ္ဂဝထေရ်နှင့်အရှင်စဏ္ဍဝဇ္ဇီထေရ်တို့ကို ရဟန်းပြုလုပ်၍ပေးတော်မူ၏။

[အရှင်သိဂ္ဂဝနှင့် အရှင်စဏ္ဍဝဇ္ဇီထေရ်ပွတ္တိကား အရှင်သိဂ္ဂဝထေရ်သည် ပါဋလိပုတ်ပြည်၌ သိဂ္ဂဝမည်သောအမတ်၏ သားတော်ဖြစ်၍ ဥတုသုံးပါးနှင့် လျော်သော ပြာသာဒ်သုံးဆောင်၌ စံနေတော်မူလျက် တနေ့သ၌ မိတ်ဆွေဖြစ်သော စဏ္ဍဝဇ္ဇီမည်သော သူဌေး၏သားနှင့်တကွ အခြံအရံတို့ဖြင့် ခြံရံ၍ ကုက္ကုဋာရုံ ကျောင်းတော်သို့ သွားလေသော် ထိုကျောင်းတော်၌ နိရောဓသမာပတ်ကို ဝင်စားတော်မူသော အရှင်သောဏထေရ်ကို ဖူးမြင်ရ၍ ရဟန်းသံဃာတော်အား လျှောက်ကြားသောအခါ သမာပတ်၏ အကျိုးကိုသိရသဖြင့် ထိုနိရောဓသမာပတ်ကို အလိုရှိသောကြောင့် မိဘတို့အား ရဟန်းသာမဏေပြုရန် ခွင့်တောင်းလေသော် ရဟန်းသာမဏေပြုလုပ်ရန် အခွင့်ကိုရရှိသောအခါ မိတ်ဆွေဖြစ်သော စဏ္ဍဝဇ္ဇီနှင့် ယောကျ်ားငါးရာခြံရံလျက် အရှင်သောဏကထေရ်၏ထံ၌ရှင်သာမဏေပြုကြပြီးသောအခါ ရဟန်းဖြစ်တော်မူကုန်၏၊ထို့နောက် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော ရဟန္တာဖြစ်တော်မူကုန်၏။ ။ သာရတ္ထဒီပနီဋီကာ။]

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်နောက် နှစ်၄ပါင်းတရာရှိလေသော် ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် မြတ်စွာဘုရားပယ်တော်မူအပ်သော အလုံးစုံသောအကပ္ပိယဝတ္ထုဆယ်ပါးတို့ကို ပြုကြကုန်၏။

အကပ္ပိယဝတ္ထုဆယ်ပါးတို့ဟူသည်ကား-

၁။ ရဟန်းတို့အား ယမန်နေ့အကပ်ခံပြီးသော ယာဝဇီဝကဝတ္ထုကို နောက်နေ့အကပ်ခံသော ယာဝကာလိကနှင့်ရော၍ သုံးဆောင်သော် သန္နိဓိပါစိတ်သင့်သည်ဟု ပညတ်ပါသည်၊ သားချိုဖြင့် သိမ်း၍ထားသော အကပ်ခံပြီးဆားကို နောက်နေ့အခါ ဆွမ်းစသည်နှင့်ရော၍ သုံးဆောင်ခြင်းငှာအပ်၏၊ သန္နိဓိမဖြစ်ဟူ၍ ယူသည်လည်းတပါး,

၂။ နေရိပ်လက်နှစ်သစ်မွန်းလွဲသည်တိုင်အောင် ဆွမ်းစားကောင်း၏ဟူ၍ ယူသည်လည်းတပါး,
၃။ ရွာတပါးသို့ သွားလိုသောရဟန်းသည် ပဝါရိတ်သင့်လျက် အတိရိတ်ဝိနည်းကံမပြုဘဲ ဆွမ်းစားခြင်းသည်အပ်၏ဟု ယူသည်လည်းတပါး,
၄။ တသိမ်တည်း၌ နှစ်စု,သုံးစုသံဃာနေလျက် ဥပုသ်ပဝါရဏာ စသော ကံပြုခြင်းသည်အပ်၏၊ ဝဂ်မဖြစ်ဟု ယူသည်လည်း တပါး,
၅။ မလာသေးသောရဟန်းတို့အလိုကို လာသောအခါ ယူအံ့ဟူ၍ မလာမီက သံဃကံပြုခြင်းငှာအပ်၏ဟု ယူသည်လည်းတပါး,
၆။ ဥပဇ္ဈာယ်ဆရာတို့၏ အလေ့အကျင့်ဟူသမျှတို့သည် အပ်၏ဟု ယူသည်လည်းတပါး,
၇။ နို့ရည်အဖြစ်ကိုလွန်၍ နို့ဓမ်းအဖြစ်သို့ မရောက်သေးသောနို့ကို ဘုဉ်းပေး၍ ပဝါရိတ်သင့်သောရဟန်းသည် အတိရိတ်ဝိနည်း ကံမပြုဘဲ သုံးဆောင်ခြင်းငှာအပ်၏ဟု ယူသည်လည်းတပါး,
၈။ မရင့်သေးသောသေနကို သောက်ခြင်းငှာအပ်၏ဟု ယူသည် လည်းတပါး,
၉။ အဆာမရှိသော နိသီဒိုင်သည်အပ်၏ဟု ယူသည်လည်းတပါး,
၁၀။ သံဃာကိုရည်၍ လှူသောရွှေငွေသည်အပ်၏ဟု ယူသည်လည်း တပါး-

ဤဆယ်ပါးသော အကပ္ပိယဝတ္ထုတို့ကို လှူ,ရဟန်းတို့အားပြ၍ နေကြကုန်၏၊မြတ်စွာဘုရားသာသနာတော်၌ဓမ္မဝိနယမဟုတ်သည်ကိုငင်း, အဓမ္မဓမ္မကိုဖျက်၍ငင်း ဆန့်ကျင်သည်တို့ကို ပြကြကုန်၏။

ထိုဝဇ္ဇီတိုင်းသားရဟန်းတို့ကို နှိပ်နင်းခြင်းငှာ များစွာကုန်သော မြတ်စွာဘုရား၏ သားတော်ဖြစ်ကုန်သော တသန်းနှစ်သိန်းကုန်သော ရဟန်းတို့သည် စည်းဝေးကြကုန်၏၊ ထိုအစည်းအဝေး၌ သဗ္ဗကာမီ ထေရ်, သာဠှထေရ်, ရေဝတထေရ်, ခုဇ္ဇသောဘိတထေရ်, ဝါသဘ ဂါမိထေရ်,သုမနထေရ်,သာဏဝါသီ သမ္ဘူတထေရ်, ယသထေရ်-ဤ ရှစ်ပါးကုန်သော ရဟန်းကြီးတို့သည် ဘုရားနှင့် တူကုန်၏၊များသော

ဂိုဏ်းရှိကုန်၏၊ မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော ကာကဏ္ဍက ပုဏ္ဏား၏ သားဖြစ်သော ရှင်ယသသည် မကောင်းကုန်သောရဟန်း တို့ကိုနှိပ်နင်းခြင်းငှာ ဝေသာလီပြည်သို့ ကြွလာတော်မူ၏၊ ဝါသ ဘဂါမိထေရ်နှင့် ရှင်သုမနထေရ်တို့သည် အရှင်အနုရုဒ္ဓါ၏ တပည့် ဖြစ်ကုန်၏၊ ကြွင်းကုန်သောမထေရ်တို့သည် အရှင်အာနန္ဒာ၏တပည့် ဖြစ်ကုန်၏၊ မြတ်စွာဘုရားကို ဖူးမြင်ကြရကုန်၏၊ ဤခုနစ်ရာကုန်သော ရဟန်းတို့သည် ဝေသာလီပြည်သို့ ကြွလာကုန်၏၊ အစည်းအဝေး၌ ကြွ လာတော်မူကုန်သော အလုံးစုံကုန်သောရဟန်းတို့သည် ဘုရားသာသ နာတော်၌ ထားတော်မူအပ်သော ဝိနယပိဋကကို သင်ယူကြကုန်၏၊ ကိလေသာတို့မှစင်ကြယ်သော ဉာဏ်မျက်စိရှိကုန်၏၊ သမာပတ်ရှစ်ပါး၌ လိမ္မာကုန်၏၊ ချအပ်သောခန္ဓာဝန်ရှိကုန်၏၊ ကိလေသာတို့နှင့်မယှဉ် ကုန်၊သုသုနာဂမင်းကြီး၏ သားတော်ဖြစ်တော်မူသော ပါဋလိပုတ်ပြည် ၌ မင်းဖြစ်တော်မူသော ကာလာသောကမင်းကြီး၏ သာသနာတော်ကို ချီးမြှောက်ခြင်း၌ ကူညီမှုအထောက်အပံ့ကို ရတော်မူသောကြောင့် တန်ခိုးကြီးကုန်သော ရှစ်ပါးကုန်သောမဟာထေရ်တို့သည် ဆယ်ပါး ကုန်သောအဓမ္မဝတ္ထုတို့ကို ဖျက်ဆီးတော်မူကြပြီးလျှင် မကောင်းကုန် သောရဟန်းတို့ကို နှင်ထုတ်တော်မူကြကုန်၏၊ မကောင်းကုန်သော ရဟန်းတို့ကိုနှင်ထုတ်တော်မူပြီးလျှင် မကောင်းသောအယူဝါဒကို နှိပ် နင်းပြီးသောအခါ တန်ခိုးအာနုဘော်ကြီးကုန်သော ရှစ်ပါးကုန်သော မဟာထေရ်တို့သည် မြတ်သည်ထက်မြတ်သော တန်ခိုးအာနုဘော်ရှိ ကုန်သော ခုနစ်ရာကုန်သော ရဟန္တာဖြစ်တော်မူကုန်သော ရဟန်းတို့ ကိုရွေးချယ်တော်မူပြီးလျှင် ပရိယတ္တိဓမ္မကို သင်္ဂါယနာတင်တော်မူကြ ကုန်၏၊ ဝေသာလီပြည်၌ စုလစ်မွန်းချွန်တပ်သော ကူဋာဂါရသာလာ မည်သောစရပ်၌သာလျှင် ရှစ်လတို့ဖြင့် ဤဒုတိယသင်္ဂါယနာတင်ခြင်း သည် ပြီးဆုံးတော်မူ၏။

(ပါရာဇိကကဏ်အဋ္ဌကထာ၌ ဝေသာလီပြည် ဝါလိကာရုံကျောင်း တော်၌ ဒုတိယသင်္ဂါယနာတင်သည်ဟု ဆိုသည်၊ သာရတ္ထဒီပနီဋီကာ၌ ဝေသာလီပြည် ကူဋာဂါရသာလာကျောင်းတော်သည် မဟာဝုန်တော ကိုမှီ၍ ပြုလုပ်အပ်သော အာရာမ်တွင်း၌ ဆောက်လုပ်အပ်သော

ကျောင်းတော်ဟု ဖွင့်ပြတော်မူသောကြောင့် ဝါလိကာရုံကျောင်းတော်နှင့် ကူဋာဂါရသာလာကျောင်းတော်သည် တကျောင်းစီတည်ရှိကြ၏၊ ဝါလိကာရုံကျောင်းတော်၏ အာရာမ်တွင်း၌ ကာလာသောကမင်းကြီးသည် စုလစ်မွန်းချွန်ဖြင့်ဆောက်လုပ်သော ကူဋာဂါရသာလာမဏ္ဍပ်၌ သင်္ဂါယနာတင်သည်ဟု ယူခဲ့သော် ဤဒီပဝင်ကျမ်းနှင့် ပါရာဇိကဏ်အဋ္ဌကထာ,မဟာဝင်ကျမ်းတို့သည် တူညီကုန်၏။)

ဒုတိယသင်္ဂါယနာတင်တော်မူခြင်းပြီး၏၊

---

## ၈။ အာစရိယဝါဒများကိုပြဆိုခြင်း

ဒုတိယသင်္ဂါယနာတင်တော်မူကုန်သော မထေရ်တို့သည် နှင်ထုတ်အပ်ကုန်သော ဝဇ္ဇီတိုင်းသားအဓမ္မဝါဒီဖြစ်ကုန်သော မကောင်းသောရဟန်းတို့သည် တပါးသောအသင်းအပင်းကို ရကြခြင်းကြောင့် ရဟန်းတသောင်းစည်းဝေးကြပြီးလျှင် မဟာသင်္ဂီတိမည်သော သင်္ဂါယနာတင်ခြင်းကို ပြုကြကုန်၏၊ ထိုမဟာသင်္ဂီတိကရဟန်းတို့သည် မူလသင်္ဂါယနာတင်သည်ကို ဖျက်ဆီးပြီးလျှင် တမျိုးတဖုံပြောင်းလွဲ၍ သင်္ဂါယနာတင်ခြင်းဖြင့် သာသနာတော်၌ ဆန့်ကျင်ဘက် ပြုလုပ်ကြ၏၊ ပိဋကတ်သုံးပုံတို့တွင် တပါးသော ပိဋကတ်၌ ရေတွက်အပ်သည်ကိုလွဲပြောင်း၍ တပါးသောပိဋကတ်၌ ရေတွက်ခြင်းကို ပြုကြကုန်၏၊ ဝိနယပိဋကတ်၌၎င်း,နိကာယ်ငါးပါးတို့၌၎င်း ဟောတော်မူအပ်သော အတ္ထ,ဓမ္မနှစ်ပါးကို ဖျက်ကြကုန်၏၊ပရိယာယ်ဟောတော်မူသည်ကို မုချဟောပြု၍၎င်း, နီတတ္ထကိုနေယျတ္ထပြု၍၎င်း, သန္ဓာယဘာသိတကို အာဟစ္စဘာသိတပြု၍၎င်း ထားကြကုန်၏၊ သဒ္ဒါရိပ်ဖြင့် များစွာသောအနက်ကိုဖျက်ကြကုန်၏၊အချို့သောသုတ်,ဝိနည်းကိုထား၍ တပါးသောသုတ်,ဝိနည်းကို ထည့်ထားကြကုန်၏၊ပရိဝါရအတ္ထုဒ္ဓါရ, အဘိဓမ္မာခြောက်ကျမ်း,ပဋိသမ္ဘိဒါမဂ်ပါဠိတော်,နိဒ္ဒေသပါဠိတော်,အချို့သော ဇာတကပါဠိကော် ဤအလုံးစုံကိုဖျက်၍ တပါးသော ပရိဝါရအတ္ထုဒ္ဓါရ, အဘိဓမ္မာခြောက်ကျမ်းစသည်တို့ကို ပြုကြကုန်၏၊ နာမ်,လိင်,ပရိက္ခာရ, အာကပ္ပကရဏတို့ကိုဖျက်၍ တပါးသောနာမ်, လိင်စသည်တို့ကို ပြုကြကုန်၏။

မဟာသင်္ဂီတိကာရက ဂိုဏ်းဝင်ရဟန်းတို့သည် ထေရဝါဒမှရှေးဦး စွာကွဲကြကုန်၏၊ ထိုမဟာသင်္ဂီတိကာရကဂိုဏ်းဝင်ပုဂ္ဂိုလ်တို့၏ အတုကို ယူသဖြင့် များစွာကွဲပြားသော အယူရှိကုန်သော ဂိုဏ်းတို့သည်ဖြစ်ပေါ် လာကုန်၏၊ နောက်အခါ၌ ထိုကွဲပြားသော ဂိုဏ်းတို့သည် ထင်ရှား ကုန်၏။

[ဤဒီပဝင်ကျမ်း၌ မဟာသင်္ဂီတိက ဘိက္ခုဟုဆို၏၊ သာရတ္ထဒီပနီ ဋီကာ၌ မဟာသံဃိက အာစရိယ ကုလံဟုဆို၏။]

အဘယ်သို့ကွဲပြားကြသနည်းဟူမူ—

မဟာသင်္ဂီတိကဂိုဏ်းမှ ဂေါကုလိကဂိုဏ်း, ကေဗျောဟာရိကဂိုဏ်း ဟု နှစ်ဂိုဏ်းကွဲ၏၊ ဂေါကုလိကဂိုဏ်းမှပဏ္ဏတ္တိဝါဒဂိုဏ်း ဗာဟုလိယ ဂိုဏ်းဟူ၍၎င်း, ဗဟုဿုတိကဂိုဏ်းဟူ၍၎င်း ထင်ရှားသောဂိုဏ်းနှင့် စေတိယဝါဒဂိုဏ်းသုံးဂိုဏ်းကွဲ၏၊ ဤသို့လျှင်ဂေါကုလိကဂိုဏ်း,ကေဗျော ဟာရိကဂိုဏ်း ပဏ္ဏတ္တိဝါဒဂိုဏ်း, ဗဟုလိယဂိုဏ်း, စေတိယဝါဒဂိုဏ်း ဤငါးဂိုဏ်းတို့သည် မဟာသင်္ဂီတိဂိုဏ်းမှကွဲကုန်၏၊ မဟာသင်္ဂီတိဂိုဏ်း နှင့် ခြောက်ဂိုဏ်းတို့ဖြစ်ကုန်၏။

ထေရဝါဒမှ မဟိံသာသကဂိုဏ်း, ဝဇ္ဇိပုတ္တကဂိုဏ်းဟု နှစ်ဂိုဏ်း ကွဲ၏။

ဝဇ္ဇိပုတ္တကဂိုဏ်းမှ* ဓမ္မုတ္တရိကဂိုဏ်း, ဘဒ္ဒယာနိကဂိုဏ်း, ဆန္နာ ဂါရိကဂိုဏ်း, သမ္မိတိဂိုဏ်းဟု လေးဂိုဏ်းကွဲကုန်၏။

မဟိံသာသကဂိုဏ်းမှ သဗ္ဗတ္ထိဝါဒဂိုဏ်း, ဓမ္မဂုတ္တိကဂိုဏ်းဟု နှစ်ဂိုဏ်းကွဲ၏။

သဗ္ဗတ္ထိဝါဒဂိုဏ်းမှ ကဿပိကဂိုဏ်းကွဲ၏။

ကဿပိကဂိုဏ်းမှ သင်္ကန္တိကဂိုဏ်းကွဲသည်။

သင်္ကန္တိကဂိုဏ်းမှ သုတ္တဝါဒဂိုဏ်းကွဲသည်။

ထေရဝါဒမှ တဆယ့်တဂိုဏ်းကွဲ၍ ထေရဝါဒနှင့် တဆယ့်နှစ်ဂိုဏ်း ကွဲသည်၊ ထေရဝါဒတဆယ့်နှစ်ဂိုဏ်းနှင့် မဟာသင်္ဂီတိခြောက်ဂိုဏ်း

---

[*ဓမ္မုတ္တရိက။ ဘဒ္ဒယာနိက-သာရတ္ထ။ ။ဓမ္မုတ္တရိယ၊ ဘဒြယာနိက-အချို့မူ။]

ပေါင်းသော် တဆယ့်ရှစ်ဂိုဏ်းဖြစ်၏၊ အဋ္ဌာရသနိကာယ ဟူ၍ငှင်း,အဋ္ဌာရသာစရိယာကုလဟူ၍ငှင်း ခေါ်သည်။

[သာရတ္ထဒီပနီဋီကာနှင့် နှီးနှော၍ဖေါ်ပြလိုက်သည်။]

အရှင်မဟာကဿပစသော မထေရ်တို့၏ဝါဒသည် အလုံးစုံသော ဝါဒတို့ထက်မြတ်၏၊ ပညောင်ပင်ကြီးကဲ့သို့တင့်တယ်၏၊ အယုတ်အလွန်မရှိ၊ အလုံးစုံသောဘုရားသာသနာတော်ကို တင့်တယ်စေ၏၊ ကြွင်းကုန်သော တဆယ့်ခုနစ်ခုသော ဝါဒတို့သည် သစ်ပင်၌ရှိသော ဆူးတို့ကဲ့သို့ဖြစ်ကုန်၏၊ ပဌမနှစ်တရာ၌ ဝါဒကွဲမရှိကုန်၊ ဒုတိယနှစ်တရာအတွင်း၌ ဘုရားသာသနာတော်၌ ဝါဒကွဲတဆယ့်ခုနစ်ဂိုဏ်းတို့သည် ဖြစ်ပေါ်လာကုန်၏၊ နောက်ကာလ၌*ဟေမဝိကဂိုဏ်း, ရာဇဂိရိကဂိုဏ်း, သိဒ္ဓတ္ထဂိုဏ်း, ပုဗ္ဗသေလိကဂိုဏ်း, အပရသေလိကဂိုဏ်း, ဝါဇိရိယဟူသောဂိုဏ်းခြောက်ဂိုဏ်းတို့သည် ဖြစ်ပေါ်လာကုန်၏။

အာစရိယဝါဒများကို ပြဆိုခြင်းပြီး၏။

## ၄။ အရှင်ဥပါလိ၏ တပည့်စဉ်ဆက်ကိုပြဆိုခြင်း

ဒုတိယသင်္ဂါယနာ တင်ပြီးသောအခါ သင်္ဂါယနာတင်တော်မူကုန်သော ထေရ်အရှင်တို့သည် နောင်အခါ၌သို့သဘောရှိသော သာသနာတော်၏ ဘေးရန်သည် ဖြစ်လတ္တံ့လောဟု ကြည့်ရှုတော်မူလေသော် "ဤဒုတိယသင်္ဂါယနာ တင်သည်မှ တရာ့တဆယ့်ရှစ်နှစ်၌ သာသနာတော်၏ဘေးရန်သည်ဖြစ်ပေါ်လတ္တံ့"ဟု မြင်တော်မူကုန်၏၊ ထိုဘေးရန်အဓိကရုဏ်းကို အဘယ်ပုဂ္ဂိုလ်သည် ငြိမ်းစေနိုင်မည်နည်းဟု ကြည့်ရှုကြသောအခါ ဗြဟ္မာ့ပြည်၌ တိဿမည်သောမဟာဗြဟ္မာကို မြင်တော်မူကုန်၏၊ ထိုတိဿမဟာဗြဟ္မာထံသို့ သွားရောက်လျက် သာသနာတော်ကို ချီးမြှောက်ရန် ငါတို့တောင်းပန်ရလေသော် တိဿဗြဟ္မာသည် ဝမ်းမြောက်ဝမ်းသာစွာ ငါတို့အားပဋိညာဉ်ကိုပေး၍ ဗြဟ္မာ့ပြည်မှစုတေပြီးလျှင် လူ့ပြည်၌ ပုဏ္ဏားမျိုး၌ဖြစ်လတ္တံ့၊ အလုံးစုံသောဗေဒင်တို့ကိုလည်း တတ်မြောက်လတ္တံ့၊ မောဂ္ဂလိပုတ္တတိဿဟု အမည်ရှိလတ္တံ့၊ သိဂ္ဂဝထေရ်နှင့် စဏ္ဍဝဇ္ဇိထေရ်တို့သည် သူငယ်ကိုရှင်ပြုကုန်လတ္တံ့၊ ရှင်ဖြစ်ပြီးသော

[*ဟေမဝတာ၊သာရတ္ထ။ရာဇဂိရိကသည် သာရတ္ထ၌ဝါဇိရိယဟုရှိ၏။]

တိဿသည်ထိုအခါပရိယတ္တိကိုသင်ကြားလတ္တံ့၊ရဟန်းဖြစ်ပြီးသောအခါ တိတ္ထိတို့၏အယူကို ဖျက်ဆီးပြီးလျှင် သာသနာတော်ကိုတည်စေလတ္တံ့၊ သာသနာတော်ကို ချီးမြှောက်ခြင်း၌ ဘုရားနှင့်တူသော ထိုရဟန်းသည် ဖြစ်ပေါ်လတ္တံ့၊ ထိုအခါ ပါဋလိပုတ်ပြည်၌ အသောကမည်သောမင်းသည် မင်းပြုလတ္တံ့."ဟုမြင်တော်မူကြသောအခါ ဗြဟ္မာ့ပြည်သို့ကြွတော်မူကြပြီးလျှင် လူ့ပြည်၌ဖြစ်၍ သာသနာတော်ကို ချီးမြှောက်တော်မူရန် တိဿဗြဟ္မာကြီးအား တောင်းပန်တော်မူကြကုန်၏။

ဗြဟ္မာကြီးသည်လည်း ဝမ်းမြောက်ဝမ်းသာစွာ တောင်းပန်သည်အတိုင်း ပဋိညာဉ်ကိုပေးလေ၏၊ထိုအခါမထေရ်တို့သည် ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ ကြွတော်မူကြကုန်၏၊ဒုတိယသင်္ဂါယနာတင်တော်မူကုန်သောအလုံးစုံကုန်သော ရဟန်းတော်ခုနစ်ရာတို့သည် သာသနာတော်ကို သုတ်သင်တော်မူကြပြီးလျှင် ဆယ်ပါးကုန်သော အဓမ္မဝတ္ထုတို့ကို ဖျက်ဆီးတော်မူပြီး သောအခါ ပရိနိဗ္ဗာန်စံတော်မူကြကုန်၏။

[ဤဒီပဝင်ကျမ်း၌ ပြည့်စုံစွာမရှိ၊ စကားစပ်ခြင်းလည်းမရှိလေသောကြောင့် ပါရာဇိကဏ်အဋ္ဌကထာမှ ထုတ်နုတ်ပြီးလျှင် စကားဆက်စပ်၍ ဖော်ပြသည်။]

တိဿမဟာဗြဟ္မာသည်လည်း ဗြဟ္မာ့ပြည်မှစုတေ၍ မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေယူ၍ ဖွားမြင်ပြီး၍ တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လေသော် ဣရုဗေဒင်, ယဇုဗေဒင်,သာမဗေဒင်, နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်း, ငါးခုမြောက်သော ဣတိဟာသ ဗေဒင်ကျမ်းတို့ကို တတ်မြောက်လေ၏၊ ထိုဗေဒင်ကျမ်းတို့၌ ရဲရင့်သောဉာဏ်နှင့် ပြည့်စုံ၏၊ အိမ်သို့နေ့စဉ် ဆွမ်းခံကြွလာတော်မူသော အရှင်သိဂ္ဂဝထေရ်အား "သင်ရဟန်းကို ငါသည် ပဥှာကိုမေးအံ့၊ ဤပဥှာတို့ကို ဖြေဆိုပါလော့"ဟု လျှောက်လေလျှင် အရှင်သိဂ္ဂဝထေရ်သည် ဣရုဗေဒင်ကျမ်း, ယဇုဗေဒင်ကျမ်း, သာမဗေဒင်ကျမ်း, နိဃဏ္ဍုကျမ်း, ဣတိဟာသကျမ်းလျှင် ငါးခုမြောက်သော ဗေဒင်ကျမ်းတို့ကို သင်ယူခဲ့ပြီးဖြစ်သဖြင့် ရဲရင့်တော်မူသောကြောင့် ပဥှာတို့ကို မေးလျှောက်ခွင့်ပြုတော်မူ၏။

ထိုအခါ တိဿသူငယ်သည် ဗေဒင်ကျမ်းတို့၌ မိမိလည်းသိမြင်ခြင်း မရှိ၊ ဆရာလည်းသိမြင်ခြင်းမရှိသော ခဲရာခဲဆစ်အရာဌာနတို့ကို မေးလေလျှင် ဗေဒင်သုံးပုံတို့ကို ပါရဂူရောက်အောင် တတ်မြောက်သည့်ပြင် ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်တော်မူသော အရှင်သိဂ္ဂဝထေရ်သည် မေးသောခဏ၌ ထိုပဥှာတို့ကို ဖြေတော်မူပြီးလျှင် ဤလုလင်သည် ရင့်ကျက်သောဉာဏ်ပညာရှိ၏ဟု သိတော်မူ၍ ငါသည်လည်း မြတ်စွာဘုရားဟောတော်မူသော ပဥှာကိုမေးအံ့၊ ဟုတ်မှန်စွာ ဖြေဆိုလော့ဟု မိန့်တော်မူပြီးလျှင် စိတ္တယမိုက်ပါဠိတော်၌ ဟောတော်မူအပ်သော ပဥှာကို မေးတော်မူ၏၊ မေးတော်မူသည်နှင့် တပြိုင်နက်သာလျှင် လုလင်သည် ဤပဥှာကိုငါမမြင်ဘူးမကြားဘူးသောကြောင့်ထိုမန္တန်ကို ငါသင်ယူအံ့၊ ငါသည် ရှင်သာမဏေ၏အဖြစ်ကို အလိုရှိ၏ဟုကြံ၍ ရှင်သာမဏေပြုခွင့်ပေးရန် မိခင်ဘခင်တို့အား ခွင့်တောင်းသောအခါ ရှင်သာမဏေပြုလုပ်ခွင့်ကိုရရှိလေ၏၊ပုဏ္ဏားလုလင်သည် ကျဉ်းမြောင်းသော အိမ်ရာတည်ထောင်သော လူ့ဘောင်မှထွက်ပြီးလျှင် အိမ်ရာမထောင်သော ဘုရားသာသနာတော်၌ အေးမြသော ရှင်သာမဏေ၏ အဖြစ်သို့ ရောက်လေ၏၊ ဗဟုဿုတဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်စဏ္ဍဝဇ္ဇီထေရ်သည် သိက္ခာကာမဂုဏ်,ဂရုစိတ္တဂုဏ်တို့နှင့် ပြည့်စုံတော်မူသော တိဿသာမဏေကို အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို သင်ပေးတော်မူ၏။

အရှင်သိဂ္ဂဝထေရ်သည် တိဿသူငယ်ကို လူ့ဘောင်မှထုတ်ဆောင်တော်မူပြီးလျှင် ရှင်သာမဏေပြုစေပြီးသောအခါ မြတ်စွာဘုရားဟောတော်မူသော ပိဋကတော်ကို သင်ယူစေခြင်းငှါ အရှင်စဏ္ဍဝဇ္ဇီထေရ်၏ အထံတော်သို့ စေလွှတ်တော်မူ၏၊ ဗဟုဿုတဂုဏ်နှင့် ပြည့်စုံတော်မူသောအရှင်စဏ္ဍဝဇ္ဇီထေရ်သည် တိဿသာမဏေကို ပိဋကတ်သုံးပုံဟု ဆိုအပ်သော မြင့်ဘသောမန္တန်တော်ကိုသင်ပေးတော်မူ၏၊ဆရာဥပဇ္ဈာယ်ဖြစ်တော်မူကုန်သော အရှင်စဏ္ဍဝဇ္ဇီထေရ်, အရှင်သိဂ္ဂဝထေရ်တို့သည် မောဂ္ဂလိပုတ္တတိဿထေရ်၏လက်တော်၌ အလုံးစုံသော မြတ်စွာဘုရားဟောတော်မူသော ပိဋကတ်တော်ကို ထားတော်မူကြပြီးလျှင်ပရိနိဗ္ဗာန်စံတော်မူကုန်၏၊ အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်သည်လည်း တပါး

သောအခါ၌ ကမ္ဗုဒ္ဓာန်းကိုပွားတော်မူ၍ အရဟတ္တဖိုလ်သို့ရောက်တော်မူ၍ များစွာကုန်သော ရဟန်းတို့အား ဓမ္မ, ဝိနယကို ချပို့တော်မူ၏။
[ပါရာဇိကကဏ်အဋ္ဌကထာနှင့် စကားဆက်စပ်၍ဖေါ်ပြသည်။]

စန္ဒဂုတ်မင်းနန်းစံနှစ် နှစ်နှစ်, အရှင်သိဂ္ဂဝထေရ်၏ သိက္ခာတော်ခြောက်ဆယ့် လေးဝါ, လက်ာဒီပကျွန်း၌ ပကုဏ္ဍကာဘယမင်း၏ နန်းစံနှစ်ငါးဆယ့်ရှစ်နှစ်အသီးသီးရှိကြလေသောအခါအရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အရှင်သိဂ္ဂဝထေရ်၏အထံ၌ရဟန်းဖြစ်တော်မူ၏၊ အရှင်စဏ္ဍဝဇ္ဇီထေရ်၏အထံ၌ ဝိနည်းပိဋကတ်ကို သင်ယူပြီးသော အခါ ရဟန္တာဖြစ်တော်မူ၏၊ အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇီ ထေရ်တို့သည် တန်ခိုးကြီးတော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို သင်္ဂါယနာနှစ်ကြိမ် တင်တော်မူအပ်သော အလုံးစုံသော ပိဋကတ်သုံးပုံကိုချပေးတော်မူကုန်၏။

အရှင်သိဂ္ဂဝထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဝိနည်းပိဋကတ်ကို ချပို့ပေးပြီးသောအခါ၌ပင်း,စန္ဒဂုတ်မင်းနန်းစံနှစ် နှစ်ဆယ့်လေးနှစ်တို့တွင် တဆယ့်လေးနှစ်ရှိသောအခါ၌ပင်း သိက္ခာတော် ခုနစ်ဆယ့်ခြောက်ဝါရရှိ၍ ပရိနိဗ္ဗာန်စံတော်မူ၏။

အရည်မှတင်္ခရေဂုဏ်,အပိစ္ဆတာစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော အရှင်ဥပါလိသည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးသည် နောက်တဆယ့်ခြောက်နှစ်သို့ ရောက်သောအခါ သိက္ခာတော် ခြောက်ဆယ်ရှိတော်မူ၏။
[သိက္ခာတော်ခုနစ်ဆယ့်လေးနှစ်၌ ပရိနိဗ္ဗာန်စံယူကြောင်းကို မိန့်လတ္တံ့။]

အဇာတသတ္တုမင်း နှစ်ဆယ့်လေးနှစ်, လက်ာဒီပ၌ ဝိဇယမင်း တဆယ့်ခြောက်နှစ် နန်းစံကြသောအခါ အရှင်ဒါသက ထေရ်သည် အရှင်ဥပါလိထေရ်၏ အထံ၌ ရဟန်းဖြစ်တော်မူသည်။

အရှင်ဒါသကထေရ်၏ သိက္ခာတော်လေးဆယ့်ငါးဝါ၊ နာဂဒါသမင်းဆယ်နှစ်၊ လက်ာဒီပ၌ ပဏ္ဍုဝါသုဒေဝမင်း နှစ်ပေါင်း ၂၁ နှစ်ဆယ်ရှိကြသောအခါ အရှင်သောဏကထေရ်သည် အရှင်ဒါသကထေရ်၏ အထံ၌ ရဟန်းဖြစ်တော်မူသည်၊

[စာမူ၌ စတ္တာလီသေဝ ဝဿာနိ၊ ဒါသကော နာမ ပဏ္ဍိတော။ နာဂဒါသေ ဒသဝဿေ၊ ပကုဏ္ဍကဿ ဝီသတိ ဟုရှိ၏။ ပဉ္စမပရိစ္ဆေဒ ဒုတိယသင်္ဂဟဂါထာ နိပါတ်တဆယ့်ငါး၌ ပဉ္စတာလီသ ဝဿာသော၊ ဒါသကော နာမ ပဏ္ဍိတော။ နာဂဒါသံ ဒသဝဿံ၊ ပဏ္ဍုရာဇဿ ဝီသတိ ဟု မိန့်ခဲ့သည့်အတိုင်းရှိသင့်၏။]

အရှင်သောဏက၏ သိက္ခာတော် လေးဆယ်ရှိသော အခါ၌၎င်း, ကာလာသောကမင်း မင်းအဖြစ်ဆယ်နှစ်ရှိသော အခါ၌၎င်း, တမ္ဗပဏ္ဏိကျွန်း၌ မင်းမရှိသောနှစ် တဆယ့်တနှစ်ရှိသောအခါ၌၎င်း အရှင်သိဂ္ဂဝထေရ်သည် အရှင်သောဏကထေရ်၏အထံ၌ ရဟန်းဖြစ်တော်မူသည်။

ဓမ္မာသောကမင်း၏ မင်းအဖြစ်၌ ခြောက်နှစ်ရှိသော အခါ၌၎င်း, အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ သိက္ခာတော်ခြောက်ဆယ် ရှိသော အခါ၌၎င်း, လင်္ကာဒီပကျွန်း မုဋသိဝမင်း၏ မင်းအဖြစ်၌ လေးဆယ့်ရှစ်နှစ်ရှိသော အခါ၌၎င်း၊ အရှင်မဟိန္ဒထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏အထံ၌ ရဟန်းဖြစ်တော်မူ၏။

အရှင်ဥပါလိသည် မြတ်စွာဘုရားအထံတော်၌ ဝိနည်းပိဋကကို သင်ယူတော်မူ၏။

အရှင်ဒါသကထေရ်သည် အရှင်ဥပါလိထေရ်အထံ၌ ဝိနည်းပိဋကကိုသင်ယူပြီးလျှင် ချပို့လျက် ပေးတော်မူ၏။

အရှင်သောဏက ထေရ်သည် အရှင်ဒါသကထေရ်၏ အထံ၌ ပိဋကကိုသင်ယူပြီးလျှင် ချပို့ပေးတော်မူ၏။

အရှင်သိဂ္ဂဝထေရ်သည် အရှင်သောဏကထေရ်၏အထံ၌ ဝိနည်းပိဋကကိုသင်ယူပြီးလျှင် ချပို့ပေးတော်မူ၏။

အရှင်သောဏကထေရ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်ကုန်သော အရှင်သိဂ္ဂဝထေရ်နှင့် အရှင်စဏ္ဍဝဇ္ဇိထေရ်တို့ကို အရှင်သောဏကထေရ်သည် ဝိနည်းပိဋကကို ချပို့တော်မူ၏။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် အရှင်စဏ္ဍဝဇ္ဇိထေရ်၏အထံ၌ ဝိနည်းပိဋကကို သင်ယူပြီးသောအခါ ရဟန္တာဖြစ်တော်မူ၏။

ဥပဇ္ဈာယ်ဖြစ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သဒ္ဓိဝိဟာရိကတပည့်ဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်ကို ဝိနည်းပိဋကနှင့်တကွ အလုံးစုံသောထေရဝါဒကို ချပို့တော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ အရှင်ဥပါလိထေရ်သည် နှစ်ပေါင်းသုံးဆယ် ဝိနည်းပိဋကကို ချပို့တော်မူ၏၊ သဒ္ဓိဝိဟာရိကတပည့် ဖြစ်တော်မူသော ဒါသကထေရ်၏အထံ၌ ဝိနည်းပိဋကကို ထားတော်မူပြီးလျှင် ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်ဒါသကထေရ်သည် သဒ္ဓိဝိဟာရိကတပည့် ဖြစ်တော်မူသော အရှင်သောဏကထေရ်ကို ဝိနယပါမောက္ခအဖြစ်ကို ပြုတော်မူပြီး၍ သိက္ခာတော်ခြောက်ဆယ့်လေးဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

အဘိညာဉ်ခြောက်ပါးကို ရတော်မူသော အရှင်သောဏကထေရ်သည် တပည့်ဖြစ်တော်မူသော အရှင်သိဂ္ဂဝထေရ်ကို ဝိနည်းမှိုရ်အရာ၌ ထားတော်ပြီးလျှင် သိက္ခာတော်ခြောက်ဆယ့်ခြောက်ဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

ဉာဏ်တော်ရှိတော်မူသောအရှင်သိဂ္ဂဝထေရ်သည် တပည့်ဖြစ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဝိနယပါမောက္ခပြုတော်မူပြီးလျှင် သိက္ခာတော်ခုနစ်ဆယ့်ခြောက်ဝါ၌ ပရိနိဗ္ဗာန်စံ တော်မူ၏။

အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်သည် သဒ္ဓိဝိဟာရိက တပည့်ဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်ကို ဝိနယပါမောက္ခကို ပြုတော်မူ၍ သိက္ခာတော်ရှစ်ဆယ်၌ ပရိနိဗ္ဗာန်စံတော်မူ၏။

အလုံးစုံကုန်သောမထေရ်တို့၏ ရဟန်းတော်၏အဖြစ်၌ ရရှိတော်မူသော သိက္ခာတော် ဝါတော်တို့သည်ကား အရှင်ဥပါလိထေရ် ခုနစ်ဆယ့်လေးဝါ၊ အရှင်ဒါသကထေရ် ခြောက်ဆယ့်လေးဝါ၊ အရှင်သောဏကထေရ်ခြောက်ဆယ့်ခြောက်ဝါ၊ အရှင်သိဂ္ဂဝထေရ် ခုနစ်ဆယ့်ခြောက်ဝါ၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ဝါတော်ရှစ်ဆယ် ရရှိတော်မူကြကုန်၏။

ဝိနယပါမောက္ခဖြစ်တော်မူသောအခါ ရရှိတော်မူသော သိက္ခာတော် ဝါတော်တို့သည်ကား အရှင်ဥပါလိထေရ်သည် အလုံးစုံသော

ကာလ၌ ဝိနယပါမောက္ခဖြစ်တော်မူ၏၊ အရှင်ဒါသကထေရ်သည် သိက္ခာတော်ဝါတော်ငါးဆယ်၌ ဝိနယပါမောက္ခဖြစ်တော်မူ၏၊ထို့အတူ အရှင်သောဏကထေရ် လေးဆယ့်လေးဝါ၌၎င်း, အရှင်သိဂ္ဂဝထေရ် ဝါတော်*ငါးဆယ်၌၎င်း,အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်ခြောက်ဆယ့်ရှစ်ဝါ၌၎င်း ဝိနယပါမောက္ခဖြစ်တော်မူကြကုန်၏။

ပရိနိဗ္ဗာန်စံတော်မူသော ကာလတို့ကား ဥဒယဘဒ္ဒမင်း၏မင်းပြုသောနှစ် တဆယ့်ခြောက်နှစ်တွင် ခြောက်နှစ်ရှိသောအခါ အရှင်ဥပါလိထေရ် ပရိနိဗ္ဗာန်စံတော်မူ၏။ [သက္ကရာဇ်သစ်သုံးဆယ်ပြည့်နှစ်]

သုသုနာဂမင်း ဆယ်နှစ်တွင် ရှစ်နှစ်ရှိသောအခါ အရှင်ဒါသက ထေရ် ပရိနိဗ္ဗာန်စံတော်မူ၏၊ [သက္ကရာဇ်ရှစ်ဆယ်ပြည့်]

သုသုနာဂမင်းလွန်တော်မူသောအခါ ညီတော်နောင်တော်တကျိပ်တို့သည် နန်းစံသောနှစ် နှစ်ဆယ့်နှစ်နှစ်တွင် ခြောက်နှစ်ရှိသောအခါ အရှင်သောဏကထေရ် ပရိဗ္ဗာန်စံတော်မူ၏။

စန္ဒဂုတ်မင်းနန်းစံနှစ် နှစ်ဆယ့်လေးနှစ်တွင် တဆယ့်လေးနှစ်ရှိသောအခါ အရှင်သိဂ္ဂဝထေရ် ပရိနိဗ္ဗာန်စံတော်မူ၏။

ဗိန္ဒုသာရမင်း၏သားတော် အသောကမင်း၏ မင်းပြုသောနှစ် သုံးဆယ့်ခုနစ်နှစ်တွင် နှစ်ဆယ့်ခြောက်နှစ်ရှိသောအခါ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သာသနာတော်ကိုထွန်းလင်းစေပြီးလျှင် ပရိနိဗ္ဗာန်စံတော်မူ၏။

ပရိနိဗ္ဗာန်စံတော်မူသောအခါ ရရှိသော သိက္ခာတော်နှင့် တပည့်စဉ်ဆက်တို့သည်ကား အရှင်ဥပါလိထေရ်သည် သဒ္ဓိဝိဟာရိကတပည့်ဖြစ်တော်မူသော အရှင်ဒါသကထေရ်ကို ဝိနယပါမောက္ခ အဖြစ်၌ထားတော်မူပြီးလျှင် ခုနစ်ဆယ့်လေးဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်ဒါသကထေရ်သည် သဒ္ဓိဝိဟာရိကတပည့် ဖြစ်တော်မူသော အရှင်သောဏကထေရ်ကို ဝိနယပါမောက္ခပြုတော်မူပြီးလျှင် ခြောက်ဆယ့်လေးဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

---

[*ငါးဆယ့်ငါးဝါ။မူကွဲ။]

အဘိညာဉ်ခြောက်ပါးကို ရတော်မူသော အရှင်သောဏကထေရ်သည် တပည့်ဖြစ် တော်မူသော အရှင်သိဂ္ဂဝထေရ်ကို ဝိနယပါမောက္ခအဖြစ်၌ ထားတော်မူပြီးလျှင် ခြောက်ဆယ့် ခြောက်ဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

ဉာဏ်တော်နှင့်ပြည့်စုံတော်မူသော အရှင်သိဂ္ဂဝထေရ်သည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဝိနယပါမောက္ခအဖြစ်၌ ထားတော်မူပြီးလျှင် ခုနစ်ဆယ့်ခြောက်ဝါ၌ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်သည် သဒ္ဓိဝိဟာရိက တပည့်ဖြစ်တော်မူသော အရှင်မဟိန္ဒကို ဝိနယပါမောက္ခ ပြုတော်မူပြီးလျှင် ဝါတော်ရှစ်ဆယ်၌ ပရိနိဗ္ဗာန်စံတော်မူ၏။

အရှင်ဥပါလိ၏တပည့်စဉ်ဆက်ကိုပြဆိုခြင်းပြီး၏။
ပဉ္စမပိုင်းပြီး၏။

---

# ဆဋ္ဌမပိုင်း

## ၁၀။ အသောကမင်း သာသနာကြည်ညိုခြင်း၊

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည်မှ နှစ်ရာ့တဆယ့်ရှစ်နှစ်ရှိသောအခါ ပိယဒဿနဂုဏ်နှင့် ပြည့်စုံတော်မူသော အသောကမင်းကြီးသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ဧကရဇ္ဇာဘိသေကဘိသိက်တော်ကို ယူတော်မူ၏၊ အဘိသိက်မင်္ဂလာကို ယူတော်မူပြီးသောအခါ ဤရာဇိဒ္ဓိတို့သည် ဖြစ်ပေါ်လာကုန်၏၊ မဟာပထဝီမြေကြီး၏ အထက်တယူဇနာ, အောက်တယူဇနာရှိသောအရပ်၌ ကသိုလ်၏တန်ခိုးဖြစ်သော အာဏာတော်သည် ပျံ့နှံ့ခြင်းသို့ရောက်၏။

ဟိမဝန္တာတောင် အနောတတ္တအိုင်မှ အလုံးစုံသော ဆေးတို့နှင့်ယှဉ်သော အိုးတဆယ့် ခြောက်လုံးတို့ဖြင့် ဆောင်အပ် ကုန်သော ရေတို့ကိုရင်း,ကောင်းသောအနံ့ရှိသော တောင်၌ပေါက်သော နူးညံ့သိမ်မွေ့သည့်ပြင် ချိုမြသောအရသာရှိသော နာဂလတာ ဒန်ပူကိုရင်း, နူးညံ့သိမ်မွေ့သောနတ်တို့သည် တောင့်တအပ်သော ကောင်းသော

အနံ့ရှိသော ဆေးဖြစ်သော သျှိသျှားသီးကိုဎင်း, အနံ့အရသာနှင့် ပြည့်စုံသော နတ်တို့၏ အဖျော်နှင့် သရက်သီးမှည့်ကိုဎင်း, ဆဒ္ဒန်အိုင်မှ အဆင်းငါးပါးနှင့် ပြည့်စုံသော အဝတ်အရုံကိုဎင်း, ဦးခေါင်းလျှော်သော နံ့သာမှုန့်, နံ့သာပျောင်းကိုဎင်း, ဝတ်ရုံခြင်းအကျိုး ငှာ ချည်ဖြင့်မရက်အပ်သော နူးညံ့သော မလေးပန်း ပုဆိုးကိုဎင်း, ကွမ်းသီးပင်ခန့်မျှရှိသော ကြိချောင်းကိုဎင်း, ရွှေသောအဆင်းရှိသော လက်သုတ်ပုဝါကိုဎင်း ဤအလုံးစုံကို နေ့စဉ်နတ်တို့သည် ဆောင်ယူပေးကြကုန်၏။

မြတ်သောသူတို့အား ထိုက်သော မျက်စဉ်းကို နဂါးပြည်မှ နေ့စဉ်နဂါးတို့သည် ဆောင်ယူပေးကြကုန်၏၊ လှည်းအစီးကိုးထောင် တိုက်အပ်ကုန်သော သလေးတို့ကို ကျေးတို့သည် ဆောင်ယူပေးကြကုန်၏၊ ကြွက်တို့သည် ဖွဲ့,ဆန်ကွဲမရှိသည်တို့ကို ပြုကြကုန်၏၊ ပျားတို့သည် ပျားလပို့ကိုပြုကြကုန်၏၊ ပန်းဘဲတင်းကုပ်တို့၌ ဝံတို့သည်တူကိုထုကြကုန်၏၊ သာယာစွာသောအသံရှိကုန်သော ငှက်တို့နှင့် ချိုသောအသံရှိကုန်သော ကရဝိက်တို့သည် အသောကမင်းကြီး၏ တန်ခိုးကြောင့် အခါခပ်သိမ်းလူတို့ကို ကြားစေကုန်၏၊ တကမ္ဘာ အသက်ရှည်သော ဘုရားလေးဆူတို့၏ အလုပ်အကျွေးဖြစ်သော ကာလနဂါးမင်းသည် အသောကမင်း၏ ကုသိုလ်တန်ခိုးကြောင့် ရွှေခြေကျဉ်းဖြင့် ဖွဲ့အပ်သည်ဖြစ်၍ အသောကမင်းအထံသို့ လာပြီးလျှင် ဘုရား၏ပုံသဏ္ဌာန်တော်ကို ဖန်ဆင်း၍ ပြသောအခါ အသောကမင်းသည် မျက်စိဟုဆိုအပ်သော ပန်းတို့ဖြင့် ခုနစ်ရက်ပူဇော်တော်မူ၏၊ ပျားကုန်သည် ဖြစ်သောအခါ ပျားဆွမ်းအလှူခံတော်မူရန် ကြွလာတော်မူသော အရှင်ပစ္စေကဗုဒ္ဓါအား ပျားဆွမ်းကို လှူခဲ့ဘူးသော ဒါန၏အကျိုးကို အသောကမင်းသည် ရတော်မူ၏။

[အသောကမင်း, နိဂြောဓသာမဏေ, ဒေဝါနံပိယတိဿ မင်းကြီးတို့၏ အတိတ်ဘဝ၌ ကောင်းမှုကံ ပြုခဲ့ပုံကား—လွန်လေပြီးသောအခါ တခုသောမြို့၌ပျားကုန်သည်ဖြစ်သော ညီအစ်ကိုသုံးယောက်တို့သည် နေကြကုန်၏၊ ထိုသုံးယောက်တို့တွင် ညီငယ်သည် ပျားပျည်ကိုရောင်း၏၊ အစ်ကိုနှစ်ယောက်တို့သည် တောမှပျားရည်ကို ဆောင်ယူကြကုန်၏၊ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါတပါးအား ဖျော့တော့သော ပဏ္ဍုကရောဂါသည်

စွဲကပ်၏၊ အရှင်ပစ္စေကဗုဒ္ဓါတပါးသည်မကျန်းမာသော အရှင်ပစ္စေကဗုဒ္ဓါ၏ အကျိုးငှါ ပျားရည်ကို အလှူခံတော်မူရန် မြို့သို့ ဝင်တော်မူ၏၊ ထိုအရှင်ပစ္စေကဗုဒ္ဓါကို ရေခပ်ယူခြင်းအကျိုးငှါ ဆိပ်ကမ်းသို့သွားသော အိုးထိန်းသည့်ကျွန်မတယောက်သည် မြင်လေသော် ကြွလာတော်မူခြင်း၏ အကြောင်းကို လျှောက်ထားရာ သိသဖြင့် ''ဤအရပ်၌ ပျားရည်ကုန်သည်တို့သည် နေကုန်၏၊ ထိုအရပ်သို့ကြွတော်မူပါ''ဟု လက်ကိုဆန့်တန်းလျက် ပျားရည်ရောင်းသောဈေးဆိုင်ကို ပြလေ၏။

အရှင်ပစ္စေကဗုဒ္ဓါသည်လည်း ထိုဈေးဆိုင်သို့ ကြွလေသော် ထိုအရှင်ပစ္စေကဗုဒ္ဓါကို မြင်သောအခါ ညီငယ်ဖြစ်သော ပျားကုန်သည်သည် ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ အဘယ်အကြောင်းကြောင့် ကြွလာတော်မူပါသနည်းဟု လျှောက်ထားလေလျှင် ကြွလာတော်မူခြင်း၏ အကြောင်းကို သိသောအခါ သပိတ်ကိုယူလျက် သပိတ်ဖြင့်ပြည့်အောင် ပျားရည်ကိုလှူသည်ရှိသော် ပျားရည်သည် သပိတ်မှလျှံတက်၍ သပိတ်၏ နှုတ်ခမ်းမှ ယိုစီးပြီး မြေ၌ကျသည်ကိုမြင်လေလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ''အရှင်ဘုရားတပည့်တော်သည် ဤကောင်းမှုကံကြောင့် ဇမ္ဗူဒိပ်ကျွန်း၌ ဧကရာဇ်မင်း ဖြစ်ရပါလို၏၊ တပည့်တော်၏ အာဏာသည်လည်း အထက်ကောင်းကင်,အောက်မြေအပြင်၌ တယူဇနာရှိသော အရပ်၌ ပျံ့နှံ့ပါစေသတည်း''ဟုဆုတောင်းလေ၏၊ အရှင်ပစ္စေကဗုဒ္ဓါသည်လည်း ''ဥပါသကာ…ဆုတောင်းသည်အတိုင်း ပြည့်ပါစေ''ဟု မိန့်တော်မူပြီးလျှင် ဂန္ဓမာဒနတောင်သို့ ကြွတော်မူပြီး၍ မကျန်းမာသော အရှင်ပစ္စေကဗုဒ္ဓါအား လှူလေ၏။

ညီငယ်ဖြစ်သော ပျားကုန်သည်သည် ပျားရည်ကိုလှူပြီး၍ အိမ်၌နေလေလျှင် တောမှလာကုန်သော အစ်ကိုတို့ကို မြင်သောအခါ ''အစ်ကိုတို့… စိတ်ကြည်ညိုကြကုန်လော့၊ အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်ဖြင့်ပြည့်အောင် ပျားရည်ကိုလှူလိုက်ပါပြီ''ဟု ပြောဆိုလေ၏၊ ထိုအခါ အစ်ကိုကြီးသည် အမျက်ထွက်သောကြောင့် ''စဏ္ဍာလတို့သည်လည်း သင်္ကန်းကို ဝတ်ရုံကြကုန်၏၊ သင်၏လက်မှ ပျားရည်ကိုအလှူခံသွားသောသူသည်စဏ္ဍာလဖြစ်လိမ့်မည်'' ဟု ပြောဆိုလေ၏၊ အလတ်ဖြစ်သောပျားကုန်သည်သည်လည်း စိတ်ဆိုးသောကြောင့် ''သင်၏ပစ္စေကဗုဒ္ဓါကိုကိုင်လျက် သမုဒ္ဒရာတဘက်ကမ်း၌ ဖြစ်ချေလော''ဟု ဆိုလေ၏၊ ထိုနောက် အစ်ကိုနှစ်ယောက်တို့ကို ညီငယ်သည် ဒါနအကျိုးနှင့်ယှဉ်သော တရားကို ဟောလေလျှင် ထိုတရားတော်ကို နာရသဖြင့် ဝမ်းမြောက်သောစိတ်ဖြစ်ပေါ်လာကြကုန်၏။

အိုးထိန်းသည် ကျွန်မသည်သည်း ညီငယ်ဖြစ်သော ပျားကုန်သည် ဒါယကာ၏ အဂ္ဂမဟေသီမိဖုရားကြီးဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏၊ ထိုပျားကုန်သည် သုံးယောက်တို့တွင် ညီငယ်သည် အသောကမင်းဖြစ်လာ၏၊ အိုးထိန်းသည်ကျွန်မသည်လည်း အလွန်လှပတင့်တယ်ရှုခြင်ဘွယ်ရှိသော အသန္ဓိမိတ္တာမိဖုရားကြီးဖြစ်လာ၏၊ သမုဒ္ဒရာတဘက်ကမ်းသို့ပစ်ချလောဟုဆိုသော အလတ်ဖြစ်သော ပျားကုန်သည်သည် တမ္ဗပဏ္ဏိကျွန်း၌ ဒေဝါနံပိယတိဿမင်းကြီးဖြစ်လာ၏၊ စဏ္ဍာလဖြစ်လိမ့်မည်ဟု ဆိုသော အကြီးဖြစ်သောပျားကုန်သည်သည် စဏ္ဍာလရွာ၌နိဂြောဓ သာမဏေဖြစ်လာ၏။ ။သာရတ္ထဒီပနီဋီကာ။]

စန္ဒဂုတ်မင်း၏မြေး ဗိန္ဒုသာရမင်း၏သားတော်ဖြစ်သောအသောကမင်းသားသည် ဥဇ္ဇေနီပြည် မောရိယမင်းတို့၏ အဆက်အနွယ်ဖြစ်သော ဓမ္မဒေဝီမိဖုရား၏ သားကြီးဖြစ်၍အဝန္တိတိုင်းကို သုံးဆောင်ရ၏၊ ခမည်းတော်သည် ဝေဒိသမြို့သို့ စေလွှတ်အပ်သည်ဖြစ်၍အစဉ်အတိုင်းအားဖြင့် သွားလေသော် ဝေဒိသမြို့သို့ရောက်သော အခါ ဝေဒိသဒေဝီမည်သော သူဋ္ဌေးသမီးကို သိမ်းပိုက်ပြီး၍ ဥဇ္ဇေနီပြည်၌ မင်းပြုလေသော် သားတော်မဟိန္ဒနှင့် သမီးတော်သံဃမိတ္တာကို ဘွားမြင်တော်မူ၏၊ထိုသားတော်, သမီးတော်နှစ်ပါးတို့သည်ရှင်ရဟန်း၏အဖြစ်ကို နှစ်သက်တော်မူကြသောကြောင့် ရှင်ရဟန်း ဖြစ်ကြသော အခါ ဘဝ၏အနှောင်အဖွဲ့ကို ဖျက်ဆီးကြကုန်၏၊

[ပါရာဇိကဏ်အဋ္ဌကထာ သာရတ္ထ ဒီပနီဋီကာတို့နှင့် နှီးနှော၍ဖော်ပြသည်။]

ပါဋလိပုတ်ပြည်ကို အစိုးရတော်မူသော အသောကမင်းသည် အဘိသိက်မင်္ဂလာကို ယူတော်မူပြီးသည်နောက် သုံးနှစ်ရှိသောအခါ မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုလေ၏၊မြတ်စွာဘုရားသည် အင်္ဂကြင်းတောအကျွ၌ ပရိနိဗ္ဗာန်စံတော်မူသောကာလနှင့်မောရိယမင်းမျိုး၌ ဖြစ်သော အရှင်မဟိန္ဒ ဘွားမြင်တော်မူသော ကာလသည် နှစ်ပေါင်း နှစ်ရာ့လေးနှစ် ခြားတော်မူ၏၊ အရှင်မဟိန္ဒ ဆယ်နှစ်ရွယ်သို့ရောက်လေသော် အသောကမင်းသည် တရာ့တပါးသော ညီတော် နောင်တော်တို့ကို သတ်ပြီးလျှင် လေးနှစ်ပတ်လုံး အဘိသိက်မင်္ဂလာတော်ကို မယူမူ၍ ဇမ္ဗူဒိပ်ကျွန်း၌ မင်းပြုတော်မူလေ၏၊ အရှင်မဟိန္ဒ တဆယ့်လေးနှစ်ရွယ်သို့ ရောက်လေသော် အသောကမင်း

သည် အဘိသိက်မင်္ဂလာကို ခံယူတော်မူ၏၊ အဘိသိက်ကို ခံယူပြီးသော အသောကမင်းသည် မြတ်သောဣဒ္ဓိတို့ကို ရတော်မူ၏၊ဘုန်းတန်ခိုးနှင့်လည်း ပြည့်စုံ၏၊ ဇမ္ဗူဒိပ်ကျွန်း၌ အာဏာစက်ပျံ့နှံ့၏၊ နှစ်ပေါင်း နှစ်ဆယ်ပြည့်သောအခါ၌ အဘိသိက်ကိုသွန်းလောင်းကြကုန်၏၊ပါသဏ္ဍအယူကိုယူခြင်းဖြင့် သာသနာတော်မှ သုံးနှစ်လွန်တော်မူ၏။

ခြောက်ဆယ့်နှစ်ပါးကုန်သော မိစ္ဆာဒိဋ္ဌိနှင့် ကိုးဆယ့်ခြောက်ပါးကုန်သော ပါသဏ္ဍအယူတို့သည် သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးလျှင်မူလရှိကုန်၏၊ထိုမူလနှစ်ပါး၌ တည်ကုန်၏၊နိဂဏ္ဌတို့ကိုငင်း, အဝတ်မရှိကုန်သော အစေဠကတို့ကိုငင်း,ပရိဗိုဇ်ပုဏ္ဏားတို့ကိုငင်း ငင်းတို့မှတပါးကုန်သော အထူးထူးသောအယူရှိကုန်သော ပုဂ္ဂိုလ်တို့ကိုငင်း,သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ အယူရှိကုန်သော ပုဂ္ဂိုလ်တို့ကိုငင်း, ထိုမှ တပါးကုန်သော သာသနာတော်မှအပ ဖြစ်ကုန်သော ပါသဏ္ဍအယူရှိကုန်သော တိတ္ထိတို့ကိုငင်း မြတ်သောတရားတည်းဟူသော အနှစ်သာရကိုရှာတော်မူသော အသောကမင်းသည် ပင့်ဘိတ်ပြီးလျှင် နန်းတော်တွင်း၌ မြတ်သော အလှူကြီးကို လှူပြီးသောအခါ အတုမရှိသော ပဉ္စာကို မေးလေသော် သရက်ပင်သရက်သီးကိုမေးလျှင် တောင်ပိန္နဲပင်တောင်ပိန္နဲသီးကိုဖြေဘိသကဲ့သို့ မသိကြကုန်သောကြောင့် ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကြသောအခါ အလုံးစုံကုန်သောပုဂ္ဂိုလ်တို့၏ ဟောကြားအပ်သော တရားတော်သည် အကျုမြူလောက်မျှ သင့်လျော်သော တရားမရှိဟု အလုံးစုံကုန်သော ပါသဏ္ဍအယူရှိကုန်သောပုဂ္ဂိုလ်, အထူးထူးသော အယူရှိကုန်သောပုဂ္ဂိုလ်တို့ကို ပယ်ဖျက်တော်မူပြီးလျှင်ဤသို့ကြံစည်တော်မူ၏၊ "ဤပင့်ဘိတ်အပ်ကုန်သောပုဂ္ဂိုလ်တို့မှတပါးကုန်သော အဘယ်ပုဂ္ဂိုလ်တို့ကို ငါရပါအံ့နည်း၊ လောက၌ အရဟတ္တမဂ်,အရဟတ္တဖိုလ် တရားတော်ကို အကြင်ပုဂ္ဂိုလ်တို့သည် သိကုန်မြင်ကုန်၏၊ ဤပုဂ္ဂိုလ်တို့သည် လောက၌ရှိကုန်၏၊ ဤပုဂ္ဂိုလ်မှမဆိတ်ကုန်၊ အဘယ်[illegible]ပါသည် သူတော်ကောင်းတို့ကို ဖူးမြင်ရဆည်းကပ်ရပါအံ့နည်း၊ ထိုသူတော်ကောင်းတို့၏ကောင်းစွာဟောအပ်သော တရားတော်ကို နာကြားရလျှင်[illegible] နှင့်တကွ မင်း၏အဖြစ်ကို လှူအံ့"ဟုကြံစည်သော်လည်း အလှူခံ[illegible]လ်ကို မြင်တော်မမူ။

ထိုအခါ အသောကမင်းကြီးသည် မြတ်သောပြာသာဒ်၌ စင်္ကြံကြွတော်မူသောအခါ သီလဝန္တသုပေသလဂုဏ်နှင့် ပြည့်စုံကုန်သော များစွာသောလူတို့ကို အမြဲရှာတော်မူလျက် ကြည့်ရှုလေသော် ကြည်ညိုဘွယ်သော ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, ဘေးသို့ကြည့်ခြင်းရှိသော ချအပ်သောမျက်လွှာရှိသော ရဟန္တာဖြစ်တော်မူသော ရှေးဘဝ၌ ပျားကုန်သည်ဖြစ်သောအခါ အစ်ကိုကြီးတော်ခဲ့ဘူးသော လမ်း၌ဆွမ်းခံခြင်းငှါကြွတော်မူသော နိဂြောဓ သာမဏေကို မြင်တော်မူသောအခါ ဤသို့ကြံစည်တော်မူ၏၊ဤမထေရ်သည်လောက၌မြတ်စွာဘုရား၏တပည့်ဖြစ်တော်မူသော ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်၏ဟု ကြံစည်တော်မူ၏၊ထိုအခါ ပီတိငါးပါးနှင့်ပြည့်စုံသောကြည်ညိုခြင်း,ဝမ်းမြောက်ခြင်းကို ဥစ္စာမရှိသောသူသည် ရွှေအိုးကိုရဘိသကဲ့သို့ငှင်း,စိတ်အလိုရှိတိုင်း ပြည့်စုံသောသိကြားမင်းကဲ့သို့ငှင်း ရရှိတော်မူ၏၊ ထိုအခါ တပါးသောအမတ်ကို ခေါ်တော်မူပြီးလျှင် "လမ်း၌ဆွမ်းခံခြင်းအကျိုးငှါ ကြွသွားတော်မူသောသူငယ်ကို လျင်မြန်စွာ ပင့်ယူခဲ့လော့"ဟု မိန့်တော်မူ၏။

မင်းကြီးသည် တက်ကြွသော စိတ်ရှိသည်ဖြစ်၍ ဤယောကျ်ားမြတ်ကို ငါသည်ရှေး၌မမြင်ဘူးလေ၊ မြတ်သောတရားနှင့် ပြည့်စုံလေသလောဟု စိတ်ဖြင့်ကြံစည်လျက် နန်းတော်သို့ ရောက်သောအခါ ရှုးစမ်း လိုသည်ဖြစ်၍ ဤသို့လျှောက်၏၊ "ဤနန်းတော်၌ နေရာကို ကောင်းစွာ ခင်းထားအပ်၏၊ ငါသည် ခွင့်ပြုအပ်၏၊ သင်အလိုရှိသော နေရာ၌နေလော့"ဟု မိန့်တော်မူ၏၊ထိုအခါ နိဂြောဓသာမဏေသည် မင်းကြီး၏လက်တို့ကိုကိုင်၍ ပလ္လင်္ကမွလာကျောက်ဖျာ၌ သိကြားမင်းသည် နေထိုင်ဘိသကဲ့သို့ မြတ်သောပလ္လင်၌ နေတော်မူ၏၊ ထိုအခါ မင်းကြီးသည် ဤသူငယ်သည် တုန်လှုပ်ခြင်း, ကြောက်ရွံ့ခြင်းမရှိ၊ မြတ်သောအရိယာမင်တရားသည် ရှိလေသလောဟု ကြံစည်ပြီးသောအခါ သုတ်,အဘိဓမ္မာ,ဝိနည်း၌ လိမ်မာတော်မူသော မြတ်စွာဘုရား၏သားတော်ဖြစ်တော်မူသော နိဂြောဓသာမဏေကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဤသို့လျှောက်လေ၏၊ "အရှင်သာမဏေ..... သင်ယူအပ်သော တရားတော်ကို အကျဉ်းအားဖြင့် ဟောတော်မူပါ၊ အရှင်သာမဏေ

သည်သာလျှင် ကျွန်ုပ်၏ဆရာဖြစ်၏၊ အရှင်သာမဏေသည် ကျွန်ုပ်ကို ဆုံးမသင့်၏၊ အရှင်သာမဏေ၏စကားကို လိုက်နာပါအံ့၊ ကျွန်ုပ်ကို ဆုံးမတော်မူပါ၊ တရားကိုနာယူပါအံ့''ဟု လျှောက်လေ၏၊ သာမဏေ သည် မင်းကြီး၏စကားကို ကြားတော်မူသောအခါ အင်္ဂါကိုးပါးနှင့် ပြည့်စုံသော ပိဋကတ်သုံးပုံကို ပဋိသမ္ဘိဒါဉာဏ်၌ တည်တော်မူလျက် ကြည့်ရှုတော်မူလေသော် အပ္ပမာဒ ဒေသနာတော်ကို မြင်တော်မူ၏။

**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊**
**အပ္ပမတ္တာ နမိယျန္တိ၊ ယေ ပမတ္တာ ယထာ မတာ၊ ။**

ဟု အပ္ပမာဒ ဒေသနာကို ဟောတော်မူလေလျှင် မင်းကြီးသည် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော အလုံးစုံသော တရား တို့တွင် ဤအပ္ပမာဒတရားသည် အရင်းမူလဖြစ်၏ဟု သိတော်မူ၍ ''ယနေ့သည်သာလျှင် အရှင်ဘုရားတို့ကို ဆည်းကပ် ကိုးကွယ်ပါ၏၊ ဘုရားရတနာ, တရားရတနာ, သံဃာရတနာကိုလည်း ဆည်းကပ် ကိုးကွယ်ပါ၏၊သား, မယား, ဆွေမျိုးတို့နှင့်တကွ ဥပါသကာ၏အဖြစ် ကို သိစေပါ၏''ဟု လျှောက်ကြားလေ၏၊ သား, မယားတို့နှင့်တကွ သရဏဂုံ၌ တည်တော်မူသောမင်းကြီးသည် ကလျာဏမိတ္တဖြစ်တော် မူသော နိဂြောဓ သာမဏေအား လေးသိန်းသော ငွေအသပြာတို့ကို ၎င်း, ရှစ်ခု ရှစ်လီ အရေအတွက်ရှိသော နိစ္စဘတ်ကို၎င်း,ပူဇော်တော် မူ၏၊ထိုအခါ တေဝိဇ္ဇာဂုဏ်,ဆဠဘိညဂုဏ်,စေတောပရိယာယကောဝိဒ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သော မြတ်စွာဘုရား၏ သာဝကဖြစ်တော် မူကုန်သော ခီဏာသဝရဟန္တာတို့သည် များစွာရှိကုန်၏၊တဘန် မင်း ကြီးသည် အသောကာရာမ ကျောင်းတော်ကြီးကို ဆောက်လုပ်တော် မူပြီးလျှင် ဤကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူသော သံဃာ တော်အား ဖူးမြင်ခြင်းကို အလိုရှိပါ၏၊ ရှိခိုးလိုပါ၏၊ တရားတော်ကို နာလိုပါ၏ဟု မထေရ်ကို လျှောက်လေ၏၊ ထိုအခါ ခြောက်သောင်း ကုန်သော ရဟန်းတို့သည် ကြွလာတော်မူကုန်၏။

ထိုအခါ တမန်တော်ဖြစ်သော အမတ်သည် မင်းကြီးအား ''အရှင် မင်းကြီး…ရဟန်းသံဃာတော်သည် စည်းဝေးတော်မူပါပြီ၊ဝမ်းမြောက်

တော်မူသည်ဖြစ်၍ သံဃာတော်၏ထံသို့ ကြွတော်မူပါ၊ အရှင်မင်းကြီးသည် သံဃာတော်အား ဖူးမြင်ခြင်းကိုအလိုရှိပါ၏''ဟု လျှောက်ကြားကြကုန်၏၊ တမန်တော်အမတ်၏စကားကို ကြားတော်မူလျှင် အသောကမင်းကြီးသည် ဆွေတော်မျိုးတော်တို့နှင့် မှူးတော်မတ်တော် အဆွေခင်ပွန်းတို့ကို ဤသို့မိန့်တော်မူ၏၊''များစွာသော သံဃာတော်တို့သည် ကြွလာတော်မူသောအခါ မြတ်သောအလှူတော်ကြီးကို လှူဒါန်းကြကုန်အံ့၊ အားအစွမ်းရှိသလောက် ဝေယျာဝစ္စကုသိုလ်ကို ပြုကြကုန်အံ့။

အလှူမဏ္ဍပ်နှင့်ရေတည်ထားခြင်း နေရာခင်းခြင်းကိုငင်း, လှူဒါန်းရန်သင့်လျော်သော အဖျော်, ဘောဇဉ်နှင့် ကောင်းစွာစီရင်အပ်သော စားဘွယ်,သောက်ဘွယ်ဖြစ်သော ဟင်းလျာ, ထမင်းအပြင်မုန့်နှင့်ယာဂုတို့ကိုငင်း, လျင်မြန်စွာ စီရင်ကြကုန်၊ ရဟန်းသံဃာတော်အား မြတ်သောအလှူဒါနကြီးကို လှူဒါန်းကြကုန်အံ့၊ မြို့၌စည်တော်တို့ကို တီးကြကုန်၊ လမ်းတို့ကို သုတ်သင်ကြကုန်၊ သဲဖြူတို့ကိုခင်းကြကုန်၊ အဆင်းငါးပါးရှိသော ပန်းနှင့် ပန်းစေတီ, တုရိုဏ်တိုင်,ငှက်ပျောပင်, ကြည်လင်သန့်ရှင်းသောရေပြည့်အိုး ဤအလုံးစုံတို့ကို ပြုလုပ်လျက် ထားကြကုန်၊ ထိုထိုအရပ်၌ ဥတုအစဉ်နှင့်သင့်လျော်သော စေတီပုထိုးတို့ကို ထားကြကုန်၊ ထိုထိုအရပ်၌ အဝတ်တို့ဖြင့် တံခွန်ပြုလုပ်၍ ထားကြကုန်၊ မြို့ကို ပန်းကုံးပန်းဆိုင်းတို့ဖြင့် တင့်တယ်အောင် ဆွဲထားကြကုန်၊ မင်း, ပုဏ္ဏား, ကုန်သည်, သူဆင်းရဲတပါးကုန်သော အမျိုးသားသမီးတို့သည်လည်း အဝတ်တန်ဆာပန်း အယူးထူး တင့်တယ်သောတန်ဆာတို့ကိုယူခဲ့ကြ၍ ဆီမီးညှိထွန်းကုန်လျက် သံဃာတော်ကို ဖူးမြင်ခြင်းငှာ သွားကြကုန်၊ အလုံးစုံသော စည်လှည့်ခြင်းကို ပြုကြကုန်၊ အထူးထူး သင်ကြားအပ်ကုန်သော စောင်းတီးသောဆရာတို့သည် သာယာနာပျော်ဘွယ်သောအသံတို့ကို တီးကြကုန်၊ ကောင်းသော အသံရှိကုန်သော ပတ္တရားတို့ကိုလည်းတီးကြကုန်၊ အလုံးစုံကုန်သောတန်ဆာပေးသောသူ ဆေတ္တာသည်,ကချေသည်တို့သည် စည်းဝေးတော်မူသော သံဃာတော်သို့ ပူဇော်ကြခြင်းငှါ ဆည်းကပ်ကြကုန်၊ အမျိုးမျိုးသောပန်း, များစွာသော ရေပြည့်အိုး, အမျိုးမျိုးသော နံ့သာပျောင်းတို့ဖြင့် ပူဇော်ကြကုန်''ဟု မိန့်တော်မူ၏။

မြို့သူမြို့သားတို့ကိုလည်း အမျိုးမျိုးသော ပူဇော်အပ်သောလှူဖွယ်ဝတ္ထုတို့ကို ပြုလုပ်စေပြီးလျှင် မိမိသည် သားတော်, သမီးတော်, မိဖုရားတို့ကို ခေါ်ယူတော်မူ၍ ထိုညဥ့်ကိုလွန်သောအခါ မိမိ၏နန်းဟော်၌ မြတ်သော အရသာနှင့်ပြည့်စုံသောဆွမ်းကိုဒီရင်တော်မူပြီးလျှင် အမတ်နှင့်တကွ အခြွေအရံတော်ဖြစ်ကုန်သော များစွာသော လူတို့ကို ဤသို့စေခိုင်းတော်မူ၏၊ "များစွာသောနံ့သာပန်းထွင့်, ပန်းထီး,ပန်းတံခွန်ညီထွန်းအပ်သော များစွာသော ဆီမီးကိုစေခိုင်းတော် မူသည့်အတိုင်းယူဆောင်ခဲ့ကုန်လော့"ဟု မိန့်တော်မူ၏။

"ဤမြို့တော်၌ နေသောသူတို့နှင့်အလုံးစုံသောနိဂုံး၌ နေသောသူတို့သည်ရင်း, အရပ်လေးမျက်နှာတို့၌ နေသောသူတို့သည်ရင်း, မင်းခယောကျ်ားစစ်သည်ဗိုလ်ပါတို့သည်ရင်း, ရဟန်းသံဃာတော်ကို ဖူးမြင်ခြင်းငှါ ငါ့နောက်သို့လိုက်ကြကုန်လော့"ဟုမိန့်တော်မူပြီးလျှင် ကြီးစွာသောမင်း၏အာနုဘော် များစွာသော အခြံအရံတော်ဖြင့်သဒ္ဒါတရားရှိသည်ဖြစ်၍ သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်တော်သို့ ထွက်တော်မူသကဲ့သို့အသောကမင်းကြီးသည်သံဃာ့ထံတော်သို့ထွက်တော်မူပြီးလျှင်လျင်မြန်စွာရဟန်းသံဃာတော်၏ထံ၌ ရှိခိုးတော်မူပြီး၍ ဝမ်းမြောက်ဝမ်းသာစွာ လက်အုပ်ချီတော်မူလျက် စကားပြောဆိုတော်ပြီး၍ "အလုံးစုံသော သံဃာတော်သည် နန်းတော်တွင်း၌ ကျွန်ုပ်အား သနားသဖြင့် ကျွန်ုပ်၏ဆွမ်းကို ဘုဉ်းပေးတော်မူပါ"ဟု လျှောက်ပြီးသောအခါ သံဃထေရ်၏သပိတ်ကို ယူတော်မူလျက် များစွာသောပန်းတို့ဖြင့် ပူဇော်၍ နန်းတော်သို့ပင့်၍ နေရာ၌နေစေပြီးသော် ယာဂု, အထူးထူးသောခဲဖွယ်, မြတ်သောသူတို့အား ထိုက်သော ဘောဇဉ်တို့ကိုသံဃာတော်တို့၏ အလိုဆန္ဒအားလျော်စွာ ဖြန့်သောလက်ဖြင့်ပေးလှူတော်မူ၏၊ ဆွမ်းဘုဉ်းပေးတော်မူပြီးသော ရဟန်းသံဃာတော်အားတပါးတပါးလျှင် ပုဆိုးအစုံ, ခြေနယ်ဆီ, ထီး, ဘိနပ, အလုံးစုံသောရဟန်းတို့၏ ပရိက္ခရာ, ပျား, တင်လဲကို လှူဒါန်းတော်မူပြီးလျှင် ရဟန်းသံဃာတော်အား ပစ္စည်းလေးပါးကို အလိုတော်ရှိတိုင်း လှူဒါန်းပါမည်ဟု ဘိတ်တော်မူလျက် ပရိက္ခရာပစ္စည်းလေးပါးတို့ဖြင့် ဖျောင့်ရဲစေပြီးလျှင် မြတ်စွာဘုရား ဟောတော်မူအပ်သော နက်နဲသော

ဓမ္မက္ခန္ဓာတော်ကို ဤသို့လျှောက်တော်မူ၏၊"အရှင်ဘုရားတို့....မြတ်စွာ ဘုရား ဟောတော်မူအပ်သော ဓမ္မက္ခန္ဓာတော်၏ အပိုင်းအခြားသည် ရှိပါသလော၊ရှိတော်မူလျှင် နာမ်,လိင်,ဝိဘတ်,ကောဋ္ဌာသ,သင်္ချာဖြစ် သော ဓမ္မက္ခန္ဓာတော်တို့၏ အရေအတွက်ကို ဤမျှအတိုင်းအရှည်ရှိ၏ ဟု ဟောကြားတော်မူပါ"ဟု လျှောက်လေ၏။

ထိုအခါ ရဟန်းသံဃာတော်သည် ဤသို့မိန့်တော်မူ၏၊"မြတ်သော မင်းကြီး....ဓမ္မက္ခန္ဓာတော်တို့၏ အရေအတွက်အပိုင်းအခြားသည်ရှိ၏၊ မြတ်စွာဘုရားသည်ရေတွက်တော်မူ၍ဝေဘန်အပ်,ပညတ်အပ်,ပြတော် မူအပ်, ဟောကြားတော်မူအပ်၏၊ ဓမ္မက္ခန္ဓာတော်သည် အကြောင်း အကျိုးနှင့်ပြည့်စုံ၏။ အနက်သဒ္ဒါနှင့် ပြည့်စုံ၏၊ ဤဓမ္မက္ခန္ဓာတော် တို့တွင် ဤဓမ္မက္ခန္ဓာတော်ကား ချွတ်ယွင်း၏၊ မကောင်းသဖြင့် ဟော အပ်၏ဟု ပယ်သင့်ပယ်ထိုက်သော ဓမ္မက္ခန္ဓာတော်မရှိ၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင် ဤခုနစ်ပါးအပြား ရှိသော မြတ်သောဗောဓိပက္ခိယ တရားတော်ကို ကောင်းစွာဝေဘန် လျက် ဟောတော်မူ၏၊ လောကုတ္တရာ တရားမြတ်ကို အင်္ဂါကိုးပါးရှိ သော ပရိယတ္တိသာသနာတော်သည် အကျယ်အားဖြင့် ဝေဘန်တော်မူ ၍ ဟောတော်မူ၏၊ သတ္တဝါတို့ကို သနားတော်မူသော မဟာ ကရုဏာတော်ဖြင့် မြတ်စွာဘုရားဟောတော်မူသော ရှစ်သောင်းလေး ထောင်သော ဓမ္မက္ခန္ဓာတော်သည် မြတ်သောနိဗ္ဗာန်တရားတော်ကို ဟောတော်မူ၏၊ သံသရာမှလွတ်ကြောင်းဖြစ်သော အလုံးစုံသောဒုက္ခ ကိုကုန်စေတတ်သော အမတနိဗ္ဗာန်၏ ဆေးဖြစ်သော မဂ်တရားကို ဟောတော်မူ၏"ဟု မိန့်တော်မူ၏။

မင်းကြီးသည် ရဟန်းသံဃာတော် ဟောတော်မူသော တရားကို နာရသောအခါ များစွာဝမ်းမြောက်တော်မူသောကြောင့် မင်းနှင့်တကွ သောပရိသတ်၌ဤသို့သောစကားကိုလျှောက်ထားတော်မူ၏၊"မြတ်စွာ ဘုရားဟောတော်မူသော ဓမ္မက္ခန္ဓာတော်သည် ရှစ်သောင်းလေးထောင် ရှိသောကြောင့် ရှစ်သောင်းလေးဆောင်သော ကျောင်းတော်တို့ကို ဆောက်လုပ်ပါအံ့၊တဆူတဆူသောဓမ္မက္ခန္ဓာတော်အား တဆောင်သော ကျောင်းတော်အာရာမ်ကို ပူဇော်ပါအံ့"ဟု လျှောက်ထားပြီးလျှင် ထို

လျှောက်ထားသောနေ့၌သာလျှင် အသောကမင်းကြီးသည် ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကို စွန့်တော်မူ၍ ရှစ်သောင်းလေးထောင်သော အမတ်တို့ကို စေလွှတ်တော်မူ၏၊ ထိုအသောကမင်းကြီး မင်းပြုတော်မူသောအခါ၌ ဇမ္ဗူဒိပ်ကျွန်း၌ ရှစ်သောင်းလေးထောင်ကုန်သော မြို့တို့သည်ရှိကုန်၏၊ ထိုမြို့တွင် တမြို့တမြို့၌ တဆောင်တဆောင်သော ကျောင်းအာရာမ်ကိုဆောက်လုပ်တော်မူ၏၊ သုံးနှစ်အတွင်း ကျောင်းအာရာမ်ကို ဆောက်လုပ်တော်မူပြီး၍ ပြီးဆုံးလေသော် ခုနစ်ရက် ပူဇော်ခြင်းကို ပြုတော်မူ၏။

အသောကမင်း သာသနာကြည်ညိုခြင်းပြီး၏။
ဆဋ္ဌမပိုင်းပြီး၏။

---

# သတ္တမပိုင်း

## ၁၁။ တတိယသင်္ဂါယနာတင်တော်မူခြင်း

ပူဇော်ခြင်းကိုပြုလုပ်သောအစနေ့၌ အသောကမင်းကြီးသည် စစ်အင်္ဂါလေးပါးဖြင့် ခြံရံတော်မူလျက် မြို့သို့ လှည့်လည်သောအခါ ကျောင်းသို့သွားတော်မူ၍ သံဃာ့အလယ်၌ နေတော်မူ၏၊ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့သည်၎င်း, ကိုးသောင်းခြောက်ထောင်ကုန်သောဘိက္ခုနီမတို့သည်၎င်း စည်းဝေးတော်မူကြကုန်၏၊အဘိညာဉ်ခြောက်ပါးကို ရတော်မူကုန်သော များစွာကုန်သော ရဟန်းတို့သည် တန်ခိုးအာနုဘော်ဖြင့် မြေအပြင်ကိုအညီအမျှပြုပြီး၍ လောကဝိဝရဏာ တန်ခိုးပြာဋိဟာဖြင့် မင်းကြီးအား ကျောင်းပူဇော်ပွဲတို့ကို ပြတော်မူကုန်၏၊ အသောကာရုံကျောင်းတော်၌ နေတော်မူသောမင်းကြီးသည် ဇမ္ဗူဒိပ်ကျွန်းကို ကြည့်ရှုလေသော် အလုံးစုံသောမြို့တို့၌ မြတ်သော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အလုံးစုံကုန်သော ကျောင်းဟိုကိုမြင်တော်မူ၏၊ စိုက်ထောင်အပ်သော တံခွန်,ပန်း, တုရိုဏ်တိုင်, ပန်း,စေတီ,ငှက်ပျောပင်, ရေပြည့်အိုး,အထူးထူးသောပန်းတို့ဖြင့် တန်ဆာဆင်အပ်သော အရပ်လေးမျက်နှာတို့၌ တင့်တယ်သော ဇမ္ဗူဒိပ်ကို မြင်တော်မူ၏၊ ကျောင်းပူဇော်ပွဲတို့ကို၎င်း, ကြွလာကုန်သော ရဟန်း

သံဃာဘိက္ခုနီသံဃာတို့ကိုင်း, သူတောင်းစားတို့ကိုင်း ပြည့်စီရင်အပ်သော မဟာဒါနကို ပေးလှူသည်တို့ကို မြင်တော်မူလေ၏၊ ပူဇော်အပ်ကုန်သော ရှစ်သောင်းလေးထောင်ကုန်သော ကျောင်းတို့ကို မြင်တော်မူသောအခါ ဝမ်းမြောက်တော်တော်မူသည်ဖြစ်၍ ရဟန်းသံဃာကို ဤသို့လျှောက်၏၊ "အရှင်ဘုရားတို့··မြတ်စွာဘုရားသာသနာတော်၌ ကျွန်ုပ်၏ စွန့်ကြဲလှူဒါန်းခြင်းသည် များပါ၏၊ ကိုးဆယ့်ခြောက်ကုဋေ ကုန်သော ဥစ္စာတို့ကိုစွန့်၍ရှစ်သောင်းလေးထောင်ကုန်သော ကျောင်း အာရာမ်တို့ကို မြတ်စွာဘုရားဟောတော်မူအပ်သော ဓမ္မက္ခန္ဓာတော် အား ပူဇော်ခြင်းငှာဆောက်လုပ်ပါ၏၊စေတီတော်အားတသိန်း,အရှင် နိဂြောဓသာမဏေအားတသိန်း, ဓမ္မကထိကပုဂ္ဂိုလ်တို့အား တသိန်း, သူနာတို့အားတသိန်း၌လေးသိန်းသောဥစ္စာတို့ကိုနေ့စဉ်လှူဒါန်းပါ၏၊ မဟာဂင်္ဂါမြစ်၌ ထမင်းရေစီးဘိသကဲ့သို့ နေ့စဉ်ဒါနမြဲဆွမ်းကို လှူဒါန်း ပါ၏၊ ကျွန်ုပ်ထက်စွန့်ကြဲလှူဒါန်းခြင်း၌ များသော တစုံတယောက် သောသူ မရှိပါ၊ကျွန်ုပ်၏သဒ္ဓါတရားသည် ထက်သန်ပါ၏၊ ထို့ကြောင့် သာသနာတော်၌ အမွေခံဖြစ်ပါသလော"ဟု လျှောက်လေ၏။

ထိုအခါ အသောကမင်းကြီး၏ လျှောက်ထားသောစကားကို ပဏ္ဏတ္တိ တဂုဏ်, သုတသမ္ဘဂုဏ်, ဓမ္မဝိနယကောဝိဒဂုဏ်နှင့် ပြည့်စုံတော်မူ သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ကြားတော်မူသောအခါ ဤသို့ မိန့်တော်မူ၏၊"သာသနာတော်ကိုချီးမြှင့်ခြင်းငှါသံဃာ၏မှီရာဖြစ်သော ကျောင်းကို ဆောက်လုပ်အပ်၏၊ အနာဂတ်ကာလ၌ အဓွန့်ရှည်စွာ အ ကျိုးစီးပွားဖြစ်ခြင်း၏အကြောင်းဖြစ်လေသောကြောင့်သာသနာတော် ၌ အမွေခံမှအပဖြစ်သော ပစ္စယဒါယကာမည်၏၊ အကြင်သူသည် မိမိ ရင်၌ဖြစ်သော သားကိုင်း,သမီးကိုင်းစွန့်၍ ရဟန်းသာမဏေပြုစေ ၏၊ထိုသူသည်သာသနာတော်၌အမွေခံဖြစ်၏"ဟုမိန့်တော်မူ၏၊မင်းကြီး သည် ထိုစကားကိုကြားတော်မူသောအခါ သားတော်မဟိန္ဒနှင့် သမီး တော်သင်္ဃမိတ္တာကို ခေါ်တော်မူပြီးလျှင်"ခမည်းတော်သည် သာသနာ တော်၌ အမွေခံဖြစ်လို၏၊ သားတော်သမီးတော်တို့သည် ရှင်ရဟန်း ပြုခြင်းငှာ စွမ်းနိုင်ကြပါမည်လော"ဟု မေးတော်မူလေလျှင် ပကတိ အားဖြင့် ရှင်ရဟန်းပြုလိုကြသောကြောင့် ခမည်းတော်၏ စကားကို

ကြားကြသောအခါ “ခမည်းတော်··စွမ်းနိုင်ပါကုန်၏၊ ခမည်းတော်၏ စကားကို လိုက်နာပါကုန်အံ့၊ ကျွန်ုပ်တို့ကို ရှင်ရဟန်းပြုတော်မူ၍ သာသနာတော်၌ အမွေကိုခံယူတော်မူပါလော”ဟု လျှောက်ကြလေသော် အသောကမင်းကြီးသည် သားတော်သမီးတော်တို့ကို လျင်မြန်စွာ ရှင်သာမဏေပြုတော်မူ၏၊ ထိုအခါမဟိန္ဒမင်းသားသည် အသက်နှစ်ဆယ်ပြည့်တော်မူ၏၊ သမီးတော်သင်္ဃမိတ္တာကား သက်တော်ဆယ့်ရှစ်နှစ်ရှိတော်မူ၏၊ မင်းကြီးအဘိသိက်သွန်းပြီးနောက် ခြောက်နှစ်ရှိသော် သားတော်သမီးတော်တို့သည် ရှင်သာမဏေဖြစ်ကြကုန်၏၊ ထို့နောက် အရှင်မဟိန္ဒထေရ်သည် ရဟန်းဖြစ်တော်မူ၏၊ သင်္ဃမိတ္တာသည် သာမဏေရီသိက္ခာတို့ကို ဆောက်တည်တော်မူ၏။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ငါးဆယ့်လေးဝါ၌အသောကမင်းကြီးသည် ကောရဇာအဘိသိက်ခံယူတော်မူ၏၊ အသောကမင်းအဘိသိက်ခံယူပြီးနောက် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ခြောက်ဆယ့်ခြောက်ဝါရှိတော်မူသောအခါ အရှင်မဟိန္ဒသည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူ၏၊ မဟာဒေဝထေရ်သည် ရှင်ပြု၍ပေးတော်မူ၏၊ မဇ္ဈန္တိကထေရ်သည် ကမ္မဝါဆရာပြုတော်မူ၏၊ ဤမဟာထေရ် သုံးပါးတို့သည် အရှင်မဟိန္ဒကို စောင့်ရှောက်တော်မူကုန်၏၊ ဥပဇ္ဈာယ်ဖြစ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် လက်ဘဲပကျွန်း၌ သာသနာတော်တည်ထွန်းစေသော အရှင်မဟိန္ဒထေရ်ကို အလုံးစုံသော ဓာတ္တမမ္မနှင့်ပြည့်စုံသော ပိဋကတ်သုံးပုံကိုချပေးတော်မူ၏၊ အသောကမင်း ဘိသိက်ခံပြီးနောက် ဆယ်နှစ်ရှိသောအရှင်မဟိန္ဒသည် လေးဝါရရှိတော်မူ၍ အလုံးစုံသော ပရိယတ္တိဓမ္မကိုတတ်မြောက်တော်မူသောကြောင့် ဂဏာစရိယဖြစ်တော်မူ၏။

[ဤနေရာ၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ငါးဆယ်လေးဝါ၌ အသောကမင်း ဘိသိက် ခံယူသည်ဟူ၍၎င်း, အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ခြောက်ဆယ့်ခြောက်ဝါ၌ အရှင်မဟိန္ဒ ရဟန်းဖြစ်သည်ဟူ၍၎င်း, အသောကမင်း ဘိသိက်ခံယူပြီးနောက် ဆယ်နှစ်ရှိသောအခါ အရှင်မဟိန္ဒလေးဝါရတော်မူသည်ဟူ၍၎င်း ဆိုရာ၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ ဝါတော် မညီညွတ်ချေ၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်

ဝါတော်ခြောက်ဆယ်၌ ရှင်မဟိန္ဒ ရဟန်းဖြစ်သင့်သောကြောင့် ဆသဋ္ဌိမော ဂ္ဂလိသဝ္ဂါယော-ဟူသော ပါဌ်သည်လည်း ဆဋ္ဌိမောဂ္ဂလိသဝ္ဂယော-ဟု ရှိသင့်၏။

ပါရာဇိကဏ်အဋ္ဌကထာ၌ တိဋ္ဌကသင်္ဂဟိတံ သာဋ္ဌကထံ သဗ္ဗံ ထေရဝါဒံ တိဏ္ဏံ ဝဿာနံ အဗ္ဘန္တရေ ဥဂ္ဂဟေတွာ အတ္တနော ဥပဇ္ဈာယဿ အန္တေဝါသိကာနံ သဟဿမတ္တာနံ ဘိက္ခူနံ ပါမောက္ခော အဟောသိ၊ တဒါ အသောကော ဓမ္မရာဇာ နဝဝဿာဘိသေကော ဟောတိ-ဟု အရှင်မဟိန္ဒ၏ သုံးဝါ အသောကမင်း၏ကိုးနှစ်၌ အရှင်မဟိန္ဒသည် ဂဏပါမောက္ခဖြစ်တော်မူသည်ဟု မိန့်၏။]

မြတ်စွာဘုရား ဟောတော်မူအပ်သော ထေရဝါဒ ဖြစ်သော ပိဋကတ်သုံးပုံကို အရှင်မဟိန္ဒသည် သင်ယူလျက် ဆောင်တော်မူ၏၊ ဝိဇ္ဇာသုံးပါး,အဘိညာဉ်ခြောက်ပါး, ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း ရတော်မူ၏၊ အသောကမင်းကြီး အဘိသိက်ခံယူတော်မူသည်မှ သုံးနှစ်ရှိသောအခါ အရှင်နိဂြောဓသာမဏေသည်၎င်း,လေးနှစ်ရှိသောအခါ ညီတော် အိမ်ရှေ့မင်းဖြစ်တော်မူသော အရှင်တိဿထေရ်သည်၎င်း, ခြောက်နှစ်ရှိသောအခါ သားတော်အရှင်မဟိန္ဒသည်၎င်း ရဟန်းဖြစ်တော်မူ၏၊အဘိသိက်ခံယူသည်မှ ရှစ်နှစ်ရှိသောအခါ အရှင်*ကောန္တိပုတ္တတိဿထေရ်, အရှင် သုမိတ္တထေရ်တို့သည် ပရိနိဗ္ဗာန်စံတော်မူကုန်၏။

များစွာကုန်သော မင်း, ပုဏ္ဏားတို့သည် ဥပါသကာ၏အဖြစ်ကို ပြောက်ကြားကြကုန်၏၊ ထိုအခါ မြတ်စွာဘုရား သာသနာတော်၌ များစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်ပေါ်လာ၏၊ အထူးထူးသောအယူရှိကုန်သော တိတ္ထိတို့သည်၎င်း, ဘိုးသူတော်နှင့် ရသေ့တို့သည်၎င်း,နဂ္ဂဏ္ဍနှင့် အစေဥက အစရှိသည်တို့သည်၎င်း ဆုတ်ယုတ်သော လာဘ်ပူဇော်သက္ကာရရှိကုန်၏၊ ခုနစ်နှစ်တို့ကာလပတ်လုံး ဝဂ္ဂဖြစ်သော ဥပုသ်ကံသည်ဖြစ်၏၊ အရိယာပုဂ္ဂိုလ်တို့သည် ဥပုသ်ပြုရန် သိမ်သို့ဝင်တော်မမူကြကုန်၊ ထိုအခါ အသောကာရုံ ကျောင်းတော်၌ ခြောက်သောင်းသော ရဟန်းတို့သည် သီတင်းသုံးတော် မူကုန်၏၊ အာဇီဝကနှင့် တပါးသောအယူရှိကုန်သော တိတ္ထိတို့သည် သက်နီးကို

[*ကောန္တပုတ္တ-ပါရာဇိကဏ်အဋ္ဌကထာ။]

ဝတ်ကုန်လျက် မြတ်စွာဘုရား၏သာသနာတော်ကို ဖျက်ဆီးကြကုန်၏၊ ဆဠဘိညဂုဏ်, မဟိဒ္ဓိကဂုဏ်, ဂဏပါမောက္ခဂုဏ်နှင့် ပြည့်စုံတော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်သည် သူတပါးတို့၏ ဝါဒကို နှိပ်နင်းတော်မူလျက် ထေရဝါဒကိုမြဲမြံစွာပြု၍ တတိယသင်္ဂါယနာတင်တော်မူပြီးလျှင် သာသနာတော်ကို ထွန်းလင်းစေလျက် ကထာဝတ္ထုကျမ်းကို ဟောတော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ပေါင်းတရာရှိသောအခါ၌ သံဃာတော်တကြိမ်ကွဲတော်မူ၏၊ ထိုနှစ်ပေါင်းတရာမှ လွန်၍ နောက်တရာ့သုံးဆယ့်ခြောက်နှစ်သို့ ရောက်သောအခါ၌လည်း သံဃာကွဲ၏၊ အရှင်မဟာကဿပစသော မထေရ်တို့၏ဝါဒဖြစ်သော ထေရဝါဒသည်ကား အလုံးစုံသောဝါဒတို့ထက်မြတ်၏။

[သမ္ဗုဒ္ဓေ ဝဿသတေ၊ ဝဿံ ဆတ္တိံသ သတာနိစ-ဟူ၍၎င်း,နိဗ္ဗုတေ ဒုတိယဝဿ သတေ ဝဿာနိ ဆတ္တိံသတိ၊ ပုန ဘေဒေါ အဇာယိတ္ထ၊ ထေရဝါဒါနမုတ္တမော-ဟူ၍၎င်း—

မိန့်အပ်သော ဤဒီပဝင်ပါဠိဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ခြောက်နှစ်ရှိသောအခါ တတိယသင်္ဂါယနာတင်တော်မူသည်ဟု သိအပ်၏။ ။မဟာဝင်ဝတ္ထု၌ကား-ဤတတိယ သင်္ဂါယနာကား မြတ်စွာဘုရား ပရိဗ္ဗာန်စံတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ငါးနှစ်ခြောက်သော တပို့တွဲလ၌ပြီး၏ဟု ဆို၏။]

လဇ္ဇီပေသလ သိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံကုန်သော ရဟန်းတော်တို့သည် ရဟန်းတုရဟန်းယောင်ဆောင်ကြကုန်သော တိတ္ထိတို့နှင့် ဥပုသ်ကံကို မပြုကြသောအခါ ကွဲပြားခြင်း အဓိကရုဏ်းသည် ဖြစ်ပေါ်လာ၏၊ ထိုအခါအရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် "သံဃာ၏ အလယ်၌ငါနေသဖြင့် ဤအဓိကရုဏ်းကိုငြိမ်းစေခြင်းငှာမစွမ်းနိုင်"ဟု သိတော်မူ၍ အရှင်မဟိန္ဒထေရ်အား ဂိုဏ်းကို အပ်တော်မူပြီးလျှင် အဟောဂင်္ဂါတောင်သို့ ကြွတော်မူလျက် သီတင်း သုံးတော် မူ၏၊ အသောကာရုံကျောင်းတော်၌ ခုနစ်နှစ်ဥပုသ်ကံ ပြုခြင်းသည် မရှိဖြစ်လေ၏၊ မင်းကြီးအား ဤအကြောင်းကို လျှောက်ကြကုန်၏၊ မင်းကြီးသည် "ကျောင်းတော်သို့သွားပြီးလျှင် အဓိကရုဏ်းကိုငြိမ်းစေ၍ ဥပုသ်ကံကို ပြုစေလော့"ဟု အမတ်တယောက်ကို စေလွှတ်တော်မူ၏။

အမတ်သည်ကျောင်းတော်သို့သွားပြီးလျှင် သံဃာတော်ကိုစည်းဝေးစေလျက် ဥပုသ်ပြုရန်လျှောက်လေသော် ရဟန်းတော်တို့သည် "ငါတို့သည် တိတ္ထိတို့နှင့်အတူတကွ ဥပုသ်ကံကိုမပြုကြကုန်"ဟု မိန့်တော်မူကုန်၏၊ထိုအခါ အမတ်သည် မဟာထေရ်၏နေရာမှစ၍ သန်လျက်ဖြင့်ဦးခေါင်းကိုဖြတ်လျက် သတ်လေ၏၊ ထိုအခါ အိမ်ရှေ့မင်းပြုခဲ့ဘူးသောအရှင်တိဿထေရ်သည် မထေရ်ကြီး၏အနီး၌ရှိသော နေရာ၌နေတော်မူ၏၊ အမတ်သည် အရှင်တိဿထေရ်ကို သိတော်မူ၍ သတ်ခြင်းငှါမရဲဝံ့သောကြောင့် မင်းကြီးအား လျှောက်ထားလေ၏။

မင်းကြီးသည် အမတ်လျှောက်ထားသောစကားကို ကြားတော်မူလေလျှင်"အမတ်မိုက်..သင့်ကိုငါသည်ရဟန်းတို့ကိုသတ်ခြင်းငှါစေခိုင်းသလော"ဟုမိန့်တော်မူလျက် သံသယ ကုက္ကုစ္စဖြစ်တော်မူသောကြောင့်ကျောင်းတော်သို့ သွားတော်မူပြီးလျှင် "ကျွန်ုပ်၏ သံသယကုက္ကုစ္စကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်သောရဟန်းတော်သည် ရှိပါသလော"ဟု ရဟန်းသံဃာတော်အား လျှောက်ထားသောအခါ"မြတ်သောမင်းကြီး…အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်ရှိ၏၊ ထိုမထေရ်သည် ဤသံသယကုက္ကုစ္စကို ပယ်ဖျောက်၍ သာသနာတော်ကိုချီးမြှောက်ခြင်းငှါစွမ်းနိုင်သည်"ဟု မိန့်တော်မူလေသော် မင်းကြီးသည် ထိုနေ့မှစ၍ နှစ်ကြိမ်သုံးကြိမ်တိုင်အောင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်တော်မူ၍ ကြွလာတော်မူသောအခါ မထေရ်ကိုမိမိဥယျာဉ်တော်သို့ပင့်၍"ငါ၏သံသယကုက္ကုစ္စကိုပယ်ဖျက်၍သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်ပါမည်လော"ဟု စူးစမ်းခြင်းငှါမြေတုန်လှုပ်စေသော တန်ခိုးပြာဋိဟာကို ပြတော်မူစေလျက် မထေရ်ပြတော်မူအပ်သော တန်ခိုးပြာဋိဟာကို ဖူးမြင်ရသောအခါ မထေရ်သည် သာသနာတော်ကို ချီးမြှောက်ခြင်းငှါ စွမ်းနိုင်လတ္တံ့ဟု ဆုံးဖြတ်တော်မူပြီးလျှင် မိမိ၏သံသယကုက္ကုစ္စကို ဤသို့မေးလျှောက်တော်မူ၏။

"ဘုရားတပည့်တော်သည် ကျောင်းတော်သို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ပြုစေလောဟု အမတ်တယောက်ကို စေလွှတ်၏၊ ထိုအမတ်သည် ကျောင်းသို့သွားပြီးလျှင် ရဟန်းတို့ကိုသတ်၏၊ ဤ

မကောင်းမှုသည် အဘယ်သူအားဖြစ်ပါသနည်း''ဟု လျှောက်လေလျှင် ''မြတ်သောမင်းကြီး….သင်မင်းကြီးအား ဤအမတ်သည် ကျောင်းသို့သွား၍ ရဟန်းတို့ကိုသတ်ပါစေဟူသော စိတ်သည်ရှိလေသလော''ဟု မေးတော်မူသောအခါ ''မရှိပါ''ဟု လျှောက်ထားလေလျှင် ''ဤသို့သဘောရှိသော စိတ်သည် အကယ်၍ မရှိသည်ဖြစ်အံ့၊သင်မင်းကြီးအား မကောင်းမှုကံသည်မရှိ''ဟု သုတ်ပါဠိတော်, ဇာတ်ပါဠိတော်ဖြင့်မင်းကြီး၏ သံသယကုက္ကုစ္စကို ပယ်ဖျောက်တော်မူပြီးလျှင် ထိုမင်းဉယျာဉ်၌သာလျှင် ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူလျက် မင်းကြီးကို အယူဝါဒကိုသင်ယူစေ၏၊ မင်းကြီးသည် ခုနစ်ရက် ပြည့်လေသော် အသောကာရုံကျောင်းတော်၌ ရဟန်းသံဃာတော်ကို စည်းဝေးစေ၏။

ထိုအခါ တိတ္ထိတို့ကိုနှိပ်နင်းခြင်းငှါ ခြောက်သောင်းအတိုင်းအရှည်ရှိကုန်သော ရဟန်းတော်တို့သည် ကြွလာတော်မူကုန်၏၊မင်းကြီးသည် ကန့်လန့်ကာကိုကာစေ၍ ကန့်လန့်ကာအတွင်း၌ နေတော်မူလျက် အယူတူသောရဟန်းတို့ကို တပေါင်းတည်းပြုစေ၍ တပါးတပါးသော ရဟန်းဘို့ကိုခေါ်စေ၍ မေးတော်မူ၏၊ မင်းကြီးသည် မထေရ်၏ထံတော်၌ သာသနာတော်၏ အယူတော်ကို သင်ယူပြီးဖြစ်သောကြောင့် ထေရသံဝါသက ဖြစ်ကုန်သော ခြောက်သောင်းသော တိတ္ထိတို့ကို ''ဤသူတို့သည် သာသနာတော်မှ အပဖြစ်သော တိတ္ထိဘို့တည်း''ဟု သိတော်မူသောကြောင့် ထိုတိတ္ထိတို့အား အဝတ်ဖြူတို့ကိုပေးတော်မူပြီးလျှင် နှင်ထုတ်တော်မူပြီးသော် ရဟန်းသံဃာတော်သည်သာလျှင် ရှိတော်မူသောအခါ ''ယခုသာသနာတော်သည် သန့်ရှင်းစင်ကြယ်ပါပြီ၊ ရဟန်းသံဃာတော်သည် ဉပုသ်ကို ပြုတော်မူပါ''ဟု အစောင့်အရှောက်ထားပြီးလျှင် မြို့တော်သို့ ဝင်တော်မူ၏၊ သံဃာတော်သည် ညီညွတ်စွာ စည်းဝေးတော်မူပြီးလျှင် ဉပုသ်ပြုတော်မူ၏။

ထိုအစည်းအဝေး၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် တပါးသောဝါဒကို နှိပ်နင်းခြင်းငှါလည်း, မိမိ၏ထေရဝါဒကို တင့်တယ်စေခြင်းငှါလည်း, အဘိဓမ္မပိဋကဖြစ်သော ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးလျှင် မိမိ၏ထေရဝါဒ သန့်ရှင်းစင်ကြယ် စေခြင်းငှာလည်း,

သာသနာတော် အဓွန့်ရှည်စွာတည်ခြင်းငှာငှင်း များစွာသောရဟန်းတို့တွင် တိပိဋက ပရိယတ္တိဓရေဂုဏ်, ပဋိသမ္ဘိဒါဂုဏ်, တေဝိဇ္ဇာဒိဘေဒဂုဏ်နှင့် ပြည့်စုံကုန်သော မြတ်သည်ထက် မြတ်တော်မူကုန်သော တထောင်သော ရဟန္တာအရှင်တို့ကို ရွေးချယ်တော်မူပြီးလျှင် အရှင်မဟာကဿပထေရ်,ကာကဏ္ဍကပုဏ္ဏားၡ၏ သားဖြစ်သော အရှင်ယသထေရ်တို့သည် သင်္ဂါယနာ တင်ကုန်ဘိသကဲ့သို့ အလုံးစုံသော သာသနာတော်၏ အညစ်အကြေးကို သုတ်သင်တော်မူလျက် တတိယသင်္ဂါယနာတင်တော်မူ၏၊ အသောကမင်းကြီးသည် ဆောက်လုပ်တော်မူအပ်သော အသောကာရုံ ကျောင်းတော်ကြီး၌ ကိုးလတို့ဖြင့် ဤတတိယ သင်္ဂါယတနာတင်တော်မူခြင်းသည် ပြီးဆုံးခြင်းသို့ရောက်တော်မူ၏။

[ဒီပဝင်ကျမ်း၌ အကျဉ်းမျှဖြစ်၍ အနုသန္ဓေမစပ်ခြင်းကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှင့် ဆက်စပ်၍ဖော်ပြသည်။]

တတိယသင်္ဂါယနာတင်တော်မူခြင်းပြီး၏။

သတ္တမပိုင်းပြီး၏။

---

# အဋ္ဌမပိုင်း

## ၁၂။ သာသနာပြုစေလွှတ်တော်မူခြင်း

အရှင်မောဂ္ဂလိပုတ္တ တိဿထေရ်သည် ဤတတိယ သင်္ဂါယနာတင်တော်မူပြီးလျှင် အနာဂတ်ကာလ၌ ပစ္စန္တရစ်အရပ်၌ သာသနာတော်တည်လတ္တံ့သည်ကို ဒိဗ္ဗစက္ခုဉာဏ်တော်ဖြင့် မြင်တော်မူ၍ ပစ္စန္တရစ်အရပ်၌ နေကုန်သော သတ္တဝါတို့၏ ကြီးပွားခြင်း, သာသနာတော်၏ တည်ခြင်း အကျိုးငှါ မိမိနှင့်ငါးပါး၍ကုန်သော မဇ္ဈန္တိက အစရှိကုန်သောမဟာထေရ်တို့ကို“ပစ္စန္တရစ်အရပ်၌နေကုန်သော သတ္တဝါတို့အားသနားကရုဏာဖြင့် သာသနာတော်တည်ကြကုန်, တရားတော်ကိုဟောကြကုန်”ဟု စေလွှတ်တော်မူ၏၊ ထိုစေလွှတ်တော်မူအပ်သောမဟာထေရ်တို့တွင် အရှင်မဇ္ဈန္တိကထေရ်သည် ဂန္ဓာရတိုင်းသို့ ကြွတော်မူ၍ အမျက်ထွက်သော အရဝါဠနဂါးကို ကြည်ညိုစေလျက် များစွာကုန်သော သတ္တဝါတို့ကို သံသရာအဖွဲ့မှ လွတ်စေတော်မူ၏။

အရှင်မဟာဒေဝထေရ်သည် မဟိံသတိုင်းသို့ ကြွတော်မူ၍ နိရယ ဒုက္ခဖြင့် ဒေဝဒူတသုတ်ကို ဟောတော်မူ၍ များစွာကုန်သော သတ္တဝါ တို့ကို သံသရာအဖွဲ့မှ လွတ်စေတော်မူ၏။

အရှင်ရက္ခိတ ထေရ်သည် ဝနဝါသိတိုင်းသို့ကြွတော်မူ၍ ကောင်း ကင်၌ တည်တော်မူလျက် အနမတဂ္ဂိယ ဒေသနာတော်ဖြင့် တိုင်းသူ တိုင်းသားတို့ကို ကြည်ညိုစေ၏။

အရှင်ယောနကဓမ္မရက္ခိတထေရ်သည် အပရန္တကတိုင်းသို့ ကြွတော် မူ၍ အဂ္ဂိက္ခန္ဓောပမသုတ် ဒေသနာတော်ဖြင့် တိုင်းသူ တိုင်းသားတို့ကို ကြည်ညိုစေ၏။

အရှင် မဟာဓမ္မရက္ခိတထေရ်သည် မဟာရဋ္ဌသို့ကြွတော်မူ၍ မဟာ နာရဒကဿပဇာတက ဒေသနာတော်ဖြင့် လူအပေါင်းကို ကြည် ညိုစေ၏။

အရှင်မဟာရက္ခိတ ထေရ်သည် ယောနကတိုင်းသို့ ကြွတော်မူ၍ ကာဠကာရာမသုတ္တန္တကထာဖြင့် လူအပေါင်းကို ကြည်ညိုစေ၏။

အရှင်မဇ္ဈိမထေရ်, အရှင်ကဿပဂေါတ္တထေရ်, အရှင်အဠကဒေဝ ထေရ်, အရှင် ဒုန္ဒုဘိယထေရ်, အရှင်မဟာဒေဝထေရ် ဤမဟာထေရ် ငါးပါးတို့သည် ဟိမဝန္တာအရပ်သို့ကြွတော်မူ၍ ဓမ္မစက္ကပဝတ္တနသုတ္တန္တ ဒေသနာတော်ဖြင့် လူအပေါင်းကို ကြည်ညိုစေ၏။

အရှင်သောဏထေရ်, အရှင်ဥတ္တရထေရ်တို့သည် သုဝဏ္ဏဘူမိမည် သော သထုံမြို့သို့ကြွတော်မူ၍ မြေဘုတ်ဘီလူးတို့ကို နှင်ထုတ်တော်မူ ပြီးလျှင် ဗြဟ္မဇာလသုတ္တန္တ ဒေသနာတော်ဖြင့် များစွာသော သတ္တဝါ တို့ကို သံသရာအဖွဲ့မှ လွတ်စေ၏။

မိမိလျှင် ငါးပါးရှိတော်မူသော အရှင်မဟိန္ဒထေရ်သည် လင်္ကာ ဒီပကျွန်းသို့ ကြွတော်မူ၍ သာသနာတော်ကို တည်မြဲအောင်ပြုတော် မူလျက် များစွာကုန်သော သတ္တဝါတို့ကို သံသရာအဖွဲ့မှ လွတ်စေ၏။

နာနာဒေသပသာဒမည်သော ကိုးတိုင်းကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူခြင်းပြီး၏။

အဋ္ဌမပိုင်းပြီး၏။

# နဝမပိုင်း

## ၁၃။ လင်္ကာဒီပကျွန်း၌ ဝိဇယမင်း မင်းပြုတော်မူခြင်း

"သီဟေန လာယတေ ဂယှတေတိ သီဟလော"ဟူသော ဝစနတ္တနှင့်အညီ ခြင်္သေ့၏မျိုးစေ့ဖြစ်သော ဝိဇယမင်းသည် ယူအပ်, မင်းပြုအပ်သောကြောင့် လင်္ကာဒီပကျွန်းသည် သီဟဠမည်၏၊ ထိုသီဟိုဠ်ကျွန်း၌ မင်းတို့၏ဖြစ်စဉ်ရာဇဝင်ကို ပြဆိုပေအံ့။

ဝင်္ဂတိုင်းကိုအစိုးရတော်မူသော ဝင်္ဂရာဇ်မင်း၏*သုသိမာမည်သော သမီးတော်သည် တော၌ကျက်စားသော ခြင်္သေ့နှင့် ပေါင်းသင်းဆက်ဆံသော သံဝါသကိုစွဲ၍ သားတော်သီဟဗာဟု,သမီးတော်သီဝလိကို ဖွားမြင်တော်မူ၏၊ သားတော် သမီးတော်တို့သည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လေသော် ဂူအတွင်းမှ ထွက်ကြပြီးလျှင် ထိုတော၌ သီဟပုရမည်သော မြို့တော်ကိုဖန်ဆင်းတည်ထောင်၍ နှမတော်သီဝလိကို မိဖုရားကြီးတင်မြှောက်မူလျက် မင်းပြုလေသော် အစုံအစုံသောသားတော်တို့ကို တဆယ့်ခြောက်ကြိမ် ဖွားမြင်ခြင်းကြောင့် သုံးကျိပ်နှစ်ယောက်သောသားတော်တို့ကို ရတော်မူ၏၊အကြီးဆုံးသော သားတော်ကား ဝိဇယမည်၏၊ ထိုအောက်သားတော်သည် သုမိတ္တမည်၏။

ဝိဇယမင်းသားသည် အသက်အရွယ်နှင့် ပြည့်စုံလေသော် လာဠတိုင်း သီဟပုရမြို့၌ အိမ်ရှေ့မင်းဖြစ်တော်မူ၏၊ ထိုအိမ်ရှေ့မင်းသည် တိုင်းသူပြည်သားတို့အား နှိပ်စက်ခြင်း, လုယက်ခြင်း, အနိုင်အထက်မူခြင်း,စော်ကားရမ်းကား ခိုးယူစဉ်းလဲညှဉ်းဆဲ နှိပ်စက်ခြင်းကို ပြုသောကြောင့် ဇနပုဒ်နိဂုံး၌ နေကုန်သော တိုင်းသူ ပြည်သားတို့သည် သီဟဗာဟု မင်းကြီးထံသို့ လာကြ၍ သားတော်ဝိဇယ၏ အပြစ်ကို လျှောက်ကြားလေသော် မင်းကြီးသည်အမျက်တော်ရှိ၍ "သားတော် ဝိဇယနှင့် ၎င်း၏အလုပ်အကျွေး ဖြစ်ကုန်သော သားမယား,အဆွေခင်ပွန်းကို၎င်း, ခုနစ်ရာမျှလောက်သောသော ကျေးကျွန်တို့ကို၎င်း နှင့်ထုတ်ကြကုန်လော"ဟု အမတ်တို့အားအမိန့်တော် ရှိခြင်းကြောင့်

[*ကေသရီ-မဟာဝင်။]

ဝိဇယမင်းသားနှင့်တကွ အလုံးစုံသောသူတို့ကို "သင်တို့သည် အလိုရှိရာအရပ်သို့ သွားကြကုန်၊ တဖန်ဤတိုင်းပြည်သို့ မလာကြကုန်လင့်" ဟု ဆိုကြပြီးလျှင် လှေပေါ်သို့တင်ပြီးလျှင် သမုဒ္ဒရာ၌ မျှောကြကုန်၏။

ထိုအခါ သူငယ်တို့စီးသောလှေသည် နာဂဒီပကျွန်းသို့ ရောက်လေ၏၊ မယားတို့စီးသော လှေသည် မဟိလာတိုင်းသို့ ရောက်လေ၏၊ ယောကျ်ားတို့စီးသော လှေသည် သမုဒ္ဒရာ၌မျှောလေသော် မျက်စိလည်လမ်းမှား၍ ပျက်စီးသောကြောင့် သုပ္ပါရကဆိပ်သို့ရောက်လေ၏၊ ထိုအခါ ခုနစ်ရာကုန်သော လူတို့သည် သုပ္ပါရကဆိပ်သို့ဆင်းကြလေသော် ထိုသုပ္ပါရကဆိပ်၌ နေကုန်သောသူတို့သည် များစွာရှိသေမြတ်နိုးခြင်းကိုပြုကြကုန်၏၊ ထိုအခါ ဝိဇယမင်းနှင့် အလုံးစုံကုန်သော ခုနစ်ရာကုန်သောလူတို့သည် မကောင်းမှုကိုပြုလုပ်ခြင်းမှ မရှောင်ကြဉ်ကြကုန်၊ သတ်ခြင်း,ခိုးခြင်း, ပရဒါရကံကိုပြုခြင်း,မုသာဝါဒ ပြောဆိုခြင်း,ချောပစ်ကုန်းတိုက်ခြင်း,မရှိသေပြုခြင်း,ကြမ်းကြုတ်သော ဒုဿီလျအမှုကိုပြုခြင်းတို့ကို ကျင့်ကြကုန်သောကြောင့် ထိုလူတို့ကို သတ်၍ပစ်ကြကုန်အံ့ဟု သုပ္ပါရကဆိပ်၌ နေကုန်သောလူတို့သည် တိုင်ပင်ကြံစည်ကြကုန်၏။

သီဟိုဠ်ကျွန်းကို ရှေးဘုရားရှင်တို့ပွင့်တော်မူသောအခါ ဩဇဒီပဟူ၍၎င်း,ဝရဒီပဟူ၍၎င်း,မဏ္ဍဒီပဟူ၍၎င်း ခေါ်ဆိုကြကုန်၏၊ ယခုအခါ၌ကား လင်္ကာဒီပဟူ၍၎င်း,တမ္ဗပဏ္ဏိဟူ၍၎င်း ခေါ်ဆိုကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးအခါ၌ သိကြားမင်းအား ဤသို့မိန့်တော်မူ၏၊ "သီဟဗာဟုမင်း၏သားဖြစ်သော ဝိဇယမင်းသည် ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ရောက်၍ မင်းပြုလတ္တံ့၊လင်္ကာဒီပကျွန်းကို မမေ့မလျော့ ကောင်းစွာ စောင့်ရှောက်လေလော့" ဟု မိန့်တော်မူသောအခါ သိကြားမင်းသည် ဝန်ခံတော်မူပြီးလျှင် *ဥပ္ပလဝဏ္ဏနတ်သားအား လင်္ကာဒီပကျွန်းကို စောင့်ရှောက်ရန် မိန့်တော်မူ၏၊ ထိုအခါ တန်ခိုးကြီးသော ဥပ္ပလဝဏ္ဏနတ်သားသည် ပရိသတ်နှင့်တကွ လင်္ကာဒီပကျွန်းကို စောင့်ရှောက်လေ၏။

---

[*ဥပလပတ္တ-မဟာဝင်။]

ဝိဇယမင်းသည် ဘာရုကစ္ဆကမြို့၌ သုံးလနေပြီးလျှင် လှေဖြင့် သမုဒ္ဒရာ၌သွားလေသော် လေအဟုန်လွင့်သဖြင့် လင်္ကာဒီပကျွန်းသို့ ရောက်၍ ကုန်းပေါ်သို့တက်ကြလေလျှင် အလွန်ဆာလောင်မွတ်သိပ် ခြင်းရှိသည်ဖြစ်၍ ပင်ပန်းကြသောကြောင့် လေးဘက်ထောက်၍ ဒါး ကုန်းလျှက်သွားကြသောအခါ နီသောမြေမှုန့်တို့သည် လက်ခြေတို့၌ လိမ်းကျံလေရကား နီမြန်းသော လက်ဝါးရှိခြင်းကြောင့် (တမ္ဗော ပါဏိ ဧတ္ထာတိ တမ္ဗပါဏိ။ ။ဧတ္ထ၊ ဤအရပ်၌။ တမ္ဗော၊ နီရဲသော။ ပါဏိ၊ လက်ဝါးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ ထိုအရပ်သည်။ တမ္ဗပါဏိ၊ တမ္ဗပါဏိမည်၏) ဟူသော ဝစနတ္ထနှင့် အညီ တမ္ဗပါဏိဟု သမုတ်၏။

ဝိဇယမင်းသည် အခြံအရံတို့နှင့်တကွ လှေမှမြေသို့တက်ကြပြီးလျှင် လင်္ကာဒီပကျွန်း၌ တမ္ဗပဏ္ဏိမည်သောမြို့ကို ရှေးဦးစွာ ဖန်ဆင်းတော်မူ၍ ထိုမြို့၌နေတော်မူလျက် မင်းပြုတော်မူ၏။ဝိဇယမင်း,ဝိဇိတအမတ်, အနုရာဓအမတ်, ဥပတိဿအမတ် ဤမင်းနှင့် အမတ်တို့သည် များစွာကုန်သော ယောကျ်ား,မိန်းမတို့နှင့်တကွ လင်္ကာဒီပကျွန်းသို့ ရှေးဦးစွာလာကြပြီးလျှင် ထိုထိုအရပ်တို့၌ မြို့တို့ကို ဖန်ဆင်းကြကုန်၏။

တမ္ဗပဏ္ဏိကျွန်း၏တောင်မျက်နှာ၌ရှိသောမြစ်ကမ်း၌ဝိဇယမင်းသည် တမ္ဗပဏ္ဏိမည်သောမြို့ကို ဖန်ဆင်း၏၊ဝိဇိတအမတ်သည် ဥရုဝေလမြို့ကို၎င်း,အနုရာဓ အမတ်သည် အနုရာဓမြို့ကို၎င်း,အနုရာဓ အမတ်သည် ဥဇ္ဇေနီမြို့ကို၎င်း, ဥပတိဿအမတ်သည် ဥပတိဿမြို့ကို၎င်း ဖန်ဆင်းကြ ကုန်၏၊လင်္ကာဒီပမည်သော တမ္ဗပဏ္ဏိကျွန်း၌ ဝိဇယမင်းသည် ရှေးဦးစွာ မင်းပြုတော်မူ၏၊မင်းအဖြစ်သို့ရောက်၍ ခုနစ်နှစ်ရှိလေသော် ဇနပုဒ်သည် များစွာသောလူတို့ဖြင့် ရောပြွမ်းလေ၏ ဝိဇယမင်းသည် သုံးဆယ့်ရှစ် နှစ် မင်းပြုတော်မူ၏။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ကိုးလရှိသောအခါ လင်္ကာ ဒီပကျွန်း၌ ဘီလူးစစ်သည်အပေါင်းကို ပယ်ဖျောက်တော်မူ၏၊ ငါးနှစ် ရှိသောအခါ နဂါးတို့ကိုဆုံးမတော်မူ၏၊ ရှစ်နှစ်ရှိသောအခါ သမာပတ် ချမ်းသာကို ဝင်စားတော်မူ၏၊ဤသို့လျှင် သုံးကြိမ် လင်္ကာဒီပကျွန်းသို့ ကြွ

လာတော်မူ၏၊ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ရှိတော်မူသောအခါ ဝိဇယမင်းသည် လင်္ကာဒီပသို့လာတော်မူလျက် လူတို့၏နေထိုင်ရာကို ပြု တော်မူ၏၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်နောက် သုံးဆယ့်ရှစ် နှစ် မင်းပြုတော်မူ၏၊ နတ်ပြည်စံလွန်တော်မူချိန် နီးလေသော် "ညီတော် တို့တွင် ညီတော်တပါးသည်လင်္ကာဒီပကျွန်းသို့လျင်မြန်စွာလာခဲ့ပါလော့၊ နောင်တော် နတ်ပြည်စံလွန်သည်ရှိသော် ဤလင်္ကာဒီပကျွန်းကို မင်းပြု နိုင်သော သူမရှိပါ၊ နောင်တော်အားထုတ်လျက် တည်ထောင်ပြုလုပ် သော ဤလင်္ကာဒီပကျွန်းကို အပ်နှံပါ၏" ဟု သီဟပုရမြို့ ညီတော်သုမိတ္တ မင်းကြီး၏ထံတော်သို့ တမန်တော်ကို စေလွှတ်တော်မူ၏။

ဝိဇယမင်း မင်းပြုတော်မူခြင်းပြီး၏။
နဝမပိုင်းပြီး၏။

# ဒသမပိုင်း

## ၁၄။ ပဏ္ဍုဝါသုဒေဝမင်း မင်းပြုတော်မူခြင်း

လိုအခါ သီဟပုရမြို့၌ သီဟဗာဟုမင်းကြီး နတ်ပြည်စံတော်မူသော ကြောင့် ဒုတိယသားတော် သုမိတ္တမင်းကြီး နန်းစံတော်မူ၏၊ လင်္ကာဒီပ ကျွန်းမှလာကုန်သော ဝိဇယမင်းကြီး၏တမန်တော်တို့သည် ညီတော် သုမိတ္တမင်းကြီးအား နောင်တော်ပေးလိုက်သောမှာစာကို ဆက်ကြကုန် ၏၊သုမိတ္တမင်းကြီးသည် မှာစာကိုကြားတော်မူလျှင် သားတော်သုံး ယောက်တို့တွင် အငယ်ဖြစ်သော ပဏ္ဍုဝါသုဒေဝမင်းသားကို စေလွှတ် တော်မူ၏၊ ဝိဇယမင်း၏အမတ်တို့သည် ရောက်လာသော ပဏ္ဍုဝါသု ဒေဝမင်းသားအား အလုံးစုံသောတိုင်းပြည်ထီးနန်းကို ဆောင်နှင်းကြ ကုန်၏၊ မင်းသားအားလည်း မိဖုရားမရှိသည်၏ အဖြစ်ကြောင့် အဘိ သိက် မခံဘဲ ပြည်ရေးရွာမှုကိုစီရင်၍သာ နေတော်မူ၏၊ သုဒ္ဓေါဒနမင်း ကြီး၏ ညီတော်အငယ်ဖြစ်သော အမိတောဒနမည်သော သာကီဝင်မင်း အား ပဏ္ဍုသက္ကမည်သော သားတော်သည်ရှိ၏၊ ထိုသားမတော်အား ရွှေစင်ကိုသွန်းလုပ်သောမိန်းမရုပ်ကဲ့သို့အလွန်ရှုချင်ဘွယ်တင့်တယ်သော အဆင်းရှိသော ဘဒ္ဒကစ္စာနာမည်သော သမီးတော်သည်ရှိ၏၊သီဟိုဠ်

ကျွန်းသို့ရောက်လာသော ပဏ္ဍုဝါသုဒေဝမင်းသည်လည်း မှူးမတ်တို့ကို မစ၍ ပဏ္ဍုသက္ကမင်းအား သမီးတော်ဘဒ္ဒကစ္စာနာကို တောင်းလေ၏။

ထိုအခါ ပဏ္ဍုသက္ကမင်းသည် အခြံအရံနှင့်တကွ သမီးတော်ကိုပေးတော်မူလေ၏၊ဘဒ္ဒကစ္စာနာမင်းသမီးသည်အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်းငှာ ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ရောက်လာသောအခါ လင်္ကာဒီပကျွန်း၌ ရှိသော အမတ်တို့သည် ပဏ္ဍုဝါသုဒေဝမင်းကို လင်္ကာဒီပကျွန်း၌ ၊မင်း၏အဖြစ်ဖြင့်၎င်း, ဘဒ္ဒကစ္စာနာ မင်းသမီးကို မိဖုရားကြီးအဖြစ်ဖြင့်၎င်း အဘိသိက် သွန်းကြကုန်၏၊ မင်းကြီးသည် မိဖုရားကြီးနှင့်ပေါင်းဖေါ်ခြင်းကိုအစွဲပြု၍ အဘယမင်းသား,တိဿမင်းသား, ဥတ္တိမင်းသား, ဒုတိယတိဿမင်းသား, အသေလမင်းသား, ဝိဘာတမင်းသား,ယာမမင်းသား,သိဝမင်းသား,မတ္တမင်းသား,မတ္တကလမင်းသားတို့နှင့် အငယ်ဆုံးဖြစ်သော သမီးတော် စိတ္တာအားဖြင့် တကျိပ်တယောက်သော သားသမီးတို့ကို ဖွားမြင်တော်မူ၏၊ စိတ္တာမင်းသမီးသည် အဆင်းအားဖြင့် အလွန်လှပ တင့်တယ်သောကြောင့် ရှုမြင်ကြရကုန်သော ယောကျ်ားတို့သည် ရူးသည်သာဖြစ်ကုန်၏၊ ထို့ကြောင့် မင်းသမီးကို "ဥမ္မာဒစိတ္တာ"ဟူ၍ ခေါ်ဆိုကြကုန်၏။

ပဏ္ဍုဝါသုဒေဝမင်းသည် နှစ်ပေါင်းသုံးဆယ်မင်းပြုတော်မူ၏၊ ဂင်္ဂါပါဒမြို့၌ မင်းပြုတော်မူသော ပဏ္ဍုသက္ကမင်းအား ယာမသားတော်, တိဿသားတော်, အနုရာဓသားတော်, မဟာလိသားတော်, ဒီဃာဝုသားတော်, ရောဟိဏီသားတော်, ဂါမဏီသားတော်အားဖြင့် အမိတောဒနမင်းကြီး၏ မြေး-မြတ်စွာဘုရား၏အနွယ်တော် ဖြစ်ကုန်သော သာကီဝင်မင်းသား ခုနစ်ယောက်တို့သည်ရှိကုန်၏၊ ထိုသားတော်တို့တွင် ဂါမဏီမင်းသားမှတပါး ခြောက်ယောက်သောမင်းတို့သည် နှမတော် ဘဒ္ဒကစ္စာနာထံသို့လိုက်လာကြကုန်၏၊ပဏ္ဍုဝါသုဒေဝမင်းသည်လည်း လင်္ကာဒီပကျွန်းတွင်နှစ်သက်ရာဒေသ၌ယောက်ဖတော်ခြောက်ယောက်တို့အား မြို့ရွာတည်၍ နေစေ၏၊ ပဏ္ဍုဝါသုဒေဝမင်း နတ်ရွာစံသောအခါ သားတော်အဘယမင်းသည် နှစ်ပေါင်းနှစ်ဆယ် မင်းပြုတော်မူ၏၊ ဒီဃာဝုမင်းသား၏ သားတော်ဖြစ်သော ဂါမဏီမင်းသားသည် ပဏ္ဍု

ဝါသုဒေဝမင်းကြီးထံ၌ ခစားတော်မူစဉ် သမီးတော်ဥမ္မာဒစိတ္တာနှင့် ပေါင်းဖော်သည်ကိုစွဲ၍ ပဏ္ဍုကာဘယမည်သော သားတော်ကိုဖွားရာ၏၊ ပဏ္ဍုကာဘယမင်းသားသည် ဒွါရမဏ္ဍလရွာ၌ မိမိကိုယ်ကို စောင့်ရှောက်လျက်နေ၏။ (မဟာဝင်နှင့်ညှိ၍ဖော်ပြသည်။)

ပဏ္ဍုဝါသုဒေဝမင်း မင်းပြုခြင်းပြီး၏။

ဒသမပိုင်းပြီး၏။

---

# ဧကာဒသမပိုင်း

## ၁၅။ ဒေဝါနံပိယတိဿမင်းအဘိသိက်ခံခြင်း

ပဏ္ဍုဝါသုဒေဝ မင်းကြီးသည် လက်ာဒီပကျွန်း၌ နှစ်ပေါင်း သုံးဆယ်ပတ်လုံး မင်းပြုတော်မူ၍ မြေးတော်ပဏ္ဍုကာဘယကို ဖွားပြီးသော် ထိုလပင်ကြမ္မာကုန်လေ၍ မင်းညီ,မင်းသား,မှူးတော်မတ်တော် အပေါင်းတို့သည် သားတော်အကြီးဖြစ်သော အဘယမင်းကို မင်းအဖြစ်သို့ အဘိသိက်သွန်းကြကုန်၏၊ အဘယမင်းသည် မင်းအဖြစ်၌ အနှစ် နှစ်ဆယ်ရှိသောအခါ ပကုဏ္ဍက (ပဏ္ဍုကာဘယ) မင်းသားသည် အသက်နှစ်ဆယ်ရှိ၏၊ သက်တော်သုံးဆယ့်ခုနစ်နှစ်ရှိသောအခါ အဘိသိက်သွန်း၍ မင်းပြု၏၊ ပကုဏ္ဍကမင်းသားသည် အဘယမင်း အနှစ်နှစ်ဆယ်၌ ခိုးသူ သူပုန်ဖြစ်၏၊ထိုနောက် တဘယ့်ခုနစ်နှစ်ရှိသော အခါ ဦးရီးတော်ခုနစ်ယောက်တို့ကို သတ်ပြီးလျှင် အနုရာဓမြို့၌ ရာဇာ ဘိသေက ဘိသိက်ကို ယူတော်မူ၍ မင်းပြုသောအခါ ဆယ်နှစ်ကိုလွန်၍ အနှစ်ခြောက်ဆယ်မရောက်မီ ရွာတို့ကိုတည်တော်မူလျက် သတ္တဝါတို့ အား ဘေးမဲ့ပေးတော်မူ၏၊ကိုယ်ထင်ရှားပြလျက် လုပ်ကျွေးကုန်သော ကာလဝေဠဘီလူး, စိတ္တရာဇာဘီလူး နှစ်ယောက်တို့နှင့်တကွ မင်း၏ စည်းစိမ်ကို ခံစံတော်မူ၏၊ နှစ်ပေါင်းခုနစ်ဆယ် မင်းပြု၍ နတ်ပြည်စံလေ သော် သားတော် မုဋသိဝမင်းသည် တမ္ဗပဏ္ဏိကျွန်း၌ နှစ်ပေါင်း ခြောက်ဆယ် မင်းပြုတော်မူ၏။

မုဋသိဝမင်းအား အဘယသားတော်,တိဿသားတော် နာဂသား တော်, ဥတ္တိသားတော်, မတ္တာဘယသားတော်,မိတ္တသားတော်, သိဝ

သားတော်, အသေလသားတော်, တိဿသားတော်,ကိရသားတော် အားဖြင့် သားတော်တကျိပ်၊ အနုဠာဒေဝီသမီးတော်,သိဝလီ သမီးတော်အားဖြင့် သမီးတော်နှစ်ပါးရှိကုန်၏၊ အဇာတသတ္တုမင်း မင်းဖြစ်သည်မှရှစ်နှစ်ရှိလေသော် ဝိဇယမင်းသည် လင်္ကာဒီပကျွန်းသို့လာ၏၊ ဥဒယမင်း မင်းအဖြစ်၌ တဆယ့်လေးနှစ်ရှိလေသော် ဝိဇယမင်းသည် နတ်ပြည်စံတော်မူ၏၊ဥဒယမင်း တဆယ့်ခြောက်နှစ်ရှိသောအခါ ပဏ္ဍုဝါသုဒေဝမင်းကို အဘိသိက်သွန်း၏၊ဝိဇယမင်းနှင့် ပဏ္ဍုဝါသုဒေဝမင်း နှစ်ပါးတို့၏အကြား၌ တနှစ် တမ္ဗပဏ္ဏိကျွန်း၌ မင်းမရှိဖြစ်လေ၏။

နာဂဒါသမင်းနှစ်ဆယ့်တနှစ်၌ ပဏ္ဍုဝါသုဒေဝ မင်းသည် နတ်ပြည်စံတော်မူသောကြောင့် သားတော် အဘယမင်းကို အဘိသိက် သွန်းလျက် မင်းမြှောက်ကြကုန်၏၊ နှစ်ဆယ့်လေးနှစ် မင်းပြုတော်မူသော စန္ဒဂုတ်မင်း၏ တဆယ့်လေးနှစ်ရှိသောအခါ ပကုဏ္ဍကမင်းသည် နတ်ပြည်စံတော်မူသောကြောင့် သားတော် မုဋသိဝမင်းကို အဘိသိက် သွန်းလျက် မင်းမြှောက်ကြကုန်၏၊ အသောကမင်း အဘိက်သွန်းသည်မှ တဆယ့်ခုနစ်နှစ်တွင် ခြောက်လသို့မရောက်မီ (တဆယ့်ခြောက်နှစ်ခြောက်လ) ဟေမန္တဥတု ဒုတိယလ၌ မုဋသိဝမင်းသည် နတ်ပြည်စံတော်မူသောကြောင့် သားတော်ဒေဝါနံပိယတိဿမင်းကို အဘိသိက်သွန်းလျက် တမ္ဗပဏ္ဏိကျွန်း၌ မင်းမြှောက်ကြကုန်၏။

ထိုဒေဝါနံပိယတိဿမင်းကြီးသည်ကား ကြီးသောဘုန်းပညာရှိတော်မူ၏၊ဆာတမည်သောတောင်ခြေရင်း၌ လတာယဋ္ဌိမည်သောဝါး,ပုပ္ဖယဋ္ဌိ မည်သောဝါး,သကုဏယဋ္ဌိ မည်သောဝါး ဤဝါးသုံးလုံးတို့သည် ပေါက်ကုန်၏၊ လတာယဋ္ဌိဝါးသည် ငွေအဆင်းရှိ၏၊ ရွှေအဆင်းနှင့်တူသောနွယ်တို့သည် ရှိကုန်၏၊ပုပ္ဖယဋ္ဌိဝါးသည် အထူးထူးသောပန်းတို့ဖြင့် တင့်တယ်၏၊အညို အရွှေ အနီ အဖြူပြိုးပြိုးပျက်သောအရောင်,ထန်းကျင့်ရောင်,နက်သော အရောင်တို့သည် ရှိကုန်၏၊သကုဏယဋ္ဌိဝါး၌ အထွေထွေသော အဆင်းရှိကုန်သော အထူးထူးသောငှက်တို့သည် အသက်ရှိကုန်ဘိသကဲ့သို့ထင်ကုန်၏၊ အခြေလေးချောင်းရှိသော သားသမင်တို့သည်လည်း အသက်ရှိကုန်ဘိသကဲ့သို့ ထင်ကုန်၏၊ဒေဝါနံပိယတိဿမင်း

ကြီးသည် အဘိသိက်သွန်း၍ မင်းပြုတော်မူသောအခါ မြင်းရုပ်နှင့်တူသော ဟယပုလဲ, ဆင်ရုပ်နှင့်တူသော ဂဇပုလဲ, ရထားသဏ္ဍာန်ရှိသော ရထပုလဲ,သျှိသျှားသီးသဏ္ဍာန်ရှိသော အာမလကပုလဲ,လက်ကောက်သဏ္ဍာန်ရှိသော ဝလယပုလဲ,လက်စွပ်သဏ္ဍာန်ရှိသော မုဒ္ဒိကပုလဲ, ရေခတက်သီးသဏ္ဍာန်ရှိသော ကကုဒပုလဲ,ပြကတေ့သော ပါကတိကပုလဲ ဤပုလဲရှစ်မျိုးတို့သည် ဘုန်းကံတော်ကြောင့် ဖြစ်ပေါ်လာကုန်၏။

ဆာတတောင်ခြေရင်း၌ သုံးလုံးသောဝါးတို့သည်၎င်း, သမုဒ္ဒရာ၌ ရှစ်မျိုးသောပုလဲတို့သည်၎င်း,မလယဇနပုဒ်၌ သုံးမျိုးသောပုလဲတို့သည်၎င်း,မင်းအားထိုက်သောရတနာတို့သည် ဖြစ်ပေါ်လာကုန်၏၊မင်းကြီး၏ ဘုန်းကံတော်ကြောင့် များစွာသောလူတို့သည် ဆောင်ယူလျက်ဆက်သကြကုန်၏၊ အဘိုးများစွာထိုက်သော ဂဏ်,အတုမရှိသော ဂဏ်, အံ့ဘွယ်ဖြစ်သောဂဏ်,မြတ်သောသူတို့အားသာ ထိုက်သောဂဏ်တို့နှင့်ပြည့်စုံသောရတနာတို့ကို မင်းကြီးမြင်တော်မူသောအခါ ကြည်လင်သောစိတ်တော်ရှိသည်ဖြစ်၍ ဤသို့သောစကားကို မိန့်တော်မူ၏၊"ငါသည်ကား ကောင်းစွာမွေးဖွားသောဂဏ်, မြတ်သောအမျိုး၌ဖြစ်သောဂဏ်, လူတို့ကိုအစိုးရသောဂဏ်နှင့် ပြည့်စုံ၏၊ဇာတ်နှင့်ပြည့်စုံသော အထောင်မကများစွာသော ရတနာတို့ကိုရတော်မူခြင်းကြောင့် ကောင်းစွာလေ့ကျက်အပ်သော ငါ့ကုသိုလ်ကံ၏ ဤသို့သဘောရှိသောအကျိုးကိုရ၏၊ ကုသိုလ်ကံကြောင့်ဖြစ်သော ငါ၏ရတနာတို့ကိုရှုကြကုန်၊ ငါ့အား အမိ,အဘ,ညီအစ်ကို,ဆွေမျိုးဉာတိ, အဆွေခင်ပွန်းတို့သည် ရှိကုန်၏၊ထိုသူတို့တွင် အဘယ်သူသည် ငါပေးအပ်သောလက်ဆောင်ကို ခံယူထိုက်သနည်း"ဟု မိန့်တော်မူပြီးလျှင် စူးစမ်းတော်မူလေသော် အသောကမင်းကြီးကို သတိရတော်မူလေ၏။

ဒေဝါနံပိယတိဿမင်းကြီးနှင့် ဓမ္မာသောကမင်းကြီး နှစ်ပါးတို့သည် တပါးနှင့်တပါး မမြင်ဘူးကုန်သော အဒိဋ္ဌသဟာယ ကလျာဏမိတ္တ အဆွေခင်ပွန်းတို့ဖြစ်ကုန်၏၊ "ဇမ္ဗူဒိပ်ကျွန်းကို အစိုးရတော်မူသော ကြီးသောဘုန်းရှိတော်မူသော ငါ၏အသက်နှင့် တူသော အသောကမည်သော ငါ၏အဆွေခင်ပွန်းတော်သည် ရှိ၏၊ ထိုသို့သော ကမင်းသည် ငါပေးဖို့အပ်သော လက်ဆောင်တော်ကို ခံယူထိုက်၏၊

ငါသည်လည်း မြတ်သောရတနာကို ပေးခြင်းငှာထိုက်၏”ဟု စူးစမ်းဆင်ခြင်တော်မူပြီးလျှင် မိမိ၏တူတော်ဖြစ်သော မဟာအရိဋ္ဌအမတ်ကို ဤသို့မိန့်တော်မူ၏၊ “ဤရတနာတို့ကိုယူပြီးလျှင် ဇမ္ဗူဒိပ်ကျွန်း ပန်း၏အမည်ဖြင့်မှည့်အပ်သော ပါဋလိပုတ်ပြည်သို့ လျှင်မြန်စွာသွား၍ ငါ၏အဆွေတော်ဖြစ်သော အသောကမင်းအား ဆက်သလေလော့” ဟု မိန့်တော်မူပြီးလျှင် မဟာအရိဋ္ဌအမတ်ကို အကြီးအမှူးပြု၍ ပရန္တပဗ္ဗတမည်သော သားတော်,သလမည်သော ပုဏ္ဏား,တိဿမည်သော စာချီ ဤလေးယောက်သောသူတို့ကို သုံးလုံးသောဝါး, ပြိုးပြိုးပြက်သောအရောင်ရှိသော ပတ္တမြားသုံးမျိုး, ပုလဲရှစ်မျိုး, သုံးချောင်းသောရထားနှင်တံဝါး, လက်ျာရစ်ခရုသင်းတို့ကို များစွာသောရတနာခြံရံလျက် အသောကမင်းအား ဆက်သရန် စေလွှတ်တော်မူ၏။

[မဟာဝင်၌ တာလိပဗ္ဗတမည်သောပုဏ္ဏား,တေလမည်သော အမတ် ဟုဆိုသည်။]

တမန်တော်တို့သည် ဇမ္ဗုကောလဆိပ်မှ လှေသို့သက်ဆင်း၍ လွှင့်ကြလေသော် ခုနစ်ရက်ဖြင့် ဇမ္ဗူဒိပ်ကျွန်းဆိပ်သို့ရောက်၍ ထိုဆိပ်မှသွားပြန်သဖြင့် ခုနစ်ရက်ရှိလျှင် ပါဋလိပုတ်ပြည်သို့ရောက်၍ ဓမ္မာသောကမင်းကြီးအား ထိုလက်ဆောင်များကို ဆက်သကြကုန်၏၊ ဓမ္မာသောကမင်းကြီးသည် လက်ဆောင်တော်တို့ကိုမြင်လျှင် အလွန်ကြင်နာကြည်ညိုသောကြောင့် လက်ဆောင်တော်တုန့်ပြန်ရန် စီမံတော်မူသည်ကား ယိးဖြူ, စာမရီသားမြီးယပ်, လက်ျာရစ်ခရုသင်း, ဦးရစ်ပေါင်း, နားသွယ်ပန်း, ဂင်္ဂါရေ, ရွှေကရား, မြတ်သောသူတို့ သာစီးထိုက်သောယာဉ်, ကျိုးခြေသဏ္ဍာန်ကဲ့သို့မင်္ဂလာအကျိုးငှါပြုအပ်သော ရွှေဖြင့်ပြီးသောနန္ဒိယာဝဋ္ဋမည်သောမင်းခမ်း,စားတော်ပွဲကျင်းရန်ရွှေခွက်ဘဏ္ဍာ, မဖွတ်မလျော်အပ်သော ပုဆိုးတစုံ, လက်သုတ်ပုဆိုး, ဂေါသီတစန္ဒကူး, အရုဏာဝတီမြေ, ဆေးဖြစ်သောသဖန်းခါးသီး, ဆေးဖြစ်သော သျှိသျှားသီး ဤအလုံးစုံသော လောကလက်ဆောင်တော်တို့ကို ပေးတော်မူ၏။

ထိုမှတပါး ဓမ္မလက်ဆောင်တော်ကိုလည်း ရွှေပေ အက္ခရာဖြင့် ရေး၍ ဤသို့မှာတော်မူလိုက်၏၊“အဆွေတော် ဒေဝါနံပိယတိဿမင်း…

ငါသည် အလျှုခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်တော်မူတော်သော မြတ်စွာဘုရားကိုဎင်း, ဝိရာဂိတရားတို့တွင် အမြတ်ဆုံးဖြစ်သောတရားကိုဎင်း, ပုညခေတ္တတို့တွင် အမြတ်ဆုံးဖြစ်သော သံဃာတော်ကိုဎင်း, နတ်နှင့်တကွသောလောက၌ အမြတ်ဆုံးဖြစ်သော၍ရတနာသုံးပါးကို မြတ်သောကောင်းကျိုးချမ်းသာကိုရခြင်းအကျိုးငှာရှိခိုး၏''ဟုမှာတော်မူလိုက်၏၊ တမန်တော် လေးယောက်တို့သည်လည်း ပါဋလိပုတ်ပြည်၌ ငါးလပတ်လုံးနေကြပြီးလျှင် အသောကမင်းသည် လက်တုန့်ပြန်လျက် ဆက်သတော်မူအပ်သော လက်ဆောင်တော်တို့ကို ယူကြလျက် ကဆုန်လဆန်းတရက်နေ့၌ ပါဋလိပုတ်ပြည်မှ ထွက်သွားကြလေသော် အနုရာဓမြို့သို့ ကဆုန်လဆန်း တဆယ့်နှစ်ရက်နေ့၌ ရောက်ကြကုန်၏၊ အဘိသိက်သွန်းရန် အသောကမင်းကြီး ဆက်သတော်မူအပ်သော လက်ဆောင်တော်ကို ရရှိတော်မူသောအခါ ဒေဝါနံပိယတိဿမင်းကြီးကို ကဆုန်လပြည့်နေ့၌ မှူးတော်မတ်တော်စသည်တို့သည် နှစ်ကြိမ်မြောက် အဘိသိက်သွန်းကြကုန်၏၊ နွေဥတုသုံးလမြောက်သော နယုန်လပြည့်နေ့၌ အရှင်မဟာမဟိန္ဒသည် မိမိလျှင်ခုနစ်ယောက် ရှိသော သံဃာတော် အပေါင်းနှင့်တကွ ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာတော်မူကုန်၏။

ဒေဝါနံပိယတိဿမင်း အဘိသိက်ခံခြင်း ပြီး၏။

ကောဒသမပိုင်းပြီး၏။

---

# ဒွါဒသမပိုင်း

## ၁၆။ အရှင်မဟိန္ဒလင်္ကာဒီပကျွန်းသို့ ကြွတော်မူခြင်း

ဓမ္မာသောကမင်းကြီးသည် ဒေဝါနံပိယတိဿမင်းကြီးသို့ ဆက်သတော်မူသော လက်ဆောင်တော်များကား ၁-စာမရီသားမြီးယပ်, ၂-နဖူးသင်ကျစ်, ၃-ထီးဖြူ, ၄-သန်လျက်, ၅-ရတနာခြေနင်း, ၆-ဦးရစ်ပေါင်း, ၇-နားသွယ်ပန်း, ၈-ရတနာဖြင့်ပြီးသော ဆောက်လုံးကြီး, ၉-ရွှေကရား, ၁၀-ကျီးခြေသဏ္ဍာန်ကဲ့သို့ မင်္ဂလာအကျိုးငှါ ပြုအပ်

သော ရွှေဖြင့်ပြီးသော မင်းခမ်း, ၁၁-မြတ်သော သူတို့သာစီးထိုက်သောယာဉ်,၁၂-ဂင်္ဂါရေ, ၁၃-အဘိသိက်သွန်းခြင်းငှါ ထိုက်သောသမုဒ္ဒရာမှဖြစ်သောလက်ျာရစ်ခရုသင်း, ၁၄-မဖွတ်မလျှော်အပ်သောပုဆိုးတစုံ, ၁၅-ရွှေခွက်, ၁၆-ယောက်ချိုတော်, ၁၇-အဘိုးများစွာထိုက်သော လက်သုတ်ပုဝါ, ၁၈-အနောတတ်အိုင်မှ ဖြစ်သောရေတထမ်း, ၁၉-ဂေါသီတစန္ဒကူး, ၂၀-အရုဏဝတီမြေ, ၂၁-နဂါးတို့ဆက်သအပ်သော မျက်စဉ်း, ၂၂-ဆေးဖြစ်သော သဖန်းခါးသီး, ၂၃-ဆေးဖြစ်သော သျှိသျှားသီး, ၂၄-အဘိုးများသော အမတောသမည်သောဆေး, ၂၅-ကျေးငှက်တို့သည် ဆောင်ယူအပ်သောသလေးစပါး ဤလောကလက်ဆောင်တော်များအပြင်"၂၆-ငါသည်ဘုရား,တရား,သံဃာဟု ဆိုအပ်သောရတနာသုံးပါးကို ကိုးကွယ်ဆီးကပ်ခြင်းသို့ရောက်၏၊ အဆွေတော်ဒေဝါနံ ပိယတိဿ မင်းကြီးသည်လည်း ဤရတနာသုံးပါးတို့၌စိတ်ကြည်ညိုစွာကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်တော်မူပါ"ဟု ဤဓမ္မလက်ဆောင်, လောကလက်ဆောင်တော်နှစ်ပါးကို ဒေဝါနံပိယတိဿမင်းကြီးထံသို့ ဆက်သတော်မူ၏။

မြတ်သော အသောကာရုံ ကျောင်းတော်၌ တန်ခိုးကြီးကုန်သောများစွာကုန်သောမဟာထေရ်တို့သည်"လင်္ကာဒီပကျွန်း၌ သာသနာပြုရန်အချိန်တန်ပြီ၊လင်္ကာဒီပကျွန်းသို့ ကြွတော်မူ၍ ကျွန်းသူကျွန်း သားတို့ကိုကြည်ညိုပါစေ"ဟု အရှင်မဟိန္ဒကို မိန့်တော်မူကြကုန်၏၊ ထိုအခါအရှင်မဟိန္ဒသည် သံဃာတော်၏ အမိန့်တော်ကို ဝန်ခံတော်မူပြီးလျှင် သံဃာတော်အား ရှိခိုးတော်မူပြီး၍ ဣဋ္ဋိယထေရ်, ဥတ္တိယထေရ်,ဘဒ္ဒသာလထေရ်,သမ္ဗလထေရ်,အဘိညာဉ် ခြောက်ပါးရတော်မူသော သုမနသာမဏေတို့နှင့်တကွ အသောကာရုံကျောင်းတော်မှဝေဒိဿဂိရိမြို့သို့ ကြွတော်မူကုန်၏၊ ဝေဒိဿဂိရိမြို့သို့ ရောက်တော်မူသောအခါ အလိုရှိတိုင်း သီတင်းသုံးတော်မူလျက် မယ်တော်,ဆွေတော်မျိုးတော်တို့ကို သင်္ဂြိုဟ်ဂုံသီလ, ဥပေါသထသီလတို့၌ တည်စေပြီးသော် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းစက်ရာမှ ထတော်မူသောအရှင်မဟိန္ဒသည် ဆိတ်ကွယ်ရာ၌ နေတော်မူလျက် လင်္ကာဒီပကျွန်းသို့ကြွသွားရန် အချိန်တန်ပြီလော,မတန်ပြီလောဟု ကြံစည်တော်မူ၏။

အရှင်မဟိန္ဒ၏ အကြံတော်ကို သိကြားမင်း သိတော်မူသောအခါ မထေရ်ရှေ့တော်၌ ထင်ရှားပြတော်မူလျက် ဤသို့လျှောက်ထားတော်မူ၏၊"လက်ာဒီပကျွန်းသို့ ကြွတော်မူရန် အချိန်တန်ပါပြီ၊သတ္တဝါတို့အား သနားတော်မူသဖြင့် လက်ာဒီပကျွန်းသို့ ကြွတော်မူလျက် ကိလေသာအနှောင်အဖွဲ့မှ လွတ်စေတတ်သော သစ္စာလေးပါး တရားတော်ကို သတ္တဝါတို့အား ဟောကြားပြသတော်မူပါ၊မြတ်စွာဘုရား၏ သာသနာတော်ကို လက်ာဒီပကျွန်း၌ ထွန်းတောက်ပအောင် ပြုစုတော်မူပါ၊မြတ်စွာဘုရားသည် အရှင်ဘုရားအား ဗျာဒိတ်တော်ထားခဲ့၏၊ရဟန်းသံဃာသည်လည်း သမုတ်အပ်၏၊ကျွန်ုပ်သည်လည်း လက်ာဒီပကျွန်းသို့ ကြွတော်မူခြင်း၌ အချိန်ကာလကိုသိပါ၏၊ အရှင်ဘုရား၏ ဝေယျာဝစ္စတို့ကို ပြုလုပ်ပါအံ့၊ လက်ာဒီပကျွန်းသို့ ကြွတော်မူရန် အချိန်တန်ပါပြီ"ဟု လျှောက်ထားလေ၏။

သိကြားမင်း လျှောက်ထားသောစကားကို အရှင်မဟိန္ဒကြားတော်မူသောအခါ "မြတ်စွာဘုရားသည် ငါ့အားဗျာဒိတ်တော်ထားခဲ့၏၊ ရဟန်းသံဃာသည်လည်း သမုတ်တော်မူအပ်၏၊သိကြားမင်းသည်လည်း တောင်းပန်၏၊လက်ာဒီပကျွန်း၌ သာသနာတော်သည် တည်လတ္တံ့၊ငါသည်တမ္ဗပဏ္ဏိကျွန်းသို့သွားအံ့၊တမ္ဗပဏ္ဏိကျွန်းသူကျွန်းသားတို့သည်သိမ်မွေ့ကုန်၏၊ မြတ်စွာဘုရား ဟောတော်မူအပ်သော ဒုက္ခကုန်ရာကုန်ကြောင်းဖြစ်သော မဂ်တရားတော်ကို မနာရကုန်သောသူတို့အား ငါဟောကြားပြသအံ့၊လက်ာဒီပကျွန်းသို့ သွားရန်အချိန်တန်ပြီ"ဟု သိတော်မူ၍ ဥပဇ္ဈာယ်တူ သီတင်းသုံးဘော် လေးပါးတို့ကို သုမနသာမဏေ,ဘဏ္ဍုကဥပါသကာနှင့်တကွ ခေါ်တော်မူ၍ "ယနေ့လက်ာဒီပကျွန်းသူကျွန်းသားတို့ကို ကြည်ညိုကြစေကုန်အံ့၊ လက်ာဒီပကျွန်း၌ သာသနာတော်ကို တည်စေကြကုန်အံ့"ဟု မိန့်တော်မူ၏။

[ဤနေရာ၌ ဘဏ္ဍုက ဥပါသကာဟူသည် မယ်တော်မိဖုရား၏ ညီမတော်၏ သမီး၏သားဖြစ်သည်၊ မယ်တော်အား ဟောသောတရားကိုနာရသဖြင့် အနာဂါမိဖိုလ်သို့ ရောက်သည်ဖြစ်၍ အရှင်မဟိန္ဒထေရ်၏ထံတော်၌နေ၏ဟု မဟာဝင်ကျမ်း၌ဆိုသည်။]

ထိုအခါ အလုံးစုံခြောက်ပါးကုန်သော အရှင်တို့သည် "ကောင်းပါပြီ"ဟုဝန်ခံကြကုန်လျက် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍"လက်ာဒီပ

ကျွန်း မိဿကတောင်သို့ ကြွတော်မူရန် အချိန်တန်ပါပြီ၊မင်းကြီးသည် သမင်တောသို့ ထွက်တော်မူခြင်းကိုမပြုမီ ကြွကြပါကုန်အံ့”ဟုလျှောက်ထားကြပြီးသော် ခုနစ်ပါးကုန်သော အရှင်မြတ်တို့သည် ဝေဒိဿဂိရိမြို့၌ ထလပတ်လုံးနေကော်မူကြပြီးလျှင် ဟင်္သာမင်းသည် ကောင်းကင်၌ပျံသွား၍ တောင်ထိပ်၌နေဘိသကဲ့သို့ ထို့အတူ မထေရ်တို့သည် ကောင်းကင်၌ ကြွသွားကုန်လျက် အနုရာဓမြို့၏ အရှေ့မျက်နှာဖြစ်သော မိုယ်းတိမ်နှင့်တူသော မိဿကတောင်ထိပ်၌ တည်နေတော်မူကြကုန်၏၊ အသောကမင်းကြီး အဘိသိက်သွန်းသည်မှ တဆယ့်ရှစ်နှစ်၌၎င်း, ဒေဝါနံပိယတိဿမင်းကြီး အဘိသိက် သွန်းသည်မှ ခုနစ်လရှိသောနယုန်လပြည့်နေ့၌၎င်း,အရှင်မဟိန္ဒထေရ် တဆယ့်နှစ်ဝါ၌၎င်း, နေ့ဥတုတို့၏ ပစ္ဆိမ လဖြစ်သော နယုန်လပြည့်ဥပုသ်နေ့၌၎င်း ဂဏပါမောက္ခဖြစ်တော်မူသော အရှင်မဟိန္ဒသည် ဇမ္ဗူဒိပ်ကျွန်းမှ ဤလက်ာဒီပကျွန်း၌ရှိသော မိဿကတောင်သို့ ကြွလာတော်မူ၏။

ထိုအခါ မုဋသိဝမင်းကြီး၏ သားတော်ဖြစ်သော တမ္ဗပဏ္ဏိကျွန်းကို အစိုးရတော်မူသော ဒေဝါနံပိယတိဿမင်းကြီးသည် သမင်တောသို့ ထွက်တော်မူသောအခါ မိဿကတောင်သို့ နတ်သည်စိုင်သမင်၏အသွင်ဖြင့် မင်းကြီးကိုပြလေလျှင် မင်းကြီးမြင်သောအခါ လျှင်စွာ စိုင်သမင်၏နောက်သို့ လိုက်လေသော် တောင်ကြားသို့ဝင်လျက် ကွယ်ပျောက်လေ၏၊ မင်းကြီးသည် စိုင်ကိုအစဉ်လိုက်သဖြင့် အရှင်မဟိန္ဒထေရ်ကို မြင်လေသော် ကြောက်လန့်ခြင်းသည် ဖြစ်ပေါ်လာ၏၊ထိုအခါ အရှင်မဟိန္ဒသည် “မင်းကြီးသည် ငါ့ကိုသာလျှင်မြင်ပါစေ၊ တယောက်ခြင်းမြင်ရသောအခါ ကြောက်ရွံ့ခြင်းမရှိ”ဟု သိတော်မူ၍ အတူကြွလာကုန်သော မထေရ်တို့ကို မမြင်စေမူ၍ ကိုယ်တော်တပါးတည်းကိုသာ မြင်စေ၏၊ မင်းကြီးလည်း ကြောက်လန့်ရကား ရပ်တန့်၍ ကြည့်၏၊ ထိုအခါ အရှင်မဟိန္ဒသည်“အချင်းတိဿ····ငါ၏ထံသို့ လာလော့”ဟု မင်းကြီးအား အမည်ဖြင့်ခေါ်တော်မူ၏၊ထိုအခါမင်းကြီးသည်“ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သော ဦးခေါင်းတုံးသော အဖော်မရှိ တယောက်တည်းသော ဤသူကား အဘယ်သူဖြစ်သနည်း၊ ငါ့ကို ငယ်မည်ဖြင့်ပြောဆို၏၊နတ်ဘီလူးဖြစ်လေသလော”ဟု အကြံဖြစ်၏၊

ထိုအခါ အရှင်မဟိန္ဒသည် "မြတ်သောမင်းကြီး…. ငါတို့သည် တရားအားဖြင့် မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းတို့တည်း၊ သင်မင်းကြီးကိုသာလျှင် သနားသဖြင့် ဇမ္ဗူဒိပ်ကျွန်းမှ ဤလင်္ကာဒီပကျွန်းသို့ လာကုန်၏" ဟုမိန့်တော်မူ၏၊ထိုအခါ မင်းကြီးသည် မထေရ်၏စကားကိုကြားသောအခါ လက်နက်ကိုချပြီးလျှင် မထေရ်၏ထံသို့ သွားတော်မူ၍ များစွာအကျိုးစီးပွားနှင့် ယှဉ်သောစကားကို ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုလျက်နေ၏၊ ထိုအခါ နောက်တော်မှလိုက်လာကုန်သော လေးသောင်းကုန်သော မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် ခြံရံလျက် တည်နေကြကုန်၏။

အရှင်မဟိန္ဒသည် လာကုန်သော မှူးမတ်ဗိုလ်ပါတို့ကို မြင်သောအခါ မိမိနှင့်တကွလာသော မထေရ်တို့ကို ထင်ရှားစွာ မြင်စေ၏၊ မင်းကြီးသည် ထိုမထေရ်တို့ကို မြင်သောအခါ "ဤပုဂ္ဂိုလ်တို့သည် အဘယ်အခါ လာကြသနည်း" ဟုလျှောက်၏၊ "ငါနှင့်အတူလာကြ၏" ဟု မိန့်တော်မူသော် "ဇမ္ဗူဒိပ်ကျွန်း၌ ဤသို့သောရဟန်းတို့သည် ရှိကုန်သလော" ဟုမေးတော်မူသောအခါ "မင်းကြီး….ဇမ္ဗူဒိပ်ကျွန်းသည် ရဟန်းတို့၏သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်ပ၏၊ ဤဇမ္ဗူဒိပ်ကျွန်း၌ ဝိဇ္ဇာသုံးပါးရှိကုန်သော တန်ခိုးအထူးသို့ ရောက်ကုန်သော စေတောပရိယ၌ လိမ္မာကုန်သော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတနှင့် ပြည့်စုံကုန်သော ရဟန္တာဖြစ်ပြီးကုန်သော ဘုရားတပည့်တော် တို့သည် အလွန်များကုန်၏" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား….အရှင်မြတ်တို့သည် အဘယ်ခရီးဖြင့် ကြွလာကုန်သနည်း" ဟု မေးလျှောက်သော် "မင်းကြီး‥ ငါတို့ကားကြည်းကြောင်းခရီးဖြင့်လည်းမလာ၊ ရေကြောင်းခရီးဖြင့်လည်းမလာ" ဟု ဆိုပေသော် ဒေဝါနံပိယတိဿမင်းလည်း "ကောင်းကင်ခရီးဖြင့်လာသည်" ဟု သိလေလျှင် အဘယ်ရက်၌လာသနည်း" ဟု လျှောက်သော် "ယနေ့နံနက်အခါ ဇမ္ဗူဒိပ်ကျွန်း ဝေဒိသကကျောင်းမှဆွမ်းဘုဉ်းပေးပြီးမှ ကြွလာခဲ့သည်" ဟုဆိုပေသော် စိတ်နှင့်ထပ်တူပင်ရောက်ပေသည်ဟုအံ့ဘွယ်သရဲသောစိတ်သည်ဖြစ်၏၊ ပညာတော်ကြီးလှသော မဟာမဟိန္ဒထေရ်မြတ်

လည်း"မင်းကြီးအား ငါတရားဟောသော် သိလွယ်သောဉာဏ်ရှိပါအံ့လော"ဟု စုံစမ်းခြင်းငှါ သိမ်မွေ့သောပြဿနာကို ဤသို့မေး၏၊ "မင်းကြီး ငါပြဿနာမေးအံ့၊ ဖြေနိုင်အံ့လော"ဟု မေးလေသော် "အရှင်ဘုရား..မေးတော်မူပါ"ဟု ခွင့်ပေး၏။

၁။ "မင်းကြီး.... ဤသစ်ပင်သည် အဘယ်အမည် ရှိသနည်း" ဟု မေး၏။

"အရှင်ဘုရား....သရက်ပင်မည်ပါ၏"ဟု ဆိုလျှင်–

၂။ "မင်းကြီး.... ဤသရက်ပင်ကိုလွှတ်၍ တပါးသော သရက်ပင် ရှိသလော"ဟု မေး၏။

"အရှင်ဘုရား....များစွာသော သရက်ပင်တို့သည် ရှိပါ၏" ဟု လျှောက်သော်–

၃။ "မင်းကြီး.. ဤသရက်ပင်ကိုငင်း,တပါးသော သရက်ပင်ကိုငင်း လွှတ်၍ သစ်ပင်တို့သည် ရှိကုန်သေး၏လော"ဟု မေး၏။

"အရှင်ဘုရား....များစွာသော သစ်ပင်တို့သည် ရှိကုန်၏၊ ထိုသစ်ပင်တို့ကား သရက်ပင်မဟုတ်ကုန်"ဟု လျှောက်သော်–

၄။ "မင်းကြီး....တပါးကုန်သောသရက်ပင်တို့ကိုငင်း, သရက်ပင်မဟုတ်သော သစ်ပင်တို့ကိုငင်း လွှတ်ထား၍ အခြားသစ်ပင်ရှိကုန်သေးသလော"ဟု မေး၏။

"အရှင်ဘုရား....ဤသရက်ပင်ရှိပါ၏"ဟုလျှောက်သော်"မင်းကြီးသည် ပညာရှိပေစွ"ဟု အရှင်မဟာမဟိန္ဒထေရ်သည် ချီးမွမ်းတော်မူ၏။

၅။ "မင်းကြီး.... သင့်အား ဆွေမျိုးတို့သည် ရှိကုန်သလော"ဟု မေး၏။

"အရှင်ဘုရား.... ဆွေမျိုးကား အများပင်ရှိ၏"ဟု လျှောက်သော်–

၆။ "အဆွေမတော်သောသူကား ရှိပါ၏လော"ဟု မေးပြန်၏။

"အရှင်ဘုရား····ဆွေမျိုးဖြစ်သောသူထက်အဆွေမတော်သော သူသည် များပါ၏"ဟု လျှောက်သော်—

၇။ "မင်းကြီး···ဆွေမျိုးတော်သောသူကိုရင်း, ဆွေမျိုးမတော်သော သူကိုရင်း ထား၍အခြားသောသူရှိ၏လော"ဟု မေးလျှင်—

"အရှင်ဘုရား····အကျွန်ုပ်သာလျှင်ရှိပါ၏"ဟု လျှောက် သော်"မင်းကြီးသည် ပညာရှိပေစွ"ဟု ချီးမွမ်းတော်မူ၏။

[ပါရာဇိကဏ်အဋ္ဌကထာ,မဟာဝင်ကျမ်းတို့နှင့်ညှိ၍ဖေါ်ပြသည်။]

ဤသို့လျှင် အရှင်မဟိန္ဒထေရ်သည် "ဤမင်းကြီးကား ပညာနှင့် ပြည့်စုံ၏"ဟု သရက်ပင်ဥပမာဖြင့် သိတော်မူ၍ ထိုနေရာ၌ မင်းကြီး အား စူဠဟတ္ထိပဒေါပမသုတ္တန်ကို ဟောတော်မူ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံတော်မူသော ပညာရှိသော မင်းကြီးသည် ထိုတရားတော်ကို နာတော်မူရသောအခါ လေးသောင်းကုန်သော မှူးမတ်ဗိုလ်ပါတို့နှင့် တကွ သရဏဂုဏ်သုံးပါး၌ တည်တော်မူ၏၊ ထိုအခါ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာ ရဟန်းသံဃာတော်ကို "မြို့သို့ကြွတော်မူပါ" ဟု ပင့်တော်မူ၏။

ကောင်းသောအကျင့်ရှိတော်မူသော ရဲမက်ဗိုလ်ပါအပေါင်းရှိသော ပညာနှင့်ပြည့်စုံသော ဒေဝါနံပိယတိဿမင်းကြီးကို လျင်မြန်စွာကြည် ညိုစေသောအရှင်မဟိန္ဒသည်မင်းကြီးပင့်လျှောက်သောစကားကိုကြား တော်မူလေလျှင်"သင်မင်းကြီးသာသွားလေလော့၊ငါတို့သည်ဤတောင် ပေါ်၌ နေကုန်အံ့"ဟု မင်းကြီးကို စေလွှတ်တော်မူပြီးလျှင် ရဟန်း သံဃာကိုခေါ်တော်မူပြီး၍"ဘဏ္ဍုကဥပါသကာကိုရှင်ပြုကြကုန်အံ့"ဟု မိန့်တော်မူ၏၊ ရဟန်းသံဃာတော်သည် မထေရ်၏စကားကိုကြားသော အခါ လျင်မြန်စွာ ဂါမသိမ်ကိုစုံစမ်းတော်မူပြီးလျှင် ဘဏ္ဍုကဥပါသ ကာကို ထိုတောင်ထိပ်၌သာလျှင် ရှင်ပြုတော်မူပြီးလျှင် ရဟန်းပြုတော် မူ၏၊ ဘဏ္ဍုကသည်လည်း ရဟန်းဖြစ်တော်မူလျှင် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

မင်းကြီးသည်လည်း နန်းတော်သို့ရောက်ပြီး၍ မိုးလင်းသော အခါ ရထားမှူးကိုခေါ်တော်မူ၍"ငါစီးတော်မူသောရထားဖြင့်အရှင်များကို

တင်ဆောင်ချေ''ဟု စေခတော်မူ၏၊ ရထားထိန်းလည်း မင်းစေသည့်အတိုင်းသွား၍''အရှင်ဘုရားတို့····ရထားသို့ တက်တော်မူပါ၊ မြို့သို့ဆောင်ပါအံ့''ဟုလျှောက်လေ၏၊ထိုအခါအရှင်မဟိန္ဒထေရ်သည် ''ငါတို့အား ယာဉ်စီးခြင်းငှါမအပ်၊မြတ်စွာဘုရားသည်ယာဉ်စီးခြင်းကိုပယ်တော်မူ၏''ဟု မိန့်တော်မူ၍ ရထားထိန်းကို စေလွှတ်တော်မူပြီးလျှင်ဟသ်ာမင်းသည် ကောင်းကင်ဖြင့်သွားပြီးလျှင်ကောင်းကင်မှဆင်းသက်၍ မြေ၌တည်ဘိသကဲ့သို့ ဝသီဘော်ငါးပါး တန်ခိုးနှင့် ပြည့်စုံတော်မူသော အရှင်မဟိန္ဒထေရ်သည် ကောင်းကင်ဖြင့် ကြွတော်မူ၍ ကောင်းကင်မှဆင်းသက်တော်မူ၍ အနုရာဓမြို့၏ အရှေ့တံခါး၌ တည်တော်မူ၏။

ရထားထိန်းပြန်လာခဲ့၍ မြို့တံခါး၌ သက်န်းရုံလျက် နေကြသော မထေရ်တို့ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာစွာ မင်းကြီးအား လျှောက်ကြားလေ၏၊ မင်းကြီးသည် ရထားထိန်းကို စေလွှတ်ပြီးလျှင် မှူးမတ်တို့ကို ''နန်းတော်တွင်း၌ မဏ္ဍပ်ကိုစီရင်ကြကုန်၊ကြွလာတော်မူကုန်သော မဟာထေရ်တို့ကို ဖူးမြင်လိုကုန်သော မင်းသား, မင်းသမီး, မင်းမောင်းမ, မိဖုရား, တို့သည် ဖူးမြင်ကြကုန်''ဟု မိန့်တော်မူ၏။

မှူးမတ်နှင့် မင်းကြီး၏အခြံအရံတို့သည် မင်းကြီး၏စကားကို ကြားကြသောအခါ နန်းတော်၏အလယ်၌ ဖြူစင်သန့်ရှင်းသော အခတ်တို့ဖြင့်မိုးအပ်သော တံခွန်တို့ကိုခြံရံလျက် ဖြူသောအခတ်တို့ဖြင့် တန်ဆာဆင်အပ်သော အဝတ်မဏ္ဍပ်ကို ပြုကြကုန်၏၊ သဲဖြူခင်းခြင်း, ဖြူသောပန်းတို့ကိုခင်းခြင်း, ဆီးနှင်းခဲနှင့်တူသော ဖြူသောမဏ္ဍပ်ကို ဖြူသောအဝတ်တို့ဖြင့် တန်ဆာဆင်ခြင်း, အတွင်း၌ ညီအောင်ညှိခြင်းတို့ဖြင့် ပြုလုပ်ပြီးလျှင် မင်းကြီးအား ''လှပတင့်တယ်စွာ ပြုလုပ်အပ်သော မဏ္ဍပ်သည် ပြီးဆုံးပါပြီ၊ ရဟန်းတို့နှင့်လျော်သော နေရာကို မိန့်တော်မူပါ''ဟု လျှောက်ထားကြကုန်၏။

ထိုခဏ၌ ရထားထိန်းသည် မင်းကြီးအားလျှောက်ထားရန် ရောက်လေ၏၊ ''အရှင်မင်းကြီး····ရဟန်းသံဃာအား နေထိုင်တော်မူရန်ယာဉ်သည်မအပ်ပါ၊အလုံးစုံကုန်သော မထေရ်တို့သည် တန်ခိုးအလွန်ကြီးကုန်၏၊ကျွန်ုပ်ကို ရှေးဦးစွာစေလွှတ်တော်ပြီးလျှင် နောက်မှကြွလာ

တော်မူပါလျက် ကျွန်ုပ်၏ရှေးဦးစွာ ရောက်တော်မူခြင်းကား အံ့ဘွယ် ဖြစ်၏၊ ဥစ္စာသယနမဟာသယနနေရာသည် ရဟန်းတို့အား မအပ်ပါ၊ မြေအခင်းကို ပြုလုပ်တော်မူပါကုန်၊ ရဟန်းတို့သည် ကြွလာတော်မူကုန်၏''ဟု လျှောက်ထားသော ရထားထိန်း၏စကားကိုမင်းကြီးကြားတော်မူသောအခါ ဝမ်းမြောက်ဝမ်းသာစွာ ခရီးဦးကြိုဆိုတော်မူပြီးလျှင် မထေရ်တို့ကိုရှိခိုး၍ ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုပြီးလျှင် မထေရ်တို့၏သပိတ်တို့ကို ယူကြကုန်လျက် မထေရ်တို့နှင့်အတူတကွ ပန်းနံ့သာတို့ဖြင့် ပူဇော်လျက် မင်းနန်းတော်တံခါးသို့ ဝင်တော်မူ၏။

မင်းကြီး၏နန်းတော်တွင်းသို့ မထေရ်တို့သည် ကြွတော်မူပြီးလျှင် အဝတ်ပုဆိုးတို့ဖြင့် တန်ဆာဆင်အပ်သော မြေ၌ခင်းထားအပ်သော မဏ္ဍပ်နေရာသို့ နေတော်မူကြသောအခါ ရေ,ယာဂု,မြတ်သောခဲဘွယ်, ဘောဇဉ်တို့ကို လှူတော်မူ၏၊ မထေရ်တို့သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ညီတော်မဟာနာဂအိမ်ရှေ့မင်း၏ မိဖုရားဖြစ်သော အနုဠာဒေဝီနှင့်တကွ နန်းတွင်းသူတို့ကို မထေရ်တို့ကို ဆည်းကပ်ကြခြင်းငှါ အချိန်ရောက်ပြီ''ဟုဆည်းကပ်ပူဇော်ခွင့်ကို သိစေ၏၊အနုဠာဒေဝီအမှူးရှိသောနန်းတွင်းသူငါးရာတို့သည်လည်း မထေရ်တို့ကို အလိုရှိတိုင်းရှိခိုးပူဇော်ကြပြီးလျှင် သင့်တင့်လျောက်ပတ်သောနေရာ၌ နေကြလေ၏၊ ထိုအစည်းအဝေး၌ အရှင်မဟိန္ဒထေရ်သည် ထိုမင်းပရိသတ်တို့အား ကြောက်မက်ဘွယ်သော ပေတဝတ္ထုကိုရင်း, ဝိမာနဝတ္ထုနှင့် သစ္စသံယုတ်ကိုရင်း ဟောတော်မူ၏၊ ထိုတရားတော်ကို နာကြားကြရသောအခါ သဒ္ဓါပညာနှင့်ပြည့်စုံကုန်သော အနုဠာဒေဝီ အမှူးရှိကုန်သော နန်းတွင်းသူငါးရာတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

အရှင်မဟိန္ဒ လင်္ကာဒီပကျွန်းသို့ကြွတော်မူခြင်း ပြီး၏။

ဒွါဒသမပိုင်းပြီး၏။

---

# တေရသမပိုင်း

## ၁၇။ မဟာမေဃဝန်ဥယျာဉ်ကိုအလှူခံတော်မူခြင်း

အရှင်မဟိန္ဒအမှူးရှိတော်မူသော မထေရ်တို့ကို ဖူးမြင်ကြရကုန်သော လူအပေါင်းတို့သည် အညီအညွတ်လာကြပြီးလျှင် မင်းနန်း

တော်တံခါး၌ ကြီးစွာသောအသံကို ကြားစေကုန်၏၊ မင်းကြီးသည် ထိုကြီးစွာသောအသံကို ကြားလေသော် လူအပေါင်းရှိရာသို့သွား၍ "အဘယ်အကျိုးငှါ များစွာသောစစ်သည်တော်တို့သည် အညီအညွတ် လာကြကုန်သနည်း"ဟု မေးလေသော် "ဤများစွာသော စစ်သည်တော်တို့သည် သံဃာတော်ကိုဖူးမြင်ခြင်းငှါလာကုန်၏၊သံဃာတော်ကို ဖူးမြင်ခြင်းငှါ မရခြင်းကြောင့် ကြီးစွာသောအသံကို ပြုကုန်၏"ဟု လျှောက်သောအခါ"နန်းတော်တွင်းသည် လူအပေါင်းတို့ နေထိုင်ခြင်းငှါ အလွန်ကျဉ်းမြောင်း၏၊ ဆင်တော်တင်းကုပ်သည် ကျယ်ဝန်း၏၊ ထိုဆင်တင်းကုပ်၌ မထေရ်တို့ကို ဖူးမြင်ကြကုန်လော့"ဟု မိန့်တော်မူ၏။

အရှင်မဟိန္ဒထေရ်သည် ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာပြုပြီးသောအခါ နေရာမှထတော်မူပြီးလျှင် မင်းနန်းတော်မှ ထွက်တော်မူ၍ ဆင်တင်းကုပ်သို့ ကြွတော်မူ၏၊ ဆင်တင်းကုပ်၌ မြတ်သော သူတို့အား သာထိုက်သော ပလ္လင်နေရာကို ခင်းထားကြကုန်၏၊ အရှင်မဟိန္ဒထေရ်သည် ထိုမြတ်သောပလ္လင်၌ နေတော်မူပြီးလျှင် စည်းဝေးရောက်လာသော ပြည်သူတို့အား ဒေဝဒူတသုတ္တန်ကို ဟောတော်မူ၏၊ ဒေဝဒူတသုတ္တန်ကို နာရသောပြည်သူတို့သည် ငရဲဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ ကြောက်လန့်ခြင်းသို့ ရောက်ကြကုန်၏၊ ကြောက်လန့်ကုန်သော ပြည်သူတို့ကို သစ္စာလေးပါးတရားတော်ကို ပြသတော်မူသောအခါ တရားတော်၏အဆုံး၌ အထောင်ကုန်သော ပြည်သူတို့အား နှစ်ကြိမ်မြောက် သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်၏။

ကဖန်ဆင်တင်းကုပ်မှ လူအပေါင်းခြံရံလျက် ကြွတော်မူ၍ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ကြွတော်မူဘိသကဲ့သို့ အနုရာဓမြို့၏တောင်တံခါးမှ ထွက်တော်မူ၍ အနုရာဓမြို့၏တောင်မျက်နှာ၌ မဟာနန္ဒဝန်အမည်ရှိသော ဥယျာဉ်သည် ရှိ၏၊ထိုဥယျာဉ်၌ မြတ်သောသူတို့အားသာထိုက်သောခင်းထားအပ်သောပလ္လင်နေရာ၌နေတော်မူလျက် ပြည်သူပြည်သားတို့အား ဗာလပဏ္ဍိတသုတ္တန်ကို ဟောတော်မူသည်၏အဆုံး၌ အထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို သိခြင်းသည် ဖြစ်၏။

ထိုအခါ နန္ဒဝန်ဥယျာဉ်၌ ကြီးစွာသော အစည်းအဝေးကြီးသည် ဖြစ်လေ၏၊ မထေရ်ကို ဖူးမြင်ခြင်းငှါ လာကြကုန်သော အမျိုးမိန်းမ, သတို့သမီး, အမျိုးချွေးမ, အမျိုးကောင်းသား အပေါင်းတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာစွာ ပြောဆိုတော်မူရသောကြောင့် ညနေချမ်းအချိန်သို့ရောက်၏၊ထိုအခါမထေရ်တို့သည်''ဤနန္ဒဝန်ဥယျာဉ်၌နေကြဦးလော့၊ ညနေချမ်းအချိန် လွန်လေပြီ၊ ဤနန္ဒဝန်ဥယျာဉ်မှ မိဿကတောင်သည် ဝေး၏၊ရွာနှင့်နီးသော လူတို့နှင့်ပြွမ်းသော ရွာနီးကျောင်းသည် ညဉ့်အခါ၌ များစွာသော အသံသည် ဖြစ်၏၊ ဤနေရာသည် သိကြားမင်း၏ နေရာနှင့်တူ၏၊ ဆိတ်ငြိမ်ခြင်း၌ လျောက်ပတ်သော နေရာမဟုတ်၊မိဿကတောင်သို့သွားကုန်အံ့''ဟုမိန့်တော်မူ၍ ဥယျာဉ်မှ ထွက်တော်မူကြ၏။

ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြားလေသော် မင်းကြီးသည် ''မဟာမေဃဝန်အမည်ရှိသော ဥယျာဉ်တော်သည် ဆိတ်ငြိမ်ပါ၏၊ အသွားအလာနှင့်ပြည့်စုံပါ၏၊ မဝေးလွန်း မနီးလွန်းပါ။ အလိုရှိကုန်သောသူတို့၏ သွားလာခြင်း၌ ချမ်းသာပါ၏၊ နေ့အခါ, ညဉ့်အခါတို့၌ အသံမရှိပါ၊ဆိတ်ငြိမ်ခြင်း၌ လျောက်ပတ်ပါ၏၊ရဟန်းတို့နှင့်လျော်ပါ၏၊ အရိပ်နှင့်ပြည့်စုံပါ၏၊ အသီးအပွင့်ရှိသော သစ်ပင်တို့ဖြင့် တင့်တယ်၏၊ စောင်ရမ်းဖြင့်ကာအပ်၏၊ တံခါးပြတို့ဖြင့် ကောင်းစွာလုံခြုံစေအပ်၏၊ကြာတို့ဖြင့်ဖုံးလွှမ်းသောရေကန်ရှိ၏၊အေးသောရေ,ကောင်းသောဆိပ်ကမ်းရှိ၏၊ ကောင်းစွာပွင့်သော ပန်းရနံ့ရှိ၏၊ ဤသို့လျှင် ဥယျာဉ်တော်သည် မွေ့လျော်ဘွယ်ရှိ၏၊ သံဃာတော်အား ချမ်းသာခြင်းသည် ဖြစ်ပါ၏၊ထိုဥယျာဉ်၌ မထေရ်သည် သီတင်းသုံးတော်မူပါ၊ ကျွန်ုပ်၏အကျိုးကို စောင့်ရှောက်တော်မူပါ''ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်မဟိန္ဒမထေရ်သည် မင်းကြီးလျှောက်ထားသော စကားကို ကြားတော်မူသောအခါ အမတ်အပေါင်းတို့ဖြင့် ခြံရံလျက် မဟာမေဃဝန်ဥယျာဉ်သို့ ကြွတော်မူပြီးလျှင် ထိုဥယျာဉ်၌ ရာဇဝတ္ထုမည်သောနေရာ၌ သီတင်းသုံးတော်မူ၏။

ဒုတိယနေ့၌ မိုးလင်းသောအချိန်၌ မင်းကြီးသည် မထေရ်သီတင်းသုံးတော်မူသော ဥယျာဉ်သို့သွား၍ ရှိခိုးပြီးလျှင် ''ယခုညဉ့် ချမ်းသာ

စွာကျိန်းတော်မူရပါ၏လော၊ ချမ်းသာစွာ ဤဥယျာဉ်တော်၌ သီတင်းသုံးရပါ၏လော''ဟု လျှောက်ထားလေ၏၊ ''မြတ်သောမင်းကြီး.... ဤဥယျာဉ်တော်၌ ဆိတ်ငြိမ်၏၊ ဥတုနှင့်ပြည့်စုံ၏၊လူတို့သည် ဆိတ်ကွယ်ရာ၌ အမှုကိုပြုခြင်းငှါ သင့်လျော်၏၊ တပါးတည်း နေထိုင်ခြင်းငှါ လျောက်ပတ်၏၊ ကျောင်း,အိပ်ရာနေရာသည် သပ္ပါယလေးပါးနှင့်ညီမျှ၏''ဟု မိန့်တော်မူလျှင် မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ လက်အုပ်ချီတော်မူပြီးလျှင် ရွှေကရားကိုယူတော်မူလျက်—

ဣမာဟံ ဘန္တေ ဥယျာနံ၊ မဟာမေဃဝနံ သုဘံ။
စာတုဒ္ဒိသဿ သံဃဿ၊ ဒဒါမိ ပဋိဂဏှထ။ ။

ဟု ရေစက်သွန်းချ၍ လှူတော်မူ၏။

[ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ သုဘံ၊ သာယာတင့်တယ်သော။ မဟာမေဃဝနံ၊ မဟာမေဃဝန် အမည်ရှိသော။ ဣမံ ဥယျာနံ။ ဤဥယျာဉ်တော်ကို။ စာတုဒ္ဒိသဿ။ အရပ်လေးမျက်နှာ၌ သီတင်း သုံးတော်မူသော။ သံဃဿ။ သံဃာတော်အား။ ဒဒါမိ၊ လှူပါ၏။ သံဃော၊ သံဃာတော်သည်။ ပဋိဂဏှထ။ အလှူခံတော်မူပါဘုရား။]

မင်းကြီးလှူတော်မူသောစကားကို အရှင်မဟိန္ဒ ကြားတော်မူသောအခါ သံဃာတော်၏အာရာမ်တော်ကို လှူတော်မူခြင်းကြောင့် ဥယျာဉ်တော်ကို အလှူခံတော်မူ၏၊ မဟာမေဃဝန်ဥယျာဉ်တော်ကို ရေစက်သွန်းချလျက် လှူတော်မူစဉ်သာလျှင် မဟာပထဝီမြေကြီးသည် အထူးထူးသော အသံကိုမြည်လျက် တုန်လှုပ်လေ၏၊ အလုံးစုံကုန်သောလူတို့သည် မဖြစ်ဘူးသော ကြက်သီးမွေးညှင်း ထခြင်းတို့သည် ဖြစ်ကုန်၏၊ မင်းနှင့်တကွ လူအပေါင်းတို့သည် မြေတုန်လှုပ်ခြင်း အကြောင်းကို မထေရ်အားလျှောက်ထားကြသောအခါ''လင်္ကာဒီပကျွန်း၌သာသနာတော် တည်တော်မူခြင်းငှါ ရှေးဦးစွာ ဤကျောင်းအာရာမ်တော်ကို လှူခြင်းကြောင့် မြေတုန်လှုပ်သည်''ဟု မိန့်တော်မူလေသော် လူအပေါင်းတို့သည် အဝတ်ပုဆိုးတို့ကို မြှောက်ချီလျက် ပစ်ခြင်းကိုပြုကြကုန်၏၊ မဟာမေဃဝန်ဥယျာဉ်တော်ကိုလည်း တိဿာရာမဟူသောအမည်ကို မှည့်ကြကုန်၏၊ဤသို့လျှင် ဒေဝါနံပိယတိဿမင်းသည်ရှေးဦးစွာ သံဃာတော်၏ အာရာမ်တော်ကို တည်ထားတော်မူ၏။

ထိုနောက် မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ လက်အုပ်ချီတော်မူပြီးလျှင် အရှင်မဟိန္ဒထေရ်အား များစွာသောပန်းကို ကပ်လှူတော်မူ၏၊ အရှင်မဟိန္ဒထေရ်သည် ထိုပန်းတို့ကိုယူတော်မူလျက် တခုသောနေရာ၌ ကြဲဖြန့်တော်မူ၏၊ထိုအခါ နှစ်ကြိမ်မြောက် မြေတုန်လှုပ်လေ၏၊တိုင်းသူပြည်သားတို့နှင့်တကွ မင်း၏စစ်သည်တော်တို့သည် ကြွေးကြော်ကြကုန်၏၊ မြေတုန်လှုပ်ခြင်း၏အကြောင်းကို မထေရ်အား လျှောက်ထားသောအခါ"ရဟန်းသံဃာတို့၏ ကံကြီးကံငယ်ကိုဆောင်ရာဖြစ်သော ဥပုသ်အိမ်သိမ်သည် ဤအရပ်၌ဖြစ်လတ္တံ့၊ ထိုအကြောင်းကို သိစေလို၍ မြေတုန်လှုပ်သည်"ဟု မိန့်တော်မူ၏။

ထိုနောက် အရှင်မဟိန္ဒထေရ်သည် ထိုအရပ်မှကြွတော်မူ၍ စာရှုမည်သောရေကန်၏အနီးသို့ ရောက်သောအခါ မင်းကြီးသည် များစွာဝမ်းမြောက်သည်ဖြစ်၍ မထေရ်အားပန်းကို ပူဇော်၏၊မထေရ်သည် ပန်းကိုယူတော်မူပြီးလျှင် ကြဲဖြန့်တော်မူ၏၊ထိုအခါလည်း သုံးကြိမ်မြောက်မြေတုန်လှုပ်၏၊ မြေတုန်လှုပ်ခြင်း၏အကြောင်းကို လျှောက်ထားသောအခါ"ဤအရပ်၌ဇရုံးအိမ်ရေကန်သည် ဖြစ်လတ္တံ့၊ဤဇရုံးအိမ်၌ အခါခပ်သိမ်းရဟန်းတို့သည် ပြည့်ကုန်လတ္တံ့"ဟုမိန့်တော်မူ၏။

ထိုနောက် တဖန် ကြွတော်မူလေသော် မင်းအိမ် တံခါးမုခ်ဝသို့ ရောက်တော် မူသောအခါ မင်းကြီးသည် ဝမ်းမြောက်သည် ဖြစ်၍ မထေရ်အား မလေးပန်းပွင့်ကို ကပ်လှူတော်မူ၏၊ မထေရ်သည် ပန်းကိုယူတော်မူ၍ ကြဲဖြန့်လေ၏၊ ထိုအခါလည်း လေးကြိမ်မြောက်မြေတုန်လှုပ်လေ၏၊ မြေတုန်လှုပ်ခြင်း အကြောင်းကို လျှောက်ထားသောအခါ"မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေပင်အနီး၌ အလုံးစုံသောတရားကို သိတော်မူ၍ ဘုရားဖြစ်တော်မူ၏၊ ဤအရပ်၌ မဟာဗောဓိဒက္ခိဏသာခါသည် တည်လတ္တံ့"ဟု မိန့်တော်မူ၏။

ထိုအရပ်မှတဖန် ကြွတော်မူလေသော် ဥပုသ်အိမ်တည်အံ့သောအရပ်သို့ရောက်တော်မူသောအခါ မင်းကြီးသည် ဝမ်းမြောက်ဝမ်းသာစွာ မလေးပန်းကို ကပ်လှူလေလျှင် မထေရ်သည် ပန်းကို ယူတော်မူ၍ ကြဲဖြန့်တော်မူ၏၊ထိုအခါလည်း ငါးကြိမ်မြောက် မြေတုန်လှုပ်လေ၏၊

မြေတုန်လှုပ်ခြင်း အကြောင်းကို လျှောက်ထားသောအခါ "ဤအရပ်၌ လင်္ခတိုင်းသံဃာတော်တို့သည် ပါတိမောက်ကိုပြုရာဖြစ်သော ဥပုသ်ပြုရာသိမ်သည် ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

ထိုအရပ်မှတဖန် ကြွတော်မူလေသော် သံဃာတော်တို့၏ ပရိက္ခရာဝေဘန်ရာ ကျောင်းနေရာသို့ ရောက်သောအခါ မင်းကြီးသည် ပန်းကိုတဖန်လှူပြန်၏၊ မထေရ်သည် ပန်းကိုယူတော်မူပြီးလျှင် ထိုအရပ်၌ကြဲဖြန့်လေ၏၊ ထိုအခါ၌လည်း ခြောက်ကြိမ်မြောက် မြေတုန်လှုပ်လေ၏၊မြေတုန်လှုပ်ခြင်းအကြောင်းကိုလျှောက်ထားသောအခါ"ဤအရပ်၌ကြွလာကုန်သော သံဃာတော်တို့၏ ပရိက္ခရာတို့ကိုဝေဘန်ရာကျောင်းတော်သည် ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

ထိုအရပ်မှတဖန် ကြွတော်မူလေသော် ဆွမ်းစားကျောင်း နေရာဌာနသို့ရောက်တော်မူသောအခါ မင်းကြီးသည် ပန်းကိုလှူတော်မူလေလျှင် မထေရ်သည် ပန်းကိုယူတော်မူ၍ ထိုအရပ်၌ ကြဲဖြန့်လေ၏၊ ထိုအခါလည်း မြေတုန်လှုပ်လေ၏၊ မြေတုန်လှုပ်ခြင်း အကြောင်းကို လျှောက်ထားသောအခါ "ဤအရပ်၌ ရဟန်း သံဃာတော်တို့၏ ဘောဇနသာလမည်သော ဆွမ်းစားကျောင်းသည် ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။

မဟာမေဃဝန် ဉယျာဉ်ကို အလှူခံတော်မူခြင်း ပြီး၏။

တေရသမပိုင်းပြီး၏။

---

# စုဒ္ဒသမပိုင်း

## ၁၈။ မဟာဝိဟာရကျောင်းကို အလှူခံတော်မူခြင်း

ထိုအရပ်မှတဖန် ကြွတော်မူလေသော် မဟာစေတီတော်တည်လတ္တံ့သော နေရာသို့ရောက်တော်မူသောအခါ မင်းကြီးသည် စကားပန်းတို့ကိုရတော်မူ၍ မထေရ်အား ကပ်လှူလေလျှင် မထေရ်သည် ယူတော်မူ၍ကြဲဖြန့်တော်မူလေ၏၊ ထိုအခါလည်း ရှစ်ကြိမ်မြောက်မြေတုန်လှုပ်လေ၏၊မြေလှုပ်ခြင်း၏အကြောင်းကိုလျှောက်လေသော်"ဤနေရာ၌ မြတ်စွာဘုရား၏ ရှစ်ဒေါဏသောသာရီရိကဓာတ်တော်တို့တွင် တ

ဒေါဏာသော သာရီရိကဓာတ်တော်ကိုတန်ခိုးကြီးသော အရှင်တို့သည် ဆောင်၍ ဌာပနာကြပြီးလျှင် လူအပေါင်းတို့ကိုကြည်ညိုခြင်းကိုဖြစ်စေတတ်သော သပ္ပါယ်သော ဟေမမာလီမည်သော စေတီတော်ကြီးကို တည်ထားကုန်လတ္တံ့''ဟု မိန့်တော်မူလေသော် တိုင်းသူပြည်သားတို့နှင့်တကွ စစ်သည်တော်တို့သည် ကြွေးကြော်ကြကုန်၏။

ထို့နောက် အရှင်မဟိန္ဒထေရ်သည် တိဿာရာမ၌ သီတင်းသုံးတော်မူ၍ ထိုည၌ကိုလွန်လေသော် သက်နှီးရုံပြီးလျှင် သပိတ်ကိုယူလျက် မြို့သို့ဆွမ်းခံဝင်တော်မူသောအခါ မင်းတံခါးဝသို့ ရောက်တော်မူ၍ မင်းကြီး၏နန်းတော်သို့ ကြွတော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ နေတော်မူလျက် ဆွမ်းဘုဉ်းပေးပြီးသောအခါ အနုမောဒနာ တရားတော်ကို ဟောတော်မူပြီးလျှင် နန်းတော်မှ ကြွတော်မူလေသော် မြို့၏တောင်မျက်နှာတံခါးအနီး၌ရှိသောနန္ဒဝန်ဉယျာဉ်၌ ဖူးမြင်ခြင်းငှါ ရောက်လာကုန်သော လူအပေါင်းတို့အား အဂ္ဂိက္ခန္ဓောပမသုတ်ကို ဟောတော်မူ၏၊ တရားတော်၏အဆုံး၌ တထောင်မျှလောက်သော သူတို့သည် မဂ်, ဖိုလ်ကို ရကြကုန်၏။

ထိုနန္ဒဝန်ဉယျာဉ်မှ တိဿာရာမသို့ ကြွတော်မူ၍ ထိုတိဿာရာမ၌ တည၌သီတင်းသုံးတော်မူပြီးလျှင် မိုးလင်းသောအခါ ဆွမ်းခံကြွတော်မူလေလျှင် မင်း၏တံခါးဝသို့ရောက်တော်မူ၍ နန်းတော်သို့ကြွတော်မူလျက် ဆွမ်းဘုဉ်းပေးတော်မူခြင်းကိစ္စ ပြီးသောအခါ နန်းတော်မှ နန္ဒဝန်ဉယျာဉ်သို့ ကြွတော်မူ၍ ထိုဉယျာဉ်၌ နေ့အချိန်သီတင်းသုံးတော်မူသောအခါ ဖူးမြင်ခြင်းငှာရောက်လာကုန်သော လူအပေါင်းတို့အား အာသိဝိသူပမသုတ်ကို ဟောတော်မူသည်၏ အဆုံး၌ တထောင်မျှလောက်သောသူတို့သည် မဂ်, ဖိုလ်သို့ ရောက်ကြကုန်၏။

ထိုနန္ဒဝန်ဉယျာဉ်၌ တရားဟောတော်မူပြီးလျှင် တိဿာရာမသို့ ကြွရောက်လျက် သီတင်းသုံးတော်မူ၏၊ မင်းကြီးသည် ရှစ်ကြိမ်မြောက်မြေတုန်လှုပ်ခြင်း၌ များစွာဝမ်းမြောက်တော်မူသည်ဖြစ်၍''မြတ်သော သူတို့အားသာထိုက်သော ကျောင်းတော်နှင့် သံဃာ့အာရာမ်သည် အမြဲတည်ပါပြီလော''ဟု မထေရ်အား လျှောက်ထား၏၊ ''မြတ်သော

မင်းကြီး....ဤမျှဖြင့် သံဃာ့အာရာမ်သည် အမြဲမတည်ချေ၊သိမ်သမုတ်ခြင်းကို မြတ်စွာဘုရားခွင့်ပြုတော်မူ၏၊ သမာနသံဝါသကသိမ်, တိစီဝရအဝိပ္ပဝါသသိမ်ကို ရှစ်ပါးသော နိမိတ်တို့ဖြင့် ထက်ဝန်းကျင်ကြား၍ အလုံးစုံစည်းဝေးကြွလာကုန်သော သံဃာတော်တို့သည် ကမ္မဝါစာဖြင့်ကြားစေကုန်၏၊ ဤသို့ဖွဲ့အပ်သောသိမ်ကို ဧကာဝါသ တခုသော ကျောင်းဟူ၍ ဆိုအပ်၏၊ ဤကျောင်းနှင့်အာရာမ်သည် ထာဝရဖြစ်၏၊ အမြဲတည်၏''ဟု မထေရ်သည် မိန့်တော်မူလေသော် မင်းကြီးသည် ဤသို့လျှောက်၏၊ ''ကျွန်ုပ်၏သား, မယား, မြေးမတ်, ပရိသတ်တို့သည် အလုံးစုံ အရှင်ဘုရားအား အသက်ဖြင့် ကိုးကွယ်ခြင်းသို့ ရောက်ကုန်သော ဥပါသကာတို့ ဖြစ်ပါကုန်၏''ဟု လျှောက်ထားတောင်းပန်ပါ၏၊ ''သိမ်အတွင်း၌မျှားစွာကုန်သောလူတို့သည် နေထိုင်ကြပါစေ၊မေတ္တာ, ကရုဏာတော်နှင့် ပြည့်စုံသဖြင့် အခါခပ်သိမ်း အစောင့်အရှောက်သည် ဖြစ်လတ္တံ့၊ အရှင်ဘုရားအား အလိုရှိတိုင်း လှူဒါန်းပူဇော်ခြင်းသည် ဖြစ်ပါစေ၊ လှူဒါန်းပူဇော်ခြင်းဖြင့် ပြုအပ်သောသံဃာတော်သည် သိမ်ကိုကောင်းစွာ သမုတ်တော်မူရလတ္တံ့.''ဟု လျှောက်ထားလေ၏၊

ထိုအခါ အရှင်မဟိန္ဒထေရ်သည် ''မြတ်သောမင်းကြီး..ဤသို့အလိုရှိခဲ့သော် သင်မင်းကြီးသည်ပင် သိမ်၏ အပိုင်းအခြားကိုငင်း, နိမိတ်တို့ကိုငင်း မှတ်သား၍ထားလေလော့၊ငါတို့သည် သိမ်ဖွဲ့၍ သမုတ်အံ့''ဟု မိန့်တော်မူ၏၊ ထိုအခါ မင်းကြီးသည် ကောင်းသောမင်္ဂလာရှိကုန်သော မဟာပဒုမမည်သော ဆင်တော်,ကုဉ္ဇရမည်သော ဆင်တော်နှစ်စီးတို့ကို ရွှေထွန်တုံး၌ ကကုန် (တပ်ဆင်ကုန်) လျက် စစ်အင်္ဂါလေးပါးနှင့် ပြည့်စုံတော်မူသော မင်းကြီးသည် မထေရ်တို့နှင့်တကွ ရှေးဦးစွာ သိမ်တန်ဆောင်း အတွင်း၌ ရွှေထွန်ရေးထွန်ကြောင်းကို ပြလျက် ရေပြည့်အိုး, အမျိုးမျိုးသော အဆင်းရှိသော တံခွန်,ပန်း အမျိုးမျိုး တံခွန်အမျိုးမျိုးရှိသော တုရိယာတိုင်,စေတီကြီး, ကုန်းပန်း, ကြဉ်းပန်းတို့ဖြင့် ကောင်းစွာတန်ဆာ ဆင်တော်မူလျက် ရွှေထွန်တော်ကိုထွန်တော်မူလေ၏၊ လူအပေါင်းတို့ကြည်ညိုစေခြင်းငှါ မထေရ်တို့နှင့်တကွ မင်းကြီးသည် မြို့တော်ကို လက်ျာရစ်လှည့်လည်သည်ကို ပြု၍

ထွန်တော်မူလေသော် မြစ်ကမ်းသို့ရောက်တော်မူလေ၏၊ မဟာသိမ်၏ အပိုင်းအခြားဖြစ်ကုန်သော ရွှေထွန်တော်ဖြင့် ထွန်အပ်ကုန်သော ထွန်ရေးထွန်ကြောင်းတို့သည် သိမ်တန်ဆောင်း၏အတွင်းသို့ ရောက်ကုန်၏၊ လူများစွာတို့ဖြင့် သိမ်အပိုင်းအခြားကိုပြုတော်မူ၍ သိမ်နိမိတ် စပ်လေသော် ရှေးဦးစွာမြေတုန်လှုပ်လေ၏၊ တိုင်းသူပြည်သားတို့နှင့် တကွ စစ်သည်တော်တို့သည် ထိုအံ့ဘွယ်ကိုမြင်ကြလေသော် "သိမ် အာရာမ်တော်သည်ဖြစ်လတ္တံ့" ဟု အချင်းချင်းဝမ်းမြောက်ဝမ်းသာ ပြောဆိုကြကုန်၏၊သိမ်၏အပိုင်းအခြားနိမိတ်သည် သိမ်တန်ဆောင်း၌ ဆက်စပ်မိလေ၏။

ဒေဝါနံပိယတိဿမင်းကြီးသည် သိမ်နှင့်တန်ဆောင်း၏ ပြုဘွယ် ကိစ္စတို့ကို ပြုတော်မူပြီး၍ မထေရ်အား ဤသို့ လျှောက်ထား၏၊ "ကျောင်းကို မြဲမြံစေခြင်း အကျိုးငှါလည်း, ရဟန်းသံဃာတော်၏ ချမ်းသာစွာနေရခြင်းအကျိုးငှါလည်း,ကျွန်ုပ်ကိုသနားသဖြင့်လည်း သိမ်ကို သမုတ်တော်မူပါ"ဟု လျှောက်ထားလေ၏၊ အရှင်မဟိန္ဒထေရ်သည် မင်းကြီးလျှောက်ထားသော စကားကိုကြားသောအခါ သိမ်သမုတ် ရန် ရဟန်းသံဃာကို ခေါ်တော်မူ၏၊ ဥတ္တရာသဠ်နက္ခတ်နှင့် ယှဉ်သော နေ့၌ ကြွလာကုန်သော အလုံးစုံသောသံဃာတို့ဖြင့် သမာနသံဝါသက သိမ်ကို သမုတ်တော်မူ၏။

ကျောင်းတော်ကို မြဲမြံစွာပြုမတော်မူပြီးလျှင် တိဿာရာမသို့ကြွတော် မူ၍ ထိုတိဿာရာမ၌ သီတင်းသုံးတော်မူလျက် မိုးလင်းသောအခါ ဆွမ်းခံကြွတော်မူလေသော် မင်း၏တံခါးသို့ရောက်တော်မူ၍ မင်းကြီး ၏နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးသောအခါ မင်း၏နန်းတော်မှကြွတော် မူ၍ နန္ဒဝန်ဥယျာဉ်၌ နေ့အချိန်သီတင်းသုံးတော်မူသောအခါ ဖူးမြင် ရန်လာရောက်ကြကုန်သော လူအပေါင်းတို့အား အာသိဝိသူပမသုတ်, အနမတဂ္ဂိယသုတ်, စရိယပိဋကတ်နှင့်, ဂေါမယပိန္ဍြဝါဒသုတ်, ဓမ္မ စက္ကပဝတ္တနသုတ်တို့ကို ခုနစ်ရက်ပတ်လုံး ဟောကြားတော် မူ၍ ရှစ်ထောင်ငါးရာကုန်သောသူတို့ကို အနှောင်အဖွဲ့မှလွတ်စေ၏၊ အရှင် မဟိန္ဒထေရ်သည် တိဿာရာမ၌ သီတင်းသုံးဖော်တို့နှင့်တကွ တလ

မပြည့် သီတင်းသုံးတော်မူ၍ ဝါဆိုလပြည့်နေ့၌ ဝါကပ်အံ့သောအခါ နိုးလေသော် အလုံးစုံသော မထေရ်တို့ကို ‘‘ဝါကပ်ကြရလိမ့်မည်’’ဟု မိန့်တော်မူ၏။

မဟာဝိဟာရကျောင်းကို အလှူခံတော်မူခြင်းပြီး၏။

---

## ၁၉။ စေတိယတောင်ကိုအလှူခံတော်မူခြင်း

အရှင်မဟိန္ဒထေရ်သည် ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းတော်မူပြီးလျှင် သပိတ်သင်္ကန်းကိုယူတော်မူလျက် တိဿာရာမမှ ကြွတော်မူသောအခါ မြို့သို့ဆွမ်းခံကြွတော်မူ၏၊ မင်းကြီး၏နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် မဟာသမယသုတ်ကို ဟောတော်မူ၏၊ နန်းတော်မှ ကြွတော်မူသောအခါ မင်းကြီးအား မပန်ကြားမူ၍ မြို့အရှေ့တံခါးမှ ထွက်တော်မူ၍ အလုံးစုံသောလူတို့ကို ပြန်သွားစေပြီးလျှင် မိဿကတောင်သို့ ကြွတော်မူ၏။

အမတ်တို့သည် ထိတ်လန့်သော စိတ်ရှိကုန်သည်ဖြစ်၍ ‘‘အရှင်မင်းကြီး····အလုံးစုံသောမထေရ်တို့သည် မိဿကတောင်သို့ ကြွတော်မူကုန်ပြီ’’ဟု မင်းကြီးအား လျှောက်ထားကြကုန်၏၊ မင်းကြီးသည် လျှောက်ထားသောစကားကို ကြားတော်မူလေသော် ထိတ်လန့်တော်မူသည်ဖြစ်၍ မိဖုရားတို့နှင့်တကွ လျင်မြန်စွာရထားကို စီးတော်မူလျက် လိုက်တော်မူလေသော် မိဿကတောင်ခြေရင်းသို့ ရောက်တော်မူလေ၏၊ အရှင်မဟိန္ဒထေရ်သည် ကျောက်ဖြင့်ဖန်ဆင်းအပ်သော နဂရစတုက္ကမည်သော အိုင်၌ ရေချိုးတော်မူပြီးလျှင် တောင်ထိပ်၌ရပ်လျက် နေတော်မူ၏။

မင်းကြီးသည် လျင်မြန်စွာခြေးတို့ကို သုတ်တော်မူလျက် နေတော်မူစဉ် တောင်ထိပ်၌ရပ်လျက် နေတော်မူသော မထေရ်ကို အဝေးမှ မြင်တော်မူသောအခါ မိဖုရားတို့ကို ရထား၌ထား၍ မိမိသည် ရထားမှဆင်းတော်မူပြီးလျှင် မထေရ်တို့၏ထံသို့ သွားတော်မူ၍ ရှိခိုးပြော်လျက်‘‘မွေ့လျော်ဘွယ်ရှိသော မြို့တော်ကိုစွန့်၍ရင်း, ကျွန်ုပ်နှင့်သတ္တဝါတို့ကိုစွန့်၍ရင်း အဘယ်အကျိုးငှါ ဤမိဿကတောင်သို့ ကြွလာတော်မူပါသနည်း’’ဟုလျှောက်ထားလေ၏၊‘‘မြတ်သောမင်းကြီး··ငါတို့သည်

သုံးလတိုပတ်လုံး ဤမိဿကတောင်၌ နေကုန်အံ့၊ ပုရိမဝါကပ်ခြင်း, ပစ္ဆိမဝါကပ်ခြင်းနှစ်ပါးကို မြတ်စွာဘုရားသည် ခွင့်ပြုတော်မူခဲ့၏'' ဟုမိန့်တော်မူ၏။

ထိုအခါ မင်းကြီးသည် ရဟန်းသံဃာတော်အား ချမ်းသာသော ကိစ္စတို့ကို ပြုလုပ်ပါအံ့၊ သနားတော်မူသဖြင့် ကျွန်ုပ်အား အကျိုးစီးပွါးကို ဆုံးမတော်မူပါ''ဟု လျှောက်ထားလေ၏၊''မြတ်သော မင်းကြီး.... ရွာနီး ရွာတွင်း၌ဖြစ်စေ, တော၌ဖြစ်စေ၊ ဝါကပ်သော ရဟန်းသည် ပိတ်အပ်သော တံခါးရှိသောကျောင်း၌ ဝါကပ်ခြင်းကို ခွင့်ပြုတော်မူခဲ့၏''ဟု မိန့်တော်မူလေလျှင်''အရှင်ဘုရား..အကြောင်းအကျိုးရှိသော အလုံးစုံသော စကားတော်ကိုသိပါပြီ၊ ယနေ့သာလျှင် ပြုလုပ်ပါအံ့၊ ချမ်းသာစွာဝါကပ်တော်မူပါ''ဟုလျှောက်ထားတော်မူ၍ ခြောက်ဆယ်သောလိုဏ်တို့ကို သုတ်သင်စေပြီးလျှင် ကြည့်ရှုတော်မူ၍''သနားသဖြင့် သိတင်းသုံးတော်မူကြပါ''ဟု မထေရ်တို့အား လှူတော်မူ၏။

ထို့နောက် မင်းကြီးသည်''အရှင်ဘုရား....တောင်းပန်ပါ၏၊ ဤလိုဏ်နှင့်အာရာမ်ကို စီရင်တော်မူပါ၊ ကျောင်းကိုမြဲမြံစေခြင်းငှါ သိမ်သမုတ်တော်မူပါ''ဟုလျှောက်ထားလေ၏၊မင်းကြီး၏တူတော်ဖြစ်သော မဟာအရိဋ္ဌ အမတ်သည်လည်း ငါးကျိပ်ငါးယောက်သော သားချင်းတို့နှင့်တကွ မင်းအနီး၌နေလျက်''မြတ်သောပညာရှိတော်မူသောအရှင် မဟိန္ဒထေရ်၏ထံ၌ ရဟန်းပြုပါကုန်အံ့၊မြတ်သောအကျင့်ကို ကျင့်ပါကုန်အံ့၊ကျွန်ုပ်တို့ကို အရှင်မင်းကြီးသည် ခွင့်ပြုတော်မူပါ''ဟု လျှောက်ထားကြကုန်၏။

ထိုစကားကို ကြားတော်မူသောအခါ မင်းကြီးသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ မထေရ်၏ ထံတော်သို့သွားပြီးလျှင်''မြတ်သောလုံ့လ ရှိတော်မူသော အရှင်မဟိန္ဒဘုရား....ဤမဟာအရိဋ္ဌ အမှူးရှိကုန်သော ဤငါးကျိပ်ငါးယောက်သော သားချင်းတို့ကို အရှင်ဘုရား၏ အထံတော်၌ ရှင်ရဟန်းပြုတော်မူပါ၊ ကျွန်ုပ်သည် ခွင့်ပြုအပ်ပါပြီ''ဟု လျှောက်ထားလေ၏၊အရှင်မဟိန္ဒထေရ်သည် မင်းကြီး၏စကားကိုကြား တော်မူသောအခါ သိမ်သမုတ်ရန် ရဟန်းသံဃာတော်ကို ခေါ်တော်

မူ၍ "သမာနသံဝါသကသိမ်,တိစိဝရအဝိပ္ပဝါသသိမ်ကို ကျောင်းမြဲမြဲ စေခြင်းငှါ သိမ်သမုတ်ကြကုန်အံ့"ဟု မိန့်တော်မူပြီးလျှင် သိမ်နှင့်သိမန္တရိက်,သုံးဆယ်နှစ်ခုသော တန်စောင်းတို့ကိုထား၍ မဟာသိမ်ကိုကြားတော်မူ၏။

မိဿကတောင်၌ အလုံးစုံသောတန်စောင်းကို သိမ်သမုတ်တော်မူပြီးလျှင် ဥတ္တရာသဠ်နက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့်ဥပုသ်နေ့၌ မဟာအရိဋ္ဌထေရ်ကို ရှေဦးစွာ ဒုတိယသိမ်တန်စောင်း၌ ရှင်သာမဏေပြုခြင်း, ပဉ္စင်းပြုတော်မူခြင်းကို စီရင်တော်မူ၏၊ ငါးကျိပ်ငါးယောက်သော သားချင်းတို့ကိုလည်း ထိုဒုတိယသိမ်တန်စောင်း၌သာလျှင် ရှင်သာမဏေ ပဉ္စင်းပြုကြကုန်၏၊ မိဿကမည်သောတောင်၌ ပဌမအာရာမ်၌ သုံးဆယ့်နှစ်ခုသော တန်စောင်းတို့ကိုငှင်း,ကြွင်းသောငယ်သောအာရာမ်တို့၌ အသီးသီးတခုတခုသော တန်စောင်းတို့ကိုငှင်း တည်ထားတော်မူ၏၊ထိုမိဿကတောင်ပေါ်၌ ခြောက်ဆယ့်နှစ်ပါးသော ရဟန္တာအရှင်တို့သည် ရှေးဦးစွာ ဝါကပ်တော်မူကြကုန်၏။

စေတိယတောင်ကို အလှူခံတော်မူခြင်း ပြီး၏။

စုဒ္ဒသမပိုင်းပြီး၏

---

## ပန္နရသမပိုင်း

### ၂၀။ ထူပါရုံစေတီတော် တည်ခြင်း

ရှင်မဟိန္ဒထေရ်မြတ်သည် တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုပြီးသော် မင်းနန်းတော်၌ ဆွမ်းဘုဉ်းပေးပြီး၍ ဒေဝါနံပိယတိဿမင်းကြီးအား ဤသို့မိန့်တော်မူ၏၊ "မြတ်သောမင်းကြီး····ငါတို့သည် ဇမ္ဗူဒိပ်ကျွန်းမှ နယုန်လပြည့်ဥပုသ်နေ့၌ ကြွလာတော်မူ၍ တိဿာရာမ်၌ငှင်း,မိဿကတောင်၌ငှင်း ငါးလတို့ပတ်လုံး သီတင်းသုံးကုန်၏၊ ယခု ဇမ္ဗူဒိပ်ကျွန်းသို့ သွားကုန်အံ့၊ငါတို့အားခွင့်ပြုလော့"ဟု မိန့်တော်မူ၏၊ထိုအခါ မင်းကြီးသည်"အရှင်ဘုရားမဟိန္ဒ··ကျွန်ုပ်တို့သည် ထမင်း, အဖျော်, သက်န်း, ကျောင်းတို့ဖြင့် ပြည့်စုံအောင် အားထုတ်ပါကုန်၏၊ လူအပေါင်းသည် အရှင်ဘုရားတို့အား ဆည်းကပ်ကိုးကွယ်ပါ၏၊ အ

ဘယ့်ကြောင့် မမွေ့လျော်ပါသနည်း''ဟု လျှောက်ထားလေသော်''မြတ်သောမင်းကြီး....ငါတို့၏ ရှိခိုးပူဇော်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ခဲ့ရသည်ကား ကြာမြင့်လေပြီ''ဟု မိန့်တော်မူ၏။

ထိုအခါမင်းကြီးသည်''သိပါပြီအရှင်ဘုရား၊စေတီတည်ပါအံ့၊မြေနေရာကို ညွှန်ပြတော်မူပါ၊မြတ်စွာဘုရား၏ စေတီတော်ကိုတည်ပါအံ့၊ဓာတ်တော်တို့ကို ရအောင်သာလျှင် အရှင်မြတ် လုံ့လပြုတော်မူပါ''ဟု လျှောက်ထားလေသော် ''မြတ်သောမင်းကြီး.... သုမနသာမဏေနှင့်တိုင်ပင်ကြလော့''ဟု မိန့်တော်မူလေလျှင် မင်းကြီးသည် သုမနသာမဏေ သို့ကပ်ပြီးလျှင် ''အရှင်သုမန....မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို အဘယ်မှာရပါအံ့နည်း''ဟု လျှောက်လေသော် သုမနသာမဏေသည်''မြတ်သောမင်းကြီး....ကြောင့်ကြတော်မမူလင့်၊ မြို့တော်ကိုငင်း,လမ်းခရီးကိုငင်း,ကောင်းစွာ သုတ်သင်ပြင်ဆင်၍ မင်္ဂလာရှိသောဆင်တော်ရတနာကို တန်ဆာဆင်စေလျက် ထီးဖြူစိုက်၍ လပြည့်နေ့ညနေချမ်းအချိန်၌ ဓာတ်တော်ကိုကြိုခြင်းငှါ မဟာနာဂဝန်ဉယျာဉ်သို့ထွက်တော်မူလော့၊ထိုဉယျာဉ်၌ ဓာတ်တော်တို့ကို ရလတ္တံ့''ဟု မိန့်လေ၏။

[စကားမဆက်၍ မဟာဝင်မှ ထုတ်၍ဖော်ပြသည်။]

အရှင်မဟိန္ဒထေရ်သည် တူတော်သုမနသာမဏေကို ဤသို့မိန့်တော်မူ၏၊''သုမနသာမဏေ....ပါဋလိပုတ်ပြည်သို့သွားပြီးလျှင် သင်၏ဘိုးတော်ဖြစ်သော ဓမ္မာသောကမင်းကြီးအား ငါ၏စကားဖြင့် ဤသို့ဆိုလေလော့၊ သင်မင်းကြီး၏အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးအား မြတ်သောဓာတ်တော်ကိုပေးတော်မူပါ၊ စေတီကိုတည်လတ္တံ့ဟု ပြောဆိုလေလော့''ဟု မိန့်တော်မူ၏။

ထိုအခါ သုမနသာမဏေသည် သပိတ်သင်္ကန်းကို ယူတော်မူ၍ မိဿကတောင်မှ ကြွတော်မူပြီးလျှင် ပါဋလိပုတ်ပြည်သို့ ရောက်သောအခါ ဘိုးတော်အသောကမင်းကြီးအား ဉပဇ္ဈာယ်ဆရာ၏ မိန့်တော်မူသောစကားကို ပြောကြားတော်မူလေလျှင် အသောကမင်းကြီးသည် ဝမ်းမြောက်တော် မူသည်ဖြစ်၍''ဓာတ်တော်ကို သပိတ်ပြည့်အောင် ထည့်၍ လျင်မြန်စွာယူ၍ကြွတော်ပါလော့''ဟု ဆို၍ပေးတော်

မူ၏၊ ထို့နောက် သုမနသာမဏေသည် ဓာတ်တော်ကို ယူပြီးလျှင် ကောင်းကင်သို့ကြွတော်မူ၍ သိကြားမင်း၏အထံသို့ ရောက်သောအခါ သိကြားမင်းအား ဤသို့သောစကားကို မိန့်တော်မူ၏၊ "မြတ်သော သိကြားမင်း.... ဥပဇ္ဈာယ်ဆရာ၏ စကားတော်ကို နာတော်မူလော့၊ ဒေဝါနံပိယတိဿမင်းကြီးသည် မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညို၏၊ ထိုဒေဝါနံပိယတိဿမင်းကြီးအား မြတ်သောဓာတ်တော်ကို ပေးတော်မူပါ၊စေတီတည်လတ္တံ့"ဟု မိန့်တော်မူလေလျှင် သိကြားမင်းသည် ဝမ်းမြောက်တော်မူသည်ဖြစ်၍ "လျှင်မြန်စွာယူ၍ ကြွတော်မူပါလော့"ဟုဆိုလျက် လက်ျာညှပ်ရိုးတော်ကို ပေးတော်မူ၏။

သုမနသာမဏေသည်လည်း သိကြားမင်းထံမှ လက်ျာညှပ်ရိုးတော်ကိုယူပြီးလျှင် မိဿကတောင်သို့ ကြွလာတော်မူ၏၊ များသော စစ်သည်တော်ရှိသော ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ညီတော်တို့နှင့်တကွ ရဟန်းသံဃာတို့ကိုငင်း,မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ငင်း ပင့်တော်မူရန် နန်းတော်မှထွက်တော်မူ၏၊ ကုမုဒြာကြာပွင့်ချိန် ဖြစ်သော မိုယ်းလေးလ၏အဆုံးဖြစ်သော တန်ဆောင်မုန်းလပြည့် နေ့၌ ကြွလာတော်မူသော မြတ်စွာဘုရား၏ဓာတ်တော်သည် ဆင်ဦးကင်း၌ တည်တော်မူ၏၊ ထိုအခါ ကြေးခွက်ကိုတီးဘိသကဲ့သို့ ဆင်တော်သည် အသံကိုပြုလေ၏၊ "မြတ်စွာဘုရားသည် ပစ္စန္တရစ်အရပ်သို့ကြွတော်မူ၏"ဟု ကောင်းချီးပေးသောအားဖြင့် မဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင်တုန်လှုပ်လေ၏၊ ရှသင်းသံ, ထက်စည်သံ, စည်သံ တို့ကို တီးမှုတ်ကြကုန်၏။

မင်းကြီးသည် မြတ်သောဓာတ်တော်ကို ပူဇော်တော်မူ၏၊ ဆင်တော်သည် နောက်သို့ဆုတ်လျက် စစ်သည်တော်ရှိရာသို့ ရှေးရှုသွားပြီးလျှင် ပစ္ဆိမတံခါးဖြင့် မြို့သို့ဝင်တော်မူ၍ တောင်တံခါးဖြင့် မြို့မှထွက်၍ အကြင်အရပ်၌ ကကုသန်မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား,ကဿပမြတ်စွာဘုရားတို့၏ စေတီတော်တည်ရာဖြစ်သော မြေနေရာသို့သွား၍ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို ဦးကင်းမှချထားလေ၏၊ ဓာတ်တော်မြေ၌တည်သည်နှင့်တပြိုင်နက် အခါမဲ့ မိုယ်းကြီး

သည် သည်းစွာရွာ၏၊ မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏၊မဖြစ်ဘူးသောကြက်သီးမွေးညှင်းထခြင်းသည် ဖြစ်ပေါ်လာ၏၊ အရှင်သုမနသာမဏေသည်လည်း မင်းဖြစ်ကုန်သော ညီတော်,နောင်တော်တို့နှင့်တကွ တိုင်းသူပြည်သား မှူးမတ်တို့ကို စေတီတော်ကို တည်စေ၏။

မင်းတို့သည် စေတီဘော်မြတ်ကို အသီးသီးပူဇော်ကြကုန်၏၊ဓာတ်တော်တိုက်ကို မြတ်သောရတနာတို့ဖြင့် ဖုံးလွှမ်းအပ်၏၊ နတ်လူတို့သည် ထီးအဆင့်ဆင့်တို့ဖြင့် ပူဇော်ကြကုန်၏၊ ရှုချင်ဘွယ်ရှိသော ထိုထိုသို့သောတန်ဆာ,စာမရီသားမြီးယပ်,အမျိုးမျိုးသော တံခွန်, ကုက္ကားတို့ကိုလည်း ပူဇော်ကြကုန်၏၊ စေတီတော်တည်ရာ အရပ်လေးမျက်နှာတို့၌ နေထွက်ဘိသကဲ့သို့ ထက်ဝန်းကျင်၌ တင့်တယ်ကုန်၏၊ အမျိုးမျိုးသော အရောင်အဆင်းတို့ဖြင့် ဆန်းကြယ်ကုန်သော ဗိတန် (မျက်နှာကြက်) အဝတ်ပုဆိုးတို့ကို ကောင်းကင်၌တည်သော တိမ်တိုက်ကဲ့သို့ဓာတ်တော်တိုက်၏အထက်၌ တင့်တယ်စွာပူဇော်ကြကုန်၏၊ ရတနာတို့ဖြင့် ဝန်းရံအပ်သော ဖလ်ဖြင့်ပြီးသော စေတီကဲ့သို့ငှင်း,ရွှေပန်းကုံးဖြင့် ဝန်းရံအပ်သော ငွေဖြင့်ပြီးသောစေတီကဲ့သို့ငှင်း တင့်တယ်သပ္ပါယ်တော်မူ၏။

ထူပါရုံစေတီတော်တည်ခြင်း ပြီး၏။

---

## ၂၁။ ဘုရားလေးဆူတို့၏စေတီတော်အကြောင်း

၁။ ကကုသန်မြတ်စွာဘုရား၏ ဓမကရိုဏ်စေတီတော်ကား—

ကြီးမြတ်သော မဟာကရုဏာတော် ရှိတော်မူသော ကကုသန်မြတ်စွာဘုရားသည် ဩဇကျွန်းအဘယပုရမြို့၌ များစွာဆင်းရဲဒုက္ခသို့ရောက်ကုန်သောလူတို့ကို မြင်တော်မူလေသော် တာဒိဂုဏ်နှင့်ပြည့်စုံတော်မူကုန်သော ရဟန်းလေးသောင်းတို့ဖြင့် ခြံရံတော်မူလျက်၊ ဩဇကျွန်းအဘယပုရမြို့သို့ ကြွလာတော်မူပြီးလျှင် ထွက်ပေါ်လာသောနေသည် ပဒုမာကြာကို ပွင့်စေသကဲ့သို့ မြတ်စွာဘုရား၏ တရားဟူသောအရောင်တော်ဖြင့် ကျွတ်ထိုက်ကုန်သော ဗောဓနေယျသတ္တဝါတို့ကို သစ္စာလေးပါးတရားတော်ကို သိစေတော်မူ၏၊ ရဟန္တာဘေး

သောင်းတို့သည် ခြံရံတော်မူအပ်သော ကကုသန်မြတ်စွာဘုရားသည် နေသည်ထွက်ပေါ်လာသကဲ့သို့ ဩဇကျွန်း၌ သာသနာတော်ကို တည်ထားတော်မူ၏။

သာဝကဖြစ်တော်မူသော အရှင်မဟာဒေဝထေရ်သည် ဒေဝကူဋ တောင်၌ သီတင်းသုံးတော်မူ၏၊ဩဇကျွန်း အဘယပုရမြို့၌ အဘယ မည်သောမင်းကြီးသည် မင်းပြုတော်မူ၏၊ကောင်းစွာဝေဘန်အပ်သော ရှုချင်ဘွယ်မွေ့လျော်ဘွယ်ရှိသောမြို့တော်ကို ကဒမ္ဗမြစ်ကမ်း၌ ဖန်ဆင်းအပ်၏၊ကြမ်းတန်းသော * ပုဏ္ဏကနရကမည်သောဘီလူးသည်ပဇ္ဇရက မည်သောရောဂါကိုဖြစ်စေသောကြောင့်လူအပေါင်းသည်မြုံးဝအတွင်း၌ရှိကုန်သော ငါးတို့ကဲ့သို့ သေရအံ့လော,ရှင်ရအံ့လောဟု ယုံမှားကြကုန်သည်ဖြစ်၍ နေကြရကုန်၏၊မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ပဇ္ဇရကရောဂါသည် ပျောက်ခြင်းသို့ ရောက်၏၊ မြတ်စွာဘုရားသည် အမတ တရားတော်ကို ဟောတော်မူသောအခါ မြတ်စွာဘုရား၏ သာသနာတော် တည်တော်မူလေသော် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် တရားထူးကိုရကြကုန်၏၊ ထိုအခါ ဓမကရိုဏ် စေတီတော်သည် ပဋိယာရာမစေတီတော်မည်၏၊ တန်ခိုးကြီးတော်မူသော အရှင်မဟာဒေဝထေရ်သည် ရဟန်းသံဃာတထောင်ခြံရံတော်မူလျက် မြတ်စွာဘုရားကြွသွားတော်မူသောအခါ မိမိသည်သာလျှင် သံဃပါမောက္ခဖြစ်တော်မူ၏။

၂။ ကောဏာဂုံဘုရားရှင်၏ ဥဒ္ဒုံရာ ရာမစေတီတော်ကား—

ကောဏာဂုံမြတ်စွာဘုရားသည်တသောင်းသောစကြဝဠာတိုက်တို့၌ မဟာကရုဏာတော်ဖြန့်တော်မူသောအခါ ဝရဒီပကျွန်း၌ ဆင်းရဲခြင်းသို့ရောက်ကုန်သောလူတို့ကို မြင်တော်မူလေသော် ရဟန်းသုံးသောင်းတို့ဖြင့်ခြံရံတော်မူလျက် ဝရဒီပကျွန်းသို့ကြွလာတော်မူပြီးလျှင် နေရောင်သည် ပဒုမာကြာကိုပွင့်စေသကဲ့သို့ မြတ်စွာဘုရား၏ တရားရောင် တော်ဖြင့် ကျွတ်ထိုက်ကုန်သော များစွာကုန်သော ဗောဓနေယျ သတ္တဝါတို့ကို သစ္စာလေးပါးတရားကို သိစေတော်မူ၏။

---

[*ပုဏ္ဏကာဋ္ဌ-မဟာဝင်။]

တက်သစ်သောနေရောင်ကဲ့သို့ ဝရဒီပကျွန်း၌ သာသနာတော်ကို တည်ထားတော်မူ၏၊ ကောဏာဂုံမြတ်စွာဘုရား၏ သာဝကဖြစ်တော်မူသော အရှင်မဟာသုမနထေရ်သည် သမန္တကုဋတောင်၌ သီတင်းသုံးတော်မူ၏၊ ဝရဒီပကျွန်းဝဍ္ဍမာနမြို့၌ သမိဒ္ဓအမည်သော မင်းကြီးသည် မင်းပြုတော်မူ၏၊ထိုအခါမိုးခေါင်သဖြင့် ရေနည်းသောအိုင်၌ရှိသော ငါးတို့ကဲ့သို့ တော်မွတ်ခြင်းဘေးဖြင့် နှိပ်စက်ကုန်သော သတ္တဝါတို့ကို မြင်တော်မူသောအခါကောဏာဂုံမြတ်စွာဘုရားသည်ကြွလာတော်မူပြီးလျှင် မိုးကိုရွာသွန်းစေခြင်းဖြင့် ဇနပုဒ်၌နေသော သတ္တဝါတို့အား ချမ်းသာသုခကိုရစေ၏။

တိဿမည်သောတဖက်စီးကန်၏အနီးဖြစ်သောမြို့၏တောင်မျက်နှာ၌ ခါးပန်းကြိုးတော်ကိုဌာပနာ၍ တည်ထားအပ်သော စေတီတော်သည် ဥတ္တရာရာမစေတီတော်မည်၏၊ မြတ်စွာဘုရားသည် အမတတရားတော်ကို ဟောတော်မူသောအခါ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့သည် တရားထူးကိုရကြကုန်၏၊ တက်သစ်သောနေဝန်းကဲ့သို့ ရဟန်းတထောင်ခြံရံတော်မူလျက် ဝရဒီပကျွန်း၌ သီတင်းသုံးတော်မူသော အရှင်မဟာသုမနထေရ်သည် မြတ်စွာဘုရား ကြွတော်မူသောအခါ သံဃပါမောက္ခဖြစ်တော်မူ၏။

[ပါရာဇိကဏ် အဋ္ဌကထာ၌ သမေဏ္ဍာဇင်းကြီး သုဝဏ္ဏကုဋတောင် မဟာသုမနထေရ်ဟုရှိ၏။]

၃။ ကဿပမြတ်စွာဘုရား၏ ပါဠိနာရာမစေတီတော်ကား—

ကဿပမြတ်စွာဘုရားသည် နတ်နှင့်တကွသော လောက၌ဗုဒ္ဓစက္ခုတော်ဖြင့် ကျွတ်ထိုက်ကုန်သော သတ္တဝါတို့ကို ကြည့်ရှုတော်မူသောအခါ မဏ္ဍဒီပကျွန်း၌ ညင်းခုံခြင်း,ခိုက်ရန်ဖြစ်ခြင်းကြောင့် ပျက်စီးကုန်သော သတ္တဝါတို့ကို မြင်တော်မူသောအခါ မဏ္ဍဒီပကျွန်းသို့ ကြွလာတော်မူပြီးလျှင် နေရောင်သည် ပဒုမာကြာကို ပွင့်စေသကဲ့သို့ မြတ်စွာဘုရား၏ တရားရောင်တော်ဖြင့် ကျွတ်ထိုက်ကုန်သော မျှားစွာကုန်သော ဗောဓနေယျသတ္တဝါတို့ကို သစ္စာလေးပါးတရားတော်ကို သိစေတော်မူ၏။

စန္ဒိမာလမင်းသည် အမိုက်အတိုက်ကို ပါယ်ဖျက်၍အလင်းရောင်ကို ထွန်းတောက်ပစေသကဲ့သို့ မဏ္ဍဒီပကျွန်း၌ သာသနာတော်ကို ထွန်းလင်းတောက်ပစေလျက် တည်ထားတော်မူပြီးလျှင် ရဟန်းအပေါင်း ခြံရံတော်မူလျက် ကောင်းကင်၌ ကြွသွားတော်မူ၏၊ ကဿပမြတ်စွာဘုရား၏ သာဝကဖြစ်တော်မူသော အရှင်သဗ္ဗနန္ဒထေရ်သည် သုဘကူဋတောင်၌ သီတင်းသုံးတော်မူ၏၊ မဏ္ဍဒီပကျွန်း ဝိသာလမည်သောမြို့၌ ဇယန္တမည်သောမင်းကြီးသည် မင်းပြုတော်မူ၏၊ ခေမမည်သော တဖက်စီးကန်၏အနီးဖြစ်သော မြို့၏အနောက်မျက်နှာ၌ ရေသနုပ်တော်ကို ဌာပနာလျက် တည်ထားအပ်သော စေတီတော်သည် ပါစိနာရာမစေတီတော်မည်၏။

ကဿပမြတ်စွာဘုရားသည် ညင်းခံ့ကြကုန်သော မြို့သူ မြို့သားတို့ကို ညီညွတ်သည်တို့ကို ပြုတော်မူလျက် အမတတရားကို ဟောတော်မူ၍ သာသနာတော်ကိုတည်စေ၏၊ အမတတရားကို ဟောတော်မူလေသော် မြတ်စွာဘုရား၏ သာသနာတည်သည်ရှိသော် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် တရားထူးကိုရကြကုန်၏၊ ရဟန်းတထောင်တို့သည် ခြံရံအပ်သော အရှင်သဗ္ဗနန္ဒထေရ်သည် မဏ္ဍဒီပကျွန်း၌ သာသနာတည်ထားတော်မူသော မြတ်စွာဘုရားကြွတော်မူသောအခါ သံဃပါမောက္ခဖြစ်တော်မူ၏။

[ဤသို့လျှင် ထူပါရုံစေတီတော်နေရာ၌ဖွေးပွင့်ပော်မူကုန်သော ဘုရားသုံးဆူတို့၏ စေတီတော်တို့ကို တည်ထားကြကုန်၏၊ ထိုစေတီတော်တို့သည် သာသနာတော်ကွယ်သဖြင့် ပျက်စီးကုန်၏၊ နေရာမျှသာရှိ၏၊ထိုနေရာကို နတ်တို့၏တန်ခိုးကြောင့် ဆူးရှိသောသစ်ခက်ခြုံတို့ဖြင့် ဖုံးလွှမ်းလျက် တည်ရှိခြင်းကြောင့် တစုံတယောက်မျှ အညစ်အကြေး အမှိုက်တို့ဖြင့်မဖျက်ဆီးနိုင်။ ။ပါရာဇိကကဏ်အဋ္ဌကထာ။]

၄။ ဂေါတမဘုရား၏ ထူပါရာမစေတီတော်ကား—

လောကနာယကဖြစ်တော်မူသော ဤဂေါတမ မြတ်စွာဘုရားသည်လည်း လင်္ကာဒီပကျွန်းကို မြင်တော်မူ၏၊ မြင်တော်မူခြင်းကား တူ,ဦးရီးဖြစ်ကုန်သော နဂါးတို့သည် ခိုက်ရန်စစ်ထိုးခြင်းဖြစ်ကြသဖြင့် အခိုးလွှတ်ခြင်း, အလျှံတောက်ပခြင်း, ရန်မူခြင်းဖြစ်ကြသောကြောင့် လင်္ကာ

ဒီပကျွန်းမျက်စိမည်ကို မြင်တော်မူလေသော် တပါးတည်းသာလျှင် ကြွလာတော်မူပြီးလျှင် တဦးရိုးဖြစ်ကုန်သော နဂါးတို့ကို ခိုက်ရန်ဖြစ်ခြင်းမှ ငြိမ်းစေတော်မူ၏။

မြတ်စွာဘုရားသည် စေတိယတောင်၌ နိရောဓသမာပတ်ကို ဝင်စားလျက်နေတော်မူ၏၊ "မွေလျော်ဘွယ်သော အနုရာဓမြို့၌ ဒေဝါနံပိယတိဿမင်းကြီးသည် မင်းပြုလတ္တံ့၊ မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ခြောက်နှစ်ကို လွန်သောအခါ မဟိန္ဒထေရ်သည် သာသနာတော်ကိုထွန်းလင်းစေလတ္တံ့၊ မြို့၏တောင်မျက်နှာအရပ်၌ရှိသော မွေလျော်ဘွယ်ရှိသော မြေအပြင်၌ မွေလျော်ဘွယ်သော အာရာမ်သည် ထူပါရာမမည်လတ္တံ့၊ ဤကျွန်းသည် တမ္ဗပဏ္ဏိကျွန်း မည်လတ္တံ့၊ ထိုကျွန်း၌ငါဘုရား၏သာရီရိကဓာတ်တော်သည် ကောင်းစွာတည်လတ္တံ့" ဟု လောကနာယက ဖြစ်တော်မူသော မြတ်စွာဘုရားသည် မြင်တော်မူ၏။

[ဤဒီပဝင်၌ "သမ္ဗုဒ္ဓေ စ ဝဿသတေ၊ ဝဿံ ဆတ္တိံသ သတာနိစ" ဟု ဒုတိယသင်္ဂါယနာတင်တော်မူသည်မှ တရာ့သုံးဆယ့်ခြောက်နှစ်၌ တတိယသင်္ဂါယနာတင်သည်ဟု ပြဆိုလေသောကြောင့် "ဝဿေ ဒွိသတာတီတေ၊ ဆတ္တိံသ ဝဿကေ ကထာ၊ မဟိန္ဒောနာမ နာမေန၊ ဇောတယိဿတိ သာသနံ" ဟူသော ပါဠ်ကို နှစ်ရာ့သုံးဆယ့်ခြောက်နှစ်ကို လွန်သော နှစ်ရာ့သုံးဆယ့်ခုနစ်ခုနှစ်ဟုအဓိပ္ပါယ်ကိုယူမှသာရှေ့နောက်ညီညွတ်မည်။]

ဘုရားလေးဆူတို့၏ ဓေတီတော်အကြောင်း ပြီး၏။

---

## ၂၂။ သံဃမိတ္တာထေရီမကို ပင့်ဆောင်ခြင်း

ထိုဓာတ်တော်ကို ပူဇော်ခြင်းကိစ္စပြီးလေသော် အနုဋ္ဌာဒေဝီမိဖုရားကြီးသည် ရဟန်းပြုလိုသဖြင့် မင်းကြီးအား လျှောက်ကြားလေလျှင် မင်းကြီးသည်အရှင်မဟိန္ဒထေရ်အား ဤသို့လျှောက်ကြားတော်မူ၏၊ "အနုဋ္ဌာဒေဝီမိဖုရားကြီးသည် ရတနာသုံးပါး၌ကြည်ညို၏၊ ဖြောင့်မတ်သောအယူရှိ၏၊ ဘဝ၌တပ်ခြင်း ကင်းသောစိတ်ရှိ၏၊ ထိုအနုဋ္ဌာဒေဝီမိဖုရားကြီးသည် ရဟန်းပြုလိုပါ၏၊ အနုဋ္ဌာဒေဝီမိဖုရားကြီးကို ရဟန်းပြုတော်

မူပါ''ဟု လျှောက်ထားလေလျှင် ''မြတ်သောမင်းကြီး....မာတုဂါမကို ရဟန်းပြုခြင်းငှါ ရဟန်းယောကျ်ားအားမအာပ်ါငါ၏နှမတော်ဖြစ်သော သံဃမိတ္တာထေရီမသည် ပါဋလိပုတ်ပြည်၌ရှိ၏၊ထိုသံဃမိတ္တာထေရီမကို မဟာဗောဓိပင်ကို ယူ၍လာတော်မူရန် ပင့်လျှောက်လေလော့''ဟု မိန့်တော်မူ၏၊

ထိုအခါမင်းကြီးသည် အရိဋ္ဌမည်သောမိမိ၏တူတော်ကို မဟာဗောဓိနှင့်တကွ သံဃမိတ္တာထေရီမကိုပင့်ရန် ပါဋလိပုတ်ပြည်သို့ စေလွှတ်တော်မူ၏၊အရိဋ္ဌအမတ်သည်လည်း မင်းကြီးနှင့် မထေရ်၏အမိန့်တော်ကိုယူပြီးလျှင် မထေရ်၏ အဓိဋ္ဌာန်၏အစွမ်းဖြင့် တရက်ခြင်းဖြင့်သာလျှင် ဇမ္ဗုကောလဆိပ်သို့ရောက်၍ လှေကိုစီးလျက် သမုဒ္ဒရာသို့ ကူးပြီးလျှင် ပါဋလိပုတ်ပြည်သို့ရောက်လေ၏၊ အရှင်မဟိန္ဒထေရ်သည်''မြတ်သောမင်းကြီး....ငါ၏နှမတော်ဖြစ်သော သံဃမိတ္တာသည် အနုဠာဒေဝီမိဖုရားကြီးကိုရဟန်းပြုခြင်းငှါ ပညာရှိသော–

၁။ ဥတ္တရာထေရီမ,
၂။ မာသာထေရီမ,
၃။ မာရဂလ္လာထေရီမ,
၄။ အဂ္ဂိမိတ္တာထေရီမ,
၅။ မိတာဝဒါထေရီမ,
၆။ တပ္ပါထေရီမ,
၇။ ပဗ္ဗတဆိန္နာထေရီမ,
၈။ မလ္လာထေရီမ,
၉။ ဓမ္မဒါသိကာထေရီမ-

ဤကိုးပါးသောဘိက္ခုနီမတို့နှင့် ဤလက်ာဒီပကျွန်းသို့ ကြွလာလတ္တံ့၊ ထိုဘိက္ခုနီမတို့သည် ကိလေသာကင်းသော ခုတရာဂဏ်,တည်ကြည်သောသမာဟိဘဂုဏ်, ကောင်းသောစိတ်အကြံရှိသော သြမာတမနသက်ပ္ပဂုဏ်,သာသနာတော်၌မွေ့လျော်သော သဒ္ဓမ္မဝိနယရတဂုဏ်,အာသဝေါတရားကုန်သော ခီဏာသဝဂုဏ်, ဝသီဘော်ငါးပါးနှင့်ပြည့်စုံသော ဝသိပ္ပတ္တဂုဏ်, ဝိဇ္ဇာသုံးပါးကိုရသော တေဝိဇ္ဇဂုဏ်, တန်ခိုး

အရာ၌သိသော ဉာဏ်ပညာ ရှိတော်မူသော ဇာတ္တိတောဝိန္ဒဂုဏ်, အရဟတ္တဖိုလ်ကိုရတော်မူသော ဥတ္တမတ္ထဋ္ဌိတဂုဏ်တို့နှင့် ပြည့်စုံကုန်၏”ဟု မိန့်တော်မူ၏။

အနုဠာဒေဝီမိဖုရားကြီးသည် ငါးရာသောသတို့သမီး, ငါးရာသော နန်းတွင်းသူတို့နှင့်တကွ ဆယ်ပါးသီလတို့ကို ဆောက်တည်ပြီးလျှင် ဖန့်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ကုန်လျက် မြို့၏တခုသောနေရာ၌ ကျောင်းကို ဆောက်လုပ်စေပြီးလျှင် နေလေ၏၊ ထိုငါးရာကုန်သော သတို့သမီးတို့နှင့် နန်းတွင်းသူတို့သည် အနုဠာဒေဝီမိဖုရားကြီးကို ခြံရံကုန်လျက် ညချမ်းနံနက်တိုင်းဆည်းကပ်လုပ်ကျွေးကုန်၏၊ အရိဋ္ဌအမတ်သည်လည်း ပါဋလိပုတ်ပြည်သို့ရောက်သောအခါ ဓမ္မာသောကမင်းကြီးထံသို့ သွားပြီးလျှင် ဤသို့လျှောက်ထားလေ၏၊ “မြတ်သော အရှင်မင်းကြီး....အရှင်မင်းကြီး၏ သားတော်ဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်သည်၎င်း,ဘုရား၌ အလွန်ကြည်ညိုတော်မူသော အရှင်မင်းကြီး၏အဆွေတော်ဖြစ်တော်မူသော ဒေဝါနံပိယတိဿ မင်းကြီးသည်၎င်း အရှင်မင်းကြီး၏ထံသို့ စေလွှတ်တော်မူ၏၊ ဤသို့လည်း မိန့်တော်မူ၏၊ အရှင်မင်းကြီး၏သားတော်ဖြစ်သော အရှင်မဟိန္ဒသည် အနုဠာဒေဝီမိဖုရားကြီးကို ရဟန်းပြုခြင်းငှာ အရှင်သံဃမိတ္တာထေရီမကို မဟာဗောဓိနှင့်တကွ စေလွှတ်တော်မူပါဟု မိန့်တော်မူသည်”ဟု လျှောက်ထားလေ၏။

မထေရ်၏အမိန့်တော်ကို လျှောက်ထားပြီးလျှင် သံဃမိတ္တာထေရီထံသို့သွားပြီးလျှင် ဤသို့လျှောက်ထားလေ၏၊ “အရှင်မ၏မောင်တော်ဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်သည် ကျွန်ုပ်ကို အရှင်မထံသို့ စေလွှတ်တော်မူ၏၊ ဒေဝါနံပိယတိဿ မင်းကြီး၏ညီတော် အိမ်ရှေ့ မဟာနာဂမင်းကြီး၏ မိဖုရားကြီးဖြစ်တော်မူသော အနုဠာဒေဝီမိဖုရားကြီးသည် ငါးရာကုန်သော သတို့သမီး,ငါးရာကုန်သော နန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုလိုပါကုန်၏၊ ထိုမိဖုရားကြီးကို နှမတော်သည် လာပြီးလျှင်ရဟန်းပြုပါဟုလျှောက်ထားချေဟု စေလွှတ်တော်မူသည်” ဟူ၍ လျှောက်ထားလေ၏၊ ထိုအခါ အရှင်သံဃမိတ္တာ ထေရီမသည် မောင်တော်၏အမိန့်တော်ကို နာရသောအခါ လျင်မြန်စွာမင်းကြီးထံ

သို့ ကြွသွားပြီးလျှင် ဤသို့မိန့်တော်မူ၏၊ "မြတ်သောမင်းကြီး… လင်္ကာဒီပကျွန်းသို့သွားရန် ခွင့်ပြုတော်မူပါ၊ မောင်တော်၏ အမိန့်တော်ကို တားမြစ်ခြင်းငှါမစွမ်းနိုင်၊ သားတော်ဖြစ်သော သုမန သာမဏေသည်၎င်း, မောင်တော်ဖြစ်တော်မူသော အရှင်မဟိန္ဒ ထေရ်သည်၎င်း လင်္ကာဒီပကျွန်း၌ ရှိတော်မူ၏" ဟု မိန့်တော်မူ၏။

ထိုအခါ အသောကမင်းကြီးသည် သံဃမိတ္တာထေရီမအား ဤသို့လျှောက်ထားလေ၏၊ "ချစ်သမီး…ငါ၏သားတော်နှင့် မြေးတော်တို့သည် ငါ၏လက်ကိုပြတ်အောင်ပြုဘိသကဲ့သို့ တမ္ဗပဏ္ဏိကျွန်းသို့ သွားကြကုန်၏၊ ထိုသားတော်နှင့် မြေးတော်တို့ကို မမြင်ရခြင်းကြောင့် သောကသို့ရောက်သော်လည်း ချစ်သမီး၏မျက်နှာကို မြင်သောအခါ ထိုသောကသည် ငြိမ်းလေသောကြောင့် ချစ်သမီးအား သွားခြင်းကို တားမြစ်ပါ၏" ဟု လျှောက်ထားသောအခါ "ခမည်းတော်မင်းကြီး… မောင်တော်၏အမိန့်တော်သည် အလွန်လေးနက်၏၊ အနုဠာဒေဝီ မိဖုရားကြီးသည်လည်း သတို့သမီးနန်းတွင်းသူတို့နှင့်တကွ ရဟန်းပြုရန် သမီးတော်ကို တောင့်တကြကုန်၏" ဟု မိန့်တော်မူ၏။

[စကားမဆက်စပ်သောကြောင့် ပါရာဇိကဏ်အဋ္ဌကထာနှင့်နှီးနှော၍ ဖေါ်ပြသည်။]

သံဃမိတ္တာထေရီမကို ပင့်ဆောင်ခြင်း ပြီး၏။

ပန္နရသမပိုင်းပြီး၏။

---

# သောဠသမပိုင်း

## ၂၃။ မဟာဗောဓိပင်ကိုပင့်ဆောင်ခြင်း

အသောကမင်းကြီးသည် သုမနသာမဏေသည် ဓာတ်တော်ကို ပင့်ယူရန် ကြွလာခြင်းကိုမပြုမီ ရှေးဦးစွာသာလျှင် ပါဋလိပုတ်ပြည်မှ မဟာဗောဓိသို့ရောက်အောင် လမ်းကိုသုတ်သင် ရှင်းလင်းစေပြီးလျှင် စစ်သည်တော်ဖြင့် ခြံရံတော်မူလျက် ပါဋလိပုတ်ပြည်မှ မဟာဗောဓိသို့ကြွတော်မူ၍ များစွာသောတန်ဆာတို့ဖြင့် တီးမှုတ်လျက် မဟာဗောဓိပင်ကို ခန်းရံတော်မူပြီးလျှင် မဟာဗောဓိပင်ကို သုံးကြိမ်လက်ျာ

ရစ်လှည့်လည်တော်မူ၍ ရှစ်ခုသောအရပ်မျက်နှာတို့၌ ရှိခိုးပြီးလျှင် လက်အုပ်ချီလျက် ရပ်တော်မူ၍ သစ္စာပြုခြင်းဖြင့် မဟာဗောဓိကို ယူတော်မူလိုသောကြောင့် မြေမှမဟာဗောဓိလက်ျာတောင်ဘက်ကိုင်း တိုင်အောင် မြင့်သည်ကိုပြု၍ထားသော အလုံးစုံသော ရတနာတို့ဖြင့် ပြီးသော အင်းပျဉ်၏အထက်၌ ရွှေဖျဉ်းအိုးကိုထားစေ၍ ရတနာ အင်းပျဉ်ပေါ်သို့တက်တော်မူလျက် ရွှေစုတ်ကိုကိုင်တော်မူလျက်—

"မဟာဗောဓိသည် လင်္ကာဒီပကျွန်း၌ တည်နေတော်မူ ငြားအံ့၊ ငါသည်လည်း ဘုရားသာသနာတော်၌ ယုံမှားမရှိ ငြားအံ့၊ မဟာဗောဓိသည် အလိုအလျောက်သာလျှင် ဤရွှေ ဖျဉ်းအိုး၌ ကြွတော်မူ၍ တည်ပါစေသတည်း"—

ဟု သစ္စာပြုတော်မူ၏၊ သစ္စာပြုသည်နှင့်တပြိုင်နက် မဟာဗောဓိ လက်ျာတောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့် ဖြတ်သောနေရာ၌ ပြတ်တော်မူပြီးလျှင် နံ့သာတို့ဖြင့်ပြည့်သော ရွှေဖျဉ်းအိုး၏အထက်၌ သီတင်းကျွတ်လပြည့် ညနေချမ်းအချိန်၌ တည်နေတော်မူ၏၊ ထိုနောက် ဟိမဝန္တာသတ္တာဟ, အဘိသေကသတ္တာဟကို လွန်စေပြီးလျှင် သီတင်း ကျွတ်လဆုတ်ဥပုသ်နေ့၌ တရက်တည်းဖြင့်သာလျှင် ပါဋလိပုတ်ပြည်သို့ ပင့်ယူတော်မူ၍ တန်ဆောင်မုန်းလဆန်းတရက်နေ့၌ မဟာဗောဓိကို အရှေ့အရပ်၌ရှိသော အင်ကြင်းပင်ကြီး၏အနီး၌ ထားတော်မူ၏။

ဤသို့ထားတော်မူသော မဟာဗောဓိကိုရည်၍ လင်္ကာဒီပကျွန်းသို့ သွားရန်ခွင့်တောင်းသောသမီးတော် သံဃမိတ္တာထေရီမအား အသော ကမင်းကြီးသည် "သမီးတော်ကြွသွားသည်ရှိသော် မဟာဗောဓိကို ပင့် ယူလျက်ကြွတော်မူပါ"ဟု လျှောက်ထားလေ၏၊ သမီးတော်သံဃမိတ္တာ သည်လည်း "ကောင်းပါပြီ"ဟု ဝန်ခံတော်မူ၏၊ အသောကမင်းကြီး သည် မဟာဗောဓိကို ဂင်္ဂါမြစ်၌ လှေသို့တင်ပြီးလျှင် ကိုယ်တော်တိုင် လည်း မြို့မှထွက်တော်မူ၍ သုံးခုသောတိုင်းပြည်နှင့် တောအုပ်ကြီးကို လွန်တော်မူလျက် ခုနစ်ရက်တို့ဖြင့် တာမလိတ္တိဆိပ်ကမ်းသို့ ရောက် တော်မူ၏။

နတ္တော်လဆန်းတရက်နေ့၌ အသောကမင်းကြီးသည် မဟာဗောဓိ နှင့် သံဃမိတ္တာထေရီမကို အခြံအရံနှင့်တကွ လှေသို့တင်တော်မူပြီး

လျှင် အရိဋ္ဌအမတ်ကို ဤသို့ မိန့်တော်မူ၏၊ "ငါသည် မဟာဗောဓိကို သုံးကြိမ် အလုံးစုံသော ဇမ္ဗူဒီပမင်း၏အဖြစ်ဖြင့် ပူဇော်ပြီးလျှင် လည်ပမာဏရှိသော ရေသို့ဆင်းသက်၍ ငါ၏အဆွေဖြစ်တော်မူသော ဒေဝါနံပိယတိဿမင်းကြီးထံသို့ ဗိုလ်လိုက်၏၊ အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ငါကဲ့သို့ မဟာဗောဓိကို ပူဇော်လေလော့" ဟုမိန့်တော်မူ၏။

သံဃမိတ္တာဘိက္ခုနီမသည်လည်း မဟာဗောဓိကိုပင့်ယူတော်မူလျက် မဟာသမုဒ္ဒရာသို့ကြွတော်မူ၏၊အထက်ကောင်းကင်၌ နတ်တို့၏တူရိယာတို့ဖြင့် အောက်၌လူတို့၏တူရိယာတို့ဖြင့် အရပ်လေးမျက်နှာ၌ နတ်လူတို့သည် မဟာသမုဒ္ဒရာ၌ တီးမှုတ်ကြကုန်၏၊ အသောကမင်းကြီးသည် မဟာဗောဓိကို ဖူးမျှော်လျက် ရှိခိုးတော်မူပြီးလျှင် ငိုကြွေးမြည်တမ်းတော်မူလျက် မိမိ၏နန်းတော်သို့ ပြန်လာတော်မူ၏။

ရေ၌နေကုန်သော နဂါးတို့သည်၎င်း, ကောင်းကင်၌နေကုန်သော နတ်တို့သည်၎င်း, သစ်ပင်၌နေကုန်သော နတ်တို့သည်၎င်း, မြေဘုတ်, ကုမ္ဘဏ်,ရက္ခိုုသ် တို့သည်၎င်း ကြွတော်မူသောမဟာဗောဓိကို အထူးထူးသောနေရာတို့ကို ဖန်ဆင်းကုန်လျက် ခြံရံကြကုန်၏၊လူတို့သည်၎င်း, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ဝသဝတ္တိနတ်ပြည်၌ နေကုန်သောနတ်တို့သည်၎င်း,ကြွသွားတော်မူသော မဟာဗောဓိကို ဝမ်းမြောက်ဝမ်းသာစွာ ခြံရံကြကုန်၏။

သိကြားမင်းအမှူးရှိကုန်သော သုံးကျိပ်သုံးပါးသော နတ်သားတို့သည် ကြွသွားတော်မူသော မဟာဗောဓိကို ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ လက်ပန်းခတ်လျက် ရွှင်ကြကုန်၏၊ကုဝေရနတ်မင်း, ဓတရဋ္ဌနတ်မင်း,ဝိရူပက္ခနတ်မင်း,ဝိရူဠှကနတ်မင်း ထိုနတ်မင်းကြီးလေးပါးတို့သည် ကြွသွားတော်မူသော မဟာဗောဓိကို အရပ်လေးမျက်နှာတို့၌ ခြံရံကြကုန်၏။

နဂါးတို့သည် တူရိယာအမျိုးမျိုးတို့ဖြင့် တီးမှုတ်ကုန်လျက် ပျော်ရွှင်ကြကုန်၏၊ပင်လယ်ကသစ်ပန်း,ထင်ရှားပန်း,နတ်၌ဖြစ်သော စန္ဒကူးမှုန့်တို့ကိုကောင်းကင်မှ ကျစေလျက် စကားပန်း, ထင်းရှူးပန်း,တမာပန်း

ကုံကော်ပန်း, ပုန်းညက်ပန်း, ဆပ်သွားပန်းတို့ဖြင့် မဟာ သမုဒ္ဒရာ၌ မဟာဗောဓိကို နတ်တို့သည် ပူဇော်ကြကုန်၏၊ နဂါးမင်း,နဂါးသတို့ သမီး,နဂါးလုလင်တို့သည် နဂါးတို့၏ဘုံမှထွက်ပြီးလျှင် အထူးထူးသော အဆင်းရှိသော အဝတ်တန်ဆာကို ဝတ်ဆင်ကုန်လျက် ပူဇော်ကြကုန်၏။

သံဃမိတ္တာထေရီမသည်လည်း ဂဠုန်၏သဏ္ဌာန်ကို ဖန်ဆင်းတော် မူလျက် နဂါးတို့ကိုကြောက်လန့်စေ၏၊ထိုအခါ နဂါးတို့သည်လာကြပြီး လျှင် ထေရီမကိုတောင်းပန်ကုန်လျက် မဟာဗောဓိကို နဂါးပြည်သို့ ပင့်ဆောင်ပြီးလျှင် ကြာဖြူ,ကြာညို,ကြာနီ စသော ပန်းအမျိုးမျိုးတို့ဖြင့် မဟာဗောဓိကို ခုနစ်ရက်ပတ်လုံး အထူးထူးပူဇော်ကြပြီးလျှင် တဖန် လှေ၌ တည်ထားကြကုန်၏၊ ထိုနေ့၌သာလျှင် လှေသည် ဇမ္ဗုကောလ ဆိပ်ကမ်းသို့ ရောက်လေ၏။

ဒေဝါနံပိယတိဿ မင်းကြီးသည်လည်း သုမနသာမဏေ၏စကား ဖြင့် နတ္တော်လဆန်းတရက်နေ့မှစ၍ မြောက်တံခါးမှ ဇမ္ဗုကောလဆိပ် ကမ်းတိုင်အောင် လမ်းကိုသုတ်သင်ခြင်း,တန်ဆာဆင်ခြင်း တို့ကိုပြုစေ၍ မြို့မှထွက်တော်မူလေသော် မြောက်တံခါး၏အနီး၌ရှိသော သမုဒ္ဒသာ လဝတ္ထုမည်သောအရပ်၌ ရပ်နေတော်မူလျက်သာလျှင် တင့်တယ်စွာ ကြွလာတော်မူသော မဟာဗောဓိကို အရှင်မဟိန္ဒထေရ်၏တန်ခိုးတော် ကြောင့် ဖူးမြင်တော်မူရလေသော် ဝမ်းမြောက်ဝမ်းသာစွာ ထွက်တော် မူပြီးလျှင် ဇမ္ဗုကောလဆိပ်ကမ်းသို့သွားတော်မူ၍လည်ပမာဏရှိသော ရေထဲသို့ဆင်းသက်တော်မူလျက် မဟာဗောဓိကို မြောက်ချီတော်မူပြီး လျှင် ဦးခေါင်းထက်၌ထားတော်မူ၍ မဟာဗောဓိကိုခြံရံလျက် လာကုန် သော နတ်နှင့်တကွသော ဇာတ်နှင့်ပြည့်စုံကုန်သော တကျိပ် ခြောက် ယောက်ကုန်သော အမျိုးကောင်းသားတို့နှင့်တကွ မဟာဗောဓိကို သမုဒ္ဒရာကမ်း၌ ထားတော်မူပြီးလျှင် သုံးရက်တို့ပတ်လုံးအလုံးစုံသော တမ္ဗပဏ္ဏိကျွန်း၌ မင်း၏အဖြစ်ဖြင့် ပူဇော်တော်မူ၏။

လေးရက်နေ့၌ မဟာဗောဓိကို ပင့်ယူတော်မူပြီးလျှင် အနုရာဓမြို့သို့ ရောက်တော်မူသောအခါ သုတ်သင်ခြင်း,စေတီတို့ဖြင့် တန်ဆာဆင်ခြင်း တို့ကို ပြုအပ်သောလမ်းဖြင့် မြို့၏မြောက်တံခါးဖြင့်သွင်း၍ မြို့လယ်လမ်း

ဖြင့်ဆောင်ယူလျက် တောင်ဘက်တံခါးဖြင့်ထွက်တော်မူပြီးလျှင် ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပ မြတ်စွာဘုရားရှင်တို့ မဟာဗောဓိပင်တည်ရာဖြစ်တော်မူသောမဟာမေဃဝန်ဥယျာဉ်တော်၌ တည်ထားတော်မူ၏၊ မဟာဗောဓိသည် မြေ၌တည်တော်မူလေသော် မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏။

ဒေဝါနံပိယတိဿမင်းကြီးသည် အလုံးစုံတို့ထက် ကြီးမြတ်တော်မူသော မဟာဗောဓိကို စောင့်ရှောက်ရန် အရပ်ရှစ်မျက်နှာတို့၌ ရှစ်ယောက်, ရှစ်ယောက်ကုန်သော မင်းတို့ကို ပေးတော်မူ၏၊ မြေ၌ရောက်သော မဟာဗောဓိကိုစောင့်ရှောက်ရန် တကျိပ်ခြောက်ယောက်ကုန်သော အစောင့်အရှောက်တို့ကို ပေးတော်မူ၏၊ ကောင်းစွာရေလောင်းရန် ရှစ်ယောက်တို့ကိုပေးတော်မူ၏၊ တံခွန်ဖြင့်မိုး၍ စောင့်ရှောက်သော သုတထောင်ကို ပေးတော်မူ၏။

အဘိသိက်စသောမင်္ဂလာ၌ ဟီးခြင်းကိုပြုခြင်းငှာ ရှစ်ခုကုန်သော ရွှေစည်တော်တို့ကို ထားတော်မူ၏၊ စန္ဒဂုတ္တအမတ်ကို ဇနပုဒ်တခုကို ပေး၍ထားတော်မူ၏၊ ဒေဝဂုတ္တအမတ်ကို ပြာသာဒ်တဆောင်နှင့်မြေနေရာတခုကို ပေး၍ထားတော်မူ၏၊ တပါးကုန်သော သူတို့အားထိုက်သည်အားလျော်စွာ ပိုင်စားရွာတို့ကို စွန့်ကြဲတော်မူ၏။

မင်းကြီး၏ ငါးရာကုန်သော သတို့သမီးတို့နှင့် အနုဠာဒေဝီမိဖုရားကြီး, ငါးရာကုန်သော နန်းတွင်းသူတို့သည် သံဃမိတ္တာထေရီမထံ၌ ရဟန်းပြုကြ၍ မကြာမြင့်မီ ကင်းသောရာဂ ရှိကုန်သည်ဖြစ်၍ အရဟတ္တဖိုလ်၌ တည်ကြကုန်၏၊ မင်းကြီး၏ တူတော်ဖြစ်သော အရိဋ္ဌအမတ်သည်လည်း ငါးရာကုန်သော ယောကျ်ားတို့နှင့်တကွ အရှင်မဟိန္ဒ၏ထံ၌ ရဟန်းပြုကြ၍ မကြာမြင့်မီ အရဟတ္တဖိုလ်၌တည်ကြကုန်၏၊ ဤသို့လျှင် ပန်းတို့၏ပွင့်ချိန်ဖြစ်သော ဟေမန္တဥတု ပဌမလ၌ ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာတော်မူသော မဟာဗောဓိသည် တမ္ဗပဏ္ဏိကျွန်း၌ တည်နေတော်မူ၏။

[ပါရာဇိကကဏ်အဋ္ဌကထာနှင့်နှီးနှော၍ဖော်ပြသည်။]

မဟာဗောဓိပင်ကိုပင့်ဆောင်ခြင်း ပြီး၏၊

သောဠသမပိုင်းပြီး၏။

# သတ္တရသမပိုင်း

## ၂၄။ သီဟိုဠ်ကျွန်းအကြောင်း

အလျားသုံးဆယ့်နှစ်ယူဇနာ, အနံတဆယ့်ရှစ်ယူဇနာ, အဝန်းယူဇနာတရာရှိသော သမုဒ္ဒရာဖြင့် ဝန်းရံအပ်သော အလုံးစုံသော ရတနာတို့၏တည်ရာဖြစ်သော မြစ်, တဘက်ဆီးကန်,တော,တောင်တို့နှင့်ပြည့်စုံသော လင်္ကာဒီပကျွန်းသည်ရှိ၏၊ ထိုလင်္ကာဒီပကျွန်း၌ ၁-ကျွန်း, ၂-ပြည်, ၃-မင်း, ၄-ဘေးရန်အန္တရာယ်, ၅-ဓာတ်တော်, ၆-စေတီတော်, ၇-မြို့တော်၏တည်ရာ, ၈-တောင်, ၉-ဥယျာဉ်,၁၀-ဗောဓိပင်, ၁၁-ဘိက္ခုနီ, ၁၂-ရဟန်းတော်, ၁၃-မြတ်စွာဘုရား- ဤတဆယ့်သုံးပါးတို့သည်ထင်ရှားဖြစ်ပေါ်ကုန်၏၊ဘုရားလေးဆူတို့၏လက်ထက်၌ဖြစ်သော အမည်လေးပါးကို ဆိုလတ္တံ့ဖြစ်သော ငါ၏ထံမှ နာယူကြစေကုန်သတည်း။

၁။ သီဟိုဠ်ကျွန်းကို ဩဇဒီပကျွန်းဟူ၍၎င်း, ဝရဒီပကျွန်းဟူ၍၎င်း, မဏ္ဍဒီပကျွန်းဟူ၍၎င်း, လင်္ကာဒီပကျွန်းဟူ၍၎င်း, တမ္ဗပဏ္ဏိကျွန်းဟူ၍၎င်း ဘုရားလေးဆူတို့၏ သာသနာတော်၌ ခေါ်ဆို၏။

၂။ မြို့တော်ကို ဘုရားလေးဆူတို့၏ သာသနာတော်၌ အဘယမြို့တော်, ဝဍ္ဎမာနမြို့တော်, ဝိသာလမြို့တော်, အနုရာဓမြို့တော် ဟု အစဉ်အတိုင်းခေါ်ဆို၏။

၃။ မင်းကြီးတို့သည် အဘယမင်းကြီး, သမိဒ္ဓမင်းကြီး, ဇယန္တမင်းကြီး, ဒေဝါနံပိယတိဿမင်းကြီး ဤမင်းကြီးလေးပါးတို့ဖြစ်ကုန်၏။

၄။ ဘုရားလေးဆူတို့သည် ပယ်ဖျောက်တော်မူအပ်ကုန်သောဘေးရန်အန္တရာယ်တို့သည် ပဇ္ဇရကရောဂါ, တော်မွတ် ခေါင်းပါးခြင်း, ညင်းခုံခြင်း, ဘီလူးတို့နေထိုင်ခြင်း ဤလေးပါးတို့တည်း။

[ဘီလူးရက္ခိုသ်တို့ကြောင့်လူအပေါင်းတို့အား ဦးခေါင်းပူသောအနာ, သို့မဟုတ် ဖျားသောအနာကို ပဇ္ဇရကရောဂါဟုမဟာဝင်၌ဆိုသည်။]

၅။ ကကုသန်မြတ်စွာဘုရား၏ဓမကရိုဏ်တော်, ကောဏာဂုံမြတ်စွာဘုရား၏ ခါးပန်းကြိုးတော်,ကဿပမြတ်စွာဘုရား၏ရေသနုပ်တော်, •

ဂေါတမမြတ်စွာဘုရား၏ တဒေါ်ဏာအတိုင်းအရှည်ရှိသော သာရီရိက ဓာတ်တော်- ဤဓာတ်တော်လေးဆူတို့သည် တည်ရှိကုန်၏။

၆။ အဘယမြို့၌ ပဋိယာရာမစေတီတော်,ဝဍ္ဍမာနမြို့၌ ဥတ္တရာရာမ စေတီတော်, ဝိသာလမြို့၌ ပါစိနာရာမစေတီတော်, အနုရာဓမြို့၌ ထူပါရာမစေတီတော်- ဤစေတီတော် လေးဆူတို့ကို တည်ထားကြ ကုန်၏။

၇။ ကဒမ္ဗမြစ်၏အနီး၌ အဘယမြို့သည်၎င်း,တိဿတဖက်ဆိပ်ကန် ၏ အနီး၌ ဝဍ္ဍမာနမြို့သည်၎င်း, ခေမတဖက်ဆိပ်ကန်၏ အနီး၌ ဝိသာ လမြို့သည်၎င်း, ထိုအတူ အနုရာဓမြို့သည်၎င်း တည်ရှိ၏။

၈။ တောင်၏အမည်ကို ဒေဝကူဋဟူ၍၎င်း, သီလကူဋဟူ၍၎င်း, သုဘကူဋဟူ၍၎င်း, ယခုအခါ သုမနကူဋဟူ၍၎င်းခေါ်ဆို၏။

၉။ ဥယျာဉ်တော်ကား မဟာတိတ္ထဝနဥယျာဉ်,မဟာနာမဥယျာဉ်, သာဂရဥယျာဉ်, မဟာမေဃဝန် ဥယျာဉ်ဟု ဘုရားလေးဆူတို့၏ ကျောင်းတော်တည်ရာ ဥယျာဉ်တော်သည် ဖြစ်၏။

၁၀။ ဗောဓိပင်တို့သည် ကကုသန် မြတ်စွာဘုရား၏ ကုက္ကိုမဟာ ဗောဓိလက်ျာတောင်ကိုင်းကို တန်ခိုးကြီးတော်မူသော အရှင်ရုစိနန္ဒာ မည်သော ထေရီမသည်ပင့်ယူပြီးလျှင်ဩဇဒီပကျွန်းမဟာတိတ္ထ ဥယျာဉ်၌ စိုက်ပျိုးတော်မူ၏၊ ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းမဟာဗောဓိ လက်ျာတောင်ကိုင်းကို တန်ခိုးကြီးတော်မူသော ကန္ဒနန္ဒာထေရီမသည် ပင့်ယူပြီးလျှင် ဝရဒီပကျွန်း မဟာနာမဥယျာဉ်၌ စိုက်ပျိုးတော်မူ၏၊ ကဿပမြတ်စွာဘုရား၏ ပညောင် မဟာဗောဓိလက်ျာတောင်ကိုင်းကို တန်ခိုးကြီးတော်မူသော အရှင်သုဓမ္မာထေရီမသည် ပင့်ယူတော်မူပြီး လျှင် သာဂရဥယျာဉ်၌ စိုက်ပျိုးတော်မူ၏၊ ဂေါတမမြတ်စွာဘုရား၏ ညောင်ဗုဒ္ဓဟေ မဟာဗောဓိလက်ျာတောင်ကိုင်းကို တန်ခိုးကြီးတော်မူ သောအရှင်သံဃမိတ္တာထေရီမသည် ပင့်ယူတော်မူပြီးလျှင် လင်္ကာဒီပ ကျွန်း မဟာမေဃဝန်ဥယျာဉ်၌ စိုက်ပျိုးတော်မူ၏။

၁၁။ တန်ခိုးကြီးကုန်သော ရုစိနန္ဒာဘိက္ခုနီမ,ကန္ဒနန္ဒာဘိက္ခုနီမ, သုဓမ္မာဘိက္ခုနီမ, သံဃမိတ္တာဘိက္ခုနီမ-ထိုဘိက္ခုနီမလေးပါးတို့သည်

မဟာဗောဓိကို ပင့်ယူတော်မူကြကုန်၏၊ လေးဆူကုန်သော မဟာဗောဓိပင်တို့၏ စိုက်ပျိုးရာ ဥယျာဉ်တော်လေးခုတို့၌ ဘုရားလေးဆူတို့၏ သာသနာတော်၌ မွေ့လျော်ဘွယ်သော ကျောင်းတော်သည် တည်ရှိ၏။

၁၂။ အရှင်မဟာဒေဝထေရ်, အရှင်သုမနထေရ်, အရှင်သဗ္ဗနန္ဒထေရ်, အရှင်မဟိန္ဒထေရ် ဤလေးပါးတို့သည် တမ္ဗပဏ္ဏိကျွန်းသူကျွန်းသားတို့ကြည်ညိုသော မဟာထေရ်တို့ဖြစ်ကုန်၏။

၁၃။ ကကုသန် မြတ်စွာဘုရားသခင်သည် ငါးပါးအပြားရှိသော စက္ခုတို့ဖြင့် လောကကို ကြည့်ရှုတော်မူလေသော် ဩဇဒီပကျွန်း၌ ပုဏ္ဏကနရကဘီလူးကြောင့် များစွာသော လူတို့အား ပဇ္ဇရကရောဂါ ဖြစ်ပွားသဖြင့် ကုန်းပေါ်သို့ရောက်သော တုန်လှုပ်သော ငါးတို့ကဲ့သို့ ရောဂါသည် နှိပ်စက်အပ်ကုန်သော များစွာကုန်သော သတ္တဝါတို့ကို မြင်တော်မူလေလျှင် လေးသောင်းကုန်သော ရဟန်းတို့ဖြင့် ခရီးရုံတော်မူလျက် ရောဂါမှလွတ်မြောက်ကြစေခြင်း အကျိုးငှါ ဇမ္ဗူဒိပ်ကျွန်းမှ ဩဇဒီပကျွန်းသို့ ကြွလာတော်မူ၏၊ ဆဠဘိညမဟိဒ္ဓိကဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်သော လေးသောင်းသော ရဟန်းတို့သည် ကောင်းကင်၌ လ-မင်းကို ကြယ်တာရာတို့သည် ဝန်းရံဘိသကဲ့သို့ မြတ်စွာဘုရားကို ဝန်းရံတော်မူကြကုန်၏။

ကကုသန်မြတ်စွာဘုရားသည် ဒေဝကူဋတောင်၌ သာဝကတို့နှင့် တကွ နတ်ဖြဟ္မာကဲ့သို့ ထွန်းလင်းတောက်ပတော်မူလျက် တည်နေတော်မူ၏၊ အလုံးစုံကုန်သော ဩဇဒီပကျွန်းသူ ကျွန်းသားတို့သည် ဒေဝကူဋတောင်ကို ထွန်းလင်းတောက်ပစေ၍ တည်နေတော်မူသော မြတ်စွာဘုရားကို နတ်ဟူ၍သာလျှင် မှတ်ထင်ကြကုန်၏၊ ဘုရားဟူ၍ မသိကြကုန်၊ လပြည့်ဥပုသ်နေ့၌ အရုံတက်သောအခါ ထွက်ပေါ်လာသောနေဝန်းကဲ့သို့ မြတ်စွာဘုရားသည် ထိုတောတောင်ကို ထွန်းလင်းစေတော်မူ၏။

အဘယမြို့၌နေကြကုန်သော မင်းနှင့်တကွ အလုံးစုံသော လူတို့သည် အရပ်လေးမျက်နှာ၌ တောက်ပသော တောင်ကိုမြင်ကြသော အခါ ရှင်လန်းဝမ်းမြောက်ကြလေသော် ကကုသန်မြတ်စွာဘုရားသည်

"အလုံးစုံကုန်သောဩဇဒီပကျွန်းသူ ကျွန်းသားတို့သည် ငါ့ကိုမြင်ကြစေသတည်း"ဟုမိဌာန်တော်မူ၏။မင်းနှင့်တကွ အလုံးစုံကုန်သော မြို့သူမြို့သားတို့သည် စစ်သည်ဗိုလ်ပါနှင့်တကွ"လူတို့ကိုနှိပ်စက်သော ပဇ္ဇရကရောဂါဘေးရန်ကို ပယ်ဖျောက်တော်မူခြင်းငှာ ဒေဝကုဋတောင်၌ နတ်မင်းသည် ကြွလာသည်"ဟု တောင့်တကြသည်ဖြစ်၍ မြို့မှထွက်ကြပြီးလျှင် ထိုတောင်သို့သွား၍ ကကုသန်မြတ်စွာဘုရားကို မြင်ကြလေသော် ရှိခိုးကြကုန်၏။

နတ်ဟူ၍ မှတ်ထင်ကြကုန်သည်ဖြစ်၍ လာကြကုန်သောတိုင်းသူပြည်သားနှင့်တကွ ဖြစ်ကုန်သော မင်းနှင့်စစ်သည် တော်တို့သည် မြတ်စွာဘုရားကိုရှိခိုးကြလေသော် ကကုသန်မြတ်စွာဘုရားသည် ရောက်လာသမျှသော ပရိသတ်တို့အား နတ်မဟုတ်ကြောင်း ဘုရားဖြစ်ကြောင်းကို သိစေတော်မူပြီးမှ တရားဟောပြတော်မူ၏၊ အဘယမင်းကြီးသည် အလွန်ဝမ်းမြောက်ရကား ရဟန်းသံဃာနှင့်တကွ မြတ်စွာဘုရားအား မြို့သို့ဆွမ်းဘုဉ်းပေးတော်မူရန် ပင့်လျှောက်လေသော် မြတ်စွာဘုရားသည်ဆိတ်ဆိတ်နေသဖြင့် သည်းခံတော်မူလေလျှင်မင်းကြီးသည်သည်းခံတော်မူကြောင်းကို သိတော်မူ၍ စစ်သည်တော်, တိုင်းသူ ပြည်သားတို့နှင့်တကွ ပူဇာသက္ကာရအထူးကို စီရင်ရန် မြို့သို့ပြန်လာကြကုန်၏။

မြို့သို့ရောက်သောအခါမင်းကြီးသည်ဤသို့ကြံစည်တော်မူ၏၊"ရဟန်းသံဃာနှင့် လူအပေါင်းသည်အလွန်များ၏၊မြို့သည်အလွန်ကျဉ်းမြောင်း၏၊ ငါ၏မြို့သည် မပြုပြင်အပ်သော မြေအပြင်ရှိ၏၊ မဟာတိဋ္ဌဥယျာဉ်တော်သည် မွေ့လျော်ဘွယ်ရှိ၏၊ ကျယ်ဝန်း၏၊ မနီးမဝေးသော အရပ်၌ ရှိ၏၊ ရဟန်းတို့နှင့် သင့်လျော်၏၊တပါးတည်း ကိန်းစက်ခြင်း၌ လျောက်ပတ်၏၊မြတ်စွာဘုရားအား လျောက်ပတ်၏၊ထိုဥယျာဉ်တော်ကို ငါသည် ဘုရားအမှူးရှိသော သံဃာတော်အား လှူအံ့၊ လူအပေါင်းသည်လည်း ဘုရားရှင်နှင့် သံဃာတော်အား ဖူးမြင်ရလတ္တံ့." ဟု ကြံစီတော်မူပြီးလျှင် ဥယျာဉ်တော်၌ နေတော်မူရန် နေရာကို ပြုလုပ်စေ၏။

ကကုသန်မြတ်စွာဘုရားသည်ရဟန်းလေးသောင်းတို့ဖြင့် ခြံရံတော်မူလျက် မဟာတိဋ္ဌဥယျာဉ်တော်၌ သီတင်းသုံးတော်မူ၏၊ ထိုအခါ

ဥယျာဉ်တော်၌ ကာလအားလျော်စွာပွင့်ကုန်သောပန်းတို့ဖြင့်ဖုံးလွှမ်းကုန်၏၊ လေညှင်းတိုက်ခပ်သဖြင့် လှုပ်သောသစ်ပင်တို့သည် ရှိကုန်၏၊ လူတို့သည် ဘုရားရှင်နှင့် သံဃာတော်အား ဖူးမြင်ကြကုန်၏၊ မင်းကြီးသည် ရွှေကရားကို ယူတော်မူပြီးလျှင်—

ဣမာဟံ ဘန္တေ ဥယျာနံ၊ ဒဒါမိ ဗုဒ္ဓ ပမုခေ။
သံဃဿ ဖါသုဝိဟာရံ၊ ရမ္မံ သေနာသနံ အဟု။ ။

ဟုရေစက်သွန်းချလျက် လှူဒါန်းတော်မူ၏။

ဘန္တေ၊အရှင်ဘုရား။ အဟံ၊အကျွန်ုပ်သည်။ဣမံဥယျာနံ၊ဤဥယျာဉ်တော်ကို။ ဗုဒ္ဓပမုခေ၊ဘုရားအမှူးရှိသော သံဃာတော်အား။ ဒဒါမိ၊ လှူပါ၏။ သံဃဿ၊ သံဃာတော်အား။ ဖါသုဝိဟာရံ၊ ချမ်းသာစွာ သီတင်းသုံးတော်မူသော။ ရမ္မံ၊မွေ့လျော်ဘွယ်သော။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာသည်။ အဟု၊ဖြစ်ပြီ။

ကကုသန်မြတ်စွာဘုရားသည် ဥယျာဉ်တော်ကို အလှူခံတော်မူ၏၊ ထိုအခါ မြေကြီးသည် တုန်လှုပ်လေ၏၊ကကုသန် မြတ်စွာဘုရားသည် မဟာတိတ္ထဥယျာဉ်တော်၌ သီတင်းသုံးတော်မူလျက်"ရုစိနန္ဒာဘိက္ခုနီမသည် မဟာဗောဓိကို ဆောင်ယူလျက်လာပါမူကား ကောင်းလေစွ" ဟု ကြံစည်တော်မူ၏။

ရုစိနန္ဒာဘိက္ခုနီမသည် ကကုသန်မြတ်စွာဘုရား၏စိတ်အကြံတော်ကိုသိတော်မူ၍ ဉာဏ်ကို မဟာဗောဓိသို့ကြွတော်မူပြီးလျှင် သစ်ပင်ရင်း၌ ရပ်တော်မူလျက်"မြတ်စွာဘုရားသည် မဟာဗောဓိကို သြဇဒီပကျွန်း၌ စိုက်ပျိုးခြင်းကို အလိုရှိတော်မူ၏၊ ငါသည် ထိုမဟာဗောဓိကို ဆောင်ယူခြင်းငှါ လာ၏"ဟု စိတ်ဖြင့်ကြံစည်တော်မူပြီးလျှင် "မြတ်စွာဘုရားသည် သတ္တဝါတို့အား သနားတော်မူသဖြင့် မဟာဗောဓိကိုဆောင်ယူခြင်းကို ခွင့်ပြုတော်မူ၏၊ ငါ၏တန်ခိုးအာနုဘော်ကြောင့် မဟာဗောဓိလက်ျာတောင်ကိုင်းသည် မဟာဗောဓိပင်ကြီးမှ လွတ်ပါစေသတည်း" ဟု လက်အုပ်ချီလျက် ရပ်တော်မူ၍ နှုတ်ဖြင့်ဆိုတော်မူလေသော် မဟာဗောဓိလက်ျာတောင်ကိုင်းသည် မဟာဗောဓိပင်ကြီးမှလွှတ်၍ ရွှေဖျဉ်းအိုး၌ တည်နေတော်မူ၏၊

ရုစိနန္ဒာဘိက္ခုနီမသည် ရွှေဖျဉ်းအိုးဖြင့် မဟာဗောဓိကိုယူတော်မူလျက် ငါးရာသောဘိက္ခုနီမတို့ဖြင့်ခြံရံ၍ ကြွလာတော်မူ၏၊ ထိုအခါ သမုဒ္ဒရာတောင်နှင့်တကွ မဟာပထဝီမြေကြီးသည် တုန်လှုပ်လေ၏၊ ကြီးစွာသော အရောင်အလင်းသည် ဖြစ်ပေါ်လာ၏၊ မဖြစ်ဘူးသော ကြက်သီးမွေးညှင်းထခြင်းသည်ဖြစ်၏၊ အလုံးစုံကုန်သော တိုင်းသူပြည်သားတို့နှင့်တကွ မင်းနှင့်စစ်သည်တော်တို့သည် ထိုကြီးစွာသော အရောင်အလင်းကို မြင်ကြသောအခါ လက်အုပ်ချီကုန်လျက် မဟာဗောဓိကို ရှိခိုးကြကုန်၏။

အလုံးစုံကုန်သော နတ်တို့သည် မဟာဗောဓိကို ဖူးမြင်ကြရသောအခါ ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ ကြွေးကြော်ကြကုန်၏၊ များသော အခြံအရံရှိကုန်သော စတုလောကပါလနတ်မင်းကြီး လေးပါးတို့သည်လည်း ကုဏ္ဍိမဟာဗောဓိကို စောင့်ရှောက်ကြကုန်၏၊ တာဝတိံသာ စသော အထက်နတ်ပြည်၌ ရှိကုန်သော သိကြားမင်း စသော နတ်မင်းကြီးတို့နှင့် နတ်အပေါင်းတို့သည်လည်း ကုဏ္ဍိမဟာဗောဓိကို ခြံရံကြကုန်၏၊ နတ်အပေါင်းတို့သည် ဝမ်းမြောက် ဝမ်းသာစွာ လက်အုပ်ချီကုန်လျက် ရုစိနန္ဒာဘိက္ခုနီမနှင့်အတူတကွ ကုဏ္ဍိမဟာဗောဓိကို ခြံရံကြကုန်၏။

တန်ခိုးကြီးတော်မူသော ရုစိနန္ဒာဘိက္ခုနီမသည် ကုဏ္ဍိမဟာဗောဓိပင်ကို ပင့်ယူတော်မူပြီးလျှင် ဘိက္ခုနီမတို့ဖြင့်ခြံရံလျက် သြဇဒီပကျွန်းသို့ကြွတော်မူ၏၊ ကုဏ္ဍိမဟာဗောဓိသည် သြဇဒီပကျွန်းသို့ ကြွတော်မူလေသော် နတ်တို့သည် ကခြင်း, ရွှင်ခြင်း, နှစ်ဆသော လက်ရုံးလက်မောင်းခတ်ခြင်းတို့ကို ပြုကြကုန်၏၊ နတ်အပေါင်း ခြံရံလျက် ရုစိနန္ဒာဘိက္ခုနီမသည် ကုဏ္ဍိမဟာဗောဓိကို ပင့်ယူတော်မူလျက် ကကုသန်မြတ်စွာဘုရားထံတော်သို့ ရောက်တော်မူသောအခါ မြတ်စွာဘုရားသည် မဟာတိတ္ထဉယျာဉ်တော်၌ မဟာဗောဓိနေရာ၌ ဤသို့ တည်ထားတော်မူ၏။

ရုစိနန္ဒာဘိက္ခုနီမသည် ကိုယ်တော်တိုင်မဟာဗောဓိပင်ကို မစိုက်ပျိုးချေ၊ ကကုသန်မြတ်စွာဘုရားသည် မဟာဗောဓိပင်ကို မြင်တော်မူသောအခါ လကျာ လက်မောင်းတော်ကို မြှောက်ချီတော်မူ၏၊

ထိုအခါ ရှစ်နန္ဒာဘိက္ခုနီမသည် မဟာဗောဓိလက်ျာတောင်ကိုင်းကို မြတ်စွာဘုရား၏လက်ျာလက်တော်ပေါ်၌ တင်ထားတော်မူပြီးလျှင် ရှိခိုးတော်မူ၏၊ မြတ်စွာဘုရားသည် မဟာဗောဓိပင်ကို ယူတော်မူပြီးလျှင် အဘယမင်းကြီးအား "ဤနေရာ၌စိုက်ပျိုးလော့" ဟု မိန့်တော်မူ၍ ပေးတော်မူ၏။

အဘယမင်းကြီးသည် မြတ်စွာဘုရား မိန့်တော်မူသော နေရာ၌ မဟာဗောဓိပင်ကို စိုက်ပျိုးတော်မူ၏၊ ကုက္ကုမဟာဗောဓိ လက်ျာတောင်ကိုင်းကို မြေ၌စိုက်ပျိုးပြီးသောအခါ မြတ်စွာဘုရားသည် သစ္စာလေးပါးတရားတော်ကို ဟောတော်မူ၏၊ တရားတော်၏ အဆုံး၌ *တသိန်းလေးသောင်း ကုန်သောလူတို့နှင့် ကုဋေသုံးဆယ်ကုန်သော နတ်တို့သည် ဓမ္မာဘိသမယကို ရကြကုန်၏။

ကကုသန်မြတ်စွာဘုရား၏ ကုက္ကုမဟာဗောဓိ (သိရိသမဟာဗောဓိ),ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းမဟာဗောဓိ (ဥဒုမ္ဗရမဟာဗောဓိ), ကဿပ မြတ်စွာဘုရား၏ ပညောင် မဟာဗောဓိ (နိဂြောဓမဟာဗောဓိ) ဤမဟာဗောဓိသုံးဆူတို့ကို လင်္ကာဒီပကျွန်းသို့ ပင့်ဆောင်ကြကုန်၏၊ ဂေါတမမြတ်စွာဘုရား၏ ညောင်ဗုဒ္ဓဟေမဟာဗောဓိ (အဿတ္ထမဟာဗောဓိ) ကို ပင့်ဆောင်ပြီးလျှင် မဟာမေဃဝန်ဥယျာဉ်၌ စိုက်ပျိုးကြကုန်၏။

မုင္ဍသိဝမင်းကြီးအား အဘယသားတော်, ဒေဝါနံပိယတိဿသားတော်,မဟာနာဂသားတော်,ဥတ္တိယသားတော်,မတ္တာဘယသားတော်, မိတ္တသားတော်, မဟာသိဝသားတော်, အသေလသားတော်,သုဝဏ္ဏပိဏ္ဍတိဿသားတော်,ခီရသားတော်အားဖြင့် တကျိပ်သော သားတော်တို့သည်၎င်း၊သိဝလိသမီးတော်,အနုဠာသမီးတော်အားဖြင့် သမီးတော်နှစ်ယောက်တို့သည်၎င်း ရှိကုန်၏၊မုင္ဍသိဝမင်းကြီး နတ်ရွာစံသောအခါ သားတော်ဒေဝါနံပိယတိဿမင်းကြီးသည် ခမည်းတော်၏အရိုက်အရာကိုယူတော်မူ၍မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ရာ့သုံးဆယ့်ခြောက်နှစ်သို့ ရောက်သောအခါ ရာဇာဘိသေကဘိသိက်တော်ကို ခံယူတော်မူ၏။

[*နှစ်သောင်းသောသတ္တဝါ-မဟာဝင်။]

အဘိသိက်ကိုခံယူပြီးသောအခါ မင်းကြီး၏ ကုသိုလ်တန်ခိုးကြောင့် များစွာသော ရတနာတို့သည် ထွက်ပေါ်လာကုန်၏၊ မင်းကြီးသည် ရတနာတို့ကိုမြင်တော်မူသောအခါ ဓမ္မာသောကမင်းကြီး၏ထံတော်သို့ လက်ဆောင်တော်ပြု၍ဆက်သတော်မူ၏၊ အသောကမင်းကြီးသည် ထိုလက်ဆောင်တော်တို့ကို မြင်တော်မူသောအခါ ဝမ်းမြောက်တော်မူသည်ဖြစ်၍ ဒေဝါနံပိယတိဿမင်းကြီးကို အဘိသိက်သွန်းတော်မူရန် များစွာသောရတနာတို့ကို တဖန်ဆက်သတော်မူ၏။ (ထိုရတနာတို့ကို ပြဆိုခဲ့ပြီ။)

ဒေဝါနံပိယတိဿမင်းကြီးသည် ထိုရတနာတို့ကို ရရှိတော်မူသောအခါ တမ္ဗပဏ္ဏိကျွန်း၌ နှစ်ကြိမ်မြောက်အဘိသိက်တော်ကို ခံယူတော်မူ၏၊ ထိုဒုတိယအဘိသိက်တော်ကို ခံယူသည်မှ တလလွန်သောအခါ ဂဏပါမောက္ခဖြစ်တော်မူသော အရှင်မဟိန္ဒထေရ်သည် ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာတော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီး၏ ကုသိုလ်ကောင်းမှုတော်များကား—

၁။ တိဿာရာမကျောင်းတော်,
၂။ မဟာမေဃဝန်ဥယျာဉ်၌ မဟာဗောဓိပင်စေတီတော်,
၃။ ထူပါရာမစေတီတော်,
၄။ စေတိယတောင်၌ အာရာမ်တော်,
၅။ မိဿကမည်သောကျောင်းတော်,
၆။ ဝေဿဂိရိကျောင်းတော်,
၇။ စောဠကတိဿကျောင်းတော်,
၈။ တယူဇနာ,တယူဇနာရှိသောနေရာ၌ အာရာမ်တော်ကိုပြုလုပ်၍ ဓာတ်တော်စေတီတော်တို့ကို တည်ထားတော်မူ၏။

အနှစ်လေးဆယ်ပတ်လုံး မင်းပြုတော်မူပြီးလျှင် နတ်ရွာစံတော်မူ၏။

သီဟိုဠ်ကျွန်းအကြောင်း ပြီး၏။

## ၂၃။ အရှင်မဟိန္ဒပရိနိဗ္ဗာန်စံတော်မူခြင်း

ဒေဝါနံပိယတိဿမင်းကြီး နတ်ရွာစံလေသော် ထိုမင်း၏သားတော်,သမီးတော်မရှိသည်၏အဖြစ်ကြောင့် ညီတော်ရင်းဖြစ်သော မုဋသိဝမင်းကြီး၏သားတော် ဥတ္တိယမင်းသည် နောင်တော်၏အရိပ်အရာကိုယူ၍ ဆယ်နှစ်မင်းပြုတော်မူ၏၊ဥတ္တိယမင်းအဘိသိက်သွန်း၍ ရှစ်နှစ်ရှိသောအခါ အရှင်မဟိန္ဒ ထေရ်သည် ပရိနိဗ္ဗာန် စံတော်မူ၏၊ အရှင်မဟိန္ဒထေရ်သည် တဆယ့်နှစ်ဝါရရှိတော်မူသောအခါ လင်္ကာဒီပကျွန်းသို့ ကြွတော်မူ၍ ဝါတော်ခြောက်ဆယ် ပြည့်တော်မူသည်ဖြစ်၍ စေတိယတောင်၌ဝါဆိုတော်မူလျက် သီတင်းကျွတ်လဆန်းရှစ်ရက်နေ့နံနက်ယံ၌ ပရိနိဗ္ဗာန်စံတော်မူ၏၊ထိုအခါ ရေပြည့်အိုး,တုရိုဏ်တိုင်,ပန်းစေတီတို့ဖြင့် တန်ဆာဆင်ပြီးလျှင် ဆီမီးတို့ကို ညှိထွန်းကြကုန်၏။

ဥတ္တိယမင်းကြီးသည် ရှုချင်ဘွယ်ရှိသော စုလစ်မွန်းချွန်တပ်သော ရွှေပြာသာဒ်ကိုပြုတော်မူ၏၊ အလုံးစုံကုန်သော နတ်,လူ,နဂါး,ဂန္ဓဗ္ဗနတ်,ဒါနဝနတ်တို့သည် ဆင်းရဲခြင်းနှင့်ပြည့်စုံကုန်သည်ဖြစ်၍ စေတိယတောင်၌ ခုနစ်ရက်ပတ်လုံးပူဇော်ကြကုန်၏၊ အချို့သောသူတို့သည်“အလောင်းတော်ကို မြို့သို့ပင့်ဆောင်ကြကုန်အံ့”ဟု ပြောဆိုကြကုန်၏၊ ထိုအခါအချို့သောသူတို့သည် “ဤစေတိယတောင်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏ဟူသော ကျော်စောထင်ရှားသောအသံသည် ပျံ့နှံ့ကျယ်ဝန်းစွာဖြစ်၏၊ မြို့သို့ပင့်ဆောင်ရာ၌ ဘေးရန်များ၏၊ ဤပရိနိဗ္ဗာန်စံတော်မူသောတောင်၌သာလျှင် မီးသင်္ဂြိုဟ်ကြကုန်အံ့”ဟု ပြောဆိုကြကုန်၏။

ဥတ္တိယမင်းကြီးသည် လူအပေါင်း၏ပြောဆိုသောစကားကို ကြားတော်မူလေသော် တိဿာရာမကျောင်းတော်၏ အရှေ့မျက်နှာ၌ရှိသော မြေအပြင်၌ ထင်းပုံကြီးကို စုပုံစေပြီးသောအခါ အလောင်းတော်ကို စုလစ်မွန်းချွန်တပ်သောရွှေပြာသာဒ်၌တင်ပြီးလျှင် ပင့်ယူတော်မူ၍ မြို့၏အရှေ့ဖြင့်ဝင်ပြီးလျှင် မြို့လယ်လမ်းဖြင့်သွား၍ တောင်တံခါးမှထွက်တော်မူပြီးလျှင် မဟာဝိဟာရကျောင်းတိုက်၏အတွင်း၌ တိုင်းသူပြည်သားတို့နှင့်တကွ ခုနစ်ရက်ပတ်လုံး ပူဇော်တော်မူ၏၊ နတ်လူတို့သည် မင်းဥယျာဉ်တော်၌ မီးသင်္ဂြိုဟ်ကြကုန်အံ့ဟု တိုင်ပင်ကြပြီးလျှင် နံ့သာ

ထင်းပုံတော်ကိုစုပုံကြကုန်လျက် ထားကြပြီးသော် အရှင်မဟိန္ဒထေရ်၏အလောင်းတော်ကို စုလစ်မွန်းချွန်တပ်သော ရွှေပြာသာဒ်ဖြင့်ယူကြ၍ မဟာဝိဟာရကျောင်းတော်ကို လက်ျာရစ်လှည့်ပြီးသောအခါ ထုပါရာမ စေတီတော်ကို ရှိခိုးစေကုန်၏။

ထုပါရာမစေတီတော်အာရာမ်၏ အရှေ့တံခါးမှထုတ်ကြ၍ မွှေးလျော်ဘွယ်သောမြေအပြင်၌ ပြုလုပ်စီမံပြီးသောသင်းချိုင်းတော်၌ စုပုံထားသောနံ့သာထင်းပုံတော်၌ လက်အုပ်ချီလျက် ငိုကြွေးကြပြီးလျှင် တင်ထားကြလျက် လက်အုပ်ချီမိုးရှိခိုးကြပြီးလျှင် မီးသဂြိုဟ်ကြကုန်၏၊ ဥတ္တိယမင်းကြီးသည် အရှင်မဟိန္ဒထေရ်၏ ဓာတ်တော်တို့ကို ယူတော်မူပြီးလျှင် အလုံးစုံသောအာရာမ်တို့၌ စေတီတည်ထားတော်မူ၏၊အရှင်မဟိန္ဒထေရ်၏ အလောင်းတော်ကို မီးသဂြိုဟ်သောနေရာကို ဣသိဘူမိဟုခေါ်သည်။

အရှင်မဟိန္ဒ ပရိနိဗ္ဗာန်စံတော်မူခြင်း ပြီး၏။

သတ္တရသမပိုင်းပြီး၏

---

# အဋ္ဌာရသမပိုင်း

## ၂၆။ ဘိက္ခုနီသံဃာတော်များအကြောင်း

ယခုအခါ၌ သာသနာတော်၏အနွယ်ကို စောင့်တော်မူကုန်သော ထေရ,မဇ္ဈိမ,နဝ ဖြစ်ကုန်သော တပါးကုန်သော ရဟန်းတော်တို့သည်လည်း ရှိကြကုန်၏၊ ထိုရဟန်းတော်တို့သည် ဗဟုဿုတဂုဏ်,သီလဝန္တဂုဏ်,ဓုတင်္ဂါစာရသမ္ပန္နဂုဏ်နှင့် ပြည့်စုံကုန်၏၊ မြတ်စွာဘုရားသည် အလုံးစုံကုန်သောသတ္တဝါတို့၏အကျိုးငှါ လောက၌ ပွင့်တော်မူ၏၊အကြင်ပုဂ္ဂိုလ်တို့၏သဒ္ဓါတရားသည် မြတ်စွာဘုရား၌မတုန်မလှုပ်မူ၍ ကောင်းစွာတည်၏၊ထိုပုဂ္ဂိုလ်တို့သည် ဒုဂ္ဂတိကိုစွန့်၍ သုဂတိ၌ဖြစ်ကြရကုန်၏။

မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်ကြကုန်သော သာသနဝံသပါလကာ ဖြစ်တော်မူကုန်သော ဘိက္ခုနီ ထေရီမတို့သည်ကား—

မဟာမာယာဒေဝီ၏ ညီမဇာတော်ဖြစ်သော သိဒ္ဓတ္ထမင်းသားကို နို့တိုက်၍ အမိကဲ့သို့စောင့်ရှောက်တော်မူသော ဆဠဘိညမဟိဒ္ဓိကဂုဏ်နှင့် ပြည့်စုံတော်မူသော မဟာပဇာပတိဂေါတမီ,။

အဂ္ဂသာဝိကာမ ဖြစ်တော်မူသော ခေမာထေရီမ, ဥပ္ပလဝဏ္ဏာထေရီမ နှစ်ပါး,ပဋာစာရာထေရီမ, ဓမ္မဒိန္နာထေရီမ, သောဘိတာထေရီမ, ဣသိဒါသိကာထေရီမ, ဝိသာခါထေရီမ, သောဏာထေရီမ, သဗလာထေရီမ, သင်္ဂဒါသီထေရီမ, နန္ဒာထေရီမ၊ ဤထေရီမတို့သည် ဝိနည်း၌ ရဲရင့်တော်မူကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌ ဝိနည်းပိဋကကို ဆောင်တော်မူကုန်၏။

သံဃမိတ္တာထေရီမ, ဥတ္တရာထေရီမ, ဟေမာထေရီမ, မသာရဂလ္လာ (မာသဂလ္လာ)ထေရီမ,အဂ္ဂိမိတ္တာထေရီမ,ဓမ္မဒါသိကာထေရီမ,ဖေဂ္ဂုထေရီမ, ပဗ္ဗတဆိန္နာ ထေရီမ, မတ္တာ ထေရီမ,မလ္လာ ထေရီမ,ဓမ္မဒါသိယာထေရီမ၊ဤထေရီမတို့သည် ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာတော်မူကုန်၏၊မြတ်စွာဘုရား၏ သာသနာတော် တည်တွန့်ခြင်းကို အလိုရှိကြကုန်သည်ဖြစ်၍ အနုရာဓမြို့၌ ဝိနည်းငါးကျမ်း, အဘိဓမ္မာခုနစ်ကျမ်းတို့ကို ချပို့တော်မူကုန်၏။

ဝိနည်း၌ရဲရင့်သောပညာရှိကုန်သော သဒ္ဓမ္မာထေရီမ,နန္ဒိကာထေရီမ,သောမာထေရီမ, ဂိရိဒိပါထေရီမ, ဒါသိကာထေရီမ,ဓမ္မာထေရီမ, ဓမ္မပါလာထေရီမ တို့ငှင်း၊ ကြီးသောပညာဝိနည်း၌ရဲရင့်သော ပညာရှိကုန်သောမဟာဝါဒါထေရီမ,မဟိလာထေရီမ,သောဘဏာထေရီမ, ဓမ္မတာပသာ ထေရီမ,နရမိတ္တာ ထေရီမ,သာတာ ထေရီမ,ကာဠီ ထေရီမ, ဥတ္တရာထေရီမတို့ငှင်း ဤထေရီမတို့သည် လင်္ကာဒီပကျွန်း၌ ရဟန်းဖြစ်ကြကုန်၏။

ဝီတရာဂဂုဏ်,သမာဟိတစသောဂုဏ်တို့နှင့်ပြည့်စုံတော်မူသော အဘိညာတာထေရီမ, သုမနာထေရီမတို့သည် မြဲစင်သောစိတ်တော်ရှိကြကုန်၏၊သုတော်ကောင်းတို့၏တရားတော်၌ မွေ့လျော်ကြကုန်၏။

အဘယမင်းကြီးသည် ပူဇော်အပ်သော ဥတ္တရာထေရီမသည် နှစ်သောင်းသောဘိက္ခုနီမတို့ဖြင့် ခြံရံတော်မူလျက် အနုရာဓမြို့၌ ဝိနည်းပိဋကတော်, နိကာယ်ငါးရပ်, အဘိဓမ္မာခုနစ်ကျမ်းတို့ကို ချပို့တော်မူ၏။

ကာကဝဏ္ဏတိဿမင်းကြီး၏ သမီးတော်ဖြစ်ကုန်သော အဘိညာတာထေရီမ,မဟိလာထေရီမ,ပုရောဟိတ်၏ သမီးတော်ဖြစ်သော ဂိရိကာဠီထေရီမ,သာလဂုတ္တအမတ်၏သမီးတော်ဖြစ်ကုန်သော ဒါသိကာထေရီမ, * သဗ္ဗသာသိကာထေရီမ- ထိုဘိက္ခုနီမတို့သည် ပယ်အပ်ပြီးသောကိလေသာရှိကုန်၏၊ သူတော်ကောင်းတို့၏ ဝိနည်းတရားတော်၌ မွေ့လျော်ကုန်၏၊နှစ်သောင်းကုန်သော ဘိက္ခုနီမတို့ဖြင့် ရောဟနအရပ်မှ ကြွလာတော်မူကုန်၏၊ အဘယမင်းကြီးသည်ပူဇော်အပ်၏၊ အနုရာဓမြို့၌ ဝိနယပိဋကကိုချပို့ကြကုန်၏။

အဘိညာဉ်ခြောက်ပါး, ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံတော်မူကုန်သော မဟာဒေဝီ ထေရီမ,ဟေမာသာထေရီမ,ဥနလာ ထေရီမ,အဥ္ဇလိသုမာထေရီမတို့ကိုငင်း၊ တသောင်းခြောက်ထောင်သော ဘိက္ခုနီမတို့နှင့် တကွလင်္ကာဒီပကျွန်းသို့ကြွလာတော်မူသော သံဃမိတ္တာထေရီမကိုငင်း ဒေဝါနံပိယတိဿမင်းကြီးသည် ပူဇော်အပ်၏၊အနုရာဓမြို့၌ ရှေးဦးစွာ ဝိနယပိဋကကို ချပို့တော်မူ၏။

မဟာသောဏာထေရီမ, ဒတ္တာထေရီမ,သီဝလီထေရီမ, ရူပသောဘိနီထေရီမ,အပ္ပမတ္တာထေရီမ,နာဂါထေရီမ, နာဂမိတ္တာထေရီမ, ဓမ္မဂုတ္တာထေရီမ, ဒါသိကာထေရီမ,စက္ခုဘူတာထေရီမ, သမုဒ္ဒါထေရီမ, သမတ္တာထေရီမ,ဆန္ဒာထေရီမ, ဥပါလိထေရီမ, ရေဝတာထေရီမ-ထိုထေရီမတို့ကို သူတော်ကောင်းဟု သမုတ်အပ်ကုန်၏၊ဝိနယဝါဒီပုဂ္ဂိုလ်တို့တွင် အထွတ်ဆုံးဖြစ်ကုန်၏။(ဂဏပါမောက္ခဖြစ်ကုန်၏။)

သောမဒေဝ၏သမီးတော်ဖြစ်ကုန်သော မာလာထေရီမ,ခေမာထေရီမ, တိဿာ ထေရီမတို့သည် မြတ်သောဓမ္မကထိကတို့ ဖြစ်ကုန်၏၊ လင်္ကာဒီပကျွန်း၌ ရှေးဦးစွာဖြစ်သော ဘေးဒုက္ခကြီးမှလွတ်မြောက်သောအခါ ဝိနယပိဋကကိုချပို့တော်မူကြကုန်၏။

သီဝလာထေရီမ, မဟာရုဟာထေရီမ တို့သည် ဇမ္ဗုဒိပ်ကျွန်း၌ မြတ်စွာဘုရား၏ သာသနာတော်ဖြင့် များစွာကုန်သော လူတို့ကိုကြည်ညိုစေကုန်၏၊ အဘယမင်းကြီးသည် တောင်းပန်အပ်သောကြောင့်

---

[ သဗ္ဗသာသိကာ,သဗ္ဗပါဠိကာ,သုဗ္ဗပါဠိကာဟု ၃-မျိုးရှိ၏။]

ဘိက္ခုနီမနှစ်သောင်းတို့ဖြင့် ဇမ္ဗုဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာကြပြီးသော် အနုရာဓမြို့၌ ဝိနယပိဋက,နိကာယ်ငါးရပ်,အဘိဓမ္မာခုနစ်ကျမ်းတို့ကို ချပို့ကြကုန်၏၊

သမုဒ္ဒါဝိစိထေရီမ,မဟာဒေဝီထေရီမ, သီဝလာထေရီမတို့သည် မင်းသမီးတို့ ဖြစ်ကြကုန်၏၊ နာဂပါလိထေရီမ,နာဂမိတ္တာထေရီမ,မဟိလာထေရီမ,ဘိက္ခုနီပါလာထေရီမ,နာဂါထေရီမ, နာဂမိတ္တာထေရီမ-ထိုထေရီမတို့သည် လင်္ကာဒီပကျွန်း၌ ရဟန်းဖြစ်ကြကုန်၏၊ သာသနာတော်၌ထင်ရှားကုန်၏၊ တသောင်းခြောက်ထောင်ကုန်သော ဘိက္ခုနီမတို့၏ ဂဏပါမောက္ခ ဖြစ်တော်မူကုန်၏၊ ကုဋိကဏ္ဏအဘယမင်းကြီးသည် ပူဇော်အပ်၏၊အနုရာဓမြို့၌ ဝိနယပိဋကကို ချပို့ကြကုန်၏။

စူဠနာဂါ ထေရီမ,ဓမ္မာထေရီမ, သောဏာထေရီမ,အဘိညာတာထေရီမ,သဏှာထေရီမ,ဂမိကအမတ်၏ သမီးတော်ဖြစ်သော မဟာတိဿာ ထေရီမ,စူဠသုမနာ ထေရီမ, မဟာသုမနာ ထေရီမ,မဟာကာဠီထေရီမ-ထိုထေရီမတို့သည် ကြီးသောပညာရှိကုန်၏၊ ရောဟနအရပ်၌ သူတော်ကောင်းဟု သမုတ်အပ်ကုန်၏၊ အဘိညာတာထေရီမ, သမုဒ္ဒါထေရီမ-နှစ်ပါးတို့သည် ဝိနည်းမို့ရှိဖြစ်တော်မူကုန်၏၊ ထိုအလုံးစုံသော ထေရီမတို့သည် မီးပုံကြီးတို့ကဲ့သို့ တောက်ပကြပြီးလျှင် ပရိနိဗ္ဗာန်စံတော်မူကြကုန်၏။

မင်းစဉ်မင်းဆက်နှင့် ကုသိုလ်တော်များမှာ–

ဥတ္တိယမင်းလွန်ခဲ့သော် ညီတော်မဟာသိဝမင်းသည် ဆယ်နှစ်မင်းပြုတော်မူ၏၊ နဂရင်္ဂဏကျောင်းအာရာမ်ကိုတည်ထားတော်မူ၏၊ မဟာသိဝမင်းလွန်ခဲ့သော် ညီတော်သူရတိဿမင်း ဆယ်နှစ်မင်းပြုတော်မူ၏၊ ကျောင်းအာရာမ်ငါးရာကို လှူဒါန်းတော်မူ၏၊ သေနဟူသောအမည်, ဂုတ္တဟူသောအမည်ရှိကုန်သောတမ္ဗလယ်ကျေးတို့သည် သူရတိဿမင်းကိုဖမ်းပြီးလျှင် ပယ်ရှား၍ တရားနှင့်အညီ နှစ်ဆယ့်နှစ်နှစ်တိပတ်လုံး မင်းပြုတော်မူ၏။

မုဋသိဝမင်းကြီး၏သားတော်ဖြစ်သော အသေလမင်းသည် သေနနှင့် ဂုတ္တမည်သော ကျေးတို့ကို သတ်ပြီးလျှင် ဆယ်နှစ်ပတ်လုံး မင်းပြုတော်မူ၏။

ဋ္ဌောရကျေးမင်းသည် အသေလမင်းကိုသတ်ပြီးလျှင် တရားနှင့် အညီလေးဆယ့်လေးနှစ်တို့ပတ်လုံး မင်းပြုတော်မူ၏၊ ထိုဋ္ဌောရကျေး မင်းမင်းပြုတော်မူသောအခါ အဂတိလေးပါးသို့မလိုက်စားဘဲ ချိန်သ ဘွယ်ဖြစ်တော်မူ၍ တရားနှင့်အညီဆုံးမတော်မူ၏၊ နွေအခါ၌ဥင်း, ဆောင်းဥတု, နွေဥတု၌ဥင်း မိုယ်းမရွာချေ၊ အမြဲခုနစ်ရက်-ခုနစ်ရက် ပတ်လုံး မိုယ်းရွာ၏၊ သုံးခုသော အမိကရုဏ်းတို့ကို ဆုံးဖြတ်တော်မူ၏၊ ညအခါ၌သာ မိုယ်းရွာ၏။

ကာကဝဏ္ဏတိဿမင်းကြီး၏ သားတော်ဖြစ်သော အဘယမင်း သည် တကျိပ်သောစစ်သူကြီးတို့ဖြင့် ခြံရံတော်မူလျက် ကဏ္ဍုလဆင် တော်နှင့်တကွ သုံးကျိပ်နှစ်ယောက်သောမင်းတို့ကို ဖမ်းယူပယ်ရှား ပြီးလျှင် နှစ်ဆယ့်လေးနှစ်တို့ပတ်လုံး မင်းပြုတော်မူ၏။

ဘိက္ခုနီမများအကြောင်းပြီး၏။

အဋ္ဌောရသမပိုင်းပြီး၏။

မဟာဝါရပြီး၏။

---

# ကျော်နဝိသတိမပိုင်း

## ၂၇။ ဒုဋ္ဌဂါမဏိစသော မင်းစဉ်မင်းဆက်

ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ဘုံကိုးဆင့်, မုခ်ဝလေးခုရှိသော လောဟပါသာဒပြာသာဒ်တော်ကို ကုဋေသုံးဆယ်သော ဥစ္စာတို့ကို စွန့်ကြဲတော်မူသဖြင့် ဖန်ဆင်းတော်မူ၏။

အင်္ဂတေ, ကျောက်စရစ်, ကျောက်ခဲ, မြေညက်, အုတ်, သန္နိရှင်း ဖြူစဉ်သော မြေ, ကျောက်မှုန့်, သံတိုး, ကျောက်ပြွတ်, မေဒဝဏ္ဏ ကျောက်, ငွေ ဤတဆယ့်နှစ်ခုသော အသုံးအဆောင်တို့ဖြင့် မဟာ စေတီကိုတည်စေ၍ ရဟန်းသံဃာတော်ကို ပင့်တော်မူလျက် မဟာစေတီ တော်ကြီးကိုတည်ထားတော်မူ၏။

ဣန္ဒဂုတ္တထေရ်, ဓမ္မသေနထေရ်,ပိယဒဿီထေရ်, ဗုဒ္ဓရက္ခိတထေရ်, ဓမ္မရက္ခိတထေရ်, သံဃရက္ခိတထေရ်, * မိတ္တိဏ္ဏထေရ်,ဥတ္တိဏ္ဏထေရ်,

[ *မိတ္တကထေရ်။ ]

မဟာဒေဝထေရ်၊ ဓမ္မရက္ခိတထေရ်၊ ဥတ္တရထေရ်၊ စိတ္တဂုတ္တထေရ်၊ စန္ဒဂုတ္တထေရ်၊ သုရိယဂုတ္တထေရ်- ဤတဆယ့်လေးပါးကုန်သော မဟာထေရ်တို့သည် ဇမ္ဗူဒိပ်ကျွန်းမှ လင်္ကာဒီပကျွန်းသို့ ကြွလာတော်မူကုန်၏။

သိဒ္ဓတ္ထထေရ်၊ မင်္ဂလထေရ်၊ သုမနထေရ်၊ ပဒုမထေရ်၊ သီဝလိထေရ်၊ စန္ဒဂုတ္တထေရ်၊ သုရိယဂုတ္တထေရ်၊ ဣန္ဒဂုတ္တထေရ်၊ သာဂရထေရ်၊ မိတ္တသေနထေရ်၊ ဇယသေနထေရ်၊ အစလထေရ်- ဤတဆယ့်နှစ်ပါးကုန်သော မဟာထေရ်တို့သည်၎င်း၊ လူဖြစ်ကုန်သော သုပ္ပတိဋ္ဌိတဗြဟ္မာမည်သော သားတော်၊ သုမနာမည်သော မိခင်၊ နန္ဒိသေနကမည်သော ခမည်းတော်-ဤသားမိဘသုံးယောက်တို့သည်၎င်း၊ မဟာဝိဟာရကျောင်းတိုက်အတွင်း၌ မဟာစေတီတော်ကို မင်းကြီးတည်စေသဖြင့် တည်ကြကုန်၏။

ရဟန်းသံဃာတော်၏ဟောကြားတော်မူအပ်သော တရားတော်ကို နာယူသောကြောင့် အဘိုးများစွာထိုက်သော ရတနာကိုပေးပြီးလျှင် ဂမိကဝတ်ကိုလှူတော်မူ၏။

ဆေးကိုလှူသော ဘေသဇ္ဇဒါနကြောင့် ချမ်းသာစွာနေရကြောင်းကို ဟောတော်မူသောဘိက္ခုနီသံဃာတော်၏ တရားတော်ကိုနာယူရသောကြောင့် မကျန်းမာသောအခါတို့၌ ဘိက္ခုနီမတို့အား ဆေးပစ္စည်းကို လှူတော်မူ၏၊ သိလာထူပစေတီတော်နှင့် ကျောင်းတော်ကိုလှူတော်မူ၏၊ စေတိယတောင်၌ ဇလကမည်သောဆွမ်းစားကျောင်းတော်ကိုလှူတော်မူ၏။

ဂိရိမည်သော နိဂဏ္ဌ၏ နေထိုင်ဘူးသောနေရာ၌ အဘယဂိရိမည်သောကျောင်းတော်ကို လှူတော်မူ၏၊

ဒုဋ္ဌဂါမဏိအဘယမင်းကြီးသည် ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှု ရှိ၏၊ ကြီးသော ပညာလည်းရှိ၏၊ ခန္ဓာပျက်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်တော်မူရ၏။

သဒ္ဓါတိဿမင်းကြီး၏သားတော်ဖြစ်သော အဘယမင်းသည် ဒါဠိကကျေးကိုသတ်ပြီးလျှင် တဆယ့်နှစ်နှစ်နှင့် ငါးလမင်းပြုတော်မူ၏၊ ထို

မင်းသည် သိလာစေတီနှင့်မဟာစေတီ၏အကြား၌ အဘယဂိရိကျောင်းတော်ကို တည်ထားတော်မူ၏၊ အဘယမင်းအား—

၁။ ဥတ္တိယစစ်သူကြီး,
၂။ သာလိယစစ်သူကြီး,
၃။ မူလစစ်သူကြီး,
၄။ တိဿစစ်သူကြီး,
၅။ ပဗ္ဗတစစ်သူကြီး,
၆။ ဒေဝစစ်သူကြီး,
၇။ ဥတ္တရစစ်သူကြီး—

ဤစစ်သူကြီးခုနစ်ယောက်တို့သည်ရှိကုန်၏၊ ထိုခုနစ်ယောက်တို့တွင် ဥတ္တိယစစ်သူကြီးသည် ဒက္ခိဏဝိဟာရကျောင်းတော်ကို လှူဒါန်းတော်မူ၏၊ သာလိယစစ်သူကြီးသည် သာလိယာရာမကျောင်းကို လှူတော်မူ၏၊ မူလစစ်သူကြီးသည် မူလအာသယကျောင်းကို လှူတော်မူ၏၊ ပဗ္ဗတစစ်သူကြီးသည် ပဗ္ဗတာရာမကျောင်းကို လှူတော်မူ၏၊ တိဿစစ်သူကြီးသည်တိဿာရာမကျောင်းကို လှူတော်မူ၏၊ဒေဝစစ်သူကြီးနှင့် ဥတ္တရစစ်သူကြီးတို့သည် ဒေဝါဂါရကျောင်းတော်ကို လှူကုန်၏။

ကာကဝဏ္ဏတိဿမင်းကြီး၏ သားတော်ဖြစ်သော မဟာတိဿ (သဒ္ဓါတိဿ) မင်းကြီးသည် နောင်တော်ပြု၍မပြီးဆုံးသော မဟာစေတီတော်ကို တည်ထားတော်မူ၏၊မဟာစေတီတော်၌ ထီးတင်ခြင်းအမှုအစရှိသော ကြွင်းသောအမှုကိုပြုတော်မူ၏၊ ကလ္လအရပ်၌ကျောင်းတို့ကို ဆောက်လုပ်စေ၏၊ ထိုမှတပါးများစွာသော ကျောင်းတော်ကို ဆောက်လုပ်လှူတော်မူ၏၊ ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတော်ကို ပူဇော်သောအားဖြင့် ရှစ်သောင်းလေးထောင်သော ပူဇော်ခြင်းကို ပြုတော်မူ၏။

ဒုဋ္ဌဂါမဏိ မင်းကြီးဆောက်လုပ်ခဲ့သော လောဟပါသာဒသည် ဆီမီးထွန်းရာမှ မီးလောင်လေသောကြောင့် သဒ္ဓါတိဿ မင်းသည် တဖန်ထပ်မံ၍ ဘုံခုနစ်ဆင့်ရှိသော နှစ်သက်ဘွယ်သော လောဟပါသာဒကို ပြုလုပ်တော်မူ၏၊ ကြေးအုတ်ဖြင့် မိုးတော်မူသောကြောင့်

လောဟပါသာဒဟူသောအမည်သည် ရှေးဦးစွာဖြစ်၏၊ မဟာစေတီ၌ သင်တိုင်းတော်,ဆင်တန်တိုင်း,စေတီရံတို့ကို ပြုတော်မူ၏၊လေးထောင့်ရှိသောတဘက်ဆည်းကန်ကိုပြုတော်မူ၏၊များစွာသောကုသိုလ်ကောင်းမှုကို ပြုတော်မူ၍ နတ်ရွာစံတော် မူလေသော် တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏၊ သဒ္ဓါတိဿမင်းနတ်ရွာစံတော်မူလေသော် သားတော် ထုလ္လတ္ထနမင်းသည် တလနှင့်ဆယ်ရက် မင်းပြုတော်မူ၏၊ ထိုမင်းသည် အလကန္ဒရကျောင်းတော်ကို ဆောက်လုပ်တော်မူ၏။

သဒ္ဓါတိဿမင်းကြီး၏သားတော်ဖြစ်သော ထုလ္လတ္ထနမင်း၏ နောင်တော်ဖြစ်သော လဇ္ဇီတိဿ (လဥ္ဇကတိဿ) မင်းသည် ညီတော်ကို နန်းမှချပြီးလျှင် ကိုးနှစ်ခြောက်လမင်းပြုတော်မူ၏၊ ထိုမင်းသည်မဟာစေတီ၌ပန်းသုံးဆင့်ကိုပြုစေ၏၊ဂိရိကုမ္ဘိလမည်သောကျောင်းအာရာမ်ကိုတည်ထားစေ၏၊ ထူပါရုံစေတီတော်၏ အရှေ့မျက်နှာ၌ ဒီဃထူပစေတီတော်ကို တည်ထားတော်မူ၏၊ ထူပါရုံစေတီတော်၌ ကျောက်သင်တိုင်းတို့ကို ပြုစေ၏။

ထိုမင်းနတ်ရွာစံတော်မူလေသော် ညီတော်ခလ္လာဋနာဂမည်သော မင်းသည် ခြောက်နှစ်မင်းပြုတော်မူ၏။

မဟာရဋ္ဌကမည်သော စစ်သူကြီးသည် ခလ္လာဋနာဂမင်းကိုသတ်ပြီးလျှင် တရက်မင်းပြုတော်မူ၏။

ခလ္လာဋနာဂမင်း၏ ညီတော်ဖြစ်သော ဝဋ္ဋဂါမဏိမင်းသည် မဟာရဋ္ဌကစစ်သူကြီးကိုသတ်ပြီးလျှင် ငါးလမင်းပြုတော်မူ၏၊ (ထိုဝဋ္ဋဂါမဏိမင်းကိုပိတုရာဇာဟူ၍လည်းခေါ်ကြ၏၊) ထိုဝဋ္ဋဂါမဏိမင်း၏လက်ထက်၌ ဗြဟ္မဏတိဿဘေးသည်ဖြစ်ပေါ်လာ၏။

ပုလဟတ္ထကျေးမင်းသည် သုံးနှစ်,ဗာဟိယကျေးမင်းသည် နှစ်နှစ်, မင်းပြုတော်မူ၏၊ဗာဟိယကျေးမင်းကိုသတ်ပြီးလျှင် ပနယမာရ ကျေးမင်းသည် ခုနစ်နှစ်မင်းပြုတော်မူ၏၊ ထိုပနယမာရကျေးမင်းကို သတ်ပြီးလျှင် ပိဠယမာရကျေးမင်းသည် ခုနစ်လမင်းပြုတော်မူ၏၊ထိုပိဠယမာရကျေးမင်းကိုသတ်ပြီးလျှင် ဒါဌိယကျေးမင်းသည် နှစ်နှစ်မင်း ပြုတော်မူ၏၊ ထိုကျေးမင်းငါးပါးတို့သည် အကြား၌ တဆယ့်လေးနှစ်ခုနစ်လ မင်းပြုကြကုန်၏။

ဝဋ္ဋဂါမဏိမင်းကြီးသည် ဒါဌိယ-ကျေးမင်းကို သတ်ပြီးလျှင် တဆယ့်နှစ်နှစ်ငါးလမင်းပြုတော်မူ၏၊ ရှေးအခါ ရဟန်းတော်တို့သည် ဉာဏ်ပညာအလွန်ကြီးတော်မူကြသောကြောင့် ပိဋကတ်သုံးပုံပါဠိတော်ကို ၎င်း,အဋ္ဌကထာကို၎င်း နှုတ်တော်ဖြင့် အရဆောင်ထားကြကုန်၏၊ ထိုနောက်ရဟန်းတော်တို့သည် ဉာဏ်ပညာဆုတ်ယုတ်တော်မူကြသောကြောင့် ထိုဝဋ္ဋဂါမဏိ မင်းကြီး၏ လက်ထက်၌ ရဟန်းတို့သည် စည်းဝေးတော်မူကြပြီးလျှင် သူတော်ကောင်းတရား ကြာမြင့်စွာတည်စေခြင်းအကျိုးငှါ ပါဠိအဋ္ဌကထာတို့ကို ပေထက်၌ရေးတင်၍ ထားကုန်၏။

ဝဋ္ဋဂါမဏိမင်း ကံကုန်လျှင် သားတော် မဟာသိဒ်မဟာတိဿ (မဟာစူဠိတိဿ) မင်းနန်းတက်၍ တဆယ့်လေးနှစ် တရားနှင့်အညီ မင်းပြုတော်မူ၏၊ ထိုမင်းသည် သဒ္ဓါတရားနှင့်ပြည့်စုံ၏၊ ပြည်ရေးရွာမှုတို့ကို အမတ်ကြီးတို့အား အပ်ပြီးလျှင် မထင်ရှားသော အသွင်ဖြင့် သလေးစပါးကို အရိပ်ငှါး၍ ရအပ်သောအခဖြင့် သုမနထေရ်အား ဆွမ်းလှူတော်မူ၏၊ သုံးနှစ်ပတ်လုံး ကြံနှင့်ညစ်ငှါးပြီးလျှင် များစွာသော ရဟန်းသံဃာတော်အား မဟာဒါနကိုပြုတော်မူ၏၊ တဆယ့်လေးနှစ်ရှိသောအခါ နတ်ရွာစံတော်မူ၏။

မဟာသိဒ်မဟာတိဿမင်းလွန်လေသော် ညီတော်ဖြစ်သော ဝဋ္ဋဂါမဏိမင်း၏သားတော် စောရနာဂမင်းသည် တဆယ့်နှစ်နှစ်မင်းပြုတော်မူ၏၊ နောင်တော်မင်းပြုသောအခါ ခိုးသားပြု၍နေသောကြောင့် စောရနာဂဟူ၍သမုတ်ကြ၏။

စောရနာဂမင်းလွန်လေသော် မဟာသိဒ်မင်း၏ သားတော်ဖြစ်သော တိဿမင်းသည်နန်းတက်၍ သုံးနှစ်မင်းပြုတော်မူ၏။

တိဿမင်းနတ်ရွာစံလေသော် သိဝမည်သော တံခါးမှူးဖြစ်သော မင်းသည် -အနုဠာမိဖုရားနှင့် ပေါင်းဖော်ပြီးလျှင် တနှစ်နှစ်လမင်းပြုတော်မူ၏။

အနုဠာမိဖုရားသည် လက်သမားဖြစ်သော ဝဋုကကျေး၌တပ်ခြင်းရှိသဖြင့် သိဝမင်းကိုအဆိပ်ကျွေး၍သတ်ပြီးမှ ဝဋုကကျေးကို နန်းတင်ခြင်းကြောင့်ဝဋုကကျေးမင်းသည် တနှစ်နှစ်လမင်းပြုတော်မူ၏။

အနုဇ္ဇာမိဖုရားသည် သစ်ရွှေသားမားဖြစ်သောတိဿ၌ တပ်ခြင်းရှိသဖြင့် ဝဋ္ဋကကျေးကို အဆိပ်ဖြင့်သတ်ပြီးမှ သစ်ရွှေသမား တိဿ (ဒါရုဘတိက)ကို မင်းပြုစေသောကြောင့် တိဿမင်းသည် တနှစ်တလမင်းပြုတော်မူ၏။

အနုဇ္ဇာမိဖုရားသည် နိလိယမည်သော ကျေးပုရောဟိတ်ပုဏ္ဏားကို ပေါင်းဖက်လိုသည်ဖြစ်၍ ယိုတိဿကို အဆိပ်ဖြင့်သတ်ပြီးမှ နိလိယပုဏ္ဏားကိုမင်းပြုစေသဖြင့် နိလိယသည် သုံးလမင်းပြုတော်မူ၏။

တဖန်အနုဇ္ဇာမိဖုရားသည်တံခါးစောင့်တို့နှင့် အလိုရှိတိုင်းမွေ့လျော်လိုသည် ဖြစ်၍ နိလိယကျေးမင်းကိုအဆိပ်ပေး၍ သတ်ပြီးသော် မိမိသည်ပင် လေးလပတ်လုံးမင်းပြု၏၊ (ထိုအနုဇ္ဇာမိဖုရားသည်စောရနာဂမင်းအစ နိလိယအဆုံးရှိသော မင်းတို့ကို အဆိပ်ကျွေး၍သတ်၏။)

မဟာစူဠိတိဿမင်း၏ သားတော်ဖြစ်သော ကုဋိကဏ္ဏတိဿမင်းသည် အနုဇ္ဇာမိဖုရားကိုသတ်ပြီးလျှင် တရားနှင့် အညီမင်းပြုတော်မူ၏၊ ထိုမင်းသည် စေတိယတောင်၌ ဥပုသ်အိမ်သိမ်ကျောင်းကိုငှင်း၊ ထိုသိမ်၏ရှေ့၌ သိလာထူပစေတီ (ကျောက်စေတီ)ကိုငှင်း ထိုစေတီဦး၌သာလျှင် ဗောဓိပင်ကိုကြီးသောအကျည်(ကုန်းမြေမြင့်)ကိုပြုလုပ်၍စိုက်ပျိုးတော်မူ၏၊ ဘိက္ခုနီမတို့၏ အကျိုးငှါ ဇရုံးအိမ်ကိုပြုတော်မူ၏၊ ပဒုမဿရဥယျာဉ်၌ တံတိုင်းကာခြင်းကိုငှင်း၊ မြို့ကိုလုံခြုံစေခြင်းငှါ ကျုံးတူးခြင်းကိုငှင်း၊ ခုနစ်တောင်မြင့်သော တံတိုင်းကာခြင်းကိုငှင်း၊ *ခေမဒုဂ္ဂမည်သော ရေကန်ကြီးကိုငှင်း၊ သေတုပ္ပလာဒိရေကန်ကိုငှင်း၊ ဝဏ္ဏကမည်သောတူးမြောင်းကိုငှင်း ပြုတော်မူ၏၊ နှစ်ဆယ့်နှစ်နှစ်မင်းပြုတော်မူ၏။

ဒုဋ္ဌဂါမဏိစသောမင်းစဉ်မင်းဆက်ပြီး၏။

ကျွန်ုပ်ဝိသတိမပိုင်းပြီး၏။

# ဝီသတိမပိုင်း

## ၂၁။ အဘယမင်း၊ စသည်မင်း၊ စဉ်မင်းဆက်

ကုဋိကဏ္ဏမင်းနတ်ရွာစံလေသော် သားတော် အဘယ မင်းသည် (ဘာတိကာဘယမင်း)တရားနှင့်အညီ နှစ်ဆယ့်ရှစ်နှစ်မင်းပြုတော်မူ၏၊

[*အပွေဒုဂ္ဂရေကန်-မဟာဝင်၊]

ယိုမင်းသည် မဟာစေတီတော်ကို ဖူးမြင်ရှိခိုးခြင်းငှါ လာတော်မူလေသော် ခီဏာသဝ-ဝသိပ္ပတ္တဖြစ်တော်မူကုန်သော ရဟန္တာအရှင်တို့သည် ဓာတ်တော်တိုက်၌ မြတ်စွာဘုရားကိုပူဇော်ခြင်းငှါ ရွတ်ဘတ်သရဇ္ဈာယ်ကြကုန်၏၊ ထိုအသံကိုကြားတော်မူလေသော် စေတီတော်ကို လကျာရစ်လှည့်တော်မူလျက် ထက်ဝန်းကျင်ရှိခိုး၍ လေးခုသော တံခါးတို့၌ ကြည့်ရှုသော်လည်း အသံကိုသာကြားရ၍ ရွတ်ဘတ်သူကို မမြင်ရသောကြောင့် ဤသို့ကြံစီတော်မူ၏။

"ထိုအရပ်၌ သရဇ္ဈာယ်ခြင်းကိုပြု၏၊တံခါးလေးခုတို့၌ သရဇ္ဈာယ်ခြင်းကိုပြုသည်မဟုတ်၊အပ၌လည်းမသရဇ္ဈာယ်ကြကုန်၊ ဤစေတီတော်အတွင်း၌ရှိသော ဓာတ်တော်တိုက်၌ သုပေသလဖြစ်တော်မူကုန်သော ရဟန်းတော်တို့သည်သရဇ္ဈာယ်တော်မူကုန်၏၊ငါသည်လည်းမြတ်သော ဓာတ်တော်တိုက်ကို ဖူးမြင်လို၏၊ သရဇ္ဈာယ်ကော်မူသော တရားကိုလည်းနာကြားလို၏၊ ရဟန်းသံဃာတော်ကိုလည်း ဖူးမြင်လို၏"ဟု ကြံစည်တော်မူ၏။

နတ်တို့ကိုအစိုးရတော်မူသော သိကြားမင်းသည် မင်းကြီး၏အကြံအစည်ကိုသိတော်မူ၍ ဓာတ်တော်တိုက်၌ ကိုယ်ကိုထင်ရှားပြတော်မူလျက် "အရှင်ဘုရားတို့···· မင်းကြီးသည် ဓာတ်တော်တိုက်၏အတွင်းကို ဖူးမြင်လို၏၊မင်းကြီး၏သဒ္ဓါတရားကို စောင့်ရှောက်ခြင်းငှါ ဓာတ်တော်တိုက်သို့ ယူဆောင်တော်မူကြပါ"ဟု မထေရ်တို့အား လျှောက်ကြားတော်မူ၏၊ ထိုအခါမထေရ်တို့သည် မင်းကြီးကို ဓာတ်တော်တိုက်၏အတွင်းသို့ ဆောင်ယူကြလေသော် မင်းကြီးသည် ဓာတ်တော်တိုက်ကို ဖူးမြင်ရသောအခါ ဝမ်းမြောက်တော်မူသည်ဖြစ်၍ လက်အုပ်ချီပေါ်မူလျက် ခုနစ်ရက်တို့ပတ်လုံးဓာတ်တော်တို့ကို ပူဇော်သက္ကာရကိုပြုတော်မူ၏။

များလည်းဘို့ဖြင့် ခုနစ်ကြိမ်ဝင်း, အဘိုးများစွာထိုက်သော အလုံးစုံကုန်သောပူဇော်ခြင်းတို့ဖြင့် ခုနစ်ကြိမ်ဝင်း,ထိုမှတပါးသောထိုက်သည်အားလျော်စွာပူဇော်ခြင်းဖြင့်ခုနစ်ကြိမ်ဝင်း, ဆီမီးပူဇော်ခြင်းဖြင့် ခုနစ်ကြိမ်ဝင်း,ပန်းပူဇော်ခြင်းဖြင့်ခုနစ်ကြိမ်ဝင်း,ပြည့်သောရေပူဇော်ခြင်းဖြင့် ခုနစ်ကြိမ်ဝင်း,အဘိုးများစွာထိုက်သောသန္တာနီဖြင့်ပြီးသော ကွန်ရက်

ပူဇော်ခြင်းကိုရှင်း ပြုစေ၏၊ မဟာစေတီတော်၌ သက်န်းတော်ကို လွှမ်းချုံစွပ်ထားသကဲ့သို့ ဆီမီးတိုင်ကို စေတီ၏အောက်ခြေတော်ထက်ဝန်းကျင်၌မြဲမြံစွာစိုက်ထားလျက်ထောပတ်ဖြင့်ကျည်တောက်ကို ပြည့်စေ၍ ခုနစ်ကြိမ် ဆီမီးညှိထွန်းတော်မူ၏၊ဆီဖြင့်ကျည်တောက်ကို ပြည့်စေ၍ စေတီ၏ ခြေတော်ထက်ဝန်းကျင်၌ ဆီမီးတို့ကို တဆယ့်လေးကြိမ် ညှိထွန်းတော်မူ၏၊ နံ့သာရေဖြင့်ပြည့်စေ၍ ဖျာခင်းပြီးသော် ဖျာပေါ်၌ ကြာလက်တို့ကိုဖြန့်လျက် ခုနစ်ကြိမ်ပူဇော်တော်မူ၏။

စေတီတော်၏အနောက်အရပ်၌ရှိသော ခေမမည်သောကန်၌ စက်ယန္တရားကိုတတ်ဆင်ပြီးလျှင် စေတီတော်၌ ရေပူဇော်ခြင်းကို ပြုတော်မူ၏၊ အနုရာဓမြို့ထက်ဝန်းကျင် တယူဇနာသောအရပ်၌ ပန်းတို့ကို စိုက်ပျိုးပြီးလျှင် ပန်းတို့ဖြင့်မဟာစေတီကို ပူဇော်တော်မူ၏၊ ပန်းငုံ, ပန်းပွင့်တို့ကို ပေါင်းစုပြီးလျှင် ပန်းပေါင်းတို့ဖြင့် တဆယ့်လေးကြိမ် ပူဇော်တော်မူ၏၊အမျိုးမျိုးသောပန်းကိုပေါင်းစုပြီးလျှင် ဆင်တံတိုင်းမှသည် အာလိမ်တော်ထိးတိုင်အောင် ပန်းတိုင်ကိုစိုက်ပြီး၍ ခုနစ်ကြိမ်တိုင်အောင် အမျိုးမျိုးသော အရောင်အဆင်းတို့ကို ပူဇော်ခြင်းငှါ ပြုတော်မူ၏၊ အင်္ဂတေလိမ်းကျံခြင်း, အဘိသေကမင်္ဂလာ ပြုခြင်းဖြင့်လည်း ပူဇော်တော်မူ၏၊ မြတ်စွာဘုရားသည် ညောင်ဗုဒ္ဓဟေပင်၏ အနီး၌ အလုံးစုံသောဟရားကို ထိုးထွင်း၍သိတော်မူခြင်းကိုလည်းပြုစေ၏၊ မေဃဝန်ဥယျာဉ်၌ရှိသော မဟာဗောဓိပင်ကိုလည်း အဘိသေကမင်္ဂလာပြုတော်မူ၏။

ဝါမှကျွတ်ကုန်သည်ဖြစ်၍ ပဝါရဏာပြုတော်မူရန် ကြွလာသော သံဃာတော်အား ပဝါရဏာနေ့၌ ပဝါရဏာကို ချီးမြှောက်ခြင်းငှါ အလှူဒါနကိုလှူတော်မူ၏၊ ရဟန်းသံဃာအား စန္ဒကူးကိုလှူတော်မူ၏၊ မဟာစေတီတော်အား စည်တော်ကြီးကိုလှူတော်မူ၏၊ မဟာစေတီ၌ ကချေသည်, တီးမှုတ်ခြင်းတို့ဖြင့်ပြုပြင်၍ လှူတော်မ၏၊ ကဆိုလပြည့် ဘုရားဖြစ်သည့်နေ့၌ နှစ်ဆယ့်ရှစ်ကြိမ် ပူဇော်ခြင်းကိုပြုတော်မူ၏၊မဟာမေဃဝန်ဥယျာဉ် ထူပါရာမကျောင်း၌ ဥပုသ်အိမ်နှင့်ကျောင်းကော်ကို ပြုတော်မူ၏၊ထိုမင်းကြီးသည် များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုပြီးလျှင် နှစ်ဆယ့်ရှစ်နှစ်မင်းပြုတော်မူ၍ နတ်ရွာစံတော်မူ၏။

ဘာတိကာဘယမင်းလွန်ခဲ့သော် ညီတော်ဖြစ်သောကုဋိကဏ္ဏမင်း၏ သားတော် နာဂမင်း (မဟာဒါဠိကမင်း)သည် တဆယ့်နှစ်နှစ်မင်း ပြုတော်မူ၏၊ထိုမင်းသည် ရတနာဖြင့်ပြီးသောအုတ်စသည်ကို မဟာစေတီတော်၌ ပြုစေ၏၊အမ္ဗတ္ထလစေတီတော်၌ တရားပလ္လင်ကိုင်း,အလုံးစုံသောကျောင်းတို့၌ တရားပလ္လင်ကိုင်း,ဂိရိဘဏ္ဍဂဟဏ မည်သော မြတ်သောပူဇော်ခြင်းကိုင်း ပြုတော်မူ၏၊လင်္ကာဒီပကျွန်း၌ သီတင်းသုံးတော်မူသော အလုံးစုံသော ရဟန်းသံဃာတော်အား သင်္ကန်းကို လှူတော်မူ၏။

နာဂမင်း (မဟာဒါဠိကမင်း)လွန်ခဲ့သော် သားတော်အာမဏ္ဍဂါမဏိအဘယမင်းသည် ကိုးနှစ်ရှစ်လမင်းပြုတော်မူ၏၊ထိုမင်းသည် ရေတွင်းကိုင်း, ဂါမဏိမည်သောကန်ကိုင်း တူးစေ၏၊ ရဇတလေဏကျောင်းကိုပြုစေ၏၊ မဟာစေတီတော်အား ငွေဖြင့်ပြီးသည်ကိုပြုစေ၏၊ ထူပါရုံစေတီတော်၌ ရွှေထီး၏အထက်၌ထီးဆင့်၍ တင်ခြင်းကိုလည်း ပြုစေ၏၊မဟာဝိဟာရကျောင်းတော်,ထူပါရာမကျောင်းတော်တို့၌ ပြာသာဒ်ဦးပြည်းနှင့် ဘဏ္ဍာအိမ်,ဘဏ္ဍလေဏကျောင်းတော်ကိုပြုစေ၏၊ တမ္ဗပဏ္ဏိကျွန်း၌ သားငါးသတ်ခြင်းမရှိအောင် အမိန့်ပေးတော်မူ၏။

ထိုအာမဏ္ဍဂါမဏိမင်းကို ညီတော်ကာဏိရဇာနုတိဿမင်းသတ်ပြီးလျှင် အနုရာဓမြို့၌ သုံးနှစ်မင်းပြုတော်မူ၏။

ကာဏိရဇာနုတိဿမင်းလွန်လတ်သော် အာမဏ္ဍဂါမဏိမင်း၏သားတော် စူဠာဘယမင်းသည် နန်းတက်၍တနှစ်မင်းပြု၏၊ထိုမင်းသည် ဂင်္ဂရာ ရာမကျောင်းကို ဆောက်လုပ်တော်မူ၏၊ (မဟာဝင်၌ စူဠဂလ္လကကျောင်းဟုဆိုသည်။)

စူဠာဘယမင်းလွန်လတ်သော် ထိုမင်း၏နှမငယ်ဖြစ်သော သီဝလီဟူ၍၎င်း,ရေဝတီဟူ၍၎င်း ထင်ရှားကျော်စောသော အာမဏ္ဍဂါမဏိမင်း၏သမီးတော်သည် လေးလမင်းပြုတော်မူ၏။

အာမဏ္ဍဂါမဏိမင်း၏တူတော် ဣလ္လနာဂမင်းသည် ထိုသီဝလီကို နန်းကချ၍ ခြောက်နှစ်မင်းပြုတော်မူ၏၊ထိုမင်းသည် ကပိဇာတ်တော်ကို နာယူရသောကြောင့် တိဿဒုရကန်ကိုတူးစေ၏။

ဣလ္လနာဂမင်းလွန်လေသော် သားတော်သိဝဟူ၍၎င်း, စန္ဒမုခဟူ၍၎င်း ထင်ရှားသောမင်းသည် နန်းတက်၍ရှစ်နှစ်ခုနှစ်လမင်းပြုတော်မူ၏၊ထိုမင်းသည် မဏိကာရာမကျောင်းကိုဆောက်လုပ်ပြီးလျှင် ဣသရမည်သောကျောင်းအား လှူတော်မူ၏၊ ထိုမင်း၏ ဒမိဠဒေဝီမည်သော မိဖုရားကြီးသည် မိမိစားသောမဏိကာရရွာမှ အခွန်အတုတ်ကို မဏိကာရာမကျောင်းအားလှူ၏။

တိဿဟူ၍၎င်း, ယသလာလဟူ၍၎င်း ထင်ရှားသောတံခါးစောင့်သည် သိဝမင်းကိုသတ်ပြီးလျှင် ခုနစ်နှစ်ရှစ်လမင်းပြုတော်မူ၏၊

တံခါးမှူးမင်း လွန်လေသော် သားတော် သုဘမင်းနန်းတက်၍ ခြောက်နှစ်မင်းပြုတော်မူ၏၊ထိုမင်းသည် သုဘာရာမကျောင်း,ဝိလ္လဝိဟာရကျောင်းကို ဆောက်လုပ်စေ၏၊ မိမိအမည်ဖြင့် သုဘပရဝုဏ်ကို လှူတော်မူ၏၊

[မဟာဝင်ဝတ္ထု၌ကား တံခါးမှူးဒတ္တသည်ပင် သုဘမင်းဟူသောအမည်ကိုယူလျက် ခြောက်နှစ်ပတ်လုံးမင်းပြု၏ဟုဆိုသည်။]

အဘယမင်းစသည့် မင်းစဉ်မင်းဆက်ပြီး၏။
ဝိသတိမပိုင်းပြီး၏။

# ဧကဝီသတိမပိုင်း

## ၂၉။ ဝသဘမင်းစသည့် မင်းစဉ်မင်းဆက်

နားရှည်လူမျိုးသားဖြစ်သော ဝသဘ အမည်ရှိသောသူသည် သုဘမင်းကို သတ်ပြီးလျှင် လေးဆယ့်လေးနှစ်တို့ပတ်လုံး ဝသဘမင်းဟူသော အမည်ဖြင့် မင်းပြုတော်မူ၏၊

ထိုမင်းသည်စိတ္တလတောင်၌ ဆယ်ဆူကုန်သောစေတီတို့ကို တည်စေသည်၊ထိုမှတပါး-များစွာသောပူဇော်ခြင်းကိုလည်း ပြုတော်မူသည်၊ ဣဿရိယမည်သောအာရာမ်၌ မွေ့လျော်ဘွယ်ရှိသောကျောင်းနှင့် ရှုချင်ဘွယ်ရှိသော ဥပုသ်အိမ်ကိုပြုစေသည်၊ကျောင်းဘော်ကိုမူဇော်သည်၊ စည်တော်ကြီးကိုလည်းပြုစေသည်၊ ရဟန်းသံဃာတော်အား များစွာ

သောသက်န်းကိုလှူသည်၊ အလုံးစုံသောလက်ာဒီပကျွန်း၌ ဟောင်းနွမ်းမျက်စီးသောကျောင်းတို့ကိုပြုပြင်သည်၊ အလုံးစုံသောကျောင်းတို့၌ ဓမ္မပူဇာကျောင်းကိုပြုစေသည်၊ ထူပါရုံစေတီတော်၌ စေတီအိမ်ကိုပြုစေသည်။

ထိုထူပါရုံ စေတီတော်၌သာလျှင် လေးဆယ့်လေးနှစ် ပူဇော်သည်၊ မဟာဝိဟာရကျောင်း,ထူပါရုံစေတီ,စေတိယတောင်တို့၌ အသီးအသီး ဆီမီးတထောင်စီ ညှိထွန်းသည်၊ ၁-စယန္တိကန်,၂-ရာဇုပ္ပလိကကန်, ၃-ကောဠမ္ဗကန်, ၄-မဟာနိက္ခဝဋ္ဋိကန်, ၅-မဟာဂါမမည်သောကန်နှစ်ခု,၆-ကေဟာလ ကန်,၇-ကာလဝါပိ ကန်,၈-ဇမ္ဗုဋ္ဋိ ကန်,၉-မင်္ဂလ ကန်, ၁၀-အဘိဝၶုမာနကကန် ဤကန် ဆယ်ခုတို့ကိုင်း၊ ရေမြောင်း တဆယ့်နှစ်ခုတို့ကိုင်း၊သာယာဝပြောစေခြင်း၄ါပြုတော်မူ၏၊ အနုရာဓမြို့၌ ထိုထိုအရပ်၌ လေးထောင့်ကန်တို့ကိုလည်းဟူးစေ၏၊ အနုရာဓမြို့၌ တံတိုင်း,ကျုံး,တံခါး,ပြ, အကျည်ကြီးကိုလည်းပြုစေ၏၊ ဥမင်ဖြင့် ရေကိုသွင်းတော်မူ၏။

ဝသဘမင်းလွန်လေသော် သားတော်ဝင်္ကနာသိကတိဿ မင်းနန်းတက်၍ သုံးနှစ်မင်းပြုတော်မူ၏၊ထိုမင်းသည် ဂဂ္ဂလမည်သောအာရာမ်ကိုပြုလုပ်စေ၏။

ဝင်္ကနာသိကတိဿမင်းလွန်လေသော် သားတော်ကဋ္ဌဗါဟုကဂါမဏိမင်းနန်းတက်၍ နှစ်ဆယ့်နှစ်နှစ်မင်းပြုတော်မူ၏၊ထိုမင်းသည် အဘယာရာမကျောင်း၌ မဟာထူပစေတီကိုတည်တော်မူ၏၊ မယ်တော်၏အကျိုး၄ါဂါမဏိမည်သောရေကန်နှင့် ရမ္မကမည်သော အာရာမ်ကိုပြုလုပ်စေ၏။

ကဋ္ဌဗါဟုကဂါမဏိမင်းလွန်လေသော် ထိုမင်း၏ ယောက္ခမတော်ဖြစ်သော် မဟလ္လကနာဂမင်းသည် ခြောက်နှစ်မင်းပြုတော်မူ၏၊ထိုမင်းသည် သာဇိလကန္ဒကာရာမကျောင်းကိုင်း, မြို့၏တောင်ဘက်၌ဂေါဠပဗ္ဗတာကျောင်းကိုင်း, ဒကပါသာဏအာရာမ်ကျောင်းကိုင်း,သာလိပဗ္ဗတကျောင်းကိုင်း, ဝေဠိကျောင်းကိုင်း,ရောဟနဇနပုဒ်၌ နာဂပဗ္ဗတကျောင်းကိုင်း, ဂိရိသာလိကကျောင်းအာရာမ်ကိုင်း ပြုလုပ်စေ၏။

မဟာလ္လကနာဂမင်းလွန်လေသော် သားတော်ဘာတိယ တိဿမင်းသည် နန်းတက်၍ နှစ်ဆယ့်လေးနှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် မဟာမေဃဝန်ဥယျာဉ်ကို စောင့်ရှောက်ခြင်း အကျိုးငှာ တံတိုင်းကာခြင်း,တံခါးတပ်ခြင်းကိုငင်း, မိမိအမည်ရှိသော ဘာတိယတိဿအာရာမ်ကိုငင်း ပြုလုပ်စေ၏၊ ရမ္မဏိယကန်ကို တူးစေပြီးလျှင် ရဟန်းသံဃာတော်အား လှူတော်မူ၏၊ ရန္ဓကဏ္ဍကမည်သော ကန်ကိုလည်းတူးစေ၏၊ ထူပါရာမကျောင်း၌ ဥပုသ်အိမ်ကိုဆောက်လုပ်စေ၏၊ ရဟန်းသံဃာတော်အား မဟာဒါနကြီးကိုလည်း လှူတော်မူ၏။

ဘာတိကတိဿမင်းလွန်လေတော် ညီတော်ကနိဋ္ဌတိဿမင်းသည် နှစ်ဆယ့်ရှစ်နှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် အဘယာရာမ ကျောင်းတော်၌ ဥပုသ်အိမ်ကိုဆောက်လုပ်စေ၏၊ မဟာဝိဟာရကျောင်းတော်၌ တဆယ့်နှစ်ဆောင်ကုန်သော ပြာသာဒ်တို့ကိုလည်းပြုလုပ်စေ၏။

ဒက္ခိဏာရာမမည်သောကျောင်း၌ ကျောင်းနှင့်စေတီကိုပြုလုပ်တည်ထားတော်မူ၏၊ ထိုမှတပါးများစွာသော ကုသိုလ်ကောင်းမှုကိုလည်းပြုလုပ်လေ၏။

ကနိဋ္ဌတိဿမင်းလွန်လေသော် သားတော်ဇုဋ္ဌနာဂမင်းနန်းတက်၍ နှစ်နှစ်မင်းပြု၏၊ထိုမင်းကို ညီတော်ကုဋ္ဌနာဂမင်းသတ်၍ တနှစ်မင်းပြု၏၊ ဤသို့လျှင် ဒွေဘာတုကမင်းဘို့သည် သုံးနှစ်မင်းပြုကုန်၏။

ဝင်္ကနာသိကတိဿမင်းသည် အနုရာဓမြို့၌ သုံးနှစ်မင်းပြုတော်မူ၏၊ ဝင်္ကနာသိကတိဿမင်းလွန်လေသော် သားတော်ဂဇဗာဟုက ဂါမဏိ (ကဌဗာဟုကဂါမဏိ)မင်းသည် နှစ်ဆယ့်နှစ်နှစ်မင်းပြုတော်မူ၏။

ဂဇဗာဟုကမင်းလွန်လေသော် ယောက္ခမတော်ဖြစ်သော မဟလ္လကနာဂမင်းသည် ခြောက်နှစ်မင်းပြု၏။

မဟလ္လကနာဂမင်းလွန်လေသော် သားတော် ဘာတိကတိဿမင်းသည် နှစ်ဆယ့်လေးနှစ်မင်းပြုတော်မူ၏။

ဘာတိကတိဿမင်းလွန်လေသော် ညီတော် ကနိဋ္ဌတိဿမင်းသည် နှစ်ဆယ့်ရှစ်နှစ်မင်းပြုတော်မူ၏။

ကနိဋ္ဌတိဿမင်း လွန်လေသော် သားတော်ခုဉ္စနာဂ (စူဠနာဂ) မင်းသည် နှစ်နှစ်မင်းပြုတော်မူ၏။

ကုဉ္စနာဂ (ကုဋ္ဌနာဂ)မင်းသည်မိမိ၏ နောင်တော်ကိုသတ်ပြီးလျှင် တနှစ်မင်းပြုတော်မူ၏။

သိရိနာဂစစ်သူကြီးသည် ကုဉ္စနာဂမင်း၏ ထီးနန်းကို သိမ်းယူ၍ တဆယ့်ကိုးနှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် မဟာစေတီ၌ ရတနာပန်းဖြင့် ပူဇော်ခြင်း, ထီးတင်ခြင်းကို ပြုတော်မူ၏၊ လောဟပါသာဒပြာသာဒ်၌ ဥပုသ်အိမ်ကိုပြုတော်မူ၏။

သိရိနာဂမင်းလွန်လေသော် သားတော်အဘယမင်းသည်နန်းတက်၍ တဆယ့်ရှစ်နှစ်မင်းပြု၏၊ (ဝေါဟာရကတိဿမင်းဟူ၍လည်း ခေါ်သည်၊)ထိုမင်းသည်နှစ်သိန်းသောအဝတ်တို့ကိုယူပြီးလျှင် ရဟန်းသံဃာတော်အား အဘိုးများစွာထိုက်သော ဝတ္ထုဒါနကို လှူတော်မူ၏၊ မဟာဗောဓိပင်၏ ထက်ဝန်းကျင်၌ကျောက်ပွတ်လုံးပွတ်တိုင်ကိုလည်းပြုတော်မူ၏။

ထိုအဘယမင်း လွန်လေသော် ညီတော်တိဿမင်း နန်းတက်၍ နှစ်ဆယ့်နှစ်နှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် အဘယာရာမ ကျောင်းတိုက်အတွင်း၌ရှိသော မဟာထူပစေတီတော်၌ ထီးတင်တော်မူ၏၊ မဟာမေဃဝန် ဥယျာဉ်နှင့် အဘယာရာမ ကျောင်းတိုက်အတွင်း၌ ရွှေစေတီတော်နှင့် ကျောင်းတော်ကို တည်ထားပြုလုပ်တော်မူ၏၊အရှင်ဒေဝထေရ်ဟောတော်မူသော ဂိလာနသုတ္တန်ကို နာယူရသောကြောင့် ဂိလာနဆေးပရိက္ခရာနှင့် ငါးဆောင်သောကျောင်းကို လှူတော်မူ၏၊ ညဉ့်အခါအံ့ဘွယ်သော မဟာဗောဓိအာရာမ်တော်ကို ဖူးမြင်ရသောကြောင့် ဆီမီးပန်းတိုင်ကိုငင်း, မွေလျော်ဘွယ်သော ဆီမီးရုပ်တို့ကိုငင်း တည်ထားတော်မူ၏။

ထိုမင်း၏တိုင်းပြည်၌ ရဟန်းတို့အား မအပ်သည်ကို အပ်သည်ဟု များစွာပြကြကုန်၏၊သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သောအယူကို ပြလျက် ဘုရားသာသနာတော်ကို ဖျက်ကြကုန်၏၊ မင်းကြီးသည် သာသနာတော်ကို ဖျက်ကြကုန်သော မကောင်းသော ရဟန်းတို့ကို

မြင်တော်မူသောအခါ ကပိလာ အမတ်ကို ခေါ်တော် မူပြီးလျှင် မကောင်းကုန်သော ရဟန်းတို့အား နှိပ်နင်းဖျက်ဆီးခြင်းကို ပြုတော်မူ၏၊ ဤသို့လျှင် နှိပ်နင်းခြင်းကို ပြုတော်မူခြင်း, သာသနာတော်ကို ထွန်းလင်းစေခြင်းကိုပြုတော်မူပြီးလျှင် သတ္တပဏ္ဏိကမည်သောပြာသာဒ်တော်ကို မေဃဝန်ဥယျာဉ်၌ ဆောက်လုပ်တော်မူ၏။

တိဿမင်းလွန်လေသော် သားတော်သိရိနာဂမင်းသည် နန်းတက်၍ နှစ်နှစ်မင်းပြုတော်မူ၏၊ထိုမင်းသည်မဟာဗောဓိပင်၏ ထက်ဝန်းကျင်၌ ကြည်ညိုဘွယ်သော တံတိုင်းနှင့် မဏ္ဍပ်ကိုပြုစေ၏၊ သံဃတိဿဟူသော အမည်ဖြင့် မဟာစေတီတော်၌ ရွှေဖြင့်ပြီးသော ထီးတော်ကို တင်တော်မူ၏၊ မဟာစေတီတော်၌ ပတ္တမြားဖြင့်ပြီးသော သိခါလူပ (စိန်ဖူး)ကို တင်တော်မူ၏၊ထိုကံ၏အကျိုးဖြစ်ကုန်သော ပူဇော်ခြင်းတို့ကိုပြုတော်မူ၏၊ အရှင်ဒေဝထေရ်ဟောတော်မူသော အန္ဓကဝိန္ဒက သုတ္တန်တရားတော်ကို နာယူရသောကြောင့် မြို့တော်တံခါးလေးခုတို့၌ ယာဂုကိုအမြဲတည်ထားတော်မူ၏။

[မဟာဝင်ဝတ္ထု၌ကား ညီတော်တိဿမင်း နန်းတက်ကြောင်းမပါ၊ အဘယမင်းလွန်သောအခါသိရိနာဂမင်းနန်းတက်ကြောင်းသာပါသည်။]

သိရိနာဂမင်းလွန်သောအခါ သားတော်ဝိဇယကုမာရမင်း နန်းတက်၍ တနှစ်မင်းပြုတော်မူ၏။

ဝိဇယကုမာရမင်းကိုသတ်ပြီးလျှင် သံဃတိဿစစ်သူကြီးကို မင်းပြုစေ၏၊ သံဃတိဿမင်းသည် နန်းတက်၍လေးနှစ် မင်းပြုတော်မူ၏၊ ထိုမင်းသည် မဟာစေတီ၌ ထီးသစ်တင်ခြင်း,ရွှေချခြင်းကို ပြုတော်မူ၏။

သံဃတိဿမင်းလွန်လေသော် သံဃဗောဓိစစ်သူကြီးကို နန်းတက်စေ၍ သိရိသံဃဗောဓိမင်းဟူသောအမည်ဖြင့် နှစ်နှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် မေဃဝန်ဥယျာဉ်၌ ယာဂုကိုအမြဲတည်ထား၏၊ မဟာဝိဟာရကျောင်းစာရေးတံတင်းကုပ်ကို ဆောက်လုပ်၏။

သံဃဗောဓိမင်းလွန်သောအခါ မေဃဝဏ္ဏာဘယမင်းဟု ထင်ရှားသော ဘဏ္ဍာစိုးဖြစ်သော ဂေါဌာဘယမင်းသည်နန်းတက်၍ တဆယ့်သုံးနှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် မဟာဝိဟာရကျောင်းတိုက်၌

ကျောက်မလျှာပ်နှင့် ဝင်းတိုက်၏အနောက်ဘက်၌ ကမ္ဗဋ္ဌာန်းစီးဖြန်းရာ စရပ်တို့ကိုပြုလုပ်၏၊ မဟာဗောဓိ၌ရံသော ကျောက်မွတ်တိုင်၊ ကျောက်ကျုံးမြောင်း၊ တုရိုဏ်တိုင်၊ ကျောက်ပလ္လင်၊ မဟာဗောဓိအိမ်ကိုပြုစေ၏၊ ဒက္ခိဏာရာမကျောင်းတိုက်၏အတွင်း၌ဥပုသ်အိမ်ကိုလည်းပြုလုပ်စေ၏၊ ရဟန်းသံဃာတော်အား မဟာဒါနကြီးကို လှူတော်မူ၏၊ မွေလျော်ဘွယ်သော အကျည်ကြီးရှိသော မင်းကွန်းကို ပြုလုပ်ပြီးလျှင် ရဟန်းသံဃာအား ရှေးဦးစွာလှူ၍ နောက်မှယူတော်မူ၏၊ မေဃဝန်ဥယျာဉ်၌ ကဆုန်လပြည့်နေ့၌ ပူဇော်ခြင်းကိုပြုလုပ်စေ၏။

မေဃဝဏ္ဏာဘယမင်းလွန်လေသော် သားတော် ဇေဋ္ဌတိဿမင်းသည်နန်းတက်၍ ဆယ်နှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် မဟာစေတီ၌ အဘိုးများစွာထိုက်သော ပတ္တမြားကိုပူဇော်၏၊ လောဟပါသာဒကို ထပ်မံပြုလုပ်၍ မြတ်သောပတ္တမြားကို ပူဇော်ပြီးလျှင် မဏိပါသာဒ ဟူသောအမည်ကိုသမုတ်၏၊ပါစီနတိဿပဗ္ဗတကျောင်းကို ဆောက်လုပ်စေ၍ ရဟန်းသံဃာတော်အားလှူ၏၊အာလမ္ဗဂါမရေကန်ကိုလည်း တူးစေပြီးလျှင် ရှစ်နှစ်ပတ်လုံးပူဇော်၏။

ဇေဋ္ဌတိဿမင်းလွန်လေသော် ညီတော်မဟာနာမမင်းသည် နန်းတက်၍ နှစ်ဆယ့်ခုနစ်နှစ်မင်းပြုတော်မူ၏၊ ထိုမင်းသည် ဤသို့ကြံစည်တော်မူ၏၊ "သာသနာတော်၌ နေထိုင်ကြကုန်သော များစွာသော ရဟန်းတို့တွင် အဘယ်ရဟန်းတို့သည် ဓမ္မဝါဒီရဟန်းတို့ဖြစ်သနည်း၊ အဘယ်ရဟန်းတို့သည် အဓမ္မဝါဒီရဟန်းတို့ဖြစ်သနည်း" ဟု ကြံစည်ပြီးလျှင် ရှာကြံကြည့်ရှုလေသော် အလဇ္ဇီပါပဘိက္ခု ဖြစ်ကုန်သော ရဟန်းမဟုတ်မူ၍ ရဟန်းယောင် ဆောင်ကုန်သော မြတ်စွာဘုရား၏ သာသနာတော်ကိုဖျက်ဆီးကုန်သော ပုဂ္ဂိုလ်တို့ကိုမြင်လေ၏၊မကောင်းယုတ်မာသောသော:ဏာမည်သောအမတ်နှင့် တပါးသောအလဇ္ဇီပုဂ္ဂိုလ်တို့ကိုဆည်းကပ်ပြီးလျှင် အကျိုးအကြောင်းကို မေးလျှောက်လေ၏။

မကောင်းယုတ်မာသော သောဏာအမတ်နှင့် အလဇ္ဇီပုဂ္ဂိုလ်တို့သည် ကောင်းသောအကျင့်ရှိကုန်သော ရဟန်းတို့ကို ဖျက်ဆီးခြင်းငှါ ဆိတ်ကွယ်ရာ၌တိုင်ပင်ကြ၍ ညီညွတ်ကြသောအခါ တရားနှင့်လျော်သည်ကို

မပြကြမှု၍ ရဟန်းတို့အား မအပ်သောတရားနှင့် မလျော်သည်ကိုပြကြကုန်၏၊ ဆဗ္ဗဂ္ဂီတို့၏ဝတ္ထု၌ ဘုရားခွင့်မပြုအပ်သော မကောင်းသဖြင့် ဝတ်ခြင်း,ရုံခြင်းစသည်တို့ကို မြတ်စွာဘုရား ခွင့်ပြု၏ဟု ပြကြကုန်၏၊ မြတ်စွာဘုရားဟောတော်မူအပ်ကုန်သော များစွာကုန်သောဓမ္မဝတ္ထုတို့ကို အဓမ္မဝတ္ထုတို့ဟူ၍ပြကြကုန်၏၊ ဤသို့လျှင်မဟာသေနမင်းသည် မသူတော်တို့နှင့်ပေါင်းဘော်သဖြင့် အသက်ထက်ဆုံး မလိမ်မာသော ဆရာဒုဿီလတို့၏စကားကို နာယူမှားသောကြောင့် မကောင်းမှုကိုလည်း ပြုမိလေသည်၊ ကုသိုလ်ဖြစ်ကြောင်း ကောင်းမှုကိုလည်း ပြုမိလေသည်၊ထို့ကြောင့်ခန္ဓာပျက်စီးသည်ရှိသော် ကံအားလျော်စွာလားရလေ၏။

တသ္မာ အသာဓု သံသဂ္ဂံ၊အာရကာ ပရိဝဇ္ဇယ။
အဟိံ ဝါသိဝိသံဝါ သု၊ ကရေယျတ္တဟိတံ ဗုဓော၀တိ။ ။

တသ္မာ၊ထိုသို့ကံအားလျော်စွာ လားရသောကြောင့်။ အာသိဝိသံ၊ လျင်သောအဆိပ်ရှိသော။အဟိံ၊မြွေကို၊အာရကာ၊ အဝေးမှ၊ ပရိဝဇ္ဇေတွဝ၊ ရှောင်ကြဉ်သကဲ့သို့။ ဗုဓော၊ ပညာရှိသည်။ အသာဓုသံသဂ္ဂံ၊ သူတော်မဟုတ်သူယုတ်မာတို့နှင့်ပေါင်းဘော်ခြင်းကို။ အာရကာ၊အဝေးမှ။ ပရိဝဇ္ဇယ၊ ရှောင်ကြဉ်၍။ အတ္တဟိတံ၊ မိမိ၏အကျိုးစီးပွားကို သုကရေယျ၊ကောင်းစွာပြုရာ၏။

ဝသဘမင်းစသည်မင်းစဉ်မင်းဆက်ပြီး၏။
ကေဝိသတိမပိုင်း ပြီး၏။

---

## ကျမ်းပြီးနိဂုံး

ဗ္ဗော၀တာစ—

ဦးခင်စိုး တိနာမကေန ပါဠိယာစရိယေန အဇ္ဈေသိတေန ဟံသာဝတ နဂရေ ဝိဟာရေ ကြာခံ နာမကေ ဝသန္တေန ကေလာသော၀တိ ဂရှုပိ ဂဟိတနာမဓေယျေန မဟာထေရေန "ဒီပဝံသော ဂန္ထော မဂဓဘာသာယ ကတော" တတော မရမ္မဘာသံ နာတိဝိတ္ထာရသင်္ခေပံ ကတွာ ရစိတောယံ ဂန္ထော

ကလိယုဂေ ဝီသာဓိကာတေရသသတေ သမ္ဗတ္တေ သာဝဏ-
မာသဿ သုက္ကပက္ခပဥ္စမိယံ အင်္ဂါရဒိနေ နိဋ္ဌိတော အနာ-
ယာသေနာတိ။

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် သာသနဓဇသိရိ
ပဝရဓမ္မာစရိယပါဠိဆရာကြီး ဦးခင်စိုးသည် တောင်းပန် အပ်သော
ကြောင့် ဟင်္သာတမြို့ကြာခံကျောင်း၌ သီတင်းသုံးတော်မူသောဦးကေလာ
သဘွဲ့မည်ရသော မဟာထေရ်အရှင်သည် ပါဠိဘာသာဖြင့် စီရင်အပ်
သော ဒီပဝံသကျမ်းမှ မကျဉ်းမကျယ် အလယ် အလတ် ဖြစ်သော
မြန်မာဘာသာသို့ ပြန်ဆိုစီရင်အပ်သော ဤမြန်မာဘာသာ ဒီပဝံသ
ဝတ္ထုကျမ်းသည် သက္ကရာဇ် ၁၃၂၀-ခုနှစ် ဝါခေါင်လဆန်း ၅-ရက်
အင်္ဂါနေ့၌ ရောဂါဝေဒနာမရှိ ပကတိကျန်းမာသဖြင့် ပြီးဆုံးခြင်း
သို့ရောက်သတည်း။

ခလိတံ ကိဉ္စိ စေ ပဿေ၊ သောဓေတွာ တုဋ္ဌမာနသာ။
ဗုဒ္ဓိကာမေန စိန္တေန၊ပဿန္တု သာဓု သာဓဝေါ။ ။

# ဤတွင်ဒီပဝံဝတ္ထု
# ပြီးပြီ။



# ကောသမ္ဗာတုဝင်ဝတ္ထု

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

**ပဏာမ, ပဋိညာဉ်**

ဗုဒ္ဓဥ္စ ဓမ္မဥ္စ ဂဏံ နမိတွာ၊ အဂ္ဂံ ဝိသုဒ္ဓံ ဇနပုညခေတ္တံ။
ဆက္ကေသဓာတူနစ ထူပဝံသံ၊ ဝက္ခာမဟံ သာသနဝဍ္ဎနာယ။ ။

ငါသည် မြတ်ဝေါ်မူသော ဘုရားရတနာ, ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်တော်မူသော တရားရတနာ, လူအပေါင်းတို့၏ကုသိုလ်မျိုးစေ့စိုက်ပျိုးရာလယ်မြေနှင့်တူသော သံဃာရတနာတို့ကို ရှိခိုးပြီး၍ ခြောက်ဆူကုန်သော ဆံတော် ဓာတ်တို့၏ ထူပဝင်ကို သာသနာတော် ကြီးပွားစေခြင်း အကျိုးငှါဆိုပေအံ့။

## ဆံတော်ပေးသနားရန် တောင်းပန်ခြင်း

တရံရောအခါ ငါတို့၏မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ ရှဉ့်နက်တို့ကို အစာကျွေး၍ မွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးတော်မူ၏၊ထိုအခါမြတ်စွာဘုရားသည် လေးပါးကုန်သော ပရိသတ်

တို့အား အစ၏ကောင်းခြင်း,အလယ်၏ကောင်းခြင်း,အဆုံး၏ ကောင်းခြင်းရှိသော အနက်သဒ္ဒါအလုံးစုံတို့နှင့် ပြည့်စုံသော တရားတော်ကို ဟောတော်မူ၏၊ ထိုအခါ—

၁။ အရှင်အနုရုဒ္ဓါထေရ်,
၂။ အရှင်သောဘိတထေရ်,
၃။ အရှင်ပဒုမုတ္တရထေရ်,
၄။ အရှင်ဂုဏာသာဂရထေရ်,
၅။ အရှင်ဉာဏပဏ္ဍိတထေရ်,
၆။ အရှင်ရေဝတထေရ်—

ဤခြောက်ဆူကုန်သော ရဟန္တာအရှင်တို့သည် အလိုဆန္ဒတူကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်တော်မူကြပြီးလျှင် ဤသို့လျှောက်တော်မူ၏၊

"ဘုန်းတော်ကြီးမြတ်တော်မူသောမြတ်စွာဘုရား····မြတ်စွာဘုရားသည် သုံးဆယ်ကုန်သော ပါရမီတော်တို့ကို ဖြည့်တော် မူခြင်းသည် တစိတ်တဒေသ ဖြစ်ကုန်သော ကေဒေသ သတ္တဝါတို့၏ အစီးအပွား အကျိုးငှါ ဖြည့်တော်မူသည် မဟုတ်ပါ၊ အလုံးစုံကုန်သော သတ္တဝါတို့၏ အစီးအပွားအကျိုးငှါ ဖြည့်တော်မူပါ၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား····အကြင်သတ္တဝါတို့သည် မြတ်စွာဘုရား၏အနီး၌ တည်နေကြကုန်၏၊ ထိုသတ္တဝါတို့အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ရခြင်းကြောင့် ပစ္စုပ္ပန်အကျိုး, သံသရာအကျိုးနှစ်ပါးပြီးပါကုန်၏၊ အကြင်သတ္တဝါတို့သည် မြတ်စွာဘုရား၏အဝေး၌ တည်နေကြကုန်၏၊ ထိုသတ္တဝါတို့၏အကျိုးငှါ မြတ်စွာဘုရား၏ ကိုယ်တော်နှင့်စပ်သော ပူဇော်အပ်သော ပူဇနိယဝတ္ထုကို ထားသင့်ပါ၏၊ မဟာသမုဒ္ဒရာ၏အဆုံးဖြစ်သော မနီးမဝေးဖြစ်သော တခုသော ပစ္စန္တအရပ်၌ များစွာသော လူတို့သည် နေထိုင်ကြကုန်၏၊ ထိုလူတို့အား သနားတော်မူသဖြင့် ပူဇော်အပ်သော ပူဇနိယဝတ္ထုကို ပေးခြင်းငှါ သင့်ပါ၏"ဟု လျှောက်လေ၏၊

မြတ်စွာဘုရားသည်ထိုရဟန်းတို့၏ လျှောက်သောစကားကို ကြားတော်မူသောအခါ မဟာကရုဏာတော်သည် ထိုက်တွန်းအပ်သောစိတ်ရှိသည်ဖြစ်၍ ဇနပုဒ်၌နေကုန်သော သူတို့အား အကျိုးစီးပွါးကို ပြုခြင်းအကျိုးငှါ လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူသည်ရှိသော် ရွှေအဆင်းရှိသောအရောင်တို့ဖြင့် ထွန်းတောက်ပကုန်သော ခြောက်ဆူသော ဆံတော်တို့သည် မြတ်စွာဘုရား၏လက်တော်၌ ရောက်လာကြကုန်၏၊ ထိုအခါမြတ်စွာဘုရားသည် ထိုဆံတော်တို့ကို ရဟန္တာအရှင်တို့အား ပေးတော်မူလေ၏၊ထိုအခါ ရဟန္တာအရှင်တို့သည် ရွှင်လမ်းဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မိမိ၏ဦးခေါင်းဖြင့်သာခံယူကြကုန်၏၊ ထိုအခါ အရှင်အာနန္ဒာထေရ်သည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....ထိုဇနပုဒ်၌ နေကုန်သော သတ္တဝါတို့အား မြတ်စွာဘုရား၏ ဆံတော်ဓာတ်တို့ကိုမှီ၍ ဘေးအန္တရာယ်ဖြစ်ပါမည်လော"ဟု မြတ်စွာဘုရားအားလျှောက်လေသော်—

"အာနန္ဒာ....ထိုဇနပုဒ်၌ နေကုန်သော သတ္တဝါတို့အား ဆုတ်ယုတ်ခြင်းကို ငါဘုရားသည်မြင်တော်မမူ၊ ကြီးပွားခြင်းကိုသာလျှင် မြင်တော်မူ၏ဟု မိန့်တော်မူ၏၊အာနန္ဒာ....ငါဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ အနှစ်ငါးထောင်တို့ ကာလပတ်လုံး ငါဘုရား၏ သာသနာတော်တည်လတ္တံ့၊ ဤခြောက်ဆူသော ဆံတော်ဓာတ်တို့သည် နှစ်ပေါင်းနှစ်ထောင်ငါးရာတို့ ကာလပတ်လုံး ဆင်းရဲကုန်လတ္တံ့၊ ထို့နောက်များစွာသော ပူဇော်သက္ကာရသည်ဖြစ်လတ္တံ့၊ တခုတခုသော စေတီသည် များစွာသော သတ္တဝါတို့၏ ကြီးပွားခြင်းသည် ဖြစ်လတ္တံ့"—

ဟု ဗျာဒိတ်ကြားတော်မူ၏၊ ရဟန္တာအရှင်တို့သည်လည်း ဆံတော်ဓာတ်တို့ကိုရကြကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြကုန်လျှက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အနုရုဒ္ဓါထေရ်နှင့်တကွ ကြွတော်မူကြကုန်၏။

ဆံတော်ဓာတ်ပေးသနားရန် တောင်းပန်ခြင်း ပြီး၏။

## ၁။ သက္ကရူပဝင်

ခြောက်ဆုကုန်သော ရဟန္တာအရှင်တို့သည်မြတ်စွာဘုရားကျောင်းတော်မှ ထွက်တော်မူကြပြီးလျှင် ကောင်းကင်ဖြင့် ကြွတော်မူကုန်လျက် ထိုပစ္စန္တအရပ်၌သာလျှင် သက်ဆင်းကြ၍ ထိုအရပ်၌ တည့်သီတင်းသုံးတော်မူ၍ နေထွက်သောအခါ ကိုယ်လက်သုတ်သင်ခြင်းကို ပြုကြပြီးနောက် ရွာသို့ဆွမ်းခံကြွတော်မူပြီးသော် ရတော်မူသော အာဟာရကို ဘုဉ်းပေးတော်မူကြပြီးလျှင် အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည်လည်း တောင်မျက်နှာ အရပ်ဖြင့် ကြွတော်မူကြ၍ တောအုပ်ဖြင့်ဖုံးလွှမ်းသော နေအာရုံရောင်အဆင်းနှင့်တူသော မွှေလျော်ဘွယ်သော မြေအဘို့ကိုမြင်တော်မူကြ၍ နှစ်သက်ဝမ်းမြောက်တော်မူသော စိတ်တော်ရှိကြကုန်သည်ဖြစ်၍ ဤနေရာ၌ ဆံတော်ဓာတ်တဆူကိုတည်ထားခြင်းငှါ သင့်၏ဟု သဘောတူကြပြီးလျှင် "ငါ့ရှင်တို့....ဤအရပ်၌ ဓာတ်တော် ဥပါသကာကို အဘယ်သို့လျှင် ငါတို့ရပါအံ့နည်း"ဟု ကြံစည်တော်မူကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါထေရ်သည် လက်အုပ်ချီပြီးလျှင်—

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ရှေးအတိတ်ဘဝ၌ အသက်,ဥစ္စာ, မိမိ၏သား, မယားကိုအကြိမ်များစွာ လှူခဲ့တော်မူခြင်းကြောင့် ဗောဓိဉာဏ်တော်ကိုအကယ်၍ ရတော်မူသည်ဖြစ်အံ့၊ ဤသို့ရတော်မူသည်ရှိသော် မြတ်စွာဘုရား၏ ဥပါသကာသည် ယခုထင်ရှား ဖြစ်ပေါ်လာပါစေသတည်း"—

ဟု အဓိဋ္ဌာန်တော်မူ၏၊ထိုအဓိဋ္ဌာန်တော်မူသော ခဏ၌သာလျှင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြုလေ၏၊ သိကြားမင်းသည် ဆင်ခြင်တော်မူသည် ရှိသော် ထိုအကြောင်းကိုသိတော်မူ၍ "ငါသည် တန်ခိုးအာနုဘော်ကြီးတော်မူသော ဒါယကာမရှိသောမြတ်စွာဘုရားဆံတော်ဓာတ်၏ ဒါယကာ ဖြစ်ရခြင်းသည် ရတော်လေစွ"ဟု ကြံစည်လျက် နတ်ပြည်မှဆင်းလာ

ပြီးလျှင် ခြောက်ဆူကုန်သော ရဟန္တာအရှင်တို့၏ရှေ့တော်၌ ထင်ရှား ပြတော်မူ၏။

ထိုအခါအရှင်အနုရုဒ္ဓါထေရ်သည်သိကြားမင်းကိုမြင်တော်မူသော အခါ "နတ်တို့၏မင်းဖြစ်တော်မူသောသိကြားမင်း.. သင်သိကြားမင်း သည် ကြီးသောတန်ခိုးရှိ၏၊ မြတ်စွာဘုရားဆံတော်ဓာတ်၏ ဒါယကာ ဖြစ်တော်မူပါ" ဟု မိန့်တော်မူလေလျှင် သိကြားမင်းသည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ အရှင်အနုရုဒ္ဓါထေရ်၏လက်တော်မှ ဆံ တော်ဓာတ်တဆူကိုယူတော်မူပြီးလျှင် မိမိ၏ဦးခေါင်း၌တင်ထား၍ တက် ကြွသောစိတ်ရှိသည်ဖြစ်၍ တန်ခိုးဖြင့်တွင်းကိုဖန်ဆင်းပြီးလျှင် ထိုတွင်း၌ ရှစ်ကျိပ်ကုန်သောသာဝကတို့၏ ဆင်းတုတော်, ဘုရားမယ်တော်၏ ဆင်းတုတော်, ဘုရားခမည်းတော်၏ ဆင်းတုတော်, မြတ်စွာဘုရား၏ ဆင်းတုတော်တို့ကို ရွှေဖြင့်ပြီးသည်ကို ဖန်ဆင်းလျက် ပြုတော်မူ၍ အလယ်၌ ရတနာခုနစ်ပါးကိုစုပုံလျက် ထားတော်မူ၍ ထက်ဝန်းကျင်၌ ရွှေကွန်ယက်ကိုကာ၍ ထီးဖြူတော်ကို စိုက်ထောင်ပြီးလျှင် ထိုထီးဖြူ တော်၏အောက်၌ အထူးထူးသော ရတနာတို့ဖြင့် တောက်ပသော ပလ္လင်ကိုဖန်ဆင်းပြီးလျှင် မြတ်စွာဘုရား၏ဆံတော်ဓာတ်ကို ဦးခေါင်းမှ ချ၍ သိကြားမင်းဆောင်အပ်သောရေဖြင့် ရေချိုးပြီးလျှင်—

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... မြတ်စွာဘုရား သည် ဤနေရာ၌ အလုံးစုံသောသတ္တဝါတို့၏ အစီးအပွါးအကျိုးငှါ ငါးထောင်သောနှစ်တို့ပတ်လုံး တည်တော်မူပါ"ဟု ဆို၍ ထားတော် မူ၏၊ ထိုခဏ၌သာလျှင် ဤမဟာပထဝီမြေကြီးသည် ရေအဆုံးရှိသည်ကို ပြု၍တုန်လှုပ်လေ၏၊မြင့်မိုရ်တောင်မင်းသည်ညွတ်လေ၏၊မဟာသမုဒ္ဒရာ သည် ချောက်ချားလေ၏၊ တသောင်းသောစကြဝဠာ၌ နေကုန်သော နတ်တို့သည် ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ အမျိုးမျိုးသော မင်္ဂလာရှိသောဘဏ္ဍာတို့ကိုယူကြပြီးလျှင် မြတ်စွာဘုရား၏ဆင်းတုတော် အား ပူဇော်ကြကုန်၏၊ သိကြားမင်းသည် ဆံတော်ဓာတ်၏အထက်၌ စကြာဝတေးမင်း၏ ပတ္တမြားနှင့်တူသော ပတ္တမြားကို ပူဇော်ပြီးလျှင် ပတ္တမြားဖြင့်ပြီးသောစေတီတော်ကို တည်ထားတော်မူ၏၊ ထိုပတ္တမြား

စေတီ၏အပဉ္စ ရွှေဖြင့်ပြီးသောစေတီကိုပြုတော်မူ၍ အနာဂတ်ကာလ၌ ဘေးရန်မရှိစေခြင်းငှါ စက်တို့ကိုဝန်းရံ၍ စေတီကိုဖွဲ့ထားတော်မူ၏။

အရှင်အနုရုဒ္ဓါထေရ်သည်လည်း ထိုဓာတ်တော်ကို မိမိပင့်ဆောင်အပ်သည်၏အဖြစ် ထင်ရှားစေခြင်းငှါ မိမိ၏ဆင်းတုတော်ကို မြောက်အရပ်သို့မျက်နှာပြုလျက် ထားတော်မူ၏၊ သိကြားမင်းသည်လည်း တခုသော ရွှေဂူကိုပြုလုပ်စေပြီးလျှင် ဓာတ်တော်ကို ပူဇော်တော်မူ၏၊ စေတီ၏အနီး၌ ရွှေအိုးကြီးတလုံးကိုထားပြီးလျှင် နတ်သားတယောက်ကိုစောင့်ရှောက်စေ၏၊ ခြောက်ဆူကုန်သော ရဟန္တာအရှင်တို့သည်လည်း ဝမ်းမြောက်တော်မူကြကုန်သည်ဖြစ်၍ စေတီတော်ကို ရှိခိုးကြပြီးလျှင် နေကြကုန်၏၊ သိကြားမင်းသည်လည်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ စေတီတော်ကိုလက်ျာရစ်လှည့်လည်လျက် နတ်ပြည်သို့ကြွသွားလေ၏။

သဏ္ဍထူပဝင်ပြီး၏။

---

## ၂။ ပဋ္ဌန္ဓထူပဝင်

ထိုစေတီတော်၏အနီးဖြစ်သော ကောင်မျက်နှာအရပ်၌ သုံးဂါဝုတ်ရှိသောလမ်းသို့ကြွတော်မူကြပြီးလျှင် အလုံးစုံသောရဟန္တာအရှင်မြတ်တို့သည် အထူးထူးသောသစ်ပင်ဖြင့်ပြွမ်းသောမြတ်သော အရောင်ရှိသော ကေလာသတောင်နှင့်တူသော သစ်ပင်,မြက်, ချောက်, မချောက်ခဲ, အိုးခြမ်းကွဲတို့မှကင်းသောပြုအပ်သောအင်္ဂတေမြေအပြင်နှင့် တူသော အလုံးစုံသောလူတို့၏ မွေ့လျော်ပျော်မွေ့ဘွယ်ရာဖြစ်သော နေရာတခုကို မြင်တော်မူကြသောအခါ "ငါ့ရှင်တို့.. ဤနေရာ၌ မြတ်စွာဘုရား၏ ဆံတော်ဓာတ်တဆူကို တည်ထားခြင်းငှါ လျောက်ပတ်၏"ဟု ကြံစည်တော်မူကြကုန်၏။

ထိုအခါအရှင်သောဘိတထေရ်သည် "ဤဆံတော်ဓာတ်၏ဒါယကာကိုရှာမှီးခြင်း၌ ငါ၏ဝတ္တရားဖြစ်သည်"ဟု မိန့်တော်မူပြီးလျှင် လက်ဝဲတဘက်ပခုံးထက်၌ ကိုယ်ဝတ်သင်္ကန်းကိုတင်တော်မူ၍ ပုဆစ်ဒူးပန်းကို မြေ၌ထောက်၍ လက်အုပ်ချီတော်မူလျက် မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို ရှိခိုးပြီးလျှင်—

"မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အစီး
အပွါးအကျိုးငှါ ဤနေရာ၌ကြာမြင့်စွာတည်တော်မူမည်ဖြစ်အံ့၊
ဤသို့တည်တော်မူမည်ရှိသော် ယခုဒါယကာသည် ထင်ရှား
ဖြစ်ပေါ်လာပါစေသတည်း"—

ဟု ရှိသေလေးမြတ်စွာ ဆုတောင်းခြင်းကို ပြုတော်မူသောအခါ
တိမ်တိုက်တို့၏အကြားမှ ပဋ္ဌာန္ဒနတ်သားသည် များစွာသောအခြံအရံ
တို့ဖြင့် အမျိုးမျိုးရွှချင်ဘွယ်ရှိသော တန်ဆာတို့ကိုဝတ်ဆင်ပြီးလျှင် မိမိ
၏ ဗိမာန်မှသက်ဆင်း၍ အရှင်သောဘိတထေရ်၏ ရှေ့တော်၌ ထင်ရှား
ပြုတော်မူ၏။

ထိုအခါအရှင်သော ဘိတထေရ်သည် ပဋ္ဌာန္ဒနတ်သားကို မြင်တော်
မူသည်ရှိသော် အနီးသို့ကြွသွားတော်မူလျက် "ပဋ္ဌာန္ဒနတ်သားသည်
ကြီးသော တန်ခိုးအာနုဘော်ရှိ၏၊ မြတ်စွာဘုရား၏ ဆံတော်ဓာတ်
ဒါယကာဖြစ်တော်မူပါ"ဟု မိန့်တော်မူ၏၊ ပဋ္ဌာန္ဒ နတ်မင်းသည်
"ကောင်းပါပြီ၊ ကျွန်ုပ်သည်သာလျှင် ဆံတော်ဓာတ်၏ ဒါယကာဖြစ်
ပါအံ့"ဟု လျှောက်ကြားလေလျှင် "ပဋ္ဌာန္ဒနတ်မင်းသည် စေတီတော်
၏ တည်ထားရာအရပ်ကို စီရင်လေလော့"ဟု မိန့်တော်မူ၏။

ထိုခဏ၌ ပဋ္ဌာန္ဒနတ်မင်းသည် တန်ခိုးဖြင့် တွင်းကိုပြုလုပ်ပြီးလျှင်
ထိုတွင်း၌ ဓာတ်တော်တိုက်ကိုထား၍ ထိုဓာတ်တော်တိုက်၌ ရတနာ
ခုနစ်ပါးဖြင့် ပြီးသော နေရာကို ခင်း၍ ဆိုအပ်ပြီးသော အသီတိ
မဟာသာဝကတို့၏ ဆင်းတုတော်, မြတ်စွာဘုရား၏ ဆင်းတုတော်,
မြတ်စွာဘုရားခမည်းတော်၏ ဆင်းတုတော်,မယ်တော်၏ ဆင်းတုတော်
တို့ကို ရွှေဖြင့်ပြီးသည်ကိုပြုလုပ်၍ နေရာ၏အလယ်၌ ရတနာခုနစ်ပါးဖြင့်
ပြီးသော ဓာတ်တော်ပန်းတောင်းကိုထား၍ ရောင်ခြည်တော် ခြောက်
သွယ်တို့ဖြင့် ထွန်းပတော်မူသော ဆံတော်ဓာတ်ကို နတ်တို့၏နံ့သာရေ
ဖြင့် ချိုးဘော်မူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား....
ဤနေရာ၌သာလျှင် အလုံးစုံသောသတ္တဝါတို့၏ အစီးအပွားအကျိုးငှါ
တည်နေတော်မူပါ"ဟု လျှောက်ထား၍ ခြောက်ဆူကုန်သော ရဟန္တာ
အရှင်တို့၏ အလိုတော်ကိုယူတော်မူလျက် ထိုပန်းတောင်း၌သာလျှင်
ထားတော်မူ၏။

ထိုထားတော်မူသောခဏ၌ အောက်၌ဆိုအပ်ပြီးကုန်သော မြေတုန်လှုပ်ခြင်းစသည်တို့ဖြင့် အံ့ဘွယ်တို့သည် ဖြစ်ပေါ်လာကုန်၏၊ ပဋ္ဌုန္နနတ်မင်းသည်လည်း ဆံတော်ဓာတ်၌နှစ်သက်တော်မူသည်ဖြစ်၍ တည်ခြင်းငါးပါးဖြင့်ရှိခိုးပြီးလျှင် မိမိ၏ကိုယ်၌ဝတ်ဆင်အပ်သော အပေါ်ရုံအဝတ်ကိုချွတ်၍ "ရခဲစွာသောဖူးမြင်ခြင်းကို ရလေစွ"ဟု ဆိုလျက်ဓာတ်တော်အား ပူဇော်တော်မူ၏၊ အလုံးစုံသော နတ်တို့သည်လည်း မိမိအားလျော်သော ပူဇော်ခြင်းကို ပြုကြကုန်၏။

ထို့နောက် ပဋ္ဌုန္နနတ်မင်းသည် အမျိုးမျိုးသောရတနာတို့နှင့်ရောကုန်သော အုတ်တို့ဖြင့်စေတီကိုတည်တော်မူ၏၊ စေတီယင်ပြင်ကို သုတ်သင်ပြီးလျှင် ထိုစေတီတော်၏ထက်ဝန်းကျင်၌ တံတိုင်းကာပြီးလျှင် မနီးမဝေးသောအရပ်၌ ရေကန်ကိုဖန်ဆင်း၍ အရပ်လေးမျက်နှာတို့၌ ရွှေအိုးတို့ကိုဆောင်တော်မူ၍ ဓာတ်တော်အားပူဇော်၏၊ အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည်လည်း "ဤစေတီသည် အနာဂတ်ကာလ၌ အလံတရာဖြစ်လတ္တံ့၊ တရားမင်းမြတ်သည်လည်း ဤနေရာ၌သာလျှင် ဖြစ်ပေါ်လတ္တံ့"ဟု ဗျာဒိတ်ကြားတော်မူကုန်၏၊ထိုစေတီသည် စေတီတည်ပြီးသည်နောက် သောဏ္ဏာမ(သောဏ္ဏာရ)စေတီဟု ထင်ရှားတော်မူ၏။

ပဋ္ဌုန္နထုပဝင်ပြီး၏။

---

## ၃။ မဏိမေခလာထုပဝင်

အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည်လည်း ထိုအရပ်မှဆုတ်နစ်တော်မူကြ၍ သမုဒ္ဒရာမြစ်ကမ်း၌ သော်ကပန်းပင်တို့ဖြင့် ဖုံးလွှမ်းသောနေရာသည်ရှိ၏၊ ထိုနေရာ၏ အနောက်မျက်နှာအရပ်၌ တောင်ချောက်တို့ဖြင့်ဝန်းရံအပ်၏၊ ထိုနေရာကို မြင်တော်မူကြသောအခါ အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည်"ငါ့ရှင်တို့···ဤနေရာ၌ ငါတို့သည်အဘယ်သူ့ကို ဓာတ်တော်ဒါယကာ ပြုလုပ်စေအံ့နည်း"ဟု ကြံစည်တော်မူကြကုန်၏။

ထိုအခါ အရှင်ပဒုမုတ္တရထေရ်သည် "တပည့်တော်သည်သာလျှင်ဓာတ်တော်ဒါယကာကို ရှာမှီးမည်"ဟု မိန့်တော်မူပြီးလျှင်—

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား.... မြတ်စွာဘုရားသည် သတ္တဝါအပေါင်းကို သံသရာမှလွတ်မြောက်စေခြင်းငှါ ကျင့်တော်မူ၏၊ မြတ်စွာဘုရား၏တန်ခိုးတော်ကြောင့် တပည့်တော်၏ ဆုတောင်းခြင်းသည် ပြည့်စုံပါစေ၊ ယနေ့ဆံတော်ဓာတ်၏ဒါယကာကို ရပါစေသား"—

ဟု ဆုတောင်းတော်မူလေသော် သမုဒ္ဒရာကိုစောင့်သော မဏိမေခလာနတ်သမီးသည် အလုံးစုံသော တန်ဆာတို့ဖြင့် ဝတ်ဆင်၍ များစွာသောအခြံအရံတို့ဖြင့် သမုဒ္ဒရာမှ ပဒုမုတ္တရထေရ်၏ရှေ့တော်၌ ထင်ရှားပြလေ၏။

ထိုအခါ မှထေရ်တို့သည်"ဥပါသိကာမဖြစ်သောနတ်သမီး....သင်နတ်သမီးသည် ဓာတ်တော်စေတီကိုတည်ထားခြင်းငှါအပ်၏၊တည်ထားခြင်းငှါစွမ်းနိုင်သည်ရှိသော် သင်နတ်သမီးသည်သာလျှင် ဓာတ်တော်ဒါယကာပြုတော်မူပါ"ဟု မိန့်တော်မူကြကုန်၏၊ ထိုအခါ နတ်သမီးသည်"မာတုဂါမအဖြစ်၌ တည်သောကျွန်ုပ်သည် ဓာတ်တော်ကိုတည်ထားရာ၌ အဘယ်သို့လျှင်ပြုရပါအံ့နည်း"ဟု လျှောက်လေ၏"ဥပါသိကာမဖြစ်သောနတ်သမီး....ဤပစ္စန္တအရပ်၌ နေသောသူတို့အား သင်သည်အခပေးနိုင်သည်ရှိသော် ထိုသူတို့သည် လျှင်စွာစေတီကိုပြုလုပ်ကြလတ္တံ့"ဟု မိန့်တော်မူ၏။

နတ်သမီးသည် "ကောင်းပါပြီ"ဟု ဝန်ခံပြီးလျှင် မထင်ရှားသောအသွင်ဖြင့်သွားပြီးလျှင် ထိုပစ္စန္တအရပ်၌နေသောသူတို့အား အခပေး၍ စေတီကိုပြုလုပ်စေ၏၊ထိုပစ္စန္တအရပ်၌နေသော လူတို့သည်လည်း ထိုနေရာ၌ဓာတ်တော်တိုက်ကို အတောင်ရှစ်ဆယ်နက်အောင် ပြုလုပ်ကြကုန်၏၊ထိုအခါနတ်သမီးသည် တန်ခိုးဖြင့်ဆောင်အပ်ကုန်သောရတနာတို့ကို ထက်ဝန်းကျင်၌စုပုံပြီးလျှင် ဝေပုလ္လတောင်၌ရှိသော စကြဝတေးမင်း၏ပတ္တမြားရတနာနှင့်တူသော ထွန်းလင်းတောက်ပသော ပတ္တမြားရတနာတခုကို ဓာတ်တော်တိုက်၏အလယ်၌ထားလေ၏၊ ထိုပတ္တမြားရတနာ၏အထက်၌ ဓာတ်တော်ကြုတ်ကိုထား၏၊ ဓာတ်တော်ကြုတ်ထား

သည်နှင့်တပြိုင်နက် မဟာပထဝီမြေကြီးသည်ဟုန်လှုပ်လေ၏၊ အခါမဲ့ လျှပ်စစ်တို့သည် ထွက်ကုန်၏၊ မွှေးလျော်ဘွယ်ရှိသော မိုယ်းသည် ရွာသွန်း၏။

အလုံးစုံသောနတ်တို့သည် ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ကြကုန်၏၊ မဏိမေခလာနတ်သမီးသည်လည်း မြတ်စွာဘုရား၏ဆံတော်ဓာတ်ကို များစွာသောပူဇော်သက္ကာရကိုပြုပြီးလျှင် စေတီတည်၍ ကိစ္စပြီးဆုံးလေသော် "မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ဓာတ်တော်တိုက်သည် နှစ်ပေါင်းငါးထောင်ကာလပတ်လုံး တည်ပါစေ၊ ဤသတ္တဝါတို့သည်လည်း အမတမည်သောနိဗ္ဗာန်တရားတော်ကို သိကြပါစေ" ဟု မိဋ္ဌာန်တော်မူ၏၊ ထိုနောက်မဏိမေခလာနတ်သမီးသည် ကြည်ညိုသည်ဖြစ်၍ စေတီတော်၏ထက်ဝန်းကျင်၌ တံခွန်တို့ကိုစိုက်ထူတော်မူပြီးလျှင် ရဟန္တာအရှင်တို့၏ ခြေတော်တို့ကိုရှိခိုး၍ ဝမ်းမြောက်ဝမ်းသာစွာ မိမိဗိမာန်သို့ဝင်လျက် နေလေ၏။

မဏိမေခလာ ထုပ်ပဝင်ပြီး၏။

---

## ၄။ အဋ္ဌိနာဝိကထုပ်ပဝင်

ထိုနောက်မြောက်အရပ်သို့အလုံးစုံကုန်သောရဟန္တာအရှင်တို့သည် ကြွတော်မူကြကုန်လေသော် အရွက်အနုတို့ဖြင့် တန်ဆာဆင်အပ်သော အေးသောအရိပ်ရှိသောတခုသော ပညောင်ပင်၌နေသောနက်သည် ထိုရဟန္တာအရှင်တို့ကို မြင်သောအခါ "အရှင်ဘုရားတို့… အဘယ်အကြောင်းကြောင့် ဤအရပ်သို့ကြွလာပါသနည်း" ဟု လျှောက်ထားလေလျှင် ရဟန္တာအရှင်တို့သည် "ဤအရပ်၌ တဆူသောမြတ်စွာဘုရား၏ ဆံတော်ဓာတ်ကိုတည်ထားခြင်းငှါသင့်လျော်လေသောကြောင့် ကြွလာကုန်၏" ဟု မိန့်တော်မူလေသော် "ကောင်းပါပြီ" ဟု ဝန်ခံပြီးလျှင် "ကျွန်ုပ်သည်လည်း အရှင်ဘုရားတို့နှင့်တကွ ဝမ်းမြောက်ဝမ်းသာစွာ ပြုပါအံ့" ဟု လျှောက်ထားလေ၏။

ထိုအခါ အရှင်ဂုဏသာဂရ ထေရ်သည် "ဓာတ်တော်ဒါယကာကို ရှာခြင်း၌ တပည့်တော်၏ တာဝန်ဖြစ်ပါသည်" ဟု မိန့်တော်မူ၍ ဓာတ်တော်ဒါယကာအကျိုးငှာ လက်အုပ်ချီပြီးလျှင်—

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် အလုံးစုံကုန်သော သတ္တဝါတို့၏ အစီးအပွားအကျိုးငှာ ဤအရပ်၌ အမြဲတည်တော်မူမည် ဖြစ်ခဲ့သော် ဒါယကာရလွယ်သည်ဖြစ်ပါစေသတည်း"–

ဟု မိန့်ဩဝါဒတော်မူ၍ ထိုဓာတ်တော်ကို ရှိခိုးလျက် နေတော်မူ၏၊ ထိုခဏ၌ မြတ်စွာဘုရားဓာတ်တော်၏ အာနုဘော်ကြောင့်၎င်း, မထေရ်၏ အဓိဋ္ဌာန်အားကြောင့်၎င်း, မြတ်စွာဘုရားစသည်တို့၏ အာနုဘော်တော်ကြောင့်၎င်း, လေတိုက်ခတ်သဖြင့် ဆောင်အပ်သော သိအပ်ပြီးသော သိတင်းစကားရှိသော ကုန်သည်တို့ဖြင့် ပြည့်သော လှေတစင်းသည် ထိုအရပ်သို့ ဆိုက်ရောက်လာ၏၊ ကုန်သည်တို့သည် ရဟန်းသံဃာကိုမြင်လေလျှင် "သမုဒ္ဒရာ၌ သွားလာကုန်သော ငါတို့သည် ခြောက်ဆူကုန်သော ရဟန္တာအရှင်တို့၏ ထံတော်သို့ သွား၍ သံဃာတော်အား ဖူးမြင်ရခြင်းသည် အကျွန်ုပ်ရခဲ၏"ဟု ကြံစည်ပြီးလျှင် လှေသူကြီးအား ပြောကြားကြကုန်၏။

လှေသူကြီးသည်လည်း ထိုစကားကို ကြားလေသော်သံဃာတော်၌ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ကုန်သည်နှင့်တကွ လှေကြီးမှသက်ဆင်းပြီးလျှင် လှေငယ်ကိုတက်စီး၍ ထိုခြောက်ဆူကုန်သော ရဟန္တာအရှင်တို့၏ ထံသို့သွား၍ သံဃာတော်ကိုရှိခိုးပြီးလျှင် "ဤအရပ်၌တပည့်တော်တို့၏ အာဟာယမည်သော ပြုဖွယ်ကိစ္စသည် ရှိပါသနည်း"ဟု လျှောက်ထားလေ၏၊ "ဒါယကာ … ငါတို့သည် လောက၏ အစီးအပွားအကျိုးငှာ မြတ်စွာဘုရား၏ သံတော်ဓာတ်တဆူကို တည်ထားခြင်းငှာ ဤအရပ်သို့ လာကြကုန်၏"ဟု မိန့်တော်မူသောစကားကို ကြားသောအခါ လှေသူကြီးသည် ဝမ်းမြောက်သည်ဖြစ်၍ ကုန်သည်တို့ကိုခေါ်ပြီးလျှင် "ငါတို့သည် တန်ခိုးကြီးတော်မူသော သတ္တဝါတို့၏ အစီးအပွားကိုဆောင်တော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို ဖူးမြင်ရခြင်းသည်ရတော်လေစွ၊ မဟာသမုဒ္ဒရာ၌ကြာမြင့်စွာသော ကာလပတ်လုံး သွားလာကုန်သောငါတို့အား ဤသို့သဘောရှိသော လာဘ်ကို မရဘူးကြကုန်၊ သင်တို့သည် ငါ၏အဖော်ဖြစ်ကြကုန်လော့၊ ငါသည်သာလျှင် စေတီကိုတည်အံ့"ဟု ဆို၏။

အလုံးစုံသော ကုန်သည်တို့သည်လည်း''ကောင်းပါပြီ''ဟု ဝန်ခံကြကုန်၏၊ရုက္ခစိုးနတ်သည်လည်းလူ၏အသွင်ကိုဖန်ဆင်းပြီး လျှင်''ငါသည်လည်းသင်တို့၏ အဖော်ဖြစ်အံ့''ဟု ဆိုလေ၏၊အလုံးစုံသော သူတို့သည်လည်း မထေရ်တို့၏ ထံသို့သွားပြီးလျှင် ထိုက်သင့်သည်အားလျော်စွာ ပေးလှူပြီးသော် မထေရ်တို့ကိုရှိခိုးလျက် နေကြကုန်၏၊ လှေသူကြီးသည် ''အရှင်ဘုရားတို့....တပည့်တော်သည်သာလျှင် ဓာတ်တော်၏ စေတီကို တည်ထားခြင်းငှါ အားထုတ်ပါမည်''ဟု လျှောက်ထားလေ၏။

မထေရ်တို့သည်လည်း''ကောင်းပါပြီ၊ပြုလုပ်ပါလော့''ဟုမိန့်တော်မူကြကုန်၏၊ လှေသူကြီးသည် ယောကျ်ားတို့ကိုစေခိုင်း၍ များစွာသော ဥစ္စာကိုစွန့်၍ ဓာတ်တော်တိုက်ကိုပြုလုပ်ပြီးလျှင် ထိုဓာတ်တော်တိုက်၌ ရတနာခုနစ်ပါးတို့ကိုပြည့်စေ၍ ဓာတ်တော်တိုက်၏ အလယ်၌ ဘုရားအားထိုက်သော နေရာကိုခင်းစေပြီးလျှင် အရှင်ဂုဏသာဂရထေရ်၏ လက်တော်မှ ဓာတ်တော်ကိုယူ၍ ထားလေ၏၊ ထိုခဏ၌ အလုံးစုံသော အံ့ဘွယ်တို့သည် ဖြစ်ပေါ်လာကုန်၏။

ထိုအခါလှေသူကြီးသည်ဝမ်းမြောက်သည်ဖြစ်၍''လောက၏အကျိုးငှါကျင့်တော်မူသော မြတ်စွာဘုရား၏ ဓာတ်တော်၏ဒါယကာဖြစ်ရခြင်းသည် ရတော်လေစွ''ဟု ဆိုပြီးလျှင် စေတီတော်ကို တည်ခြင်းငါးပါးဖြင့် ရှိခိုး၍ အမျိုးမျိုးသော တံခွန်ကုက္ကားကို စိုက်ထောင်၍ စေတီတော်ကို လက်ျာရစ်လှည့်လည်၍ ရဟန္တာအရှင်တို့၏ ခြေတော်တို့ကို ရှိခိုးပြီးလျှင် ကုန်သည်တို့ဖြင့် လှေပေါ်သို့တက်လျက် မိမိ၏မြို့သို့ သွားလေ၏၊ ရုက္ခစိုးနတ်သည်လည်း စေတီတော်ကို နှစ်သက်ကြည်ညို လေသောကြောင့် ယနေ့တိုင်အောင်လည်း အသက်ရှည်သည်ဖြစ်၍ ထိုစေတီကို စောင့်ရှောက်လေ၏။

အဋ္ဌိနာဝိကထုပ္ပဝင်ပြီး၏။

## ၅။ နာဂထုပ္ပဝင်

ထိုစေတီတော်မှ အရှေ့မျက်နှာ၌ရှိသော ဂင်္ဂါမြစ်ကမ်း၌ မွေ့လျော်ဘွယ်ရှိသော နေရာတခုသည်ရှိ၏၊ ထိုနေရာသို့ အလုံးစုံကုန်သော ရဟန္တာအရှင်တို့သည် ကြွတော်မူပြီးလျှင် ''ငါ့ရှင်တို့....ဤနေရာအရပ်

သည် အရိပ်ရေနှင့်ပြည့်စုံ၏၊ ဤနေရာ၌ ဆံတော်ဓာတ်တဆူကို တည်ထားခြင်းငှါ သင့်၏'' ဟု တိုင်ပင်တော်မူကြသောအခါ အရှင်ဉာဏပဏ္ဍိတထေရ်သည် ''ဒါယကာကိုရွာမိုးခြင်း၌ တပည့်တော်၏ တာဝန်ဖြစ်ပါသည်''ဟု မိန့်တော်မူ၍တခုသောပုဆစ်ဒူးဝန်းကို မြေ၌ထောက်၍ လက်အုပ်ကိုဦးခေါင်းပေါ်၌ တင်ထားပြီးလျှင်—

''လောက၏အကြီးအမှူးဖြစ်တော်မူသော အကြွင်မြတ်စွာဘုရားသည် ထင်ရှားပွင့်တော်မူ၏၊ ဤဆံတော်ဓာတ်သည် ထိုမြတ်စွာဘုရား၏ဆံတော်ဓာတ်ဖြစ်ခဲ့သော် ဒါယကာကိုရပါစေသတည်း''—

ဟုဆုတောင်းလေသော် ဝရုဏနဂါးမင်းသည် အခြံအရံနှင့်တကွ နဂါးပြည်မှ လာပြီးလျှင် အရှင်ဉာဏပဏ္ဍိတထေရ်၏ ရှေ့တော်၌ ထင်ရှားပြလျက် ရှိခိုးပြီးလျှင် ကြွလာခြင်း၏အကြောင်းကို လျှောက်ထားလေသော် ''ဥပါသကာ· ··ငါတို့သည် မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို တည်ထားခြင်းငှါ ဤအရပ်သို့ကြွလာကုန်၏''ဟု မိန့်တော်မူလျှင်''အရှင်ဘုရားတို့ဓာတုစေတီ၌တပည့်တော်၏တာဝန်ကိုပြုတော်မူပါ''ဟု လျှောက်ထားသောအခါ နဂါးမင်းအား ခွင့်ပေးတော်မူလျှင် နဂါးမင်းသည် မိမိပရိသတ်ကိုခေါ်၍ ဝမ်းမြောက်ဝမ်းသာစွာ ဓာတ်တော်တိုက်၏အကျိုးငှါ မြေကို သုတ်သင်စေလျက် တွင်းတူးစေပြီးလျှင် နတ်ဗိမာန်နှင့်တူသော ဓာတ်တော်တိုက်ကို ပြုလုပ်စေ၍ ထိုဓာတ်တော်တိုက်၏အလယ်၌ ရတနာဖြင့် ပြီးသောပလ္လင်ကို ဖန်ဆင်း၍ ထီးဖြူစိုက်ထောင်ပြီးလျှင် ဓာတ်တော်ပန်းတောင်းကို ဦးခေါင်းဖြင့်ခံယူကြကုန်၏။

နဂါးမင်းသည်လည်း ဝမ်းမြောက် ဝမ်းသာစွာ မိမိ၏အသုံးအဆောင်ဖြစ်သော စကြာဝတေးမင်း၏ပတ္တမြားနှင့်တူသော အဘိုးများစွာထိုက်သော အလုံးစုံသော အလိုကိုပေးနိုင်သော တခုသောပတ္တမြားရတနာကို လည်မှချွတ်၍ မြတ်စွာဘုရား၏ ဓာတ်တော်အား ပူဇော်ခြင်းကိုပြု၏၊ အလုံးစုံသော နဂါးပရိသတ်တို့သည် ကကုန်သီကုန်လျက် အလုံးစုံသောတူရိယာတို့ကို တီးမှုတ်ကြကုန်၏။

အလုံးစုံသော နတ်တို့သည်လည်း အထူးထူး အပြားပြားသော ကောင်းချီးမင်္ဂလာကိုပေးကြကုန်၏၊ ထိုဇော်ဒနဂါးမင်းသည် ဓာတ်တော်စေတီတော်ကို အလွန်ရှုချင်ဘွယ်ရှိအောင် သပ္ပါယ်သည်ကိုပြု၍ တည်ထားစေ၏၊ စေတီတော်ပြီးဆုံးသောအခါ နဂါးမင်းသည် လက်ျာရစ်လှည့်လည်လျက် ညွတ်သောဦးခေါင်းရှိသည်ဖြစ်၍ ရှိခိုးပြီးလျှင် "ကမ္ဘာကုဋေတို့ဖြင့် ရနိုင်ခဲသော မြတ်စွာဘုရား၏ ဓာတ်တော်၏ ဒါယကာ ငါဖြစ်ရ၏"ဟု ဆိုပြီးလျှင် ဝမ်းမြောက်ဝမ်းသာစွာ သွားလေ၏၊

နာဂထူပဝင်ပြီး၏။

## ၆။ သတ္တနာဝိကထူပဝင်

ထိုစေတီမှ မြောက်ဘက်အရပ်သို့ကြွတော်မူ၍ ရဟန္တာအရှင်တို့သည် စေတီတည်ခြင်းငှါ လျောက်ပတ်သောနေရာကို မြင်ကြသောအခါ "ငါ့ရှင်တို့....ဤနေရာအရပ်သည် ကြွင်းသော ဆံတော်ဓာတ်တဆုကို တည်ထားခြင်းငှါ လျောက်ပတ်၏"ဟု တိုင်ပင်ကြပြီးသောအခါ အရှင်ရေဝတထေရ်သည် "အလုံးစုံငါးဆုကုန်သော ရဟန္တာအရှင်တို့၏စိတ်အလိုတော်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ၊ ဤဆံတော်ဓာတ်တဆု၏ဒါယကာကို ရခြင်းငှါ သုတောင်းရပါမူကား ကောင်းလေစွ"ဟု ကြံစည်ပြီးလျှင်–

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ။ မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်တော်မူ၍ ငါးပါးကုန်သော စွန့်ခြင်းကြီးကို စွန့်တော်မူ၍ လူတို့သည်ပြုနိုင်ခဲစွာသော အမှုကို ပြုတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သော် ယနေ့မြတ်စွာဘုရား၏ ဟန်ခိုးတော်ကြောင့် စေတီတော်ဒါယကာသည် ဤအရပ်သို့ ရောက်ပါစေသတည်းဟု မိဋ္ဌာန်ခြင်းကိုပြု၍ မြတ်စွာဘုရားသည် လောက၏အကျိုးငှါ ဤအရပ်၌ဆံတော်ဓာတ် တည်ထားခြင်းကို ခွင့်ပြုတော်မူသည်ရှိသော် မြတ်စွာဘုရား၏ ဟန်ခိုးတော်ကြောင့် စေတီတော်၏ဒါယကာကို ရပါစေသား"–

ဟု ဆုတောင်းလေသော် သဒ္ဓါတရားနှင့်ပြည့်စုံကြကုန်သော ဒမိဠကုန်သည်တို့သည် ခုနစ်စင်းသောလှေတို့ဖြင့် အရပ်တပါးသို့ သွားခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ ထိုစေတီတည်လတ္တံ့ဖြစ်သောနေရာသို့ ရောက်လာကြကုန်၏။

ထိုကုန်သည်တို့သည်လည်း ရဟန်းသံဃာတော်ကို အဝေးမှမြင်ကြလေလျှင် အလှူဒါနကို ပြုလိုသောကြောင့် အကြီးဆုံး ဖြစ်သော လှေသူကြီးကို ပြောကြားလေလျှင် လှေသူကြီးသည် “ငါသည်လည်း သွားအံ့”ဟု ဆို၍ ခြောက်ယောက်သော လှေသူကြီးတို့ဖြင့် ခြံရံလျက် ရဟန္တာအရှင်တို့၏ထံတော်သို့သွားပြီးလျှင် အလှူဒါနကို လှူဒါန်းပြီးသော် “အရှင်ဘုရားတို့သည် အဘယ်အကြောင်းကြောင့် ဤအရပ်သို့ ကြွလာကြပါသနည်း”ဟု လျှောက်ထားသော်၊ “မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို သတ္တဝါတို့၏အစီးအပွါးအကျိုးငှါ တည်ထားခြင်းငှါ လာကြကုန်၏”ဟု မိန့်တော်မူကြကုန်၏။

ထိုအခါ ခုနစ်ယောက်ကုန်သော လှေသူကြီးဖြစ်ကုန်သော ကုန်သည်တို့အား ဤသို့သော အကြံအစည်သည်ဖြစ်၏၊ “ငါတို့သည် ရှေး၌ မြတ်စွာဘုရားအား ဖူးမြင်ရသောအခါ ခြောက်သွယ်သော ရောင်ခြည်တို့ဖြင့် ထွန်းတောက်ပသော တန်ခိုးပြာဋိဟာကို ဖူးမြင်ကြရကုန်၏၊ ယခုအခါ မြတ်စွာဘုရား၏ ဆံတော်ဓာတ်အား တန်ခိုးအာနုဘော်ရှိလေသလော”ဟု ကြံစည်ကုန်သောကုန်သည်တို့အား ယုံမှားခြင်းသည် ဖြစ်ပေါ်လာ၏၊ ထိုကုန်သည်တို့၏ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှါ ဆံတော်ဓာတ်သည် တန်ခိုးပြာဋိဟာကိုပြတော်မူ၏။

ထိုအခါ ကုန်သည်ဖြစ်ကုန်သော လှေသူကြီးတို့သည် ထိုတန်ခိုးပြာဋိဟာကိုဖူးမြင်ရသောအခါ သဒ္ဓါတရား ဖြစ်ပေါ်လာကုန်သည်ဖြစ်၍ မိမိတို့အားလျော်သော ပူဇော်သက္ကာရကိုပြုကြကုန်၏၊ ဆံတော်ဓာတ်အား ပူဇော်သက္ကာရကို ပြုပြီးလျှင် ရဟန္တာ အရှင်တို့၏ထံသို့ သွား၍ စေတီတည်ရာအရပ်ကိုလျှောက်ကြား၍ ရဟန္တာအရှင်တို့သည် ပေးအပ်သော နေရာ၌ ကုန်သည်ဖြစ်ကုန်သော လှေသူကြီးတို့သည် ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင် ဓာတ်တော်တိုက်ကို ပြုကြကုန်၍ ထို

## ကေသဓာတုဝင်ဝတ္ထု။

ဓာတ်တော်တိုက်၌ အလုံးစုံသောရတနာ ၇ ပါးတို့ကိုစုပုံ၍ ဘုရားအားထိုက်သောနေရာကိုခင်းစေ၍ ဆီမီးကိုညှိထွန်းလျှက် မြတ်စွာဘုရား၏ဆင်းတုတော်, ရှစ်ကျိပ်သောသာဝကတို့၏ ဆင်းတုတော်တို့ကိုပြုစေ၍ အလယ်၌ရွှေပန်းတောင်းကိုထားလျက် အရှင်ရေဝတထေရ်၏ လက်တော်မှ ဆံတော်ဓာတ်ကိုယူ၍ နံ့သာရေဖြင့်ရေချိုး၍ ရွှေငွေဖြင့်ပြီးသော ပန်းဆီမီးတို့ဖြင့်ဆံတော်ဓာတ်ကိုကန်တော့၍ ပန်းတောင်း၌ထားကြကုန်၏။

ထိုခဏ၌ ဆိုအပ်ပြီးကုန်သော မြေတုန်လှုပ်ခြင်း အစရှိကုန်သော အံ့ဘွယ်တို့သည် ဖြစ်ပေါ်လာကုန်၏၊ တသောင်းသော စကြဝဠာ၌ နေကုန်သောနတ်တို့သည် ကောင်းချီးမင်္ဂလာကိုပေးကြကုန်၏၊ ထိုလှေသူကြီးတို့သည် စေတီတည်ပြီးသော် များစွာ တံခွန်ကုက္ကားကို စိုက်ထောင်ပြီးလျှင် စေတီတော်ကိုရှိခိုး၍ “အရှင်ဘုရားတို့⋯ဒမိဠဥပါသကာဖြစ်ကုန်သော တပည့်တော်တို့သည် ဆံတော်ဓာတ်ကိုကြည်ညိုကြကုန်သည်ဖြစ်၍ ဤသို့သောပူဇော်ခြင်းကိုပြုပါကုန်၏”ဟု လျှောက်ထားကြကုန်၏။

ထိုစေတီတော်ကို သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော လှေသူကြီးတို့သည် သဒ္ဓါတရားဖြင့် တည်ထားခြင်းကြောင့် သဒ္ဓါစေတီဟူ၍၎င်း, ဒမိဠဥပါသကာတို့သည် တည်ထားခြင်းကြောင့် ဒမိဠစေတီဟူ၍၎င်း ခေါ်ဝေါ်ကြကုန်၏၊ထိုကုန်သည်ဖြစ်ကုန်သော လှေသူကြီးတို့သည်လည်း စေတီတော်ကိုကန်တော့ကြပြီးလျှင် ရဟန္တာအရှင်တို့အား လျှောက်ခန်းပြီးသော် မိမိ မိမိတို့၏လှေပေါ်သို့ တက်ရောက်ကုန်လျက် သွားကြကုန်၏၊ ခြောက်ဆူကုန်သော ရဟန္တာအရှင်တို့သည်လည်း ပြည့်စုံသော အကြံတော်ရှိကြကုန်၏၊ထိုအရပ်သည်လည်း ဆံတော်ဓာတ်ကိုတည်ထားခြင်းကြောင့် ကေသာဓာတီဟူသော အမည်သည်ဖြစ်၏။

သတ္တနာဝိကထုပ္ပဝင်ပြီး၏။

## ကေသဓာတုဝင်ပြီး၏

၂၇၈၉၀

2009 Graphic Design : Shwemyay-Nanda

“ဝနောတိ ပတ္ထရတီတိ

ဝံသော-သန္တာနော”

ဟူသော ဏွာဒိမောဂ္ဂလာန်ဝိဂြိုဟ်၊

“ဝံသော တန္တိ ပဝေဏီ” ဟူသော မဟာဝံသဋီကာနှင့်

အညီ ဖြစ်စဉ် ဖြစ်ရပ် အကြောင်းအဋ္ဌုပ္ပတ်ကို ပြဆိုသော

ကျမ်းများသည် “ဝံသကျမ်း” မည်၏။

ထိုဝံသကျမ်းသည် -

၁။ ဗုဒ္ဓဝင် ၂။ အနာဂတဝင် ၃။ ဒီပဝင်

၄။ မဟာဝင် ၅။ ဗောဓိဝင် ၆။ ဒါဌာဓာတုဝင်

၇။ နလာဋဓာတုဝင် ၈။ ထူပဝင်

၉။ ရွှေပြည်ဝင် နှင့် တကွ

ဆကေသဓာတုဝင်၊ သာသနာဝင်၊

ဂန္ထဝင်၊ ရာဇဝင် စသည်ဖြင့်

များစွာရှိလေသည်။

GRAPHIC DESIGN: SHWEMYAY NANDA